ပုဂံခေတ်နှင့်သာမက
ပုဂံမတိုင်မီ ပျူခေတ်နှင့်ပင် ဆက်နွယ်မှုရှိခဲ့သည်ဟု ယူဆနိုင်သော၊
ရှေးဟောင်းမြန်မာစကား၏ မူလ ရင်းမြစ်သဲ့ကို
ယနေ့အထိ ထိန်းသိမ်းပြောဆိုနေသော ထားဝယ်စကားကို
စာပေပါသနာရှင်တစ်ဦးက
ရှေ့ပြေး လေ့လာတင်ပြထားသည်။



ရှေ့ပြေးလေ့လာချက် ထားဝယ်ဒေသိယစကား မောင်လေးတင့်

# မောင်လေးတင့်
# ထားဝယ်ဒေသိယစကား
# ရှေ့ပြေးလေ့လာချက်

2012.GRAPHIC DESIGN : KYAW MINN MOUNG

www.mmnetlibrary.com PDF Created by Bobo Zaw

ကျောဖုံးပါထားဝယ်ခဲဒင်္ဂါးပုံကို တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၊ ပန်းတောရပ်ကွက်ပေါ်တော်မူကျောင်းဆရာတော်ဦးဉာဏိသရထံမှရရှိပါသည်။

ပထမအကြိမ်၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ၊ အုပ်ရေ ၅၀၀

အဖုံးပန်းချီ ကျော်မင်းမောင်

ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

တန်ဖိုး ၂၀၀၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆ / ၀၉၇၃၀၁၆၂၉၂)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

၈၀၈ . ၈၁
မောင်လေးတင့်
ထားဝယ်ဒေသိယစကားရှေ့ပြေးလေ့လာချက် – ရန်ကုန်။ ၊
ပါရမီစာပေ ၊ ၂၀၁၂ ။
၂၁၄ – စာ ၊ ၁၂ စင်တီ + ၁၈ စင်တီ။
ထားဝယ်ဒေသိယစကားရှေ့ပြေးလေ့လာချက်

# မာတိကာ


ကျေးဇူးစကား ၆
နိဒါန်း ၇
ပထမပိုင်း ထားဝယ်စကား၏ထူးခြားသောအသံထွက်ပုံများ ၁၇
၁။ မြန်မာနှင့်မတူသောသရအသံထွက်များ ၁၈
၂။ ထားဝယ်စကားမှ အပင့်အရစ်မြှုပ်အသံများ ၅၆
၃။ ထားဝယ်စကားမှလဆွဲသံများ ၅၉
၄။ အသံပျော့နှင့်အသံမာအလဲအလှယ်ပြုစကားများ ၆၆
၅။ အစဗျည်းသို့မဟုတ်အစသံကိုချန်၍ပြောခြင်း ၆၉
၆။ နှစ်လုံးထပ်စကားနှင့် ဝိသဇ္ဇနီသံများ ၇၁
၇။ မပီသောစကားဆက်နှင့်အဆုံးသတ်များ ၇၂

ဒုတိယပိုင်း ထားဝယ်စကားနှင့် မြန်မာဝေါဟာရ ပေါရာဏများ ၇၉
၁။ ထားဝယ်စကား၌ အဓိပ္ပာယ်ဖွင့်ဆိုအသုံးပြုပုံထူးခြားသော မြန်မာ့ ဝေါဟာရများ ၈၀
၂။ ထားဝယ်စကား၌ တွေ့ရသော အသုံးတိမ် ဝေါဟာရနှင့် ပေါရာဏများ။ ၁၀၅

တတိယပိုင်း သီးခြားထားဝယ်စကားအသုံးအနှုန်းနှင့်ဝေါဟာရများ ၁၃၆
ထားဝယ်စကားအသုံးအနှုန်းများ ၁၃၇
၁။ အညွှန်းစကားများ ၁၃၇
၂။ အမေးစကားများ ၁၃၈
၃။ တစ်ထက်အများ (ဗဟုဝုစ်)အသုံး ၁၄၁


www.mmnetlibrary.com PDF Created by Bobo Zaw

၄။ စကားတစ်လုံးအသုံးနှစ်မျိုး ၁၄၂

၅။ တူညီချက်ကိုနှိုင်းယှဉ်ပြသောစကားလုံး ၁၄၂

၆။ သဘောတူကြောင်းဟုတ်မှန်ကြောင်းဝန်ခံခြင်း ၁၄၃

၇။ ငြင်းပယ်ကြောင်းအနက်ရှိစကား ၁၄၄

၈။ တောင်းပန်စကား ၁၄၅

၉။ အာမေဋိတ် ၁၄၅

၁၀။ ပြုလိုဖြစ်လိုသည့်သဘောဆန္ဒ ၁၄၆

၁၁။ ချည်း၊ သက်သက် ၁၄၈

၁၂။ ဆီ (နားနှင့်ရင်း) ၁၄၈

၁၃။ တော်တော် (အတော်)၊ သိပ်၊ အလွန်၊ အလွန့်အလွန် ၁၄၉

သီးခြားထားဝယ်ဝေါဟာရများ ၁၅၀

ထားဝယ်စကားအပြောအဆို ၁၆၃

နိဂုံး ၁၇၃

နောက်ဆက်တွဲ (က) ၁၇၉

နောက်ဆက်တွဲ (ခ) ၁၈၁

နောက်ဆက်တွဲ (ဂ) ၁၈၂

နောက်ဆက်တွဲ (ဃ) ၁၈၄

နောက်ဆက်တွဲ (င) ၁၈၅

နောက်ဆက်တွဲ (စ) ၁၈၆

နောက်ဆက်တွဲ (ဆ) ၁၈၇

မှီငြမ်းကိုးကားသောစာအုပ်စာတမ်းများ ၂၁၁




ထားဝယ်စကားကို ပထမဆုံး လေ့လာသုတေသနပြု
မှတ်တမ်းတင်ပေးခဲ့သော ကျေးဇူးရှင်ဆရာကြီး ပါမောက္ခ
ဦးဖေမောင်တင် (၁၈၈၈–၁၉၇၃)

www.mmnetlibrary.com PDF Created by Bobo Zaw

# ကျေးဇူးစကား

''ထားဝယ်ဒေသိယစကားရှေ့ပြေးလေ့လာချက်''မူလစာတမ်းကို ၁၉၉၈ ခုနှစ်ကတည်းကပင် ပုံနှိပ်ထုတ်ဝေရန် ဖြစ်သော်လည်း စာတမ်းပါ ''အပြည်ပြည်ဆိုင်ရာသဒ္ဒဗေဒအက္ခရာ''(International Phonetic Alphabet / I. P. A)များသည် စာစီရာ၌ အထစ်အငေါ့များစွာဖြစ်ခဲ့၍ စာအုပ်ထုတ်ဝေရေး နီးလျက်နှင့်ဝေးခဲ့ရပါသည်။

သို့ဖြင့်မူလစာတမ်းမှ I. P. A မပါသောအပိုင်း ''ထားဝယ်ဒေသနှင့် ထားဝယ်စကားပြောသူများ''ကို ထုတ်နုတ်၍ စတိုင်သစ်မဂ္ဂဇင်း (မတ်/၂၀၀၃) တွင် လည်းကောင်း၊ ''စာတမ်းအကျဉ်းချုပ်''ကို I. P. A မပါဘဲ နွယ်နီမဂ္ဂဇင်း (ဧပြီ၊ မေ၊ ဇွန်/၂၀၀၆)တွင် သုံးလဆက်၍ လည်းကောင်း တင်ပြခဲ့ပါသည်။

နှစ်ပေါင်းများစွာ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရေး မျှော်လင့်ချက်နှင့် ဝေးခဲ့ရာမှ စာတမ်းကို အချောသတ်ပြီး ၁၂ နှစ်အကြာတွင် စာအုပ်ကလေး ထွက်ပေါ်လာသည်ကို တွေ့ရသဖြင့် အတိုင်းထက်အလွန် ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။

စာဖတ်ပရိသတ်အကန့်အသတ်ရှိသော ဤစာအုပ်မျိုးကို ငွေကြေးအကျိုးအမြတ် လုံးဝမျှော်လင့်၍ မရနိုင်မှန်းသိလျက်နှင့် မြန်မာစာပေ တိုးတက်ပြန့်ပွားရေးအကျိုးအမြတ်တစ်ခုတည်းကိုသာအရင်းခံထား၍ ထုတ်ဝေပေးခဲ့သော ဦးကျော်ဦး (ပါရမီစာပေ)အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

မောင်လေးတင့်၊
အမှတ် ၃၆၆၊ သမဝါယမလမ်း၊ ကညွံရပ်၊ ထားဝယ်မြို့

# ထားဝယ်ဒေသိယစကားရှေ့ပြေးလေ့လာချက်
## နိဒါန်း

မြန်မာစကားသည် မြန်မာတစ်နိုင်ငံလုံးတွင် လူဦးရေအများဆုံး ပြောဆိုနားလည်နိုင်သော စကားဖြစ်၍ မြန်မာနိုင်ငံ၏ 'စံပြစကား' (Standard Language) သို့မဟုတ် 'ဗဟိုစကား' ဟုဆိုရပါမည်။

ထားဝယ်စကားသည် ထားဝယ်ခရိုင် (ထားဝယ်၊ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်း လေးမြို့နယ်) တွင် လူဦးရေ ငါးသိန်းကျော်သာ ပြောဆိုနားလည်နိုင်သော စကားဖြစ်ပါသည်။ ဘာသာစကား ပညာရှင်နှင့် သုတေသီအချို့က ဘာသာဗေဒ[1] အခေါ်အဝေါ်အားဖြင့် 'ဒေသိယစကား' (Dialect) ဟုခေါ်သော စကားတစ်မျိုးအဖြစ် သတ်မှတ်ကြပါသည်။

"ဒေသိယစကား" ဟူသောဝေါဟာရသည် ဘာသာဗေဒ အခေါ်အဝေါ်ဖြစ်သော (Dialect)ကို မြန်မာပြန်ဆိုထားခြင်းဖြစ်၍ ယင်းဝေါဟာရမပေါ်မီက ဆရာကြီးဦးဖေမောင်တင်က ''ဒေသန္တရစကား''ဟု လည်းကောင်း၊ ဂျပန်အမျိုးသားပါမောက္ခ မစ္စတာ အိုနိုတိုးရုက "ဒေသန္တရသုံး မြန်မာစကား'' ဟု လည်းကောင်း ပြန်ဆိုခဲ့ကြပြီး ရန်ကုန် စက်မှုတက္ကသိုလ် မြန်မာစာ နည်းပြဆရာ ဦးတင်ထွန်းက ''ဒေသိယစကား'' ဟုလည်းကောင်း၊ စာရေးဆရာ ဘာသာစကားသုတေသီမောင်သာနိုးက

---

၁။ ဘာသာဗေဒ(Linguistic)ဆိုသည်မှာ ဘာသာစကားတစ်ခုခုသို့မဟုတ် ဘာသာစကားများကို သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာ လေ့လာသော ပညာရပ် ဖြစ်သည်။

www.mmnetlibrary.com PDF Created by Bobo Zaw

''ဒေသီ စကား'' ဟုလည်းကောင်း သူတို့၏ စာအုပ်စာတမ်းများတွင် အသီးသီး အသုံးပြုခဲ့ကြဖူးပါသည်။

''ဒေသိယစကား'' ဟူသော ဝေါဟာရကိုမူ ရန်ကုန်စက်မှု တက္ကသိုလ် မြန်မာစာဌာနမှူး ဦးစိုးမြင့်က သူ၏ ''ဒေသိယစကား လေ့လာမှု'' စာတမ်းတွင် ပထမဆုံး စတင်အသုံးပြုခဲ့သည်ကို တွေ့ရပါသည်။ သို့ဖြင့် ''ဒေသိယစကား''ကို တရားဝင်အသုံးအနှုန်းအဖြစ် ဤစာတမ်းတွင် အသုံးပြုထားပါသည်။

ဆရာဦးစိုးမြင့်က ''ဒေသိယစကားဟူသည်မှာ ဒေသကွဲပြားမှု၊ လူမှုအဆင့်အတန်း ကွဲပြားမှုများကြောင့် စကားအသံထွက်၊ သဒ္ဒါနှင့် ဝေါဟာရအသုံးအနှုန်းများကွဲပြားနေသော ဘာသာစကားတစ်ခုတည်း၏ အသွင်ကွဲများဖြစ်သည်ဟု ဆိုရပါမည်''ဟု မှတ်ချက်ပေးခဲ့ပါသည်။[၁]

ဒေသိယစကားသည် အထင်ကြီးစရာလည်း ကောင်းလှသည်။ တန်ဖိုးလည်းရှိသည်။ ဘာသာဗေဒပညာရှင်တို့အဖို့ ''ဒေသိယ စကား'' သည် အရေးပါလှသည်။ အဘယ်ကြောင့် ဆိုသော် ''ဒေသိယစကား'' ကွဲပြားမှုများသည် ဘာသာစကားလေ့လာမှုကို အထောက်အကူ ပြုရုံ သက်သက်မျှသာမကဘဲ စံပြုနှင့် စံပြုမဟုတ်သောစကားများ စတင် ပေါ်ပေါက်လာပုံ ရင်းမြစ် သမိုင်းကို နားလည်ရန်အချက်သည် ဒေသိယ စကား၏ အသွင်အပြင် အနေအထားများပေါ်တွင် တည်နေသောကြောင့် ပင် ဖြစ်သည်ဟု ဘာသာဗေဒပညာရှင် ဗလွမ်းဖီး (Bloomfield) က ဆိုခဲ့ပါသည်။[၂]

ဘာသာဗေဒပညာရှင်တစ်ဦးဖြစ်သော ကွယ်လွန်သူ ပါမောက္ခ ဆရာကြီး ဦးဖေမောင်တင်သည် လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်ကပင်

၁။ ဒေသိယစကားလေ့လာမှု၊ တက္ကသိုလ်ပညာပဒေသာ (ဝိဇ္ဇာ)၊ အတွဲ ၉၊ အပိုင်း ၂။ ၁၉၇၄၊ စာ–၆၁။

၂။ ဦးစိုးမြင့်၊ ဒေသိယစကားလေ့လာမှု၊ စာ–၆၈။



ထားဝယ်မြို့သို့လာရောက်၍ ထားဝယ်စကားကို နှိုက်နှိုက်နဲနဲ လေ့လာ သုတေသနပြုကာ ''Dialect of Tavoy'' စာတမ်းကို ရေးသားပြုစုပြီး ၁၉၃၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ သုတေသနအသင်း စာတမ်းဖတ်ပွဲတွင် ဖတ်ကြား တင်သွင်းခဲ့ပါသည်။ ယင်းစာတမ်းကို မြန်မာနိုင်ငံသုတေသန အသင်း ဂျာနယ် အတွဲ ၃၃၊ အပိုင်း၁၊ ၁၉၃၃၊ စာ ၃၁–၄၆ တွင်လည်းဖော်ပြခဲ့ပါသည်။ ယင်းစာတမ်း ၏ အထူးခြားဆုံးအချက်မှာ မြန်မာစကားနှင့် ထားဝယ်စကား အသံထွက် အချို့ကို အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအက္ခရာ[၁] (International Phonetic Alphabet) ဖြင့် နှိုင်းယှဉ် ဖော်ပြထားခြင်းဖြစ်ပါသည်။

ယင်းစာတမ်းတွင် ဆရာကြီးဦးဖေမောင်တင်က ဘာသာဗေဒ (Linguistic) အမြင်၊ သဒ္ဒဗေဒ(Phonetic) အမြင်အရ ထားဝယ်စကား နှင့် ပုဂံခေတ်ဝေါဟာရတို့ ဆက်သွယ်မှုရှိရုံမက သမိုင်းကြောင်းအရလည်း ဆက်နွှယ်မှုရှိပုံကို ခိုင်မာသော အထောက် အထားများဖြင့် ဖော်ပြထား သည်ကိုတွေ့ရပါသည်။ သမိုင်းကြောင်းအရ ဆက်နွှယ်မှုရှိသော ကျောက် စာများ၊ အုတ်ခွက်ရုပ်ပွားတော်မှစာများအပြင် ယနေ့ထားဝယ်သူ၊ ထားဝယ်သားများပင် မကြားဖူးသေးသော အခြားစာအုပ်စာတမ်းများ တွင် မတွေ့ခဲ့ဖူးသေးသော ထားဝယ်ရိုးရာ တေးဟောင်းတစ်ပုဒ်ကိုပါ ဖော်ပြထားသည်ကို တွေ့ရပါသည်။ ယင်းတေးဟောင်းကို နောက်ဆက်တွဲ (က) တွင်ရှုပါ။ ယင်းအင်္ဂလိပ်ဘာသာ စာတမ်းကို မြန်မာပြန်ဆိုထားသော ''ထားဝယ်ဒေသန္တရစကား'' ကို ''မြန်မာဝတ္ထုသမိုင်းအစနှင့် သုတေသန စာတမ်းများ'' ၁၉၆၉ တွင် ဖော်ပြထားပါသည်။

၁။ သဒ္ဒဗေဒဆိုသည်မှာဘာသာစကားတွင်ရှိသည့်စကားသံ(speech sound)များကို ခွဲခြမ်းစိတ်ဖြာလေ့လာသောပညာရပ်ဖြစ်၍အပြည်ပြည်ဆိုင်ရာသဒ္ဒဗေဒအက္ခရာ ဆိုသည်မှာ''အပြည်ပြည်ဆိုင်ရာသဒ္ဒဗေဒအသင်းကြီးမှမည်သည့်စကားသံကိုမဆို တိတိကျကျမှတ်တမ်းတင်နိုင်ရန်တီထွင်ထားသောသင်္ကေတအက္ခရာဖြစ်ပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

ဆရာကြီးဦးဖေမောင်တင်သည် သူ၏ ''ဘာသာစကား ယဉ်ကျေးမှု'' ဆောင်းပါးတွင်လည်း ထားဝယ်စကားနှင့်ပတ်သက်၍ ထပ်မံဖော်ပြထားပါသေးသည်။ မြန်မာနိုင်ငံ၌ ပြောဆို အသုံးပြုလျက်ရှိသော ဘာသာစကားများတွင် ဩစထရစ်မျိုးရိုးနှင့် တိဗက်တရုတ်မျိုးရိုးဟူ၍ နှစ်မျိုးရှိသည့်အနက် မြန်မာဒေသန္တရများဖြစ်ကြသော နေ့၊ ထားဝယ်၊ မြိတ်၊ အင်းသား၊ တောင်ရိုး၊ ချောင်းသား၊ ရခိုင်၊ ယောတို့သည် တိဗက်တရုတ်မျိုးရိုး၊ တိဗက်– မြန်မာမျိုးခွဲ၊ မြန်မာအစုတွင်ပါ၍ နေ့စကားသည် မြန်မာပေါရာဏနှင့်တူ၏။ အင်းသားစကားသည် ထားဝယ်စကားနှင့်တူ၏ဟု ဆိုထားသည်ကိုတွေ့ရပါသည်။

ထို့အပြင် ထားဝယ်စကား၏ အသံထွက်ပုံ ထူးခြားမှုများကိုလည်း သဒ္ဒဗေဒဆိုင်ရာ အချက် အလက်များဖြင့် အသေးစိတ်ရှင်းပြထားသည်ကို တွေ့ရပါသည်။ (ငွေတာရီမဂ္ဂဇင်း၊ ၁၉၆၄ ခု ဖေဖော်ဝါရီလ၊ စာ ၁၅–၂၁) ယင်းရှင်းပြချက်များကို– ဤစာတမ်း(ပထမပိုင်း) ''ထားဝယ်စကား၏ ထူးခြားသောအသံထွက်ပုံများ'' တွင် ဖော်ပြထားပါသည်။

မြန်မာ့သမိုင်းပညာရှင်လည်းဖြစ် ဘာသာစကား သုတေသီလည်းဖြစ်သော ဗိုလ်မှူးဘရှင်ကမူ တိဗက်–တရုတ်ဘာသာ စကားအနွယ်ကြီး၏ အနွယ်တစ်ခုဖြစ်သော တိဗက်–မြန်မာ အနွယ်ဝင် လူမျိုးစုများ မြန်မာနိုင်ငံတွင်းသို့စတင်ဝင်ရောက်လာပုံနှင့် မြန်မာအစုဝင်များ မြန်မာပြည်တစ်ဝန်း ပျံ့နှံ့နေထိုင်ခဲ့ကြပုံကို ဘာသာဗေဒရှုထောင့်မှ ဖော်ပြထားရာ၌ ထားဝယ်စကားကို ''အသံကွဲ မြန်မာစကား'' တစ်မျိုးအဖြစ် ဖော်ပြထားသည်ကို တွေ့ရပါသည်။ (မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၀၊ ၁၉၆၈၊ စာ ၃၃၈)

ကျောက်စာဝန်ဟောင်းဘာသာစကားပညာရှင် ဦးဖိုးလတ်သည်လည်းကောင်း၊ စာရေးဆရာ ကဗျာဆရာ မြန်မာစာပေပညာရှင်ကြီးများ



ဖြစ်ကြသော ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့သည် လည်းကောင်း အလျဉ်းသင့်ရာ စာအုပ်စာတမ်းများတွင် ပုဂံခေတ်ထိုး ကျောက်စာများ၊ မြန်မာ ပေါရာဏများနှင့် ထားဝယ်စကားကို နှိုင်းယှဉ်ဖော်ပြခဲ့ကြသည်ကို တွေ့ရပါသည်။ ဥပမာ– ဦးဖိုးလတ်၏ ''မြန်မာစကားအဖွင့်ကျမ်း'' ၃ တွဲ၊ ၁၉၆၃၊ ဇော်ဂျီ၏ ''ထားဝယ်တေးဟောင်းများ'' (ဇော်ဂျီ၊ မင်းသုဝဏ်၊ စာပေလောက၊ ၁၉၄၉)။ မင်းသုဝဏ် ''မဝါလွမ်းစမား'' နှင့် ''သဲသာသောင်မြေ'' (မြန်မာစာမြန်မာမှု၊ ၁၉၆၅)

ဆရာမင်းသုဝဏ်၏ ''မဝါလွမ်းစမား''တွင် နိဒါန်းကပင် အထူးစိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ် ဖြစ်နေပါသည်။ အလျဉ်းသင့်၍ စကားချပ် လိုက်ပါသည်။

ပါမောက္ခဆရာကြီးဦးဖေမောင်တင်သည် ထားဝယ်စကားအကြောင်း ဆောင်းပါးကို မြန်မာနိုင်ငံ သုတေသန အသင်း ဂျာနယ်တွင် ရေးခဲ့ပြီ။ ဆရာ့အဘွားက ထားဝယ်အဆက်အနွယ်ကွ၊ ဒါကြောင့် ဆရာထားဝယ်စကားအကြောင်း ရေးနိုင်တယ်ထင်တယ်ဟု ကျွန်တော် ထားဝယ်ဘက်သို့ အလည် ထွက်ခါနီးတွင် ဆရာကြီးကအမိန့်ရှိသည်။ ကျွန်တော် ထားဝယ်သို့ အပန်းဖြေရန်ရည်ရွယ်ချက်ဖြင့် သွားဖို့ ကြံစည်ခြင်း ဖြစ်သည်။ ထိုကြောင့် ဆရာကြီး၏ ဆောင်းပါးကို နောက်ထပ်ပြန်လည်မဖတ်မိပါ။ ငယ်စဉ်ကလေ့လာဖူးသည်သာရှိသည်။ သို့သော်လည်း ထားဝယ်သို့ ရောက်သောအခါ ဒေသန္တရ ဗဟုသုတ၊ ဘာသန္တရ ဗဟုသုတ စသည်တို့သည် မရှောင်နိုင်အောင် ပေါ်များသည်ကို တွေ့ရသဖြင့် ခရီးသွားဟန်လွှဲ မေးမြန်းမှတ်သားခဲ့ရပေသည်''

ဘာသာစကားသုတေသီတစ်ဦးဖြစ်သူ စာရေးဆရာ မောင်သာနိုးကလည်း ပုဂံခေတ် ထိုးကျောက်စာ၊ မျက်မှောက်ခေတ် စာလုံးပေါင်းနှင့် အသံထွက်ပုံတို့ကို ထားဝယ်စကား အသံထွက်နှင့် နှိုင်းယှဉ်ဖော်ပြထားသည်ကိုတွေ့ရပါသည်။ (ဗမာစာ ဗမာစကား၊ ၁၉၇၂)

www.mmnetlibrary.com PDF Created by Bobo Zaw

ဘာသာစကားသုတေသီ ပညာရှင်တစ်ဦးဖြစ်သော ဆရာမောင်ခင်မင် (ဓနုဖြူ)ကမူ ထားဝယ်စကားကို နေရာဒေသအလိုက် ကွဲပြားသော ''အသွင်ကွဲ မြန်မာစကား'' တစ်မျိုးအဖြစ် ဖော်ပြထားပြီး အသွင်ကွဲ မြန်မာစကားများကို သီးခြားဘာသာစကားတစ်ခုကို လေ့လာသင်ယူရသလောက် လေ့လာဖို့မခက်ခဲလှပါဟု မှတ်ချက်ချထားသည်ကို တွေ့ရပါသည်။ (မြန်မာစကား မြန်မာစာ ရုပ်ပုံလွှာ၊ ၁၉၉၀)

ထားဝယ်စကား၏ တစ်မူထူးခြားမှုကို စိတ်ပါဝင်စားကြသော နိုင်ငံခြားမှ ဘာသာဗေဒပညာရှင်အချို့သည်လည်း ထားဝယ်မြို့သို့ လာရောက်၍ စနစ်တကျလေ့လာ သုတေသနပြုကာ ဖော်ထုတ်တင်ပြခဲ့ကြဖူးပါသည်။

ဂျပန်အမျိုးသားမြန်မာစာပါမောက္ခ မစ္စတာအိုနိုတိုးရုသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော် (၁၉၆၄–၆၅)ကပင် ထားဝယ်မြို့သို့ လာရောက်၍ ဘာသာဗေဒနည်းအရလေ့လာသုတေသနပြုပြီး ''ဒေသန္တရသုံး ဗမာစကားများ''[၁] (၁၃၃၀ ပြည့်နှစ်၊ မန္တလေးမြို့၊ စာဆိုတော်နေ့ စာတမ်းဖတ်ပွဲတွင် ကိုယ်တိုင်ဖတ်ကြားခဲ့သောစာတမ်း) နှင့် ''ဒေသန္တရသုံး မြန်မာစကား၏ပထဝီဝင်အနေအထား''[၂] ဆောင်းပါးတို့တွင် ထားဝယ်စကား၏ ရှေးမူမပျက် အသံထွက်ထိန်းသိမ်းလျက်ရှိပုံကို ရခိုင်စကား၊ အင်းသားစကား၊ ယောစကား၊ တောင်ရိုးစကား၊ ဓနုစကားတို့နှင့် အသေးစိတ် နှိုင်းယှဉ် ဖော်ထုတ်တင်ပြခဲ့ပါသည်။

ပြင်သစ်နိုင်ငံ၊ ဆော်ဗွန်းတက္ကသိုလ်၊ အရှေ့တိုင်းဘာသာဌာနမှူး၊ အမျိုးသမီးပါမောက္ခ ဒဲနစ်(စ်)ဗဲရန်နိုး[၃] သည်လည်း ၁၉၇၈

၁။ ဒေသန္တရသုံးဗမာစကားများ၊ ကဗျာအကြောင်းစာအကြောင်း၊ ၁၉၆၉၊ စာ–၄၃–၆၇

၂။ ငွေတာရီမဂ္ဂဇင်း၊ ၁၉၆၉၊ မတ်၊ စာ–၅၃–၆၀။

၃။ Denis Bernot



နှင့် ၁၉၈၀ ခုနှစ်များတွင် ထားဝယ်မြို့သို့လာရောက်၍ ထားဝယ်စကားကို သာမက ထားဝယ်ရိုးရာဓလေ့၊ ထားဝယ်ပုံပြင်စသည်တို့ကိုပါ လေ့လာသွားခဲ့ပါသည်။ ပါမောက္ခဗဲဗရန်နိုးသည် ၁၉၅၈ ခုမှ ၁၉၇၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ခြောက်ကြိမ်မျှ လာရောက်၍ ပထမဆုံး ပုဂံကျောက်စာများ၊ အုတ်ခွက်ဘုရားများ၊ ပန်းချီများကိုလေ့လာပြီး ရန်ကုန်တက္ကသိုလ်တွင် မြန်မာစကား၊ မြန်မာစာကိုသင်ကြားခဲ့သည်။ ထို့နောက် ရခိုင်စကား၊ ကဒူးကနန်းစကား၊ ချင်းစကား၊ ယောစကား၊ အင်းသားစကား၊ ဓနုစကား၊ ပအိုဝ့်စကား စသည်တို့ကိုလေ့လာခဲ့ပြီး ထိုအချိန်က မြန်မာ–ပြင်သစ် အဘိဓာန်ကြီး ပြုစုရန် ဝေါဟာရများ စုဆောင်းနေဆဲဖြစ်သည်ဟု သိရပါသည်။

ပါမောက္ခဗဲရန်နိုးက ''ပုဂံခေတ်ထိုးကျောက်စာများကိုကြည့်လျှင် ယပင့်သံ၊ ရရစ်သံ (လျှာလိပ်သံ)နှင့် လဆွဲသံဟူ၍ အသံသုံးမျိုး ရှိသည်ကိုသိနိုင်ကြောင်း၊ ယခုအခါ ရခိုင်စကား၌ ယပင့်သံနှင့် ရရစ်သံ အသံနှစ်မျိုး ကျန်ရှိနေ၍ ထားဝယ်စကား၌ ယပင့်သံနှင့် လဆွဲသံဟူ၍ နှစ်မျိုး ကျန်ရှိနေသည်ကိုတွေ့ရပြီး ယနေ့မြန်မာစကား၌မူ ယပင့်သံ တစ်မျိုးတည်းသာ ကျန်ရှိနေသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ကြောင်းနှင့် စနစ်တကျဆက်လက်၍ သုတေသနပြုရန် လိုအပ်ကြောင်း'' ပြောကြားခဲ့ပါသည်။

ပါမောက္ခဆရာကြီးဦးဖေမောင်တင်က ''....... မြန်မာ စကားအသုံးသည် ယခုအခါ ထားဝယ်စကားတွင် တဖြည်းဖြည်းများလာပြီဖြစ်ကြောင်း လက္ခဏာများပြလျက်ရှိသည်။ တစ်နေ့တစ်ခြား မြန်မာစကားအသုံးများပြားမှုကို ကူးသန်းဆက်ဆံမှု တိုးတက်များပြားလာခြင်းကလည်း ဖြစ်စေလိမ့်မည်။ သုတေသီအပေါင်းတို့သည် ထားဝယ်ဒေသန္တရစကားတို့ကို မှတ်တမ်းတင်သင့်ကြပြီဖြစ်၏''[၁] ဟုနှိုးဆော်ခဲ့ပါသည်။

၁။ ထားဝယ်ဒေသန္တရစကား၊ မြန်မာဝတ္ထုသမိုင်းအစနှင့် သုတေသနစာတမ်းများ၊ ၁၉၆၉၊ စာ–၁၁၉။ (နောင်တွင် ထားဝယ်ဒေသန္တရစကားဟုညွှန်းပါမည်။)

www.mmnetlibrary.com PDF Created by Bobo Zaw

ဆရာကြီး၏ သတိပေးနိူးဆော်ချက်သည် နှစ်ပေါင်း ၇၀ ကျော်မျှ သက်တမ်းရှည်နေပြီ ဖြစ်ပါသည်။ မှန်ပါသည်။ ယနေ့ ထားဝယ်စကား သည် ဤစာတမ်းရှင်ငယ်စဉ် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကနှင့် မတူတော့ပါ။ ထားဝယ်စကား အသံထွက်ရာတွင် လည်းကောင်း၊ အသုံးအနှုံးများတွင် လည်းကောင်း မြန်မာစကား အသံထွက်များ၊ မြန်မာ စကားအသုံးအနှုံးများ တဖြည်းဖြည်းဝင်ရောက် နေရာယူလျက်ရှိသည်ကို တွေ့ရပါသည်။ ဥပမာ– အရင်က 'ဆပ်ပြာ'ကို 'ဆပ်ပလ္လာ' ဟုခေါ်ခဲ့ရာမှ ယခုအခါ ဆယ်ကျော်သက်တို့က မြန်မာတို့ အတိုင်း ဆပ်ပြာဟု ပြောနေကြပါပြီ။ ယခင်က 'အလ္ဖျု' ဟုပြောခဲ့ရာမှ ယခု 'အဖြူ'ဖြစ်နေပါပြီ။ အသုံးအနှုန်းအနေဖြင့်လည်း ယခင်က 'မားမာ ဘဲ့လော်' အစား ယခု 'နေကောန်းဘဲ့လော်' (နေကောင်းရဲ့လား) ဖြစ်နေ ပါပြီ။ ကြာလျှင် ထားဝယ်စကားသည် လုံးဝပျောက်ကွယ်သွားမည်ကို စိုးရပါသည်။

ထားဝယ်စကားကို စနစ်တကျလေ့လာသုတေသနပြု မှတ်တမ်း တင်ဖို့ဆိုသည်မှာ သာမန် စာပေဝါသနာရှင်တစ်ဦးသာဖြစ်သော စာတမ်း ရှင်အနေနှင့် စိတ်ကူး၍ပင်ရနိုင်ကောင်းသော အလုပ်မဟုတ်သည်ကို ရိပ်စားနားလည်ထားပြီးဖြစ်ပါသည်။ သို့ရာတွင် မိမိနေ့စဉ်နှင့် အချိန်ရှိ သမျှ ကြားနာပြောဆိုနေရသောစကားကို မိမိမှတ်သား လေ့လာထား မိသမျှ တင်ပြရလျှင် အဆင့်အတန်းမီ သုတေသနစာတမ်းတစ်စောင် မဖြစ်နိုင်သည့်တိုင် အရပ်သား မှတ်တမ်းကလေး တစ်စောင်တော့ ဖြစ် တန်ကောင်းရဲ့ဟုသဘောပိုက်ကာ ထားဝယ် ဒေသိယစကား ရှေ့ပြေး လေ့လာချက်ကို စမ်းသပ် ရေးသားပြီး ၁၃၃၈ (၁၉၇၆) ခုနှစ်နှင့် ၁၃၄၁ (၁၉၇၉) ခုနှစ် ထားဝယ်မြို့ စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနား များ၌ ဖတ်ကြားခဲ့ပါသည်။

ထို့နောက် မိတ်ဆွေထုတ်ဝေသူတစ်ဦးက တိုက်တွန်းသဖြင့်



စာအုပ်အဖြစ်ထုတ်ဝေရန် စာတမ်းကိုပြန်လည်တည်းဖြတ်ပြီး အပြည့်ပြည့် ဆိုင်ရာ သဒ္ဒဗေဒအက္ခရာအပါအဝင် အချက်အလက်သစ်များကို ထပ်မံ ဖြည့်စွက်ခဲ့ပါသည်။

ထားဝယ်စကားကို လေ့လာသုတေသနပြုခဲ့ကြသောပြည်တွင်း၊ ပြည်ပမှပညာရှင်သုတေသီများသည် တစ်မူထူးခြားသော ထားဝယ်စကား အသံထွက်ပုံအချို့ကို အဓိကထား၍ဖော်ပြခဲ့ကြသည်ကို သတိပြုမိပါသည်။ ထားဝယ်စကား၏ အသွင်အပြင်လက္ခဏာများကို ဂရုပြုစေ့ငု ကြည့်မည် ဆိုလျှင် အဓိကကျသော ထူးခြားချက်သုံးရပ်ကို တွေ့ရမည်ဖြစ်ပါသည်။

(၁) ထားဝယ်စကားသရအသံထွက် အများစုသည် မြန်မာစကား အသံ ထွက်နှင့်ကွဲပြားခြားနားမှု ရှိရုံမက မြန်မာစကားအသံထွက်တွင် လုံးဝမရှိသောအသံ တစ်နည်းအားဖြင့်ပြောရလျှင် မျက်မှောက် ခေတ်သုံး မြန်မာစာလုံးပေါင်းဖြင့်ပေါင်း၍ အသံမထွက်နိုင်သော စကားသံများ ရှိနေခြင်း။

(၂) မြန်မာနိုင်ငံရှိ အခြားသော တိုင်းရင်းသား ဘာသာစကားတို့ ကဲ့သို့ ပင် ထားဝယ်စကားတွင်လည်း မြန်မာစကားအသုံးအနှုန်း မြန်မာ ဝေါဟာရများကို ထည့်သွင်း အသုံးပြုလျက်ရှိရာ ထားဝယ် စကား ပြောရာ၌ မြန်မာတို့နှင့်မတူ အဓိပ္ပာယ်ဖွင့်ဆို အသုံးပြုပုံ ထူးခြား သည့် မြန်မာဝေါဟာရအချို့နှင့် အသုံးတိမ်ဝေါဟာရ သို့မဟုတ် ပေါရာဏများ ရှိနေခြင်း။

(၃) မြန်မာစကားအသုံးအနှုန်း မြန်မာဝေါဟာရများနှင့် လုံးဝမတူသော ထားဝယ်စကား အသုံးအနှုန်း၊ ထားဝယ်ဝေါဟာရ အခေါ်အဝေါ် များ ရှိနေခြင်းတို့ဖြစ်ပါသည်။

သို့ဖြစ်ရာ ဤစာတမ်းကို ထားဝယ်စကား၏ ထူးခြားချက်များ အလိုက် အောက်ပါအတိုင်း အပိုင်းသုံးပိုင်းခွဲ၍ တင်ပြသွားမည် ဖြစ်ပါ သည်–

www.mmnetlibrary.com PDF Created by Bobo Zaw

၁။ ထားဝယ်စကား၏ ထူးခြားသောအသံထွက်ပုံများ
၂။ ထားဝယ်စကားတွင် အဓိပ္ပာယ်ဖွင့်ဆို အသုံးပြုပုံ၊ ထူးခြားသော မြန်မာဝေါဟာရနှင့် ပေါရာဏများ
၃။ မြန်မာစကားနှင့်လုံးဝမတူသော သီးခြား ထားဝယ် စကား အသုံးအနှုန်းနှင့် ထားဝယ် ဝေါဟာရများ ဟူ၍ဖြစ်ပါသည်။

## ပထမပိုင်း

# ထားဝယ်စကား၏ထူးခြားသောအသံထွက်ပုံများ

ထားဝယ်စကား၏ ထူးခြားသော အသံထွက်ပုံများတွင် (၁) မြန်မာနှင့်မတူသော သရအသံထွက်များ (၂) အပင့်အရစ်မြုပ်သံများ (၃) လဆွဲသံများ (၄) အသံပျော့နှင့်အသံမာ အလဲအလှယ်ပြု စကားများ (၅)အစဗျည်းမြုပ်(သို့မဟုတ်) အစသံချန်ပြောစကားများ (၆) နှစ်လုံးထပ်စကား နှင့် ဝိသဇ္ဇနီသံများ (၇) မပီသသောစကားဆက်နှင့် အဆုံးသတ်များ စသည်တို့ပါဝင်ပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် မြန်မာစကားအသံထွက်ပုံကို အခြေခံသရပေါင်း ၅၀ နှင့် ထူးခြားသောမြန်မာအသံများအတွက် ဖြည့်စွက်ထားသော သရသံတစ်မျိုးကို ပေါင်းလျှင် ၅၁ မျိုးရှိသည်ဟု ဖော်ပြထားပါသည်။ ယင်းသရသံများအနက် ၂၀ ကျော်သည် ထားဝယ် စကား အသံထွက်တွင် မြန်မာနှင့်မတူ တစ်မူထူးခြားလျက်ရှိပါသည်။ ထားဝယ်စကားတွင် မြန်မာစကား၌ မရှိသော အသံထွက်ပုံ ၁၀ မျိုးမက ရှိသည်ကို တွေ့ရ ပါသည်။

ထားဝယ်စကားအသံထွက်များကို ထားဝယ်မြို့ပေါ်၌ ပြောသော စကားအသံထွက်များအား အခြေခံထားပါသည်။ မြန်မာနှင့်မတူသော သရသံထွက်ပုံများမှာထူးခြား၍စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ မျက်မှောက်ခေတ်သုံးမြန်မာစကားအသံထွက်တွင်မရှိသော သို့မဟုတ် ရေးရိုး ရေးစဉ် မြန်မာစာလုံးပေါင်းဖြင့်ရေးပြ၍ အသံမှန်မထွက်နိုင်သော ထားဝယ် စကား

www.mmnetlibrary.com PDF Created by Bobo Zaw

သံများရှိနေသဖြင့် ယင်းထူးခြားသောထားဝယ်စကားအသံထွက်များအတွက် ပုဂံခေတ်ထိုးကျောက်စာများမှစာလုံးပေါင်းအချို့ကိုယူ၍ သုံးထားကြောင်း ဆရာကြီးဦးဖေမောင်တင်က သူ၏ထားဝယ်စကား စာတမ်းတွင် ဖော်ပြထားပါသည် (ဥပမာ–ကျောန်း၊ ချွောန်း၊ တောန်၊ လွိုး၊ မွေ့)။

ထို့အပြင် ယနေ့ခေတ်သုံး မြန်မာစာလုံးပေါင်းဖြင့်ရေးပြ၍ အသံထွက်မမှန်နိုင်သော ထားဝယ်စကားသံများကို အင်္ဂလိပ်စာလုံးပေါင်းဖြင့် ပေါင်းပြလျှင် ထားဝယ်အသံထွက်နှင့် အနီးစပ်ဆုံးရသည်ကို ထူးထူးခြားခြားတွေ့ရပါသည်။ ဥပမာ– မြန်မာစကား မြင်းကုန်းကို ထားဝယ်စကား ဗြင်းကောင်း ဟုလည်းကောင်း၊ မြန်မာစကား အလုံး (မပြား)ကို ထားဝယ်စကား အလောင်းဟုလည်းကောင်း ရေးပြရပါသည်။ သို့ရာတွင် 'ဗြင်းကောင်း'မှ ကောင်းနှင့် 'အလောင်း'မှ လောင်းတို့သည် နှာသံပါသရ(Nasalized Vowel)များဖြစ်၍ ထားဝယ်စကား အသံထွက် အမှန်မှာ နှာသံမပါသောသရဖြစ်ရာ ယင်း 'ကောင်း' သည် အင်္ဂလိပ် ဝေါဟာရ(Cow)နှင့် နီးစပ်ပြီး လောင်းသည် အင်္ဂလိပ်စကား (Allow) နှင့်သာ အသံချင်းနီးစပ်ပါသည်။

မြန်မာစကားနှင့်ထားဝယ်စကားအသံထွက်ပုံများကို ကွဲကွဲပြားပြား ခြားခြားနားနား သိသာနိုင်ရန်မှာ အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒနှင့်သာပြရပါသည်။ ဤစာတမ်းကို စာအုပ်အဖြစ်ထုတ်ဝေရာတွင် အပြည်ပြည်ဆိုင်ရာသဒ္ဒဗေဒအက္ခရာကို ချန်လှပ်ထားခဲ့ရပါသည်။

### (၁) မြန်မာနှင့်မတူသောသရအသံထွက်များ

**၁။ မြန်မာ–အည့်၊ အည်၊ အည်း နှင့် ထားဝယ် အယ့်၊ အယ်၊ အဲ**

ယခုဖော်ပြမည့် ထားဝယ်စကားအသံထွက်ပုံမျိုးနှင့် အလားတူ မြန်မာစကားသံတွင်လည်း ရှိပါသည်။ ရေးအမှန်၊ ဖတ်အသံ ဟူသော စကားနှင့်အညီဖြစ်ပါသည်။ ထူးခြားချက်တစ်ခုမှာ မြန်မာစကား၌ ရေး



သည့်အတိုင်း အသံထွက်ပြောသောစကားအချို့မှာ ထားဝယ်စကား၌ အရေးနှင့်မတူဘဲ အသံထွက်ပြောခြင်းဖြစ်ပါသည်။ သာဓကအဖြစ် အချို့ကို အောက်တွင် ဖော်ပြထားပါသည်–

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကျည်ဆံ | ကျယ်ဆံ | |
| ကြည်(ရေ) | ကြယ်(ရေ) | ရေကြည် = ရေဂျယ် |
| ကျည်တောက် | ကွယ်တော့–က် | |
| မန်ကျည်းသီး | ဂျဲသီး | |
| ချည်ထည် | ခယ်ထယ် | |
| ချည်(ကြိုး) | ခယ်(ကြိုး) | ကြိုးချည် = ကြိုးခယ် |
| ချည်းပဲ | ခဲဘဲ့ | မိန်းမချည်း = မီးမ ခဲဘဲ့ |
| စည်ကား | စယ်ကား | |
| စည်ပိုင်း | စယ်ပိုင်း | |
| စည်(ကြေး) | စယ်(ကြေး) | ကြေးစည် = ကြေးဇယ် |
| စည်(အိုး) | စယ်(အိုး) | အိုးစည် = အိုးဇယ် |
| စည်း(ထင်း) | စဲ(ထန်း) | ထင်းစည်း = ထန်းဇဲ |
| ဆည်း(သိမ်း) | ဆဲ(သီး) | သိမ်းဆည်း = သီးဆဲ |
| ညည်း(စိတ်ပျက်၍) | ကြဲ | ဝေဒနာခံစားရ၍ညည်း |
| ပြည်(ဆန်) | ပြယ်(ဆန်) | ဆန်တစ်ပြည် = ဆန်တစ်ဗြယ် |
| ပြည့်(လ) | ဖွဲ့(လ) | လပြည့် = လဖွဲ့ |
| မြည်(အသံ) | ဗြယ် | |
| မြည်း(စမ်းစား) | ဗြဲ | 'မြဲ'ဟုမြန်မာရေးသုံးရှိသည်။[၁] |
| ရည် (ကြံ) | ရယ် (ကြံ) | ကြံရည် = ကြံရယ် |

၁။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ–၃၊ ၁၉၇၉။

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| ရည်(မျက်) | ရယ်(မျစ်) | မျက်ရည် = မျစ်ရယ် |
| ရည်းစား | ရဲဇား | |
| သည်မှာ | သယ်မာ | |

(မှတ်ချက်) ကြည်းတပ်၊ နာကြည်း၊ ရောင်ခြည်၊ စည်ပင်၊ စည်းရုံး၊ တိုင်းပြည်၊ ပြည်သူ၊ ဦးပြည်း၊ မြည်း(သတ္တဝါ)စသည်တို့၌ မြန်မာတို့ကဲ့သို့ပင် အည်၊ အည်းသရသံဖြင့် ပြောသော်လည်း 'စည်းကမ်း' တွင်မူ 'စေးကမ်း'ဟုပြောပါသည်။ ခြွင်းချက်ဟုဆိုရမည် ထင်ပါသည်။

**၂။ မြန်မာ 'အေ့၊ အေ၊ အေး၊' နှင့် ထားဝယ် 'အိ၊ အီ၊ အီး၊'**

မြန်မာသရ 'အေ့၊ အေ၊ အေး' သည် ထားဝယ်စကား၌ 'အိ၊ အီ၊ အီး၊' ဟု ထွက်ပါသည်။ ခြွင်းချက်အားဖြင့် မြန်မာတို့ကဲ့သို့ 'အေ့၊ အေ၊ အေး' ထွက်သော စကားလုံး အနည်းငယ်ရှိပါသည်။ သာဓကအချို့ကို ပြပါမည်။

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကွေး (ကောက်) | ကွီး | ကွီး(ကော့-က်) |
| ကွေး (ချမ်း၍) | ကွီး | |
| ကြွေ (သစ်ရွက်) | ကွီ | ကြွေခွက်၊ ကြွေအိုးတို့တွင် မြန်မာနှင့် တူသည်။ |
| အကြွေး (ငွေ) | အကွီး | |
| ခွေ (ကြိုး) | ခွီ | |
| ခွေး (သတ္တဝါ) | ခွီး | |
| ဆွေး (ဟောင်း) | ဆွီး | ဆွီး (ဟောန်း) |
| တွေ့ (ကြုံ၊ ဆုံ) | တွိ | |



| | | |
|---|---|---|
| ထွေး (ရှုပ်) | ထွီး | ထွီး (ရှောက်) |
| နွေ (ကာလ) | နွီ | နွီကာလ |
| နွေး (ရေ) | နွီး | ရေနွီး |
| ပွေး (သတ္တဝါ) | ပွီး | ရောဂါလည်းအတူတူ |
| မွေ့ရာ | မွိယာ | |
| မွေ့ (အိပ်) | မွိ (အိ) | အိပ်မွေ့ = အိမွိ |
| အမွေ | အမွီ | |
| မြွေ | ဗွီ | |
| မွေး (နှုတ်ခမ်း) | မွီး (ခမ်း) | နှုတ်ခမ်းမွေး = ခမ်းမွီး |
| မွှေး (ရနံ့) | မွှီး | |
| ရွေး (ကောက်) | ဝီး | |
| အဝေး (အနီး) | အဝီး | |
| သွေ့ (ခြောက်) | သွိ | |
| သွေး | သွီး | |

ဤသရသံ ကွဲပြားခြားနားမှုမှာ အလွန်စိတ်ဝင်စားဖွယ်ဖြစ်သည် ဟု ဆရာကြီး ဦးဖေမောင်တင်က မှတ်ချက်ချခဲ့ပါသည်။ ပုဂံကျောက်စာများကို ပြန်ကြည့်လျှင် 'ရေ၊ ပေ၊ စေ၊ ခြေ၊ လေ၊ နေ' တို့ကို 'ရိ၊ ပိ၊ စိ၊ ခြိ၊ လိ၊ နိ' ဟု ရေးထိုးခဲ့သည်ကို တွေ့ရမည် ဖြစ်ပါသည်။ (ပေါ်တော်မူဘုရားကျောက်စာရှု) နောက်ပိုင်း၌ 'ရိယ်၊ ပိယ်၊ စိယ်' စသည်ဖြင့် ပြောင်းလာသည်ကို တွေ့ရပါသည်။

ယင်းကျောက်စာများတွင် အေ၊ အေး သရသံများဖြင့် ရေးထိုးထားသော စာလုံးများ ရှိပါလျက် ရိ၊ ပိ၊ စိ စသည်ဖြင့်ရေးထိုးခဲ့သည်ကို ထောက်၍ အိ၊ အီ၊ အီး သရသံအတိုင်း ထွက်အောင်ရေးသည်ဟု ယူဆရပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

ကျောက်စာဝန်ဟောင်း ဦးလူဖေဝင်းက ပုဂံခေတ်ကျောက်စာများကို ရောမလိပိဖြင့် ဖလှယ်ပြရာတွင် ကျောက်စာထိုး 'အဆုယ်' (ယခုခေတ် 'အဆွေ' )ကို "Achuy"ဟု ရေးပြခဲ့ပါသည်။[၁]

အေ၊ အေး သရသံလုံးဝမထွက်နိုင်ပါ။ 'အဆွီ 'ဟုသာ ထွက်နိုင်ပါသည်။ ထိုနည်းအတိုင်းပင် အခြားသော အေ၊ အေး သရသံများကိုလည်း ဖလှယ်ပြထားပါသည်။ ကျောက်စာအရေး အသားဖြစ်သည့် 'ခုယ် 'ကို ဆရာကြီးဖလှယ်ပုံအတိုင်း ဖလှယ်ကြည့်သောအခါ (kh+ u + y ) 'ခွီး' ဟုသာ ထွက်လာပါသည်။ ရခိုင်စကား(စစ်တွေသံ)တွင်လည်း မြန်မာ 'ရေ'ကို (ရီ)၊ 'လေ'ကို (လီ)၊ 'ခွေး' ကို (ခွီး)၊ 'မြွေ'ကို (မွီ) ဟု အသံထွက်ကြောင်းကို သိရပါသည်။[၂]

ယခုခေတ်သုံးမြန်မာစကားတွင်လည်း 'ပြည်' ကို 'ပြေ'၊ 'အရည်' ကို 'အရေ'၊ 'ရှည်' ကို 'ရှေ'၊ 'အမိ' ကို 'အမေ' စသည်ဖြင့် အရေးနှင့်အပြောကွဲပြားလာရာမှ အီ၊ အီ သရများ 'အေ၊ အေး'သရသို့ ပြောင်းလာဟန်တူပါသည်။ သို့ဖြစ်ရာ အီ၊ အီးသရသည် ရင်းမြစ်ဖြစ်၍ ယခုခေတ်သုံး အေ့၊ အေ၊ အေး သရသည် နောက်ပြောင်းဖြစ်သည်ဟု ယူသော်ရပါမည်။

## ၃။ မြန်မာ'အက်' နှင့် ထားဝယ် 'အတ်' (အပ်) သို့မဟုတ် (အစ်)

မြန်မာတွင် သရကို ကသတ်လျှင် 'အက်' ထွက်ပါသည်။ ထားဝယ်စကား၌ ခြွင်းချက် အနည်းငယ်မှအပ 'အတ်' (အပ်) သို့မဟုတ် (အစ်)ဟုထွက်ပါသည်။ ဥပမာပြပါမည်။

---

၁။ Old Burma, Early Pagan (Radical Review) JBRS-Vol.L IV, pt I and II, 1970, p-18

၂။ အိုနီတိုးရ ဒေသန္တရသုံးဗမာစကားများ၊ စာ-၄၅



### (က) မြန်မာ'အက်' နှင့် ထားဝယ် 'အတ်(အပ်)'

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကက် | ကတ် | ကြို၊ ကျ၊ ပုတ်၊ ကက် |
| ခက်ခဲ | ခတ်ခဲ | |
| ခက်'(သစ်) | ခတ် (သစ်) | သစ်ခတ် |
| ငှက် | ငှတ် | |
| တက်ဆင်း | တတ်ဆင်း | |
| ထက်အောက် | ထတ်အော့-က် | |
| ထက် (ဓား) | ထတ် (ထား) | ထားထတ် |
| နက် (ရေ) | နတ် (ရေ) | ရေနတ် |
| နက်နဲ | နတ်နဲ | |
| ပက် (ရေ) (လက်) | ပတ် (ရေ) (လတ်) | ရေပတ်၊ ပတ်လတ် |
| ပက်စက် | ပတ်စစ် | |
| ဖက် (တွယ်၊ ပွေ့) | ဖတ် (တွယ်) | ဖတ် (တွယ်) |
| ဖက် (လက်) | ဖတ် (လတ်) | လတ်ဖတ် |
| မက် (အိပ်) | မတ် (အိ) | အိမတ် |
| မက်မော | မတ်မော | |
| လက်(ခြေ/ပြောင်) | လတ်(ခေ/ပြောန်) | ခေလတ်၊ ပြောန်လတ် |
| လက် (ဓားတစ်) | လတ် (ထားတ-) | ထားတလဘ် |
| အသက် | အသတ် | |
| သက်သက် | သတ်သတ် | |

ထားဝယ်စကားနှင့်အလားတူပင် ရခိုင်စကား(စစ်တွေသံ)တွင်လည်း မြန်မာစကား 'က'သတ်သံကို 'တ'သတ် သို့မဟုတ် 'ပ'သတ်သံထွက်သည်ဟု သိရပါသည်။ ဥပမာ- 'လက်' ကို 'လတ်'၊ 'အသက်' ကို 'အသတ်'၊ 'ငှက်' ကို 'ငှတ်'၊ 'ဝက်' ကို 'ဝပ်'၊ 'သက်ကယ်' ကို

www.mmnetlibrary.com PDF Created by Bobo Zaw

'သတ်ကယ်' စသည်။ တောင်ရိုးစကားတွင်လည်း 'လတ်၊ ၄တ်၊ အသတ်' စသည့် 'တသတ်'သံ ထွက်သည့် စကားအချို့ရှိပါသည်။[၁]

မြန်မာ 'အက်' သံများကို သာမန်သရများ၌ 'အတ်(အပ်)'သံဖြင့် အသံထွက်ရန် လွယ်ကူသော်လည်း ဝဆွဲများနှင့်ယှဉ်၍ 'ပသတ်' သောအခါတွင်မူ မြန်မာစကား၌ ကြားရခဲသော အသံတစ်မျိုး ထွက်လာပါသည်။ မြန်မာစကားတွင် ကွတ်နှင့်ကွပ်၊ ခွတ်နှင့်ခွပ်၊ စွတ်နှင့်စွပ်၊ ရွတ်နှင့်ရွပ်၊ ဝတ်နှင့်ဝပ်တို့သည် အသံထွက်ခြင်းတူကြပါသည်။ ထားဝယ်စကား၌ မတူပါ။ ခွဲခြား၍ထွက်ပါသည်။

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကွက်လပ် | ကွပ်လပ် | ကွတ်၊ ခွတ်၊ ဂွတ်၊ စွတ် |
| ကွက်(မြေ) | ဂွပ်(မြွေ) | တွတ်၊ ထွတ်၊ ပွတ်၊ ရွတ် |
| ကြွက် | ကွပ် | ဝတ်၊ သွတ် ဟုအသံ |
| ခွက်(အိုး) | ခွပ်(အိုး) | မထွက်ရပါ။ ပကတိ |
| စွက်ဖက် | စွပ်ဖတ် | 'အပ်'ကာရံထွက်ရပါမည်။ |
| တွက်(ဂဏန်း) | တွပ်(ဂဏန်း) | သစ်ရွက်၊ ရွက်လှေ၊ |
| တွက်(ခေါ်နှင့်–) | တွပ်(ထားန–) | ဝက်သားတို့မှ 'ဝပ်' မှာ |
| ထွက်(ဝင်) | ထွပ်(ဝမ်) | အသံထွက်တူကြပါသည်။ |
| ပွက်(ဆူ၊ ရေ) | ပွပ်(ဆူ၊ ရေ) | |
| ရွက်(သစ်) | ဝပ်(သစ်) | |
| ရွက်လှေ | ဝပ်လှေ | |
| ဝက်သား | ဝပ်သား | |
| ၀ှက်(ခိုး) | ၀ှပ်(ခိုး) | |
| သွက်လက် | သွပ်လပ် | |

၁။ ဒေသန္တရသုံးဗမာစကားများ၊ စာ–၄၄–၅၀



မြန်မာစကားသံ က၊ ကာ၊ ကိ စသည်တို့တွင် သရသံမှန်အတိုင်းရှိသော်လည်း 'က' နောက် 'က်'ရှိလျှင် (ကက်တွင်) 'အ'သရသံပျောက်၍ 'အဲ့၊ အယ်' သရသံပြောင်းသွား၏။ ထားဝယ်ဘက်တွင် 'ဝက်' ကို 'အဲ့'သံ မဟုတ်ဘဲ 'အ'သရသံစစ်စစ်ဖြင့် တွေ့ရသေးသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်၏။[၁]

သို့ရာတွင် မြန်မာ 'ဝက်သား'ကို 'ဝသား'၊ 'ရေခွက်'ကို'ရေခွ'၊ 'သွက်လက်' ကို 'သွလတ်' စသည်ဖြင့် အသရသံစစ်စစ်မထွက်ဘဲ 'ဝ+အပ်'၊ 'ခွ+အပ်'၊ 'သွ+အပ်' စသည်ဖြင့် 'အပ်' သံ တိတိကျကျ ထွက်သည်ကို သတိပြုရပါမည်။

အထူးသတိပြုရန်မှာ မြန်မာစကားသံတွင် မရှိသလောက် နည်းပါးသော 'ဝပသတ်' နှင့် 'ဝဆွဲပသတ်' အသံများထုတ်ရာတွင် 'အွတ်'သံ မထွက်မိရန်ဖြစ်ပါသည်။ ထားဝယ်သူ၊ ထားဝယ်သား မဟုတ်သူများ ပီသအောင်အသံထွက်ရန် လွယ်မည်မဟုတ်ပါ။ 'အပ်'ကာရန်သံဖြင့် ထွက်ရန် လိုပါသည်။ 'ကွတ်' နှင့် 'ကွပ်'၊ 'ခွတ်'နှင့်'ခွပ်'၊ 'စွတ်' နှင့် 'စွပ်' စသည်တို့၏ ခြားနားချက်ကို ခွဲခွဲခြားခြားသိရှိနိုင်ရန် အောက်တွင် ဖော်ပြထားပါသည်–

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ဝတ်/ပ် | ဝပ် | ဝပ်သား၊ သစ်ဝပ်၊ ဝပ်လှေ |
| ကွတ်/ပ် | ကွပ် | မြွေကွပ်၊ ကွပ် |
| ခွတ်/ပ် | ခွပ် | အိုးခွပ် |
| စွတ်/ပ် | စွပ် | စွပ်ဖတ် |
| တွတ်/ပ် | တွပ် | ဂဏန်းတွပ်၊ အတွပ်၊ ထားနတွပ် |

၁။ မောင်သာနိုး၊ ဗမာစာ ဗမာစကား၊ စာ – ၅၈

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| ထွတ်/ပ် | ထွပ် | ဝမ်ထွပ် |
| ပွတ်/ပ် | ပွပ် | ဆူပွပ်၊ ရေပွပ် |
| သွတ်/ပ် | သွပ် | သွပ်လပ် |

သဒ္ဒဗေဒသဘောအရလည်း အသရကို ကသတ်လိုက်ခြင်းဖြင့် 'အက်'ဟု အသံမထွက်နိုင်ကြောင်းနှင့် 'အတ်'(အပ်) ဟု တသတ်၊ ပသတ်သံဖြင့်ထွက်သော ထားဝယ်စကားအသံက စကားအသံဖြစ်ပုံစနစ်- (Articulatory System) နှင့်ပို၍ ကိုက်ညီကြောင်း သိရပါသည်။

ကမ္ဘာသုံးပါဠိတွင် က၊ စ၊ သ၊ ပ အသတ်များသည် ယနေ့မြန်မာ 'တ'သတ်သံ တစ်ခုတည်းသာထွက်သည်။ မြန်မာတို့က – ကက်၊ ကတ်၊ ကပ် အသံသုံးမျိုးရအောင် ထွင်ထားသည်ဟု ဆိုပါသည်။ [၁]

စာတမ်းရှင်သည် ပါဠိဘာသာတတ်ကျွမ်းသူတစ်ဦးမဟုတ်သဖြင့် အထက်ကအဆိုကို အထောက်အထားပြုရလျှင် ပုဂံခေတ်တွင်လည်း 'ကသတ်' အသံများသည် 'တသတ်' အသံပင်ထွက်မည်ဟု ခန့်မှန်းချင်ပါသည်။

ပုဂံခေတ်သည် ပါဠိဘာသာ ဩဇာအရှိန်အဝါကြီးမားသောခေတ် ဖြစ်ပါသည်။ ထိုခေတ်တွင် မိန်းမများပင် ပါဠိဘာသာဖြင့် နှုတ်ဆက်ကြသည်ဟုဆိုပါသည်။ [၂] သို့ဖြစ်ရာ မြန်မာစကားကို စာအရေးအသားဖြင့် စမ်းတဝါးဝါးနှင့်မှန်းသွားနေရသော အချိန်အခါတွင် ပါဠိအသံဖွဲ့ပုံစနစ်များ၊ ပါဠိ စာလုံးပေါင်းစနစ်များကို နည်းနာယူခဲ့ကြလေသလားဟုစဉ်းစားဖွယ် ဖြစ်ပါသည်။

မြန်မာအက္ခရာဖြင့် ဖလှယ်ထားသော ပါဠိစကားလုံးများ၊ ပါဠိသက်ဝေါဟာရများကို နှောင်းမြန်မာတို့က ဖတ်ကြရာတွင် အသံထွက်

၁။ ဆရာသောင်းလွင်၊ မြန်မာအက္ခရာဗေဒ၊ ၁၉၇၂၊ စာ–၆၅
၂။ ဦးထွန်းဖေ၊ မြန်မာစာနိဒါန်း၊ စာ – ၆၅



အံချော်သည့် သဘောမျိုးလည်း ပါမည် ထင်ပါသည်။ 'အက္ခရာ' ကို 'အက်ခရာ' ဖတ်ပါသည်။ အမှန်မှာ 'အတ်ခယာ' ဖြစ်ရပါမည်။ [၁]

## (ခ) မြန်မာ'အက်' နှင့် ထားဝယ် 'အစ်'

မြန်မာသရအသံထွက် 'အက်'သည် ထားဝယ်စကားအသံထွက် 'အတ်(အပ်)'ထွက်ကြောင်းကို ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထူးခြားချက် နောက်တစ်ခုမှာ မြန်မာစကား အသံထွက် 'အက်' ကို 'အတ်' ဟုမထွက်ဘဲ ထားဝယ်စကား၌ 'အစ်' ဟုထွက်သော စကားများလည်း ရှိနေခြင်းပင် ဖြစ်ပါသည်။ မြန်မာစကားနှင့် ထားဝယ်စကားနှစ်ရပ်လုံး၏ တူညီသော လက္ခဏာဟုပင်ဆိုရပါမည်။ ဥပမာပြရလျှင်–

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကျက်(စာ) | ကျစ်(စာ) | |
| ကျက်(စား) | ဂျစ်(စား) | 'စားကျက်'ကို မြန်မာစကား၌'စဂျက်' ဟု ပြောသော်လည်းထားဝယ်စကား၌ မူ 'စား ဂျစ်'ဟု တစ်လုံးစီခွဲ၍ ထွက်ပါသည်။ |
| ကျပ်ခိုး | ကျစ်ခိုး | |
| ကြက်သား | ကြစ်သား | |
| ကြက်သွန် | ကြစ်သွန် | |
| ချက်ချာ | ချစ်ချာ | |
| ချက်ချင်း | ရှစ်ရှင်း | 'ရှ'သို့ ပြောင်းသည်။ |
| ချက်(တစ်) | ချစ်(တ–) | တချက်=တချစ် |
| ချက်(ဟင်း) | ရှစ်(ဟန်း) | 'ရှ'သို့ ပြောင်းသည်။ |

၁။ မောင်သာနိုး၊ ဗမာစာ ဗမာစကား၊ စာ – ၅၉

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| ချက်(ဗိုက်မှ) | ရှစ်(ဗိုက်မှ) | 'ရှ'သို့ ပြောင်းသည်။ |
| စက္ကူ | စစ်ကူ | |
| စက်ဘီး | စစ်ဘီး | |
| ဆက်လက် | ဆစ်လတ် | |
| ဆက်သွယ် | ဆစ်သွယ် | |
| ညက်(ကြေ) | ညစ် | |
| ပျက်စီး | ပျစ်စီး | |
| ပြက်လုံး | ပြစ်လောင်း | 'လောင်း'တွင်နောက်ဆုံးနှာသံမပါ။ |
| ဖျက်ဆီး | ဖျစ်ဆီး | |
| မျက်(စိတ်ခု) | မျစ် | တစ်စုံတစ်ခုပေါ်တွင်ဒေါသထွက်၊ အငြိုးထား |
| မျက်စိ | မျစ်စိ | |
| ရက်ကန်း | ယစ်ကန်း | |
| ရက်စက် | ရစ်စစ် | |
| ယှက်(ရော) | ယှစ်(ရော) | |
| အရှက်ရ | အယှစ်ရ | |

ဤသည်မှာလည်း ပါဠိသြဇာအငွေ့အသက်ဝင်နေသည့် သဘောကိုဆောင်နေပါသည်။ ကမ္ဘာသုံး ပါဠိသံ **'ဘစ်ခု'** (Bikku) ကို **'ဘိက္ခု'** ဟု ကသတ်နှင့်ရေးပြီး တသတ်သံဖြင့် **'ဘိတ်ခု'** ဟုထွက်ပုံမျိုး ဖြစ်ပါသည်။[၁] မူရင်းစသတ်အသံမှ ကသတ်အသံသို့ပြောင်းလာခြင်းများ ရှိသကဲ့သို့ ကသတ်၊ တသတ်အသံကို စသတ်အသံဖြင့် ရွတ်ဆိုသည် လည်းရှိပါသည်။ **'ကေတ်'**ဟူသော မွန်စာလုံးပေါင်းအသံထွက်ကိုကြည့်၍ မြန်မာတို့က အသံကွဲအောင် ရှေးမြန်မာကြီးတို့က တီထွင်ခဲ့သည်ဟု လည်း ဆိုပါသည်။[၂]

၁။ ဗမာစာ၊ ဗမာစကား၊ စာ ၆၀။

၂။ မြန်မာအက္ခရာဗေဒ၊ စာ – ၆၆၊



ပုံစံအားဖြင့် မက်ဂျိမ(Majjima) ကို**'မဇ္ဈိမ'**၊ **'ဆတ်စာ'** (Sacca) ကို **'သစ္စာ'**၊ **'ခေတ္တ'**ကို **'ခစ်တ'**၊ **'မေတ္တာ'** ကို **'မြစ်တာ'**၊ **'သေတ္တာ'** ကို **'သစ်တာ'** စသည်တို့ ဖြစ်ပါသည်။

## ၄။ မြန်မာ– 'အောက်' နှင့် ထားဝယ် 'အော့–က်'

အထက်ပါ ခေါင်းစီးကိုကြည့်လျှင် တစ်ခုနှင့်တစ်ခု ခြားနားမှုမရှိသကဲ့သို့ ထင်ရပါသည်။ မြန်မာစကားသံတွင်မရှိသော သို့မဟုတ် မြန်မာစာလုံးပေါင်းစနစ်တွင်မရှိသော စာလုံးပေါင်းဖြင့် ရေးပြထားသောကြောင့် အသံထွက်ရခက်နေမည်ဖြစ်ပါသည်။ အမှန်မှာ မြန်မာစကား၌ ကသတ်ရှေ့၌ရှိသော သြသရသံသည် **'အောက်'** ဖြစ်သွားပါသည်။ ယင်း **'အောက်'**(au?) သည် အင်္ဂလိပ်စကား Out နှင့်နီးစပ်ပါသည်။ ထားဝယ်စကား၌မူ ပကတိ **'အော'**သံဖြင့် **'အော့–က်'** ဟုထွက်ပါသည်။ **'အော့'** မဟုတ်ပါ။ အင်္ဂလိပ် Ought နှင့်နီးစပ်ပါသည်။ သို့ရာတွင် အင်္ဂလိပ်စာလုံးမှ နောက်ဆုံးဗျည်း t အသံထွက်ရန်မလိုပါ။

ထားဝယ် **'အော့–က်'**သံထွက်သော မြန်မာ **'အောက်'** (au?) သံပါစကားလုံး အချို့ကို သာဓကအဖြစ် ဖော်ပြပါမည်။

ကောက်ကွေ့၊ ကောက်ညှင်း၊ ကောက်ရိုး၊ ကျောက်ခဲ၊ ကြောက်လန့်၊ ခေါက်ဆွဲ၊ ချောက်ချား၊ ခြောက်ကပ်၊ ခြောက်ဆယ်၊ ငေါက်တောက်၊ စောက်နက်၊ ဆောက်တည်၊ တောက်ပြောက်၊ ထောက်ခံ၊ ထောက်လှမ်း၊ နောက်ထပ်၊ ပေါက်ရောက်၊ ပျောက်ဆုံး၊ ပြောက်ကျား၊ ပြောက်သောက်၊ ဖောက်ပြား၊ ဖျောက်ဖျက်၊ မောက်မာ၊ ခမောက်၊ မျောက်၊ မြောက်ဘက်၊ မှောက်မှား၊ မြှောက်စား၊ ယောက်ျား၊ လောက်င၊ သောက်စား၊ အောက်ထပ်။

www.mmnetlibrary.com PDF Created by Bobo Zaw

## မြန်မာ- 'အောက်' နှင့် ထားဝယ် 'အော့-က်'

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကောက်ကွေ့ | ကော့-က်ကွေ့ | ကော့-က်သည် Cock နှင့်နီးစပ်၍ ကွော့-က်သည် Clock နှင့်နီးစပ်ပါသည်။ ချော့-က်၊ ခြော့-က်သည် Chalk နှင့်နီးစပ်ပါသည်။ (သို့ရာတွင် နောက်ဆုံးဗျည်း k အသံထွက်ရန်မလိုပါ။) |
| ကောက်ရိုး | ကော့-က်ရိုး | |
| ကျောက်ခဲ | ကွော့-က်ခဲ | |
| ကြောက်လန့် | ကြော့-က်လန့် | |
| ခေါက်ဆွဲ | ခေါ့-က်ဆွဲ | |
| ချောက်ချား | ချော့-က်ချား | |
| ခြောက်ကပ် | ခြော့-က်ကပ် | |
| ခြောက်ဆယ် | ခြော့-က်ဆယ် | |
| ငေါက်တောက် | ငေါ့-က်တော့-က် | |
| စောက်နက် | ဇော့-က်နက် | |
| ဆောက်လုပ် | ဆော့-က်လောက် | ဆော့-က်=sock နှင့်နီးစပ် |
| တောက်လျှောက် | ဒေါ့-က် ရှော့-က် | |
| ထောက်ခံ | ထော့-က်ခံ | |
| ထောက်လှမ်း | ထော့-က်လှမ်း | |
| နောက်ထပ် | နော့-က်ထပ် | နော့-က်= knockနှင့်နီးစပ်ပါသည် |
| အနောက် | အနော့-က် | |
| ပေါက်ရောက် | ပေါ့-က်ရော့-က် | ပေါ့-က်=pop နှင့်နီးစပ်ပါသည်။ |



| | | |
|---|---|---|
| ပျောက်ကွယ် | ပျော့-က်ကွယ် | |
| ပြောက်ကျား | ပြော့-က်ကျား | |
| ပြောက်သောက် | ပြော့-က်သော့-က် | |
| ဖောက်ပြား | ဖော့-က်ပြား | |
| ဖျောက်ဖျက် | ဖျော့-က်ဖျစ် | |
| မောက်မာ | မော့-က်မာ | |
| ခမောက် | ခမော့-က် | |
| မျောက် | မျော့-က် | |
| မြောက် (အရပ်) | မြော့-က် | မြောက် (အရပ်) |
| မြောက်(မြှောက်၍) | မွှော့-က် | မြှောက် (မြှောက်၍) |
| မြှောက်(အပေါ်သို့) | မွှော့-က် | မြှောက် (အပေါ်သို့) |
| မြှောက် (သင်္ချာ) | မြှော့-က် | မြှောက်(သင်္ချာ) တို့၏ခြားနားချက်ကို သတိပြုပါ။ |
| မှောက်ထား/မှား | မှော့-က်ထား/မှား | |
| ယောက်ျား | ယော့-က်ကျား | ယော့-က်၊ ရော့-က်တို့သည် york နှင့် နီးစပ်သည်။ |
| ရောက်(သွား၊လာ) | ရော့-က်(သွား၊လာ) | |
| လောက်င | လော့-က်င | |
| လှောက် | လှော့-က် | |
| သောက်စား | သော့-က်စား | သော့-က်= thought |
| အောက်ထပ် | အော့-က်ထပ် | အော့-က်= ought နှင့်နီးစပ် |

မြန်မာစကားအသံထွက် 'အောက်'ကို ထားဝယ်စကား 'အော့-က်' ဟု ထွက်သကဲ့သို့ တောင်ရိုးစကား၊ နေ့စကား၊ ယောစကားတို့တွင်လည်း 'အော့-က်' သံနှင့်နီးစပ်သော အသံအချို့ ရှိသည်ဟု သိရပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

ဥပမာ– တောင်ရိုးစကား၌ အောက် (အော့)၊ အနောက် (နော့)၊ ခြောက် (ခြော့) စသည်၊ ခနုစကား၌ မျောက်ကို (မျော့)၊ ကျောက် (ကျော့)၊ ခခြောက် (ခြော့)စသည်၊ ယောစကား၌ ခြောက် (ခြော့)၊ တောက်တဲ့ (တော့တဲ့)စသည်တို့ဖြစ်ပါသည်။ [၁]

ယခုရေးပြသောစာလုံးပေါင်း(အသံ)များမှာ မပီသေးပါ။ ထားဝယ်သံနှင့် နီးစပ်ရုံသာ ရှိပါသည်။ ယင်းထားဝယ်သံများကို မြန်မာ အက္ခရာဖြင့်စာလုံးပေါင်း၍ အသံမှန်မထွက်နိုင်ပါ။ ထားဝယ်မှအပ အခြား ဒေသသားများ ပီသအောင် အတော်အချိန်ယူ၍ ကြိုးစားယူရပါမည်။

ပုဂံခေတ်ပညာရှင်ကြီးများသည် ကမ္ဘာသုံးအသံထွက်နည်းစနစ် များနှင့်အညီ မြန်မာစကား အသံထွက်များကို ဗြာဟ္မီအက္ခရာပွားများဖြင့် ကြိုဆတီထွင်ပေးခဲ့လင့်ကစား ဘာသာစကားတို့၏ နိယာမတရားကို မလွန်ဆန်နိုင်ဘဲ စကားပြောသံများ ချွတ်ချော်တိမ်းပါးလာသည်နှင့်အမျှ အသံထွက်ပုံစနစ်များနှင့် မကိုက်ညီတော့ဘဲ ဖြစ်လာရသည်ဟု ယူဆရပါ သည်။

အသံဖြစ်ပုံစနစ်အရလည်းကောင်း၊ ဘာသာဗေဒ အမြင်အရ လည်းကောင်း 'အော' သရကို ကသတ်၍ 'အောက်' (out) သံမထွက်ဘဲ ထားဝယ်စကားအသံအတိုင်း 'အော့–က်' (ought နှင့်နီးစပ်)သံသာ ထွက်နိုင်သည်ဟုသိရပါသည်။ ဤတွင်လည်း ထားဝယ် စကားသံသည် ယခုခေတ်သုံး မြန်မာစကားသံထက် သဒ္ဒဗေဒစနစ်နှင့် ပို၍ကိုက်ညီသည် ဟု ဆိုရမည်ဖြစ်ပါသည်။ ပညာရှင်တို့၏ အဆိုအမိန့်တွင်လည်း ပုဂံခေတ် တွင် ယခုထားဝယ်စကားသံကဲ့သို့ ပြောဆိုခဲ့ကြလိမ့်မည်ဟု ခန့်မှန်းခဲ့ကြ သည်သာဖြစ်ပါသည် (အော့–က်' အရေးအသားကို ဆရာကြီး ဦးဖေ မောင်တင်၏ Dialect of Tavoy စာတမ်းမှ ရယူပါသည်)။

---

၁။ ဒေသန္တရသုံးဗမာစကား၊ စာ–၅၁၊ ၅၄၊ ၅၅။



## ၅။ မြန်မာ 'အင်' နှင့် ထားဝယ် 'အန် (အမ်)'

ယခုခေတ်သုံးမြန်မာစကား သေတ်သံ (အင့်၊ အင်၊ အင်း) အတော်များများကို ထားဝယ်စကား၌ နသတ်သံသို့မဟုတ် မသတ်အသံ (အန်/အမ်)ဖြင့်ပြောပါသည်။ မြန်မာတို့ကဲ့သို့ သေတ်သံဖြင့် ပြောသော စကားများလည်းရှိပါသည်။ ရှေးက နသတ်သံ၊ မသတ်သံဖြင့် ပြောခဲ့ သော်လည်း ယခုအခါ မြန်မာအသံထွက်များသို့ တဖြည်းဖြည်းပြောင်း၍ ပြောလာကြသဖြင့် သေတ်သံဖြစ်လာသော စကားလုံးများလည်းရှိပါသည်။

ကဝဂ်ဗျည်းများ၌ အပင့်အရစ်ယှဉ်ပြီး သေတ်လိုက်သောအခါ တွင် မြန်မာတို့ကဲ့သို့ပင် သေတ်အသံထွက်ပါသည်။ (ဥပမာ– ကျင့်၊ ကျင်၊ ကျင်း၊ ချင့်၊ ချင်၊ ချင်း၊ ခြင်၊ ခြင်း၊ ဂျင်၊ ငြင်း) စဝဂ်မှ စင်၊ စင်း၊ စဥ့်၊ စဥ်၊ စဉ်း၊ ဆင့်၊ ဆင်၊ ဆင်း၊ ဇင်၊ ဉာဉ်၊ ညင်၊ ညင်း စသည်တို့ကိုလည်း သေတ်သံဖြင့်ပင် ပြောပါသည်။ သို့ရာတွင် 'ခင်မင်' ကို 'ခန်မန်'ဟုမပြောဘဲ သေတ်သံဖြင့်ပင် 'ခင်မင်' ဟုပြောပြီး 'ခင်ဗျား' ကိုမူ 'ခန်ဗျား'ဟု နသတ်သံဖြင့်ပြောသော ခြွင်းချက်စကားလုံး အနည်း ငယ် ရှိပါသည်။ မြန်မာစကား သေတ်သံစကားလုံးများကို ထားဝယ် စကား၌ နသတ်သံဖြင့် ပြောပုံ သာဓကအချို့ကို တင်ပြပါမည်။

### (က) မြန်မာ 'အင်' နှင့် ထားဝယ် 'အန်'

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကင် (ငါး) | ဂန် (ကန်) (ငါး) | |
| ကင်း (တိရစ္ဆာန်) | ကန်း | ကင်းကွာ၊ကင်းတဲ၊အသီးကင်း |
| ခင်း (အိပ်ရာ) | ခန်း (အိရာ) | အခင်းအကျင်း (အခန်းအကျင်း) |
| တင် (အပေါ်မှာ) | တန် | မှတ်တမ်းတင် (မှတ်တမ်းတန်) |
| တင် (ကျေးဇူး) | တန် (ကျေးဇူး) | အတင်အချ (အတန်အခ္လ) |

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| တင်းမာ | တန်းမာ | |
| အတင်း (အကြပ်) | အတန်း | |
| ထင် (မှတ်) | ထန် (မှတ်) | |
| ထင်း | ထန်း | |
| နင့် (မင်းရဲ့) | နန့် | |
| နင် (ငါ) | နန့် (ငါ) | ထမင်းနင် (မှန်းနန်) |
| နင်း (ခြေ) | နန်း (ခြေ) | |
| နှင်ထုတ် | နှန်ထု | |
| နှင်း (ဆီပန်း) | နှန်း (ဆီပန်း) | |
| ပင် (သစ်) | ပန် (သစ်) | |
| ပင့် (ဘုန်းကြီး)ပန့် (ဖောင်းဂီး) | | ဘုန်းကြီးပင့်=ဖောင်းဂီးပန့် |
| ပင်း (နား) | ပန်း (နား) | |
| ပြင် (ရေ) | ပွန် (ရေ) | ရေပြင်= ရွှေပွန် |
| အပြင် (အတွင်း) | အပွန် | အပြင်=အပွန် |
| မင်း (စိုးရာဇာ) | မန်း (စိုးရာဇာ) | |
| လင် (မယား) | လန် (မယား) | လင်ပန်း= လန်းဗန်း |
| လင်း (ထိန်) | လန်း (ထိ) | |
| သင် (စာ) | သန် (စာ) | အခွံသင် (အခွံသန်) |
| သင်္ဘော | သန်းဖော | |
| ဟင်း (စားဖွယ်) | ဟန်း | |
| အင်္ကျီ | အန်းဂီ | |
| အင်္ဂတေ | အန်းဂဒေ | |
| အင်းအိုင် | အန်းအိုင် | |



ခြွင်းချက်။ ပျင်းရိ၊ ပျဉ်ပြား၊ ပျဉ်းကတိုး၊ ဖျင်(အင်္ကျီ)၊ ညှံ့ဖျင်း၊ ရန်ကိုဖျဉ်၊ မျဉ်းကြောင်း စသည် ပဝဂ်အပင့်ယှဉ်များနှင့် ထို့အပြင်၊ ပြင်ဆင်၊ ပြင်းထန်၊ မြော်မြင်၊ အမြင့်၊ မြင်းစသည် ပဝဂ်အရစ်ယှဉ်များတွင်လည်း မြန်မာတို့ကဲ့သို့ သေတ်သံပင်ပြောပါသည်။

သေတ်အသံနှင့် နသတ်အသံအကြောင်းပြောလျှင် ပုဂံခေတ်ကျောက်စာများကို ချန်ထား၍ ဖြစ်မည်မထင်ပါ။ ယခုခေတ်သုံး'ယှဉ်'ကို 'ယှန်'၊ ယျာဉ်ကို ယန် (ဥယျာဉ်)စသည်ဖြင့် ပုဂံကျောက်စာများ၌ ရေးထိုးခဲ့ပါသည် (၆၃၃ ခုထိုး ပုဂံမြို့မင်းဝိုင်းကျောင်းကျောက်စာ၊ ၆၆၉ ခုထိုး ကန်လှရွာအမတ်ကြီး ရာဇသင်္ကြန်ကျောက်စာ)။ ယှန်မှ ယှင်း၊ ယှဉ်းသို့ ပြောင်းသည်မှာ ခန်း (စံခန်း)မှ ခင်း (စံခင်း၊ ယာခင်း)သို့လည်းကောင်း၊ ဝန်း (ဝန်းဝိုင်း)မှ ဝင်း (ဝင်းထရံ)သို့လည်းကောင်း ပြောင်းသည့်နည်းတူဖြစ်ပါသည်။[၁] ကျောက်စာများရှိ ယခုခေတ် 'အင်'အသံထွက်ကို 'အန်' အသံထွက် ရေးထိုးထားပုံမှန်သမျှကို ဖော်ပြရလျှင် ဆုံးအံ့မထင်ပါ။ ဘာသာဗေဒပညာရှင်လည်းဖြစ်၊ သမိုင်းပညာရှင်လည်းဖြစ်သော ပါမောက္ခဒေါက်တာလုစ် (Dr. G. H. Luce) ရေးသည့် ''ရှေးဟောင်းမြန်မာနိုင်ငံပုဂံခေတ်ဦး''စာအုပ်တွင် ရှေးဟောင်းမြန်မာစကား အဖြစ် 'ပလ္လင်'ကို 'ပန်လန်' (panlan) 'ထီးလိုင်မင်း'ကို 'ထီးလိုင်မန်း' (Tiluan Man)၊ တုရွှင်းတောင်ကို တူရန်တောန် (Turanton)၊ တနင်္ဂနွေမင်းကို တနန်းဂနွေမန်း(Tanan-ka-nwe-man)စသည်ဖြင့် အက္ခရာဖလှယ်ရေးပြခဲ့ပါသည်။ [၂]

ကျောက်စာဝန်ဟောင်း ဆရာကြီးဦးလူဖေဝင်းကလည်း အထက်ဖော်ပြပါ ဒေါက်တာလုစ်၏ စာအုပ်ကို ဝေဖန်သည့်စာတမ်းတွင်

၁။ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ−၁၂။
၂။ Old Burma- pp. 12, 13.

www.mmnetlibrary.com PDF Created by Bobo Zaw

'သက်ဆိုးတောင်' ကျောက်စာကို ရောမလိပိဖြင့် ဖလှယ်၍ အသံထွက်ပြထားရာ၌ 'မင်းလုလင်'ကို 'မန်းလုလန်' (man lu lan)၊ 'တော်သလင်း'ကို 'တော်သလန်း'စသည်ဖြင့် ယခုခေတ် သေတ်သံခပ်များများကို နသတ်သံဖြင့်ပြထားပါသည်။ [၁]

သေတ်သံနှင့် နသတ်သံအပြောင်းအလဲများကိုကြည့်လျှင် ကမ္ဘာသုံး ပါဠိသံမှ မြန်မာမှု ပြုထားသော ပါဠိအသံထွက်ပုံများကို သတိရစေပါသည်။ ပုံစံအားဖြင့် 'အန်ညမန်ည'ကို 'အင်ညမင်ည'၊ 'ပန်စသီလ'ကို 'ပဥ္စသီလ'၊ 'ဆံခါရ'ကို 'သင်္ခါရ'၊ 'ရှရီလန်ကာ'ကို 'သီရိလင်္ကာ'စသည်တို့ကဲ့သို့ဖြစ်ပါသည်။ ဆရာမောင်သာနိုးကမူ မြန်မာအက္ခရာနှင့် မြန်မာအသံထွက် အံချော်ပုံများထဲမှ တစ်ခုဖြစ်သည်ဟု မှတ်ချက်ချထားပါသည်။ [၂]

သဒ္ဒဗေဒအမြင်အရလည်းကောင်း၊ အသံဖြစ်ပုံစနစ်အရလည်းကောင်း 'အ'သရ သေတ်သော် 'အင်'မထွက်နိုင်၊ 'အန်'သာ ထွက်နိုင်သည်ဟုသိရပါသည်။

### (ခ) မြန်မာ 'အင်' နှင့် ထားဝယ် 'အမ်'

မြန်မာ'အင်'ကို ထားဝယ်စကား၌ 'အန်'(နသတ်) အသံထွက်ကြောင်း ရှေ့တွင်တင်ပြခဲ့ပြီးပါပြီ။ ယခုမြန်မာ'အင်'ကို ထားဝယ်'အမ်'(မသတ်)အသံထွက်သည်ဆိုသောအခါ ပထမတွင် 'အန်'နှင့် 'အမ်'သည် ထူးထူးခြားခြားအသံကွဲပြားမှုမရှိဟုပင် မြင်နိုင်ပါသည်။ ထားဝယ်စကားတွင် သာမက မြန်မာစကား၌လည်း သတိထားကြည့်လျှင် 'အန်'နှင့် 'အမ်' ခွဲခြား အသံထွက်ရသည့် နေရာများ ရှိသည်ကိုတွေ့ရမည်ဖြစ်သည်။

---

၁။ Old Burma- pp. 20, 21.

၂။ ဗမာစာ၊ ဗမာစကား၊ စာ-၅၉။



ဥပမာအားဖြင့် 'ကွန်း'ကို နသတ်အသံထွက် တစ်မျိုးဖြင့်သာ ထွက်ရသော်လည်း 'ကွမ်း'ကိုမူ နသတ်အသံထွက်သို့မဟုတ် မသတ်အသံဖြင့်လည်း ထွက်နိုင်ကြောင်း တွေ့ရပါမည်။ အလားတူပင် ဂွမ်း၊ စွမ်း၊ ဆွမ်း၊ လွမ်းစသည်တို့တွင် မသတ်သံထွက်နိုင်သကဲ့သို့ ဂွန်း၊ စွန်း၊ ဆွန်း၊ လွန်းဟုလည်း နသတ်သံဖြင့် ထွက်နိုင်သည်ကို တွေ့ရပါသည် (မြန်မာအဘိဓာန်အကျဉ်းချုပ် အတွဲ ၁ နှင့် ၄ ရှု)။

အောက်ပါထားဝယ်စကား အသံထွက်အချို့ကိုကြည့်ပါ။ နသတ်သံ 'အွန်း'ထွက်၍မရဘဲ၊ မသတ်သံ 'အွမ်း'ဟုထွက်ရသော စကားများ ဖြစ်ပါသည်။

### ဝဆွဲငသတ် နှင့် ဝဆွဲမသတ်

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကွေကွင်း | ကွေကွမ်း | |
| ကြိုးကွင်း | ကြိုးဂွမ်း | |
| တရားခွင် | တရားခွမ် | |
| ပိုင်ခွင့် | ပိုင်ခွမ့် | ခွင့်ရက်= ခွမ့်ရစ် |
| ဖြုခွင်း | ဖြုခွမ်း | တွင်ကျယ် တွမ်ကျယ် |
| ရေတွင်း | ရေတွမ်း | |
| တီထွင် | တီထွမ် | |
| ဖောက်ထွင်း | ဖော့–က်ထွမ်း | |
| နန္ဒင်း | နွှမ်း | |
| ပန်းပွင့် | ပန်းဗွမ့် | |
| ပိတ်ဖွင့် | ပိဖွမ့် | |
| တူရွင်း | တဝမ်း | တဝန်းဟုအသံမထွက်ရပါ။ |

www.mmnetlibrary.com PDF Created by Bobo Zaw

| | |
|---|---|
| ပျော်ရွှင် | ပျော်ရွှမ် |
| လေလွင့် | လေလွမ့် |
| ဝင် (ထွက်) | ဝမ် (ထွပ်) |
| ခြံဝင်း | ခြံဝမ်း |
| ထည့်သွင်း | ထဲ့သွမ်း |

ခြွင်းချက်အားဖြင့် ခြွင်းချက်၊ ခြွင်းချန်၊ ချွတ်ယွင်း၊ မှားယွင်း၊ ယိုယွင်းစသည်တို့တွင် သေတ်အသံဖြင့်ပင်ပြောပါသည်။

## ၆။ မြန်မာ 'အောင်' နှင့် ထားဝယ် 'အော-န်'

မြန်မာစကားအသံထွက်တွင် ''အော''သရကို သေတ်လိုက်လျှင် 'အောင်'ဟုထွက်သည်။ ထားဝယ်စကား၌ မူလ 'အော'သရအသံအတိုင်း 'အောန်'ဟုထွက်ပါသည်။ မြန်မာစကား အသံထွက်တွင်မရှိသော အသံတစ်မျိုးဖြစ်ပါသည်။ 'အော-န် (ပုဂံခေတ်ကျောက်စာများ၌ တွေ့ရသော စာလုံးပေါင်းဖြစ်သည်) ၏ အသံထွက်သည် အင်္ဂလိပ် (on)နှင့် နီးစပ်ပါသည်။ သို့သော် 'အွန်' မဟုတ်ပါ။ ပုဂံခေတ်ထိုးကျောက်စာများ၌ ကောန်၊ ကျောန်၊ လောန် အရေးအသားများ တွင်ကျယ်ခဲ့ပါသည်။ ''ထားဝယ်စကား၌ ကောင်၊ ကောင်း၊ ချောင်း၊ ပေါင်၊ ခေါင်း၊ နောင်၊ အောင် အစရှိသည်တို့တွင် သရအသံသည် ပကတိ 'အော'သံဖြစ်သည်။ ပုဂံခေတ်၌လည်း အလားတူ စကားလုံးတို့တွင် 'အော'သရသံသည် ပကတိ 'အော'အသံထွက်သည်ဟု ယူဆအပ်ကြောင်း'' ဆရာကြီး ဦးဖေမောင်တင်က မှတ်ချက်ပြုခဲ့ပါသည်။ [၁]

---

၁။ ဘာသာစကားယဉ်ကျေးမှု၊ မြန်မာဝတ္ထုသမိုင်းအစနှင့်သုတေသနစာတမ်းများ၊ စာ-၃၀၈။



### မြန်မာ 'အောင်' နှင့် ထားဝယ် 'အော-န်'

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကောင်လေး | ကောန်သား | |
| ကောင်း | ကောန်း | |
| ကျောင်း | ကျောန်း | |
| ကြောင့်ကြ | ကြောန့်ဂျ | |
| ကြောင် (သတ္တဝါ) | ကြောန် | |
| ကြောင်းကျိုး | ကြောန်းကျိုး | |
| ခေါင်မိုး | ခေါန်မိုး | |
| ခေါင်းပေါင်း | ခေါန်းဗောန်း | |
| ခေါင်းဆောင် | ခေါန်းဆောန် | |
| ချောင်ချိ | ချောန်ချိ | |
| ချောင်းကြည့် | ရှောန်းကေ့ | အသံထွက် တစ်ခုနှင့်တစ်ခု ခြားနားချက်များကို တွေ့ရပါမည်။ |
| ချောင်းဆိုး | ခေါန်းဆိုး | |
| ချောင်း (ရေ) | ချွောန်း (ရေ) | |
| စောင့်ကြို | စောန့်ကြို | |
| စောင် (ခြုံ) | စောန် (ခြောင်) | ရန်စောင် |
| စောင်းကောက် | စောန်းဂေါ့-က် | စွေစောင်း |
| ဆောင့် | ဆောန့် | |
| ဆောင် | ဆောန် | ကျောင်းဆောင် |
| ဆောင်း (ရာသီ) | ဆောန်း | ဆောင်းပါး |
| ညောင်ပင် | ညောန်ဗန် | |
| ညောင်းညာ | ညောန်းညာ | |

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| တောင်တန်း | တောန်ဒန်း | |
| တောင်း | တောန်း | ထည့်စရာတောင်း |
| တောင်းရမ်း | တောန်းရမ်း | |
| ထောင့်မှန် | ထောန့်မှန် | |
| ထောင် (မတ်) | ထောန် | အကျဉ်းထောင် |
| ထောင်း (ထု) | ထောန်း (ထု) | |
| ဒေါင်း (သတ္တဝါ) | ဒေါန်း | |
| ပေါင်မုန့် | ပေါန်မု | |
| ပေါင်း | ပေါန်း | |
| ပြောင် (ပြောင်) | ပြောန် (ဗျောန်) | |
| ပြောင်းလဲ | ပ္လောန်းလဲ | |
| ဖောင် (ဝါး) | ဖောန် (ဝါး) | |
| ဖောင်းပွ | ဖောန်းပွ | |
| ဖျောင်းဖျ | ဖျောန်းဖျ | |
| ဖြောင့်မတ် | ဖြောန့်မတ် | |
| မောင်ဘ | မောန်ဘ | |
| မောင်းထု | မောန်းထု | |
| မြောင်း (ရေ) | ပြောန်း (ရေ) | |
| ယောင်း | ယောန်း | ဟောင်းအိုဆွေး |
| ရောင်ရမ်း | ရောန်ရမ်း | |
| ရောင့်ရဲ | ရောန့်ရဲ | |
| ရောင်ခြည် | ရောန်ခြည် | အရောင်၊ ဖူးရောင် |
| ရောင်း | ရောန်း | ရောင်းဝယ် |
| လောင် (မီး) | လောန် (မီး) | |
| လောင်း (ကစား) | လောန်း | |



| | | |
|---|---|---|
| အလောင်း | အလောန်း | |
| သောင်ပြင် | သောန်ဗ္လန် | |
| သောင်း (ဂဏန်း) | သောန်း | |
| သောင်းပြောင်း | သောန်းပြောန်း | |
| ဟောင် (ခွေး) | ဟောန် | |
| ဟောင်း | ဟောန်း | |
| အောင့် | အောန့် | ရင်အောင့်၊ အောင့်အီး |
| အောင် | အောန် | အနိုင်ရ (on နှင့် နီးစပ်) |
| အောင်း | အောန်း | ခိုအောင်း |

ထားဝယ်စကားနှင့်အလားတူ 'အောန်၊ အောန်း' အသံထွက် သောစကားအချို့ အင်းသားစကား၊ တောင်ရိုးစကားနှင့် ဓနုစကားတို့တွင် ရှိသည်ဟု သိရပါသည်။ ဥပမာ–ကောန်း၊ ကြောန်၊ ခေါန်း၊ တောန်၊ ပေါန်၊ အရောန် စသည်ဖြစ်ပါသည်။ [၁]

ဆရာကြီးဦးလူဖေဝင်းနှင့် ဒေါက်တာလုစ်တို့က ယခုခေတ်သုံး 'အောင်' 'အောင်း'ကို ရှေးသုံးအဖြစ်ဖော်ပြရာ၌ ယခုကဲ့သို့ ရောမလိပိဖြင့် ဖော်ပြခဲ့သည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် 'အလောင်းစည်သူ' (Aloñ-cañsû)၊ 'မြင်းသေချောင်း'ကို 'မရန်းသေခ္လောန်း' (mranse khlɔn)၊ 'ကုလားကျောင်း'ကို ကလားက္လောန်း' (kulā kloń)၊ 'နားတောင်းများ'ကို 'နားတောန်းများ' (nātońmjā)စသည်ဖြစ်ပါသည်။ [၂]

ယင်းအသံဖလှယ်ပုံကို ကြည့်မည်ဆိုလျှင် 'အော'သရကို သေတ် ၍ 'အောင်'သံမထွက်၊ 'အောန်' (on)သံသာထွက်ကြောင်း ယုံမှား

၁။ ဒေသန္တရသုံးဗမာစကား၊ စာ–၄၈၊ ၅၁၊ ၅၄။
၂။ Old Burma- pp. 7, 11.

www.mmnetlibrary.com PDF Created by Bobo Zaw

ဖွယ်မရှိတော့ပါ။ ဤတွင်လည်း ပုဂံခေတ်သုံးအသံများနှင့် ထားဝယ်စကားအသံထွက်တူညီနေမှုတစ်ရပ်ပင်ဖြစ်သည်ဟု ဆိုရပါမည်။ သဒ္ဒဗေဒသဘောအရလည်း 'အောန်'သာမှန်သည်ဟု သိရပါသည်။

### ၇။ မြန်မာ'အုတ် (အုပ်)'နှင့် ထားဝယ် 'အု၊ အောက်'

'အု'သရသံနောက်တွင် တသတ်သို့မဟုတ် ပသတ်ရှိလျှင် မြန်မာတို့က 'အို'သံဖြင့် အုတ် (အုပ်)ဟုထွက်သည်။ ထားဝယ်စကားတွင် မူလ'အု'သရသံသို့မဟုတ် 'အော'သရသံဖြင့် ထွက်ပါသည်။ မြန်မာ 'အုတ်(အုပ်)'သည် ထားဝယ်စကားသံ 'အု'သို့မဟုတ် 'အောက်'ဖြစ်ပါသည်။ သို့ရာတွင် 'ထင်းခုတ်'ဟူသော စကားတွင် 'အု'သံလည်းမထွက် 'အောက်'သံဖြင့်လည်း မပြောဘဲ 'ထန်းခွတ်'ဟု 'အွတ်'သံဖြင့်ပြောသော ခြွင်းချက် အချို့ရှိပါသည်။

ကမ္ဘာသုံးပါဠိသံ'ဒု(က်)ခ' (dukkha)၊ 'ပု(ဂ်)လ (puggala)တို့မှ မြန်မာမှုပြုထားသည့် ပါဠိသံ 'ဒုက္ခ'၊ ပုဂ္ဂိုလ်'ဖြစ်လာပုံနှင့် မုတ်သုံ၊ မုဆိုးတို့မှ 'မုတ်သုံ၊ မုတ်ဆိုး'ဟု အသံထွက်ပုံများနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ မူလ 'အု'သရသံမှ 'အုတ်'ဖြစ်လာပုံကို ဆိုလိုပါသည်။ 'အုတ်(အုပ်)'နှင့် 'အု'နှိုင်းယှဉ်ချက်ကို အောက်တွင်ကြည့်ပါ–

#### (က) မြန်မာ'အုတ် (အုပ်)'နှင့် ထားဝယ် 'အု'

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ခြုတ် | ခြု | အသုံးတိမ်ဝေါဟာရအခန်းတွင်ရှုပါ။ |
| ငရုတ်သီး | ဂျုသီး | |
| စုတ်တံ | စုတံ | |
| စုတ်ပဲ့ | စုပဲ့ | |



| | | |
|---|---|---|
| ဆုတ်ခွာ | ဆုခွာ | |
| ဆုတ်ဖြဲ | ဆုဖွဲ့ | |
| တုတ် (ဝတုတ်) | တု (ဝဒု) | |
| ထုတ် (ထွက်စေ) | ထု | ထုတ်ပစ်၊ ထုတ်နုတ် |
| နုတ် (ပေါင်းနုတ်) | နှု | သွားနုတ်=သွားနှု |
| ပုတ် (စပါးတောင်း) | ပု | |
| ပြုတ် (ရေနှင့်) | ပွု | အလုပ်ပြုတ်၊ ပဲပြုတ် |
| ပြုပ် (ဖား) | ဖားပွု | ဖားနှင့်ပွုတစ်လုံးစီ အသံထွက်ရပါသည်။ |
| ဖုတ် (မီးတွင်...) | ဖု (မီး) | နာနာဘာဝဖုတ်=ဖု |
| ဖြုတ် (ပြုတ်အောင်) | | ဖွု |
| သုတ် (ဆေး) | သု (ဆေး) | ဆေးသုတ်=ဆေးသု |
| ဟုတ် | ဟု | မဟုတ်=မဟု=မှု |
| အုတ်နံရံ | အုနံရံ | |

#### (ခ) မြန်မာ'အုတ် (အုပ်)'နှင့် ထားဝယ် 'အောက်'

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကုက္ကိုပင် | ကောက်ကိုဗန် | |
| ကုတ်ခြစ် | ကောက်ခြစ် | |
| ကုပ်နှိုပ် | ဂေါက်နှိုပ် | |
| လက်ခုပ် | လတ်ခေါက် | ခုပ်/ခေါက်=လျင်မြန်သည်။ |
| အပ်ချုပ် | အပ်ချောက် | |
| ဝမ်းချုပ် | ဝန်းချောက် | |
| ရေငုပ် | ရေငေါက် | |

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| သွေးစုပ် | သွီးစောက် | |
| ဆုပ် (ကိုင်) | ဆောက် (ကိုင်) | |
| တုတ် (လက်ကိုင်) | ဒေါက် (လတ်ကိုင်) လတ်ကိုင်ဒေါက် | |
| တုပ် (ကြိုးနှင့်) | တောက် (ကြိုးန) | ကြိုးနတောက် |
| ထုပ် (အထုပ်) | ထောက် (အထောက်) အထောက်ထောက် | |
| ဒုတ္တာ | ဒေါက်ထာ | |
| နှုတ်သီး | နှောက်သီး | |
| ပုဂ္ဂိုလ် | ပေါက်ကို | |
| ပုတ်ခတ် | ပေါက်ခတ် | ပုဒ်မ=ပေါက်မ<br>ပုတ်ပြတ်=ပေါက်ပြတ် |
| ဖြုတ် (ပိုးကောင်) | ဖြောက် | |
| မုတ်ဆိတ် | မောက်ဆိ | |
| မုတ္တ | မောက်တ | မုတ်ပုတီး=မောက်ပုတီး |
| မုချ (မုတ်ချ) | မောက်ချ | |
| မုဆိုး (မုတ်ဆိုး) | မောက်ဆိုး | မုဆိုးမ=မောက်ဆိုးမ |
| မြုပ် (အောက်သို့) | မြှောက် | |
| မှုပ် (မြုပ်အောင်) | မှှောက် | |
| ယုတ်(နိမ့်ကျ၊ညံ့ဖျင်း)ယောက် (ညံ့) | | |
| ယုတ္တိ | ယောက်တိ | |
| ယုတ်မာ | ယောက်မာ | |
| ရုတ်တရက် | ရောက်တရစ် | |
| ရုတ် (တရုပ်) | ရောက်(တရောက်) | တရုပ်=တရောက် |
| ရုပ် (နာမ်) | ရောက်နာမ် | |
| ရုပ် (အရုပ်) | ရုပ် (အရောက်) | အရုပ်=အရောက် |
| ရှုပ်ရှက်ခတ် | ရှောက်ရှစ်ခတ် | |



| | |
|---|---|
| လုပ်ကိုင် | လောက်ကိုင် |
| လှုပ်ရှား | လှောက်ရှား |
| သုပ် (လက်) | သောက် (လတ်) လက်သုပ်= လတ်သောက် |
| အုပ်ချုပ် | အောက်ချောက် |
| ဥစ္စာ | အောက်စာ |
| ဦးထုပ်(အုတ်ထုတ်) | အောက်ထောက် |

ရာဇကုမာရ်ကျောက်စာတွင် 'ပြု'ကို 'ပြော'(ပြွှော)၊ 'သော'ကို 'သု' ဟု 'အု'သရသံအစား 'အော' သရသံဖြင့် ရေးထိုးခဲ့သည်ကို တွေ့ရပါသည်။ ရာဇကုမာရ်ကျောက်စာထက် စောသည်ဟု ပညာရှင်များက ခန့်မှန်းကြသော ပေါ်တော်မူဘုရားကျောက်စာတွင်လည်း 'လှူ'ကို 'လော'၊ 'ဖြူ'ကို 'ဖွှော'၊ 'ဆူ'ကို 'ဆော'ဟုရေးထိုးခဲ့ပါသည်။ ထို့ကြောင့် ထားဝယ်စကား၌ 'အု'သရသံနေရာတွင် 'အော' သရသံဖြင့် ပြောသည်မှာ မဆန်းပါ။ အော့၊ အော်၊ အောသရသံနှင့် 'အု'သရသံပြောင်းလဲခြင်းကား ဓမ္မတာပင်ဖြစ်သည်ဟု မှတ်ယူရန်ရှိပါသည်။ [၁]

**၈။ မြန်မာ 'အိတ်(အိပ်)'နှင့် ထားဝယ် 'အိ'**

မြန်မာ 'အိတ်'၊ 'အိပ်'တို့ကို ထားဝယ်စကား၌ တသတ်၊ ပသတ်သံများမထွက်ဘဲ 'အိ'ဟုသာ ထွက်ပါသည်။ ဘာသာဗေဒ ရှုထောင့်မှ ကြည့်လျှင် 'အိ'သရသံနောက်၌ တသတ်၊ ပသတ်ရှိခြင်းဖြင့် အေး(ဧ)သရသံသို့ပြောင်းသွားခြင်းမှာ မြန်မာအက္ခရာနှင့် မြန်မာ အသံထွက် အံချော်နေပုံဖြစ်သည်ဟု သိရပါသည်။[၂] အိသရသံပျောက်မသွားသော ထားဝယ်စကားသံများက ပို၍သဘာဝကျသည်ဟု သိရပါသည်။

---

၁။ မြန်မာစကားအဖွင့်ကျမ်း၊ ပတွဲ၊ စာ-၁၀၄။

၂။ ဗမာစာ၊ ဗမာစကား၊ စာ-၅၉။

www.mmnetlibrary.com PDF Created by Bobo Zaw

ကမ္ဘာသုံးပါဠိသံ 'စာရိတ' (*carita*)မှ 'စာရိတ္တ'၊ 'စိတ' (Citta) မှ 'စိတ်'၊ 'နိဗာန' (Nibbana)မှ 'နိဗ္ဗာန်'၊ 'ပရိသ'(parisa)မှ 'ပရိသတ်' (ပယိတ်သတ်) ဖြစ်လာပုံများကို ဆင်ခြင်ကြည့်ကြရန် ဖြစ်ပါသည်။ ရင်းမြစ်သံသည် 'အိ'သရသံသာ ဖြစ်သည်ဟုဆိုလိုပါသည်။ 'အိ'သံထွက်သော ထားဝယ်စကားအချို့ကို အောက်တွင်ဖော်ပြထားပါသည်-

### မြန်မာ 'အိတ်(အိပ်)' နှင့် ထားဝယ် 'အိ'

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကိတ်မုန့် | ကိမု | |
| ကျိတ်ကျိတ်တိုး | ကျိကျိတိုး | |
| ကြိတ်ဆုံ | ကွိဆောင် | နှာသံမပါသော'ဆောင်' |
| ချိတ် (သံချိတ်) | ခိ (သံခိ) | |
| ချိတ်(ချိတ်ဆွဲ) | ခိဆွဲ | |
| ချိတ်ထဘီ | ခိဖီ | |
| ချိတ်ပိတ် | ခိပိ | |
| စိတ် | စိ | |
| စိပ်စိပ် (မကျဲ) | စိဖိ | |
| စိပ်ပုတီး | စိပုတီး | စိပဒီး |
| ဆိတ် (လက်သဲနှင့်) | ဆိ | |
| ဆိပ်ကမ်း | ဆိကမ်း | |
| အဆိပ် | အဆိ | |
| ညိတ် (ခေါင်း) | ညို (ခေါန်း) | ခေါင်းညိတ်=ခေါန်းညို |
| တိတ်ဆိတ် | တိဆိ | |
| ထိတ်လန့် | ထိလန့် | |



| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ထိပ်တန်း | ထိတန်း | |
| မိဿန် (မိတ်ထန်) | မိထန် | |
| နိဗ္ဗာန် (နိတ်ဗန်) | နိဗန် | |
| ပိတ်ဆို့ | ပိဆို့ | |
| ပြိတ္တာ (ပိတ်တာ) | ပိတာ | |
| ဖိတ်စာ | ဖိစာ | |
| ပိတ် (နောက်ဆုံး) | ဘိ | |
| မိတ်ဆွေ | မိဆွေ | |
| ရိက္ခာ (ယိတ်ခါ) | ရိခါ | |
| ရိတ် (စပါး) | ရိ (စပါး) | |
| ရိပ်မိ | ရိမိ | |
| အရိပ် | အရိ | |
| လိပ် (သတ္တဝါ) | လိ | |
| လိပ်ပြာ (သတ္တဝါ) | လိပ္ပာ | |
| လိပ် (ခွေပတ်) | လိ | |
| သိပ် (အိုး) | သိ (အိုး) | |
| ဟိတ်ဟန် | ဟိဟန် | |
| အိတ် (လွယ်) | အိ (လွယ်) | လွယ်အိပ်=လွယ်အိ |
| အိပ်ရာ | အိရာ | အိပ်ပျော်၊ အိပ်မွေ့=အိမ္မွိ |

**၉။ မြန်မာ 'အိန် (အိမ်)၊ အိန်း (အိမ်း)' နှင့် ထားဝယ် 'အီ၊ အီး'**

မြန်မာစကား အိန် (အိမ်)၊ အိန်း(အိမ်း)သရသံများသည် ထားဝယ်စကား၌ 'အီ၊ အီး' အသံထွက်၍ပြောပါသည်။ ရှေးက 'အီ(န်)'၊ အီ(မ်)ဟု နောက်ဆုံးဗျည်းသံများ (န်၊ မ်သံများ) ထည့်၍ပြောခဲ့သည်။ ရုံဖန်ရုံခါ ယနေ့ထက်တိုင် နောက်ဆုံးဗျည်းသံများထည့်၍ ပြောသည့်ကို

www.mmnetlibrary.com PDF Created by Bobo Zaw

ကြားရတတ်ပါသည်။

မြန်မာသရ'အိ'ကို နသတ်လိုက်လျှင် ' အိန်'၊ မသတ်လိုက်သောအခါ 'အိမ်'စသည်ဖြင့် ထွက်သော်လည်း ထားဝယ်စကား၌မူ မူလ 'အိ'သရသံကျန်နေပါသည်။ ပုံစံအားဖြင့် မြန်မာစကား'ကိန်း'ကို ထားဝယ်စကား၌ 'ကီး(န်)' (Keen)ဟုထွက်ခဲ့ရာမှ ယခုအခါ နောက်ဆုံးဗျည်းသံပျောက်၍ 'ကီး' ဖြစ်နေပါသည်။ သဒ္ဒဗေဒအမြင်အရဆိုလျှင်လည်း 'အိ' သရကို နသတ်လိုက်ခြင်းဖြင့် 'အီ(န်)' သို့မဟုတ် 'အင်'သာ ထွက်နိုင်သည် ဟု သိရပါသည်။

ထားဝယ်စကား၌ အဆုံးသတ်ဗျည်းရှေ့က သရသည် အများအားဖြင့် ရေးသည့်အတိုင်း ပကတိအသံထွက်သည်ကို ထောက်သော် ပုဂံခေတ်၌လည်း အဆုံးသတ်ဗျည်းရှေ့ကသရသည် ပကတိ အီ၊အီး အသံထွက်ကြသည်ဟုယူဆအပ်ကြောင်း ဆရာကြီးဦးဖေမောင်တင်က မှတ်ချက်ချခဲ့ပါသည်။ [၁]

ကမ္ဗာသုံးပါဠိသံ 'ဂိမှ'(gimha)မှ ဂိမ္ဟာန်၊ 'ကုသိနာရ' (*kusinârâ*)မှ ကုတ်သိန်းနာရုံ (ကုသိနာရုံ)၊ 'သီမ' (sima)မှ 'သိမ်'ဖြစ်လာပုံ တို့ကိုကြည့်ပါ။ မူလပါဠိ 'အိ'သရသံများသည် ပါဠိသက်ဝေါဟာရများ ဖြစ်လာသောအခါ 'အိန်'၊ 'အိမ်'အသံများဖြစ်လာသည်ကို တွေ့ရပါသည်။ မူလ 'အိ'သရသံများ ကျန်နေသော ထားဝယ်စကားအချို့ကို အောက်ပါ အတိုင်းတွေ့ရမည် ဖြစ်ပါသည်–

**'အိ၊ အီ၊ အီး' သရသံများကျန်နေသောထားဝယ်စကားအချို့**

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကိန်းဂဏန်း | ကီးဂဏန်း | ကိန်းခန်းကြီး |

၁။ ဘာသာစကားယဉ်ကျေးမှု၊ စာ–၁၀၉။



| | | |
|---|---|---|
| ကိန်းသေ | ကီးသေ | |
| ကျိန်ဆဲ | ကီဆဲ | |
| ကြိမ်လုံး | ကီလောင်း | လောင်းတွင်နှာသံမပါရပါ။ |
| ချိန် (ချင့်) | ချင့်ချီ | ထားဝယ်စကား၌ 'တစ်ကြိမ်၊ နှစ်ကြိမ်' အသုံးမရှိပါ။ 'တစ်ခါ၊ နှစ်ခါ'သာရှိသည်။ |
| ချိန်တွယ် | ခီတွယ် | |
| အချိန် | အခီ | |
| ချိန်းတွေ့ | ချီးတွို | |
| ချိန်း (အနား) | ခီး (အနား) | ပုဆိုးနားချိန်း=အနားခီး |
| ခြိမ်းခြောက် | ခြီးခြော့–က် | |
| ငြိမ်ဝပ် | ငြီဝပ် | |
| ငြိမ်းအေး | ငြီးအေး | |
| စိန်ရွှေ | စီရွှေ | |
| စိမ်းလန်း | စီးလန်း | |
| တိမ်ကော | တီကော | |
| တိမ်းပါး | တီးဗားး | |
| ထိန်းသိမ်း | ထီးသီး | |
| ပိန်ကြုံ | ပီကြောင် | |
| ပိန္နဲသီး (ပိန်နဲသီး) | ပိနဲသီး | 'နဲသီး'ဟုလည်းပြော |
| ပိန်းဥ | လွိုးဥ | |
| ဖိမ့်ဖိမ့်တုန် | ဖိဖိတူ | |
| ဗိန္ဒော | ဗီးဒေါ | |
| ဘိန်းစား | ဘီးစား | |
| မိန်းမ | မီးမ | |

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| မြို့န်(ထမင်း) | မ္ဒီ (မှန်း) | ထမင်းမြိုန်–မှန်းမ္ဒီ |
| ယိမ်းအက | ယီးအက | |
| ယိမ်းယိုင် | ယီးယိုင် | |
| အရှိန် | အရှီ | |
| ရှိန်းခို | ရှီးဂို | |
| လူလိမ် | လူလီ | ထားဝယ်စကား၌ လိမ္မော်သီးကို မြန်မာတို့ကဲ့သို့ပင် ပြောပါသည်။ |
| လိမ်မာ | လီမာ | |
| လိမ့် (ဘောလုံး) | လိ(ဘော်လောင်း) ‘လောင်း’တွင် အဆုံးသတ်နာသံမပါပါ။ | |
| သိမ် (ဘုရား) | သီ (ဘုရား) | |
| သိမ်းဆည်း | သီးဆဲ | |
| ဟိန်း (ကြီးကျယ်) | ဟီး | |
| အိုးအိမ် | အိုးအီ | |

## ၁၀။ မြန်မာ ‘အုန် (အုံ)’ နှင့် ထားဝယ် ‘အူ၊ အောင်’

မြန်မာစကား၌ ‘အု’သရသံနောက်၌ နသတ်၊ မသတ်တို့ရှိလျှင် ‘အု’သံမထွက်တော့ဘဲ ‘အို’ သရသံ ထွက်လာပါသည်။ ဥပမာ– (အုန်၊ အုပ်)။ ထားဝယ်စကား၌ မူလ ‘အု’သရသံမပျောက်ဘဲ ကျန်နေဆဲဖြစ်ပါသည်။ မြန်မာသရ ‘အုန့်၊ အုန်၊ အုန်း’ကို ထားဝယ်စကား၌ ‘အု၊ အူ၊ အူး’ ထွက်ပါသည်။ ရှေးက ‘အူ(န်)’၊ ‘အူး (န်)’စသည်ဖြင့် နောက်ဆုံးဗျည်းသံများပါ ထည့်၍ပြောသည်ဟု ရှေးလူကြီးများ၏ ပြောစကားအရ သိရပါသည်။ မြန်မာ ‘အုန့်၊ အုန်၊ အုန်း’ကို ထားဝယ်စကား၌ ‘အု၊ အူ၊ အူး’ မထွက်ဘဲ ‘အောင့်၊ အောင်၊ အောင်း’ အသံထွက်သည့် ခြွင်းချက် အနည်းငယ်မှအပ တစ်ချောင်းငင်နသတ်အသံ (အုန့်၊ အုန်၊ အုန်း)တို့၌ ထားဝယ်စကား ‘အု၊အူ၊ အူး’ထွက်၍ သေးသေးတင်



တစ်ချောင်းငင် (အုံ့၊ အုံ၊ အုံး)တွင် ‘အောင့်၊ အောင်၊ အောင်း’ ထွက်ပါသည်။ ဥပမာအချို့ကို တင်ပြပါမည်။

### (က) မြန်မာ ‘အုန်’ နှင့် ထားဝယ် ‘အူ’

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကုန်ကျ | ကူကျွ | |
| ကုန်ကြမ်း | ကူဂြမ်း | |
| ကုန်စင် | ကူစင် | |
| ကုန်သည် | ကူသယ် | |
| ကုန်း (ကျော) | ကူး (ကျော) | ကျောကုန်း=ကျောဂူး |
| ကုန်း (ခါး) | ကူး (ခါး) | ခါးကုန်း= ခါးဂူး |
| ကုန်းတိုက် | ဂူးတိုက် | |
| ကုန်းပတ် | ကူးပတ် | |
| ကုန်းပေါင် | ကူးဘောန် | |
| ကုန်းမြေ | ကူးမွေ | |
| ကုန်းလမ်း | ကူးလမ်း | |
| ဆုန်း | ဆူး (န်) | စာတမ်းဒုတိယပိုင်းရှု |
| တုန်ဖျား | တူဖျား | |
| တုန်လှုပ် | တူလှောက် | |
| တုန်း (လုပ်) | တူး (လောက်) | လုပ်တုန်း=လောက်တူး |
| နုန်းမြေ | နူးမွေ | |
| နှုန်း (ရာ) | နှူး (ရာ) | ရာနှုန်း=ရာနှူး |
| ပုန်ကန် | ပူကန် | |
| ပုန်းအောင်း | ပူးအောန်း | |

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| မြိန်(ထမင်း) | မှိ (မုန်း) | ထမင်းမြိန်–မုန်းမှိ |
| ယိမ်းအက | ယီးအက | |
| ယိမ်းယိုင် | ယီးယိုင် | |
| အရှိန် | အရှီ | |
| ရှိန်းခို | ရှီးဂို | |
| လူလိမ် | လူလီ | ထားဝယ်စကား၌ လိမ္မော်သီးကို မြန်မာတို့ကဲ့သို့ပင် ပြောပါသည်။ |
| လိမ်မာ | လီမာ | |
| လိမ့် (ဘောလုံး) | လိ(ဘော်လောင်း) ‘လောင်း’တွင် အဆုံးသတ်နှာသံမပါပါ။ | |
| သိမ် (ဘုရား) | သီ (ဘုရား) | |
| သိမ်းဆည်း | သီးဆဲ | |
| ဟိန်း (ကြီးကျယ်) | ဟီး | |
| အိုးအိမ် | အိုးအီ | |

## ၁၀။ မြန်မာ ‘အုန် (အုံ)’ နှင့် ထားဝယ် ‘အူ၊ အောင်’

မြန်မာစကား၌ ‘အု’သရသံနောက်၌ နသတ်၊ မသတ်တို့ရှိလျှင် ‘အု’သံမထွက်တော့ဘဲ ‘အို’ သရသံ ထွက်လာပါသည်။ ဥပမာ– (အုန်၊ အုပ်)။ ထားဝယ်စကား၌ မူလ ‘အု’သရသံမပျောက်ဘဲ ကျန်နေဆဲဖြစ်ပါသည်။ မြန်မာသရ ‘အုန့်၊ အုန်၊ အုန်း’ကို ထားဝယ်စကား၌ ‘အု၊ အူ၊ အူး’ ထွက်ပါသည်။ ရှေးက ‘အူ(န်)’၊ ‘အူး (န်)’စသည်ဖြင့် နောက်ဆုံးဗျည်းသံများပါ ထည့်၍ပြောသည်ဟု ရှေးလူကြီးများ၏ ပြောစကားအရ သိရပါသည်။ မြန်မာ ‘အုန့်၊ အုန်၊ အုန်း’ကို ထားဝယ်စကား၌ ‘အု၊ အူ၊ အူး’ မထွက်ဘဲ ‘အောင့်၊ အောင်၊ အောင်း’ အသံထွက်သည့် ခြွင်းချက် အနည်းငယ်မှအပ တစ်ချောင်းငင်နသတ်အသံ (အုန့်၊ အုန်၊ အုန်း)တို့၌ ထားဝယ်စကား ‘အု၊အူ၊ အူး’ထွက်၍ သေးသေးတင်



တစ်ချောင်းငင် (အုံ့၊ အုံ၊ အုံး)တွင် ‘အောင့်၊ အောင်၊ အောင်း’ ထွက်ပါသည်။ ဥပမာအချို့ကို တင်ပြပါမည်။

### (က) မြန်မာ ‘အုန်’ နှင့် ထားဝယ် ‘အူ’

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကုန်ကျ | ကူကျ | |
| ကုန်ကြမ်း | ကူဂြမ်း | |
| ကုန်စင် | ကူစင် | |
| ကုန်သည် | ကူသယ် | |
| ကုန်း (ကျော) | ကူး (ကျော) | ကျောကုန်း=ကျောဂူး |
| ကုန်း (ခါး) | ကူး (ခါး) | ခါးကုန်း= ခါးဂူး |
| ကုန်းတိုက် | ဂူးတိုက် | |
| ကုန်းပတ် | ကူးပတ် | |
| ကုန်းပေါင် | ကူးဘောန် | |
| ကုန်းမြေ | ကူးမွေ | |
| ကုန်းလမ်း | ကူးလမ်း | |
| ဆုန်း | ဆူး (န်) | စာတမ်းဒုတိယပိုင်းရှု |
| တုန်ဖျား | တူဖျား | |
| တုန်လှုပ် | တူလှောက် | |
| တုန်း (လုပ်) | တူး (လောက်) | လုပ်တုန်း=လောက်တူး |
| နုန်းမြေ | နူးမွေ | |
| နှုန်း (ရာ) | နှူး (ရာ) | ရာနှုန်း=ရာနှူး |
| ပုန်ကန် | ပူကန် | |
| ပုန်းအောင်း | ပူးအောန်း | |

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| ပြုန်းတီး | ပွူးတီး | |
| မုန့် | မု | မုန့်မျိုးစုံ |
| မုန်လာဥ | မူလာဥ | |
| မုန်းတီး | မူးတီး | |
| မုန်း (တန်ဆောင်) | မူး (ဇောန်) | ဇောန်မူး=တန်ဆောင်မုန်း |
| မှုန့် (သနပ်ခါး) | မု (နုပ်ခါး) | နုပ်ခါးမု |
| ရှန်းကန် | ရှူးကန် | |
| သုဉ်း (တိမ်ကော) | သူး | |
| ဟုန်းခနဲ | ဟူးခနဲ | |

ခြွင်းချက်များ။ မြန်မာတစ်ချောင်းငင်နသတ် 'အုန်၊အုန်း' အသံများကို ထားဝယ်စကား၌ 'အူ၊ အူး' အသံထွက်ကြောင်း သာဓက အချို့ကို အထက်တွင်ဖော်ပြခဲ့ပြီးပါပြီ။ သို့ရာတွင် 'အူ၊ အူး' အသံမထွက်ဘဲ 'အောင်၊ အောင်း' အသံထွက်သည့် ချွင်းချက်အချို့လည်းရှိပါသည်။ ယင်းခြွင်းချက်များကို မြန်မာ 'အုံ'နှင့် ထားဝယ် 'အောင်'အခန်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

## (ခ) မြန်မာ 'အုံ' နှင့် ထားဝယ် 'အောင်'

အထက်ခေါင်းစီးတွင် ဖော်ပြထားသည့် 'အောင်'မှာ ထားဝယ် အသံထွက်နှင့် အတိအကျ တူညီမှုမရှိပါ။ အနီးစပ်ဆုံးဟုသာ ဆိုနိုင်ပါသည်။ မြန်မာစကား 'ဖြစ်အောင်၊ အောင်မြင်' စသည်တို့တွင်ပါသော 'အောင်'နှင့်မတူပါ။ မြန်မာ'အောင်'တွင် နောက်ဆုံးနှာသံပါ၍ ထားဝယ် 'အောင်'တွင် နှာသံမပါစေရပါ။ ဥပမာအားဖြင့် မြန်မာ 'စီကုံး'ကို ထားဝယ် 'စီကောင်း'ဟု ဖော်ပြရာ၌ ယင်း 'ကောင်း'သည် 'cow'နှင့်သာ နီးစပ်ပါသည်။ သို့ဖြစ်၍ နှာသံသင်္ကေတကို ချန်ထားခဲ့ပြီး ('kau) ဟုသာ ဖော်ပြခဲ့ပါသည်။



## မြန်မာ 'အုံ' နှင့် ထားဝယ် 'အောင်'

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကုံလုံ | ကောင်လောင် | ခြွင်းချက်အနည်းငယ်မှအပ ထားဝယ် 'အောင်၊ အောင့်၊ အောင်းသံများတွင် အဆုံးသတ်နှာသံမပါပါ။ |
| ကုံး (စီ) | ကောင်း (စီ) | |
| ကုံး (ပန်း) | ဂေါင်း (ပန်း) | |
| ကျုံး (မြို့ရိုး) | ကျောင်း | |
| ကျုံး (သိမ်း၊ ယူ) | ကြွောင်း | |
| ကြုံကြိုက် | ကြောင်ကြိုက် | |
| ကြုံ (ပိန်) | ကြောင်(ပိ) | |
| ခုံ (ထိုင်) | ခေါင် (ထိုင်) | |
| ခုံဖိနပ် | ခေါင်ဖိနပ် | |
| ခုံရုံး | ခေါင်ရောင်း | |
| ခုံး (အထက်သို့) | ခေါင်း | |
| ချုံပုတ် | ချောင်ပု | |
| ချုံး (အကျဉ်း) | ချောင်း | |
| ချုံးကျ (ညှိုး၊ ပိန်) | ချောင်းကျွ | |
| ခြုံစောင် | ခြောင်စောန် | စောန်=နှာသံပါသည်။ |
| ဂုံ | ဂျောင် | |
| ငုံ (ခံတွင်း၌) | ငေါင် | |
| ငုံ့ (အောက်သို့) | ငေါင့် | |
| စုံထောက် | စောင်ထော့-က် | |

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| စုံမက် | စောင်မတ် | |
| စုံ (ပြည့်) | စောင် (ပွဲ့) | ပြည့်စုံ= ပွဲ့ဖောင် |
| ဆုံတွေ့ | ဆောင်တွို | |
| ဆုံထောင်း | ဆောင်ထောန်း | |
| ဆုံးဖြတ် | ဆောင်းဖြတ် | |
| ဆုံးမ | ဆောင်းမ | |
| ဆုံးရှုံး | ဆောင်းရှောင်း | |
| ဆုံး (နောက်) | ဆောင်း (နော့–က်) နော့–က်ဆောင်း (နှာသံမပါ) | |
| တုံး (ခေါင်း) | တောင်း (ခေါန်း) ခေါန်းဒေါင်း (နှာသံမပါ) | |
| တုံး (အစ) | တောင်း (အစ) | အစတောင်း (နှာသံမပါ) |
| တုံး (ဓား) | တောင်း (ထား) | ထားတောင်း (နှာသံမပါ) |
| တုံး (သစ်) | တောင်း (သစ်) | သစ်တောင်း (နှာသံမပါ) |
| တုံးလုံး | တောင်းလောင်း (နှာသံမပါ) | |
| ထုံး (ကြိုး) | ထောင်း (ကြိုး) | ကြိုးထောင်း (နှာသံမပါ) |
| ထုံးတမ်း | ထောင်းတမ်း | ထောင်းတမ်း (နှာသံမပါ) |
| ဒုံးပျံ | ဒေါင်းပျံ | (နှာသံမပါ) |
| ပုံစံ | ပေါင်စံ | (နှာသံမပါ) |
| ပုံး (ရေ) | ဗောင်း (ရေ) | ရေဗောင်း (နှာသံမပါ) |
| ပြုံ (စု) | ပြောင် (စု) | စုပြောင် (နှာသံမပါ) |
| ပြုံးရယ် | ပြောင်းရယ် | ပြောင်းရယ် (နှာသံမပါ) |
| ဖုံးကွယ် | ဖောင်းကွယ် | (နှာသံမပါ) |
| ဗုံ (ဆိုင်း) | ဗောင် (ဆိုင်း) | ဆိုင်းဗောင် (နှာသံမပါ) |
| ဗုံး ဗောင်း | ဗုံးကြိ (နှာသံမပါ) | |
| ဘုံကထိန် | ဘောင်ကထိ | (နှာသံမပါ) |
| ဘုံ (၃၁) | ဘောင် (၃၁) | (နှာသံမပါ) |



| | | |
|---|---|---|
| မုံ (အမုံ) | မှောင် (အမှောင်) (နှာသံမပါ) | |
| မြုံ (အမြုံ) | မြောင် (အမြောင်) (နှာသံမပါ) | |
| ယုံကြည် | ယောင်ကြည် | (နှာသံမပါ) |
| ရုံ (ပွဲ၊ စက်) | ရောင် (ပွဲ၊ စစ်) | ပွဲရုံ=ပွဲရောင် စက်ရုံ=စစ်ရောင် |
| ရုံး (ဌာန) | ရောင်း (ဌာန) | လုံ့လ လောင်းလ |
| လုံချည် | လောင်ခြောင် | |
| အလုံး (မပြား) | အလောင်း allow နှင့် နီးစပ်ပါသည်။ (နှာသံ မပါ) | |
| လုံး၀ | လောင်း၀ | လောင်း၊ သောင်း၊ အောင် တို့တွင် နှာသံမပါရပါ။ ခေါန်းတွင် နှာသံပါ ပါသည်။ |
| သုံးစွဲ | သောင်းစွဲ | |
| သုံးနှစ် | သောင်းနှစ် | |
| အုံ (ခေါင်း) | အောင် (ခေါန်း) | ခေါင်းအုံ=ခေါန်းအောင် |
| အုံ (ပျား) | အောင် (ပျား) | ပျားအုံ= ပျားအောင် |

မြန်မာ'အုန်၊ အုန်း' ကို ထားဝယ်စကား၌ 'အူ၊ အူး'ဟုလည်းကောင်း၊ မြန်မာ'အုံ၊ အုံး'ကို ထားဝယ်စကား၌ 'အောင်၊ အောင်း' ဟုလည်းကောင်း အသံထွက်ပြောဆိုပုံကို သာဓကများဖြင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ခြွင်းချက်စကားအချို့ကျန်ရှိနေပါသည်။ ခြွင်းချက်အချို့ကို အောက်တွင်ဖော်ပြလိုက်ပါသည်။

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ချုန်း (မိုး) | ချောင်း (မိုး) | မိုးချုန်း=မိုးချောင်း (ချောင်းမှ အောင်းအထိ နှာသံမပါရပါ။) |
| ဂုဏ် | ဂေါင် | |

| | |
|---|---|
| စုန်ရေ | စောင်ရေ |
| စုန်းမ | စောင်းမ |
| ကဆုန်လ | ကဆောင်လ |
| ဖုန်မှုန့် | ဖောင်မှု |
| ဗုန်းပေါလအော | ဗောင်းဗောလအော |
| ဘုန်းကြီး | ဖောင်းဂီး |
| ဘုန်းတန်ခိုး | ဖောင်းတဂိုး |
| မှုန်ဝါး | မှောင်ဝါး |
| ယုန် (သတ္တဝါ) | ယောင် |
| အုန်းသီး | အောင်းသီး |
| ထုံထိုင်း | ထူထိုင်း |
| ထုံကျင် | ထူကျင် |
| ထုံးဘူး | ထူးဖူး |
| နုံချာ | နူချာ |
| ဦး (လာ) | လာအူး (ဦး) |

## (၂) ထားဝယ်စကားမှ အပင့်အရစ်မြုပ်အသံများ

ယနေ့အပင့်အရစ်အသံများဖြင့် ရေးသားပြောဆိုနေကြသည့် မြန်မာစကားအချို့မှာ ပုဂံခေတ် ကျောက်စာများ၌ အပင့်သို့မဟုတ် အရစ်များအစား လဆွဲဖြင့်ရေးထိုးခဲ့သည်များ ရှိသကဲ့သို့ အပင့်အရစ်လည်းမပါ၊ လဆွဲလည်းမပါဘဲ ရေးထိုးခဲ့သည်များလည်း ရှိသည်ကို တွေ့ရပါသည်။

ဥပမာ–ကျိန်း၊ ကျိပ်၊ ချိပင့်၊ ပန်းချီ၊ ချီးမွမ်း၊ စာချီ၊ ချိန်တို့ကို ကိန်း၊ ကိပ်၊ ခိပင့်၊ ပန်ခီ၊ ခီမွံ၊ စာခီ၊ ခိန်စသည်တို့ဖြစ်ပါသည်။ [၁]

၁။ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ–၁၅၄၊ ၁၇၄၊ ၂၀၆။



မြန်မာစကား၌ အပင့်၊ အရစ်(ယပင့်၊ ရရစ်)ဖြင့် ရေး၍ အပင့်အသံများဖြင့်ထွက်သော စကားအချို့ကို ထားဝယ်စကား၌ အပင့်အရစ်သံမပါဘဲ ထွက်ပါသည်။ အပင့်အရစ်မြုပ်နေသော စကားအချို့ကို တင်ပြပါမည်။

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကျိန်ဆဲ | ကိဆဲ | |
| ကျွဲ | ကွဲ | |
| ချီပိုး | ခီပိုး | |
| ချောင်းဆိုး | ခေါန်းဆိုး | |
| ချောင်း (လည်) | ခေါန်း (လယ်) | လည်ချောင်း=လယ်ခေါန်း |
| ချေ (သတ္တဝါ) | ခေ | |
| ချည်ထည် | ခယ်ထယ် | |
| ချည်တုပ် | ခယ်တောက် | |
| ချည်းပဲ့ | ခဲဘဲ့ | |
| ချိတ်ဆွဲ | ခိဆွဲ | |
| ချိတ် (သံ) | ခိ (သံ) | သံချိတ်=သံခိ |
| ချိန်(အချိန်) | ခီ (အခီ) | |
| ချိန်တွယ် | ခီတွယ် | |
| ချိတ်ပိတ် | ခိပိ | |
| ချိမ်း (အနား) | ခီး (အနားခီး) | အနားချိမ်း=အနားခီး |
| အကျီ | အန်းဂီ | |
| ကြ (သွားကြစို့) | ငေ့ (သွားငေ့စို့) | |
| ကြီး (လူ) | ကီး (ဂီး) (လူ) | လူကြီး=လူဂီး |
| ကြည့်ရှု | ကေ့ရှု | |

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| ကြူး(ပိုးစုန်း) | ဂူး(ပိုးစောင်း) | ပိုးစုန်းကြူး=ပိုးစောင်းဂူး |
| ကြွေ (ပိုက်ဆံ) | ကွီ (ကပ်) | ပိုက်ဆံအကြွေ=ကပ်ကွီ |
| ကြွေ(သစ်ရွက်) | ကွီ (သစ်ဝပ်) | သစ်ရွက်ကြွေ=သစ်ဝပ်ကွီ |
| ကြွေး (ငွေ) | ကွီး(ကပ်) | အကြွေးငွေ=ကပ်ကွီး |
| ကြွက် | ကွပ် | ကြွက်=ကွပ် |
| ကြွယ်(လက်သူ–) | ကွယ် (လတ်) | လက်သူကြွယ်=လတ်ကွယ် |
| ခြေထောက် | ခေဒေါ့–က် | ခြေထောက်=ခေဒေါ့–က် |
| သပြေပင် | ဗေဗန် | သပြေပင်=ဗေဗန် |
| အမြီး | အဗွီး | အမြီး=အဗွီး |
| မြိတ်(ဆံ)မိ | (ဆံ) | ဆံမြိတ်=ဆံမိ |

အပင့်သံ၊ အရစ်သံမြုပ်သော စကားများကို အင်းသားစကားနှင့် တောင်ရိုးစကားတို့တွင်လည်း တွေ့ရပါသည်။ ခေတော့၊ ခေါန်းဆိုး၊ ကွဲ စသည်တို့ကို အင်းသားစကား၌လည်းကောင်း၊ ခေ (ခြေ)၊ ခေါန်းဆိုး (ချောင်းဆိုး)၊ ကီး (ကြီး)တို့ကို တောင်ရိုးစကား၌လည်းကောင်း တွေ့ရပါသည်။[၁]

ပုဂံခေတ်ထိုးကျောက်စာများ၌ နေ့ညကို 'နေ့င' ယင်းနောက် 'နေ့ငြ' ဖြစ်လာသည် (ပုဂံမြို့တက်နွယ်ကျောင်းကျောက်စာနှင့် စစ်ကိုင်းမြို့မိဖုရားစော တော်ဦးကျောက်စာ၌)။ အလားတူ ပုံစံများပြ၍ မကုန်နိုင်အောင်များလှပါသည်။

ဆရာကြီးဦးဖေမောင်တင်က ပုဂံခေတ်တွင် အပင့်၊ အရစ်မပါခဲ့ရာမှ ယခုခေတ်၌ အပင့်၊ အရစ်သံပါလာရသည့်အကြောင်းရင်းဇာစ်မြစ်မှာ အပင့်၊ အရစ်မပါသောအသံများကို မြည်ရာ၌ အာခေါင်မာကို လျှာဖြင့် မထိရ၊ အကယ်၍ ထိမိလျှင် ယပင့်သံဝင်လာသည်ဟု ဆိုပါသည်။[၂]

---

၁။ ဒေသန္တရသုံးဗမာစကား၊ စာ–၅၀၊ ၅၂။
၂။ ဘာသာစကားယဉ်ကျေးမှု၊ စာ–၃၀၇။



ယခုခေတ်သုံးမြန်မာစကားတွင်လည်း 'ပစ်'၊ 'ပစ္စည်း'၊ 'တပည့်'၊ 'ကမ္ဘည်း'၊ မေတ္တာ'၊ 'မည်' စသည်တို့တွင် အပင့်၊ အရစ်သံကိုကြားရပါမည်။ ဘာသာဗေဒအသုံးအနှုန်းအရ ပြောရလျှင် 'လျှာချော်ခြင်း' (slip of tongue) ဟု ဆိုနိုင်မည်ထင်ပါသည်။

ဤနေရာတွင် ပုဂံကျောက်စာများ ရေးထိုးသည့်အချိန်မှစ၍ ယနေ့အထိ နှစ်ပေါင်း ၉၀၀ ကျော်မျှ ထားဝယ်သူ၊ ထားဝယ်သားများသည် လျှာမချော်အောင် ထိန်းနိုင်ခဲ့သည်ဟု ဆိုရပါမည်။

## (၃) ထားဝယ်စကားမှလဆွဲသံများ

ထားဝယ်စကားရှိ လဆွဲသံများကား ထားဝယ်စကား၏ ထူးခြားချက်များထဲမှ အထူးခြားဆုံးအချက် ဖြစ်သည်ဟု ဆိုသော် မှားအံ့မထင်ပါ။ အကြောင်းကို ဆိုရလျှင် ပုဂံခေတ်ထိုး ကျောက်စာများ၌ ထားဝယ်စကားအသံနှင့် တိုက်ရိုက်တူညီနေသော တစ်နည်းအားဖြင့် ပြောရလျှင် ယခုခေတ်သုံး မြန်မာစကား၊ မြန်မာစာအရေးအသား၌ လုံးဝမရှိတော့သော လဆွဲသံ (လဆွဲစာလုံးပေါင်း)များ တွင်ကျယ်စွာ ရေးထိုးခဲ့သည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

ပုဂံခေတ် ရှေးမြန်မာကြီးတို့သည် မြန်မာစာကို စတင်ကြံဆတီထွင် ရေးသားခဲ့ကြရာတွင် စကားပြောသံနှင့် တစ်ထပ်တည်းကျအောင် ကြိုးပမ်းခဲ့ကြမည်မှာ ယုံမှားဖွယ်မရှိပါ။ အိန္ဒိယပြည်မှ ကျောက်စာပါရဂူ ဒေါက်တာဗလက်ဒင် (Dr. O. C Blegden)ကလည်း မွန်ဘာသာတွင် ဗျည်းတို့ကို ယယှဉ်၊ ရယှဉ်၊ လယှဉ်ဟု သုံးမျိုးခွဲ၍ ရေးကြောင်း၊ ဖတ်ကြောင်း၊ ပျူနှင့် ထားဝယ်စသော အလားတူ ဘာသာတို့တွင်လည်း ဗျည်းကို လယှဉ်သံရှိကြောင်း၊ ထိုကြောင့် မြန်မာတို့သည်လည်း ဗျည်းကို လယှဉ်ရေးသောအခါ မွန်နှင့် အခြား

www.mmnetlibrary.com PDF Created by Bobo Zaw

အလားတူဘာသာတို့ကဲ့သို့ လသံထည့်၍ ဖတ်သင့်သည်ဟု ယူဆဖွယ်ရှိကြောင်း မှတ်ချက်ချခဲ့ပါသည်။ [၁]

ပုဂံခေတ်ကျောက်စာအထောက်အထားများအရ ရှေးမြန်မာကြီးတို့၏ တီထွင်ကြံဆမှုများသည် ယခုခေတ်သဒ္ဒဗေဒနည်းစနစ်များနှင့် ကိုက်ညီနေကြောင်းရှေ့အခန်းများ၌ တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုလည်း ကျောက်စာအထောက်အထားများက ပုဂံခေတ်စကားသံများတွင် ယပင့်သံ၊ ရရစ်သံနှင့် လဆွဲသံဟူ၍ အသံသုံးမျိုးသုံးစားကွဲပြားလျက် ထွက်ခဲ့မည်ဆိုသည်ကို သက်သေခံလျက်ရှိပါသည်။

ယင်းသို့အသံသုံးမျိုးကွဲပြားထွက်ခဲ့ခြင်းနှင့် ပတ်သက်၍ ကျောက်စာဝန်ဟောင်းဆရာကြီး ဦးဖိုးလတ်က ဤသို့ဆိုခဲ့ပါသည်။

“.... ထိုသို့ကွဲပြားသည်မှာ အခိုက်အတန့်မျှမဟုတ်၊ စကားအနည်းငယ်မျှမှ၌အပ ရောနှောရှုပ်ထွေးခြင်းလည်းမရှိ၊ စည်းကမ်းသေဝပ်စွာ ရှိကြောင်းတွေ့ရလေသည်။ ပုဂံခေတ်တွင် ‘ယယှဉ်၊ ရယှဉ်’၍ ရေးသော စကားများအားလုံးလိုလိုပင် ယခုလည်း ‘ယယှဉ်၊ ရယှဉ်’၍ ရေးလျက် ရှိပေသည်။ စကားအနည်းငယ်မျှ၌သာ ဆန့်ကျင်သည်ကို တွေ့ရ၏။ သို့ရာတွင် ယခုခေတ်တွင် ‘ယယှဉ်၊ ရယှဉ်’ လျက်ရေး၍နေသော အောက်ပါစကားတို့ကိုကား ပုဂံခေတ်တွင် ဗျည်းတို့၏အောက်၌ ‘လ’ခံကာ အမြဲလိုလိုရေးသည်ကိုတွေ့ရပေ၏–

အောက်ကျ၊ အရစ်ကျ၊ ကုန်းကျင်း၊ မင်ကျည်း(မန်ကျည်း) ၊ ကျည်းပင် ၊ ကျမ်းစာ၊ ကျားဆင်၊ သိမ်းကျုံး၊ ကျောက်အုတ်၊ ကျောင်းကန်၊ ကျော်စော၊ အကျိုး၊ ကျိုးနွံ၊ ကျွတ်လွတ်၊ ကိုင်းကျွန်း၊ လုပ်ကျွည်း (လုပ်ကျွေး)၊ ကျွန်ုနွား၊ ချထား၊ လိုချင်၊ ချည်ငံ၊ အချပ်(အပြား)၊ ချုပ်(ငြိမ်း)၊ ချေ(ဖျက်)၊ သွားချေ၊ ချေး(မစင်)၊ ချောင်းရိုး၊ သင်းချိုင်း၊ (ချေ)ချွတ်၊ ပျည့်စင်၊ ပျည်းမနား၊ ဖျက်ဆီး၊ ကြည်ညို၊ (မြေ)၊ ပြင်ပ၊ အပြစ်၊ ပြည့်

၁ မြန်မာစကားအဖွင့်ကျမ်း(ပ) စာ–၁၀၀–၁၀၁။



စုံ၊ ကွဲပြတ်၊ ပြန်လည်၊ ပြုလုပ်၊ တောင်ပြုန်း၊ ပြေးလွှား၊ ပြောင်း(ပြန်)၊ ရေပြွန်၊ အားဖြင့် ဖြစ်၏။ ဖြူနီ၊ နိမ့်မြင့်၊ (မြေး)မြစ်၊ မြတ်စွန်း၊ (မြင့်)မြတ်၊ သားမြေး၊ တောင်မြောက်၊ ထွက်မြောက်။[၁]

ပုဂံခေတ်ထိုးအစောဆုံး ကျောက်စာများဖြစ်သော ရာဇကုမာရ် ကျောက်စာ၊ တောင်ခစည် သဘင်ကျောက်စာ၊ သက်ဆိုးတောင် ကျောက်စာတို့မှစ၍ သက္ကရာဇ် ၆၁၇ ခုနှစ်ထိုး စားပွဲမှောက်ဘုရား ကျောက်စာအထိ လဆွဲကို အစဉ်တစိုက် သုံးစွဲခဲ့ကြောင်းတွေ့ရပါသည်။

ဆရာကြီးမြကေတု (ပါမောက္ခဦးချမ်းမြ)ကလည်း ရာဇ ကုမာရ် ကျောက်စာ ပျူဘာသာဘက်တွင် “ပြီးပြု”ဟူသောစကားကို ‘ဗီးပူ’ဟု ပအောက်မှ လကြီး (ၠ)ဆွဲ၍ ရေးထိုးထားသဖြင့် ‘ပြုပြီး’ဟူသော ပျူစကားရင်းဖြစ်ကြောင်း ဆိုခဲ့ပါသည်။[၂]

အလားတူပင် သရေခေတ္တရာမှ ပျူစာခင်ဘရွှေပေချပ်တွင်လည်း လဆွဲများကို တွေ့ရရာ ယနေ့ ထားဝယ်စကားရှိ ‘လဆွဲသံ’ များသည် ပုဂံခေတ်မတိုင်မီ ပျူခေတ်ကပင် စာလုံးအဖြစ်နှင့် ရှိခဲ့ဖူးသည်ဟု ယူဆဖွယ်ရာရှိပါသည်။ မှန်မမှန်ကြံဆရန်မှာ ပညာရှင်တို့၏ အရာသာဖြစ်ပါမည်။ ခြွင်းချက်အနည်းငယ်မှအပ ပုဂံကျောက်စာများ၌ လဆွဲရေးခဲ့သော စကားလုံးအများစုမှာ ထားဝယ်စကား၌ လဆွဲသံဖြင့် ပြောဆိုနေကြဆဲပင်ဖြစ်ပါသည်။ ထားဝယ်စကားရှိ လဆွဲသံ အားလုံးကို ဖော်ပြနိုင်မည်မဟုတ်ပါ။ အဓိကကျသည့် လဆွဲသံအချို့ကိုသာ ရွေးနုတ် ဖော်ပြပါမည် (လဆွဲနှင့်ဋဆွဲပါသောပျူစာများကို နောက်ဆက်တွဲ (ခ)ဖြင့် ဖော်ပြထားပါသည်)။

၁။ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ–၁၀၁၊ ၁၀၂။
၂။ ခေတ်ဦးမြန်မာစကားပြေအရေးအသား၊ စာပေနှီးနှောဖလှယ်ပွဲ စာတမ်းများ၊မန္တလေးမြို့၊ စာ–၅၀။

www.mmnetlibrary.com PDF Created by Bobo Zaw

## ထားဝယ်စကားမှုလဆွဲသံများ

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကျ (အမြင့်မှ) | က္လ | ရေးကျ=ရေးက္လ၊ နောက်ကျ=နော့–က်က္လ |
| ကျား (သတ္တဝါ) | က္လား | |
| ကျိုး (ချိုး၍) | က္လိုး | |
| ကျောက်(ခဲ၊ရောဂါ) | က္လော့–က် | |
| ကျောင်း | က္လောန်း | |
| ကျည်တောက် | က္လယ်တော့–က် | |
| ကျယ်ဝန်း | က္လယ်ဝန်း | |
| ကျွတ် (ပုဆိုး) | က္လွတ် (ကလွတ်) | ကာ့လွတ်ဟုမဖတ်ရပါ။ |
| ကျွံ (နစ်) | က္လွန်(ကလွန်) | ကာ့လွန်ဟုမဖတ်ရပါ။ |
| ကျွန်း (နီ) | က္လွန်း(ကလွန်း) | နီကျွန်း= နီခြီ= နီ္လွန်း |
| ကြီးကန်း | က္လီးကန်း | |
| ကြောင့်ကြောင့် | က္လောန့်ဂ္လေါန့် | |
| ကြိတ်ဆုံ | က္လိဆောင် | နှာသံမပါရပါ။ (ဆောင်တွင်) |
| ချ (အောက်သို့) | ခ္လ | |
| ချေး (ကြင်ကြီး) | ခ္လေး | 'ခလေး'ဟုမဖတ်ရပါ။ |
| ချိုး (ကျိုးအောင်) | ခ္လိုး | |
| ချောင်း (ရေ) | ခ္လောန်း (ရေ) | |
| ပြည့်ဝ | ပ္လဲ့ဝ | |
| ပြန်ပေး/လာ | ပ္လွန်ပေး/လာ | ပြန်လာ=ပ္လွန်လာ |
| ပြန့်ကျဲ | ပ္လွန့်ကျဲ | |
| ပြုန်းတီး | ပ္လုူးတီး | |



| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ပြုပ် (ဖား) | ပ္လု (ဖား) | ဖားပြုတ်=ဖားပ္လု |
| ဖြူ (အရောင်) | ဖ္လူ | |
| ဖြဲ (ပြဲအောင်) | ဖ္လဲ | |
| ဖြည့် | ဖ္လဲ့ | |
| ဖြောင့် | ဖ္လောန့် | |
| ဖြုတ်(ပြုတ်အောင်) | ဖ္လု | |
| ဖြုန်းတီး | ဖ္လုူးတီး | |
| မျှစ် (ဝါး) | မ္လှစ် | |
| မြေ | မ္လေ | |
| မြေး | မ္လေး | |
| မြောက် (မြှောက်၍) | မ္လော့–က် | |
| မြစ် (မြေး–) | မ္လှစ် | |
| မြတ်စွန်း | မ္လတ်စွန်း | |
| မြိန် (ထမင်း) | မ္လိ | |
| မြုပ် | မ္လောက် | |
| မြှောက် (မြောက်အောင်) | မ္လှော့–က် | |

ခြွင်းချက်။ ကျကျနန၊ ကျားကျားလျားလျား၊ ကြီးကျယ်၊ ကြောင်းကျိုး၊ အချိုးကျ၊ ပြောက်ကျား၊ တိကျ၊ ပြာသိုလ၊ ပြုပြင်၊ တိုင်းပြည်၊ ဆန်တစ်ပြည်၊ မြောက်အရပ်၊ မြောက်မြတ့်၊ မြင့်မြတ်၊ မြတ်စွာဘုရား၊ မြတ်နိုး၊ မြတ်လေးစသည်တို့တွင် မြန်မာတို့ကဲ့သို့ပင် ယပင့်သံဖြင့် ပြောပါသည်။

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ချွတ်(ကျွတ်အောင်) | ခ္လွတ် ခလွတ် | ခါ့လွတ်ဟု မဖတ်ရပါ။ |

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| ချိုင်း (သင်း) | ္လိုင်း (သန်း) | သင်းချိုင်း=သန်း္လိုင်း |
| ပျံ့ဝဲ | ္လံ့ဝဲ | |
| ပျံ့နှံ့ | ္လံ့နှံ့ | |
| ပြာ (မီးဖိုမှ) | ္လှာ | |
| ပြာ(မျက်စိ၊ အသံ) | ္လှာ | |
| ပြာ (စကောဖြင့်) | ္လှာ | |
| ပြား (မလုံး) | ္လှား | |
| ပြူ(အပြင်သို့ထွက်) | ္လှူ | |
| ပြူး (နှစ်လုံး) | ္လှူး (္လှူး) | နှစ်လုံးပြူး= နှေလောင်း္လှူး |
| ပြေး | ္လှေး | |
| ပြဲ | ္လှဲ | |
| ပြင် (အတွင်း) | ္လှန် | |
| ပြောင်းပြန် | ္လှောန်း္လှန် | |
| ပြောင်းဖူး | ္လှောန်းဖူး | |
| ပြောင်းရွှေ့ | ္လှောန်းရွှေ့ | |
| ပြောင်းလဲ | ္လှောန်းလဲ | |
| ပြောင်း (မီး) | ္လှောန်း (မီး) | မီးပြောင်း= မီး္လှောန်း |
| ပြည်တည် (အနာ) | ္လှယ်တယ် | |
| ပြည့် (လ-) | ္လှဲ့ (လ) | လပြည့်=လ္လှဲ့ |
| ပြုတ် (ချက်) | ္လှု | |
| ပြုတ် (ဖြုတ်၍) | ္လှု | |
| ပြန်ကောက် | ္လှန်ကော့-က် | |

ပုဂံခေတ်ကုန်ဆုံးပြီးသည့်နောက် ပင်းယခေတ်၊ အင်းဝခေတ်တို့တွင် မြန်မာတို့၏ စကားပြောသံသည် အချို့အချို့သောအရာတို့၌ အမှတ်မထင်ရွေ့လျားလာပုံရသည်။ အဘယ်ကြောင့် ဆိုသော် ပုဂံခေတ်



အခါက မမေ့မလျော့ရေးသားခဲ့သော လဆွဲသံယုတ်သည် ယပင့်၊ ရရစ်အဖြစ်သို့ သင့်လျော်သလို ရွေ့လျားသွားသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ သက္ကရာဇ် ၇၂၉ တွင် နန်းတက်သော မင်းကြီးစွာစော်ကဲ လက်ထက်မှစ၍ လိုက်နာခဲ့ကြသည်ဆိုသော သဗ္ဗညုဏ်ချို သတ်ပုံဟောင်းကြီးတွင်မှ လဆွဲအသုံးရပ်သွားသည်။ [၁]

ယခုအခါ မြန်မာစာအရေးအသားအပြောအဆိုတို့၌ လဆွဲသံများ ပျောက်ကွယ်ခဲ့ပြီး လဆွဲ နေရာတွင် ယပင့်၊ ရရစ် တို့ နေရာယူနေကြပါပြီ။ ယင်းသို့ တဖြည်းဖြည်းတရွေ့ရွေ့ အသံပြောင်းလဲ လာရသည်မှာ အသံထွက်ရခက်သော လဆွဲအသံမှသည် အသံထွက်ရလွယ်သော ယပင့်အသံသို့ ပြောင်းလဲလာခြင်းဖြစ်သည်ဟုဆိုပါသည်။[၂]

ဘာသာဗေဒအသုံးအနှုန်းအရ Economy of Efforts ဟုခေါ်သော 'အားထုတ်မှုချွေတာခြင်း' ကြောင့် အသံထုတ်ရ လွယ်ကူရာ အသံချင်းနီးစပ်ရာသို့ လိုက်ပါသွားရသည့် သဘောပင်ဖြစ် သည် ဟု ဆိုနိုင်ပါသည်။ ဥပမာ၊ 'မြွေ'ကို 'မွေ'၊ 'ပြွေ' ကို 'ပလွေ'၊ 'မြွက်ကြား' ကို 'မွက်ကြား'ဟု အသံထွက်ပုံမျိုးဖြစ်ပါသည်။[၃]

သို့ဖြစ်ရာ အသံထွက်ရခက်သော လဆွဲသံများကို ပုဂံခေတ်မှ ယနေ့ထက်တိုင် မူရင်းအတိုင်း ထိန်းသိမ်းပြောဆိုနေနိုင်ခဲ့သည့် ထားဝယ်နယ်သားများအဖို့ဂုဏ်ယူဖွယ်ပင်ဖြစ်သည်ဟုဆိုချင်ပါသည်။ ဆရာကြီး ဦးဖေမောင်တင်ကလည်း ထားဝယ်စကား နားဝင်ချိုရခြင်း အဓိက အကြောင်းရင်းမှာ လဆွဲသံများကြောင့်ပင် ဖြစ်သည်ဟုဆိုပါသည်။

---

၁။ မင်းသုဝဏ်၊ မြန်မာစာလုံးပေါင်းဖြစ်စဉ်၊ မြန်မာစာ မြန်မာမှု၊ စာ-၁၃၇။
၂။ ဦးဖေမောင်တင်၊ ဘာသာစကားယဉ်ကျေးမှု၊ စာ-၃၀၆။
၃။ ဦးတင်လှ၊ ဘာသာစကားသည်ပြောင်းလဲတတ်သောသဘောရှိသည်၊ တက္ကသိုလ်ပညာပဒေသာ၊ အတွဲ ၃၊ အပိုင်း ၄၊ ၁၉၆၈၊ စာ-၂၁၈။

www.mmnetlibrary.com PDF Created by Bobo Zaw

လဆွဲသံများကား ထူးခြားမှုရှိသည်နှင့်အမျှ စိတ်ဝင်စားဖွယ်လည်း ကောင်းလှပါသည်။ လဆွဲသံသည် အင်းသားစကား (ဥပမာ– ကွ္လီး၊ ခွ္လ)၊ တောင်ရိုးစကား (ဥပမာ၊ ကွ္လား၊ ဖွ္လူ၊ မွ္လေ)စသည်တို့တွင်လည်း ရှိနေသည်ကို တွေ့ရသောကြောင့်ဖြစ်ပါသည်။[၁]

## (၄) အသံပျော့နှင့်အသံမာအလဲအလှယ်ပြုစကားများ

ထားဝယ်စကား၏ အသံထွက်ပုံထူးခြားချက်များကို မြန်မာနှင့် မတူသော အသံထွက်ပုံများ၊ ယနေ့မြန်မာစကားတွင်မရှိသော ကော့–က်၊ ကောန်းအသံများ၊ ယပင့်၊ ရရစ်မဲ့အသံများနှင့် လဆွဲသံ စသည်များဖြင့် ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုဖော်ပြမည့် ထားဝယ်စကား အသံထွက်ပုံများမှာ တစ်မျိုးတစ်ဘာသာဖြစ်သည်ဟုဆိုရပါမည်။ မြန်မာစကားကိုပင် ထားဝယ်စကား၌ အသံပျော့အစား အသံမာဖြင့်လည်းကောင်း၊ အသံမာအစား အသံပျော့ဖြင့်လည်းကောင်း လဲလှယ်၍ အသံထွက် ပြောဆိုပုံနှင့် မြန်မာတို့၏ 'ရေးတော့အမှန်၊ ဖတ်တော့အသံ'ဟုပြောလေ့ရှိသော စကားအချို့ကို ထားဝယ်စကား၌ ရေးသည့်အတိုင်း အသံထွက်ပြောပုံတို့ကို ဖော်ပြသွားပါမည်။

### (က) 'ငြ'အစား 'ဂျ'နှင့် 'မြ'အစား 'ဗြ'ဖြင့်ပြောခြင်း

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ငြုတ်သီး (ငရုတ်) | ဂျုသီး | |
| ငြင်းခုံ | ဂျင်းခူ | |
| ငြိမ်း | ဂျမ်း | |
| ငြောင့်စူး | ဂျော့န်စူး | 'ဂျော့န်'တွင် နှာသံမပါရပါ။ |
| မြိမြိကိုင် | ဗြိဗြိကိုင် | |

၁။ အိုနိုတိုးရု၊ ဒေသန္တရသုံးဗမာစကား၊ ၁၉၆၉၊ စာ–၄၉၊ ၅၂၊ ၅၃။



| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| မြော်မြင် | ဗြော်ဗြင် | |
| နှမြော | ဗြော | |
| မြို့ | ဗြို့ | အမည်နှင့် တွဲထားသော'မြို့' (ထားဝယ်မြို့၊ ရန်ကုန်မြို့)တို့တွင် 'ဗြို့'ဟု သုံးလေ့မရှိပါ။ တောနှင့် မြို့ခွဲခြားရာတွင်သာ သုံးလေ့ရှိပါသည်။ |
| မြင် | ဗြင် | |
| မြင့် | ဗြင့် | |
| မြင်း | ဗြင်း | |
| မြောင်း | ဗြောန်း | 'ဗြောန်း'တွင် နှာသံမပါရပါ။ |
| မြည်သံ | ဗြယ်သံ | |
| မြည်း (စမ်း) | ဗြဲ | မြဲဟုမြန်မာရေးသုံးရှိသည်။ |
| အမြီး (ခွေး) | ဗွီး (ခွီး) | |
| မြန် (မနှေး) | ဗြန် | |
| မြွေ | ဗွီ | |
| မွှား (ပိုး) | ဗွား | |
| မြွှာ (အမြွှာပူး) | ဗွာ | |

### (ခ) 'ချ'အစား 'ရှ'ဖြင့်ပြောခြင်း

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ချောလဲ (ချော်လဲ) | ရှောလဲ | ချော်လဲ=ရှောလဲ |
| ချို (သကြား) | ရှို | |
| ချက်ချင်း | ရှစ်ရှင်း | |
| ချက် (ဟင်း) | ရှစ် (ဟန်း) | ဟင်းချက်=ဟန်းရှစ် |
| ချက်ကြိုး | ရှစ်ကြိုး | |
| ချင်(စားချင်၊သွားချင်) | ရှင် (စားရှင်) | သွားချင်=သွားရှင် |

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| ချင်းစိမ်း | ရှင်းဇိး | အချင်းချင်း=အရှင်းရှင်း |
| ချင်း (ခြေ) | ရှင်း (ခေ) | ခြေချင်း=ခေရှင်း |
| ချောင်းကြည့် | ရှောန်းကေ့ | |
| ချောင်း(လက်) | ရှောန်း (လတ်) | လက်ချောင်း=လတ်ရှောန်း |
| ချစ်ကြိုက် | ရှစ်ကြိုက် | |
| ချဉ်း (အနီးသို့ကပ်) | ရှဉ်း | |
| ချမ်းအေး | ရှမ်းအေး | |
| ချမ်း(ကြမ်း)(ထမင်း) | ရှမ်း (မုန်း) | ထမင်းကြမ်း=မုန်းရှမ်း |
| ချူ (တံချူ) | ရှူးတံ | တံချူ=ရှူးတန် |
| ချွန် (ခဲတန်) | ရွှန် (ခဲတန်) | |

မှတ်ချက်။ ယနေ့မြန်မာစာအရေးအသား၌ 'ချဉ်း' အသုံးရှိသေးသော်လည်း အပြောစကား၌မူ မကြားရတော့ပါ။ သို့ရာတွင် ထားဝယ်စကား၌မူ အသုံးတွင်ဆဲဖြစ်ပါသည်။ မြန်မာအခေါ် 'ရှောက်သီး'ကို ထားဝယ်က 'ခြော့-က်သီး' (chock thee)ဟု ပြောခြင်းနှင့် မြန်မာစကား 'ယို' (သစ်သီးယို)ကို ထားဝယ်စကား၌ 'ဂျို' (သစ်သီးဂျို)ဟု ပြောခြင်းတို့ကိုကား ခြွင်းချက်အဖြစ် ထားရမည်သာဖြစ်ပါသည်။

မြန်မာတွင် 'ရေးအမှန် ၊ ဖတ်အသံ' ဟူသောစကားရှိပါသည်။ အသံပြောင်းသည့်နည်း စနစ်လည်းရှိပါသည်။ ထားဝယ်စကား၌ မြန်မာတို့ကဲ့သို့ အသံပြောင်းခြင်းမရှိဘဲ ရေးသည့် ဗျည်းအတိုင်း အသံထွက်သည့် စကားအချို့ရှိသည်ကို တွေ့ရပါသည်။ သာဓကအဖြစ်တင်ပြပါမည်။

### (ဂ) ရေးသည့်အတိုင်းအသံထွက်ခြင်း

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ခေါင်း (ဂေါင်း) | ခေါန်း | |
| ခေါင်းကိုက် | ခေါန်းကိုက် | |
| ခေါင်းဆောင် | ခေါန်းဆောန် | |
| ခေါင်းပေါင်း | ခေါန်းပောန်း | |
| ချို (ဂျို) (နွားဂျို) | ချို (နွားချို) | |
| ချိုးသိမ်း(ဂျိုးသိမ်း) | ချိုးသီး | |
| ချိုး (ထမင်းဂျိုး) | ချိုး (မုန်းချိုး) | |
| ခေါင်းတုံး (ဂတုံး) | ခေါန်းဒေါင်း | |
| ချက်ကောင်း(ဂျက်ကောင်း) | ချစ်ကောန်း | |
| ချောင်ခို (ဂျောင်ခို) | ချောန်ခို | |
| ချိုက် (လျောင်ဂျိုက်) | ချိုက် (လျောန်ချိုက်) | |
| ချိန်ခွင် (ချိန်ဂွင်) | ခီခွမ် | |
| စံကားပန်း(စကားပန်း) | စံဂါးပန်း | |
| ဆီးသီး (ဇီးသီး) | ဆီးသီး | |



### (၅) အစဗျည်းသို့မဟုတ်အစသံကိုချန်၍ပြောခြင်း

ထားဝယ်စကား၌ အစဗျည်းကို မြှုပ်၍ပြောသည်များရှိသကဲ့သို့ အစသံကိုချန်၍ပြောသည် များလည်းရှိပါသည်။ အစဗျည်းကိုမြှုပ်၍ ပြောသောစကားများမှာ စကားလုံးရေအားဖြင့် နည်းသော်လည်း အစသံကို ချန်၍ ပြောသောစကားလုံးများမှာ ထောင်နှင့်သောင်းနှင့်ချီ၍ ရှိနိုင်ပါသည်။ စကားလုံးအနည်းငယ်ကိုသာ ဥပမာအဖြစ် ရွေးနုတ်ဖော်ပြပါမည်။

### (က) အစဗျည်းမြှုပ်စကားအချို့

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| မိုးရွာ | မိုးဝါ | |

| | | |
|---|---|---|
| ရပ်ရွာ | ရပ်ဝါ | |
| ဆိုးရွား | ဆိုးဝါး | |
| အရွေလိုက် | ဝီလိုက် | တိရစ္ဆာန်တွင်သာသုံးပါသည်။ |
| ရွေးချယ် | ဝီးချယ် | |
| ရွက်လှေ | ဝပ်လှေ | ဝတ်ဟုမထွက်ရပါ။ |
| ခေါင်းရွက် | ခေါန်းဝပ် | ဝတ်ဟုမထွက်ရပါ။ |
| သစ်ရွက် | သစ်ဝပ် | ဝတ်ဟုမထွက်ရပါ။ |
| တူရွင်း | တဝမ်း | ဝန်းဟုမထွက်ရပါ။ |

## (က) အစသံချန်ပြောသောစကားအချို့

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ငှက်ပျောသီး | ဗျောသီး | |
| စားပွဲ | ဗွဲ | |
| စပါး | ဗား | |
| စားပွဲ | ဗွဲ | |
| တနင်္ဂနွေ | နန်းနွေ | |
| တနင်္လာ | နန်းလာ | |
| ထမိ | ဖိ | |
| ထမင်း | မှန်း | |
| နှမြော | ဗြော | |
| ပိန္နဲသီး | နဲ့သီး | |
| မန်ကျည်းသီး | ဂျဲသီး | |
| နှုတ်ခမ်းမွေး | ခမ်းမွီး | |
| သီတင်းကျွတ် | ဒန်းဂျွတ် | |



| | | |
|---|---|---|
| သတင်းစာ | ဒန်းစာ | |

## (ဇ) နှစ်လုံးထပ်စကားနှင့် ဝိသဇ္ဇနီသံများ

ထားဝယ်စကား၏ ထူးခြားချက်များစွာထဲမှ ထူးခြားချက် တစ်ခုဟု ဆိုနိုင်ပါသည်။ မြန်မာစကား အသုံးနာမ်နှင့် ကြိယာတို့ကို အသံတူနှစ်လုံးထပ်ပြောခြင်းဖြင့် နာမဝိသေသနသို့မဟုတ် ကြိယာဝိသေသနဖြစ်စေသော စကားလုံးအချို့ကို ဝိသဇ္ဇနီ (ဝစ္စပေါက်)သံထွက်၍ ပြောပါသည်။ ဥပမာအချို့ပြပါမည်။

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကြင်ကြင်နာနာ | ကြင်းကြင်နားနာ | |
| ခင်ခင်မင်မင် | ခင်းခင်မင်းမင် | |
| စင်စင်ကြယ်ကြယ် | စင်းစင်ကြဲကြယ် | |
| စည်စည်ကားကား | စဲစယ်ကားကား | |
| ဆင်ဆင်ခြင်ခြင် | ဆင်းဆင်ခြင်းခြင် | |
| ညီညီညာညာ | ညီးညီညားညာ | |
| တင့်တင့်တယ်တယ် | တင့်တင့်တဲတယ် | |
| ထင်ထင်ပေါ်ပေါ် | ထန်းထန်ပေါ်ပေါ် | |
| ထင်ထင်ရှားရှား | ထန်းထန်ရှားရှား | |
| နိုင်နိုင်နင်းနင်း | နိုင်းနိုင်နန်းနန်း | |
| ပိုင်ပိုင်နိုင်နိုင် | ပိုင်းပိုင်နိုင်းနိုင် | |
| မြန်မြန်ဆန်ဆန် | ဗြန်းဗြန်ဆန်းဆန် | |
| မှန်မှန်ကန်ကန် | မှန်းမှန်ကန်းကန် | |
| ရှိရှိသေသေ | ရှိုးရှိုသေးသေ | |
| ရေရေလည်လည် | ရေးရေလဲလယ် | |

www.mmnetlibrary.com PDF Created by Bobo Zaw

| | |
|---|---|
| သေသေချာချာ | သေးသေချားချာ |
| သန်သန်မာမာ | သန်းသန်မားမာ |
| လွယ်လွယ်ကူကူ | လွဲလွယ်ကူးကူ |
| မြန်မြန်လာ | ပြန်းပြန်လာ |
| မှန်မှန်လုပ် | မှန်းမှန်လောက် |

ထားဝယ်စကားကို ထားဝယ်နယ်သား မဟုတ်သူများ ကြားခါစတွင် မှန်းဆ၍ မရလောက်အောင် မြန်လွန်းသည်ဟုဆိုပါသည်။ မှန်ပါသည်။ ထားဝယ်စကားတွင် အစဗျည်းသံမြှုပ်၍ပြောခြင်း၊ အစသံချန်၍ ပြောခြင်းနှင့် နှစ်လုံးဆင့်စကားတို့၌ ဝစ္စပေါက်သံထည့်၍ ပြောခြင်း တို့ကြောင့် စကားသံ မြန်ရခြင်းဖြစ်သည်ဟုယူဆရပါသည်။

ထို့အပြင် ထားဝယ်စကား၌ သံပြင်းအစား သံညင်းကို သုံးသော စကားများလည်း ရှိသဖြင့် တစ်မျိုးတစ်ဖုံနားဝင်ချိုနေသည်ဟု ဆိုနိုင်ပါသည်။ ဥပမာအားဖြင့် မြန်မာ 'ဓား'ကို ထားဝယ်စကား၌ 'ထား'ဟု ပီပီသသကြီးပြောပါသည်။ အလားတူပင် 'ဈေး'ကို 'ဆေး'၊ 'ဘူးသီး'ကို 'ဖူးသီး'၊ 'ဇီးသီး'ကို 'ဆီးသီး'၊ 'ဘာလဲ'ကို 'ဖျာနူး'၊ 'ဘယ်လဲ'ကို 'ဖယ်နူး'ဟုအသံထွက်ပြောကြပါသည်။

### (၇) မပီသောစကားဆက်နှင့်အဆုံးသတ်များ

ထားဝယ်စကားပြောရာ၌ စကားဆက်များ၌ ပီပီသသ အသံထွက်လေ့မရှိဘဲ မြန်မြန်နှင့် ဝါးတားတားအသံဖြင့်ပြောလေ့ရှိပါသည်။ ရှေ့ကြိယာကို အကြောင်းပြု၍ နောက်ကြိယာကို ဆက်စပ် ပေးသော စကားလုံး၊ ရှေ့ဝါကျကို အကြောင်းပြုဝါကျဖြစ်စေသော စကားလုံးနှင့် တစ်စုံတစ်ခု ပြုလုပ်ခြင်း၊ ဖြစ်ခြင်းကို ရည်မှတ်ပြောဆိုရာ၌ သုံးသော စကားလုံးများမှာ 'ရွေ့ (၍)၊ လို့၊ လျှင်၊ သဖြင့်၊ သောကြောင့်၊ သည့်



ကြောင့်၊ (မူ၊ က၊ မှ၊ သော်)စသည်တို့ဖြစ်ပါသည်။ ယင်းစကားလုံးများနေရာတွင် 'ဟ့၊ ဟ့ာ၊ ဟ့ိ၊ ဟ့ူ၊ ဟ့ို့၊ ဟ့ယ်'တို့ဖြင့်ပြောပါသည်။

(ရှင်းလင်းချက်) ထားဝယ်စကားဆက်များကို ဖော်ပြရာ၌ ရေးထုံးမဟုတ်သော ဟဟထိုး (ဟ့)ကို သုံးထားခြင်းအတွက် ရှင်းပြဖို့ လိုမည်ထင်ပါသည်။ မြန်မာစကားအသံထွက်စနစ်အရ 'အ၊ အာ၊ ဟ' သည် လည်ချောင်းအက္ခရာဟုဆိုပါသည်။ သို့ရာတွင် လည်ချောင်း အောက်ပိုင်း၊ အလယ်ပိုင်းနှင့် ရှေ့ပိုင်းဟူ၍ ကွဲသေးသည်ဟုသိရပါသည်။

ထားဝယ်စကားဆက်များ၌ မြန်မြန်နှင့် ဝါးတားတားပြောသော အသံများသည် 'အ'သံလည်း မပီ၊ 'ဟ'သံလည်းမကျသော ကြားသံ တစ်ခုဖြစ်ပါသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'မောင်ဘရေ'ဟု ခေါ်သောအခါ 'ဟေ'ဟုပြန်ထူးလိုက်သောအသံအတွက် အသံထွက် သင်္ကေတ တစ်ခုအဖြစ် ဟဟထိုး (ဟ့)ကို သတ်မှတ်ထားပါသည်။ သို့ဖြင့်အသံချင်းနီးစပ်သော ထားဝယ်စကားအသံ (လည်ချောင်း အောက်ပိုင်းမှ ထွက်သောဟ–သံ)အတွက် ဟဟထိုး(ဟ့)ကိုပင် အသုံးပြုသွားမည် ဖြစ်ပါသည်။

ဆရာကြီးဦးဖေမောင်တင်ကလည်း သူ၏ ''ထားဝယ်ဒေသန္တရစကား''စာတမ်း (Dialect of Tavoy)တွင် ထားဝယ်စကား၌ 'ဟ'သံ နှစ်မျိုးရှိကြောင်း၊ ထားဝယ်စကား 'ဟေ့ဟယ်'[၁] တွင် ပထမ'ဟ'သည် လည်ချောင်းဌာန်ရိုးရိုး'ဟ'သံဖြစ်၍၊ ဒုတိယ 'ဟ'သည် အသံအော 'ဟ'သံဖြစ်ကြောင်း မှတ်ချက်ချထားပြီး ရိုးရိုးဟသံအတွက် ရိုးရိုး (h) ဖြင့်လည်းကောင်း၊ အသံအော 'ဟ'သံအတွက် စာလုံးစောင်း (italic) အိပ်၍ (*h*) ဖြင့်လည်းကောင်း ခွဲခြားဖော်ပြထားသည်ကို တွေ့ရပါသည်။

'ဟ့'ကို ထားဝယ်စကား၌ အဆုံးသတ်အငြင်းစကား 'ဘူး'

---

၁။ ဟေ့ဟယ်=ရေးဟောင်းထားဝယ်စကားဖြစ်သည်။ 'ရှိတယ်'ဟု အဓိပ္ပာယ်ရသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

အစား ပြောသကဲ့သို့ ပြုသူ၊ ဖြစ်သူကို ညွှန်ပြသောစကား 'က'နေရာတွင်လည်းကောင်း၊ ထွက်ခွာရာအရပ်ပြစကား 'က'အစားလည်းကောင်း ပြောပါသည်။ ဥပမာ– 'သူကဘာမှမလုပ်ဘူး'သည် 'သူဟာဖျာလဲ မလောက်ဟ' ဖြစ်ပါသည်။ 'ရန်ကုန်ကလာမယ်' 'ရန်ဂေါင်ကလာမယ်' စသည်တို့အပြင် 'မရှိဘူး'ကို ထားဝယ်စကားဖြင့် 'မေ့ဟ'ဟု ပြောပါသည်။ ယင်း 'မေ့ဟ'သည် 'မဟေ့ရ'မှလာခြင်းဖြစ်ပါသည်။ နှေးနှေးနှင့် တစ်လုံးခြင်း ပြောလျှင် 'မေ့ရ'ဟု ထွက်လာတတ်ပါသည်။ 'မဟေ့' နှင့် 'မရှိ' ဆက်စပ်ပုံကို နောက်ပိုင်း၌ တွေ့ရပါလိမ့်မည်။

'ဟာ'ကို ထားဝယ်စကား၌ 'လျှက် (ရင်)၊ သော်၊ သောအခါ' စသည့် ကြိယာနောက်ဆက် စကားလုံးနေရာတွင် သုံးပါသည်။ ဥပမာ– 'မင်းထားဝယ်ရောက်ရင်'ကို 'နန်ထားဝယ်ရော့–က်ဟာ'ဟု ပြောပါသည်။ 'သူစားရင်ငါစားမယ်'သည် ထားဝယ်စကား၌ 'သူစားဟာငါစားမယ်' ဖြစ်ပါသည်။

'ဟို'ကို ထားဝယ်စကား၌ မြန်မာ 'လို့၊ သဖြင့်၊ သောကြောင့်၊ သည့်ကြောင့်'စသည့် နေရာများတွင်ပြောပါသည်။ ဥပမာ– 'သူဖျားနေလို့ မလာဘူး' 'သူဖျားနေဟိုမလာဟ'၊ 'ထမင်းစားလို့ သိပ်ကောင်းတယ်' 'မှန်းစားဟိုကောန်းဇ'၊ 'လေလာဟိုမိုးကီး၊ မိုးကီးဟိုလေလာ'သည် မြန်မာလို 'လေလာလို့မိုးကြီး မိုးကြီးလို့လေလာ'ဖြစ်ပါသည်။

'ဟူ'ကို မြန်မာစကား 'လုပ်တာ၊ ကိုင်တာ၊ သွားတာ'တို့မှ 'တာ'နေရာ၌ပြောပါသည်၊ အများအားဖြင့် 'ဟူ'ကို 'ဇာ'နှင့်တွဲ၍ သုံးလေ့ရှိပါသည်။ ဥပမာ– 'သူလုပ်တာမကောင်းဘူး'ကို 'သူလောက် ဟူမကောန်းဟ'ဟုပြောသကဲ့သို့ 'သူလောက်ဟူဇာမကောန်းဟ' ဟုလည်း ပြော၍ရပါသည်။ မြန်မာလိုတိုက်ရိုက်ပြန်မည်ဆိုလျှင် 'သူလုပ်တဲ့ဟာ (လုပ်တဲ့ဥစ္စာ)မကောင်းဘူး' ဖြစ်ပါသည်။

'ဟို့'ကို မြန်မာစကား 'ဖို့၊ မလို့၊ မည့်'တို့နေရာတွင် ပြောပါသည်။ ဥပမာ–'လုပ်ဖို့ကိုင်ဖို့'ကို 'လောက်ဟို့ကိုင်ဟို့'။ 'ဟူ'နှင့် အလားတူပင် 'ဟို့'ကိုလည်း 'ဇာ'နှင့် တွဲ၍သုံးလေ့ရှိပါသည်။ ဥပမာ– 'သွားဟို့ဇာသွားသာသွား' 'သွားမယ့်ဟာသွားသာသွား' (သွားမှာဖြင့် သွားသာသွား)ဖြစ်ပါသည်။ သို့ရာတွင် 'အဖို့'သို့မဟုတ် 'အတွက်' အဓိပ္ပာယ်ဖြင့်ပြောသောအခါ 'ဖို့'ဟုပီပီသသထွက်လေ့ရှိပါသည်။ ဥပမာ– နှင့်အဖို့ (အတွက်) 'နန့်ဖို့'၊ 'သူ့ဖို့'၊ 'ငါ့ဖို့'စသည်။

'ဟယ်'ကို ထားဝယ်စကားအဆုံးသတ်များ၌ မြန်မာစကား 'တယ်' (သည်)နေရာတွင် ပြောပါသည်။ 'အယ်'ဟုလည်းမပီ၊ 'ဟယ်'ဟုလည်း မဟုတ်သော အသံဖြစ်ပါသည်။ ဆရာကြီး ဦးဖေမောင်တင်က သူ၏'ထားဝယ်ဒေသန္တရစကား'စာတမ်းတွင် 'ဟယ်'ဟုပင် ရိုးရိုး'ဟ'ဖြင့် အသံဖလှယ်ဖော်ပြခဲ့ပါသည်။ ထားဝယ်စကားအဆုံးသတ်မှ 'ဟယ်'သည် မပြတ်မသား ဝါးတားတားသာထွက်လာလေ့ရှိပါသည်။ ဥပမာ–'စားတယ်'ကို 'စားဟယ်'၊ 'လုပ်တယ်' ကို 'လောက်ဟယ်'ဖြစ်၍ 'ဟယ်'အသံကို တစ်ခါတစ်ရံ တစ်ဝက်တစ်ပျက်သာကြားရတတ်ပါသည်။

ထားဝယ်စကား၌ 'မယ်'ဖြင့် အဆုံးသတ်သော စကားများတွင်မူ မြန်မာတို့ကဲ့သို့ပင် 'မယ်'ဟု ပီပီသသအသံထွက်ပြောဆိုပါသည်၊ ဥပမာ– 'ထားဝယ်ပြန်မယ်' (ထားဝယ်ပွန်မယ်)၊ 'ဘုရားဖူး သွားမယ်' (ဘုရားဖူး သွားမယ်)၊ 'ပင်ပန်းနေမယ်' (ပန်ဗန်းနေမယ်)စသည်။

ထားဝယ်စကား၌ စကားဆက်နှင့် စကားအဆုံးသတ်များတွင် မပြတ်မသား၊ မပီမသ ဝါးတားတားအသံထွက်ပုံကို တင်ပြခဲ့ပြီးဖြစ်ပါသည်၊ စကားဆက်လည်းမဟုတ် စကားအဆုံးသတ်လည်းမဟုတ်သော်လည်း မပြတ်မသားဝါးတားတား အသံထွက်ပြောလေ့ရှိသော စကားတစ်လုံး ကျန်နေပါသေးသည်။ မြန်မာ'ပစ္စည်းစကား' (ပုဒ်တစ်ခုတွင် အဓိပ္ပာယ်ရင်းကိုထပ်ဖြည့်သောစကားလုံး) 'တော့'ဖြစ်ပါသည်။ ထားဝယ်စကား၌ 'တော့'ဟုလည်းမထွက် 'ဒေ့ါ'ဟုလည်း မထွက်ပါ။ 'အော့'နှင့် 'ဟော့'



www.mmnetlibrary.com PDF Created by Bobo Zaw

လည်းမဟုတ်ပါ။ 'တော့'အစားပြောသော ထားဝယ် စကားသံသည် လည်ချောင်းရှေ့ပိုင်း ခံတွင်းမှထွက်သောအသံဟု ယူဆ ရပါသည်။ ဆရာကြီးဦးဖေမောင်တင်က သူ၏စာတမ်းတွင် 'ဝ'သံနှင့် အစားထိုးပြပါသည်။ ဥပမာ–'သွားတော့မလား'ကို ထားဝယ်သံဖြင့် 'သွားဝေ့မလော်'၊ 'သွားတော့'ကို 'သွားဝေ့' စသည်ဖြင့်ပြပါသည်။ 'ဝေ့'ကို အသံထုတ်ရာ၌ နှုတ်ခမ်းဝိုင်းဖြင့် ထုတ်ရသော်လည်း ထားဝယ် စကားအသံထွက်ရာတွင်မူ နှုတ်ခမ်းပြန့်ဖြင့် ထုတ်ရသဖြင့် 'ဝေ့'သံ ပီပီသသမထွက်ကြောင်း ဖော်ပြလိုပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မြန်မာအက္ခရာဖြင့် အနီးစပ်ဆုံး အသံရအောင် အားထုတ်ထားခြင်းဖြစ်မည်ဟု ယူဆရပါသည်။

ထားဝယ်စကား၌ အစဗျည်းသို့မဟုတ် အစသံမြုပ်ချန်၍ ပြောခြင်း၊ စကားဆက်များ၊ စကားအဆုံးသတ်များ ပီပီသသအသံမထွက်ဘဲ ဝါးတားတားပြောခြင်းတို့ကြောင့် ထားဝယ် စကားသံသည် မြန်နေခြင်း ဖြစ်သည်ဟု ယူဆနိုင်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ထားဝယ် စကားပြောရာတွင် မြန်လွန်းသဖြင့် အချို့စကားလုံးများ ပီပီသသ ပြတ်ပြတ်သားသား ထွက်မလာနိုင်တော့ဘဲ ဝါးတားတားဖြစ်ရသည်ဟု ယူနိုင်မည်ဖြစ်ပါသည်။

ထားဝယ်စကားကို လေ့လာဖူးသည့် ပညာရှင်များ၊ သုတေသီများကလည်း ထားဝယ်စကားသံသည် ရေးကျကြောင်း၊ ပုဂံခေတ် ရေးမြန်မာတို့၏ စကားသံကို ထိန်းသိမ်းလျက်ရှိကြောင်း စကားပြော မြန်သော်လည်း နားဝင်ချိုကြောင်း မှတ်ချက်ချခဲ့ကြသည်သာဖြစ်ပါသည်။

ထားဝယ်စကား၏ထူးခြားသော အသံထွက်ပုံများကို စာအားဖြင့် ရေးသားဖော်ပြ၍ရသမျှ (ဖြစ်နိုင်သမျှ)ကို အကျဉ်းချုံး၍ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ စာအားဖြင့်ရေးသားဖော်ပြရန် မဖြစ်နိုင်သော ထားဝယ် စကားပြော အသံကူး၊ အသံပြောင်းနှင့် လေယူလေသိမ်းများကိုမူ ချန်လှပ် ထားခဲ့ရပါသည်။



ထားဝယ်စကားအသံထွက် မှန်သမျှကို အသံဖမ်းစက်ဖြင့် သွင်းယူ ထားခြင်းဖြင့်သာလျှင် ထားဝယ်စကားသံစစ်စစ်ကို ပီပီသသ တိတိကျကျ ဖော်ပြနိုင်မည်ဖြစ်ပါသည်။

ဘာသာဗေဒပညာရှင် ဒေါက်တာစီအယ်လ်ဘာဘာ (Dr. C. L. Barber) ကလည်း စာအရေးအသားသည် စကားသံများကို အတိအကျ အပြည့်အစုံ ဖော်ပြနိုင်ခြင်းမရှိဟု ဆိုခဲ့ပါသည်။[၁]

ထားဝယ်စကားအသံထွက်နှင့်ပတ်သက်၍ ပြောစရာတစ်ခု ကျန်နေပါသေးသည်။ စကားချပ်အဖြစ် ကြားညှပ်၍ တင်ပြလိုပါသည်။ ထားဝယ်စကားကို စိတ်ပါဝင်စားသော ထားဝယ်နယ်သား မဟုတ်သူများက မေးကြမြန်းကြလေ့လာကြသည့်အခါ အချို့ထားဝယ်နယ်သားများမှာ ပြောရင်း ဆိုရင်းနှင့် မြန်မာစကားအသံကို ရောယောင်လိုက်သွားပြီး မြန်မာအသံဖြင့်ဖလှယ်ထားသော (မြန်မာမှုပြုထားသော) ထားဝယ် စကားကို ပြောမိလျက်သားဖြစ်သွားတတ်ပါသည်။ သို့ဖြင့် ကြားနာမှတ်သားထားလိုက်သူများကလည်း ယင်းမြန်မာမှုပြုထားသော အသံထွက်ကိုပင် မူရင်းထားဝယ်အသံထွက် ထင်မှတ်ပြီး ပြန်လည်ရေးသား ဖော်ပြမိတတ်ကြပါသည်။

ဥပမာအားဖြင့် စား၍ရသောပင်လယ်ပက်ကျိတစ်မျိုးကို 'ကဗောင်းသား'ဟုခေါ်ပါသည်။ စာအုပ်တစ်အုပ်တွင် 'ကဘုန်းသား'ဟု တွေ့ရပါသည်။ အလားတူပင် ထားဝယ်ရိုးရာဒိန်းချင်းတစ်ပုဒ်မှ 'ရှင်တောန်းဗောင်'သည် 'ရှင်တောင်းပုံ'ဖြစ်နေပြီး 'ရေမှူထဲမှာ'အစား 'ရေမှူးထဲမှာ'ဖြစ်နေသည်ကို တွေ့ရပါသည်။ ထားဝယ်စကားသည် မြန်မာစကားကဲ့သို့ပင် စကားလုံးတစ်လုံး အသံပြောင်းရုံနှင့် အဓိပ္ပာယ်ပါ ပြောင်းသွားနိုင်သဖြင့် အခြားဒေသသားများအား ပြောပြရာတွင် အထူး သတိထားဖို့ လိုမည် ဖြစ်ပါသည်။ ထားဝယ် 'ရေမှူ'သည် မြန်မာ 'ရေမှုတ်'

၁။ မြန်မာအက္ခရာဗေဒ၊ စာ–၃၉။

www.mmnetlibrary.com PDF Created by Bobo Zaw

ဖြစ်ပါသည်။ 'ရေမှူး' (မှူး)သည် 'ချောင်းငယ်' 'မြောင်းငယ်' အနက် ထွက်ပါသည်။

ယခုတင်ပြခဲ့သော ''ထားဝယ်စကား၏ ထူးခြားသော အသံထွက်ပုံများ''သည် ဤစာတမ်း ဒုတိယပိုင်းနှင့် တတိယပိုင်းကို လေ့လာရာတွင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အထောက်အကူ ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ နှစ်ကာလ ကြာညောင်းလာသည်နှင့်အမျှ လက်ဆင့်ကမ်း ရေးကူး၊ သီဆိုကြရာတွင် မူကွဲအမျိုးမျိုးဖြစ်ပေါ်လာသော ထားဝယ်ရိုးရာတေးတစ်ပုဒ်ကို နောက်ဆက်တွဲ (၇)ဖြင့် ဖော်ပြထားပါသည်။

## ဒုတိယပိုင်း

# ထားဝယ်စကားနှင့် မြန်မာဝေါဟာရ ပေါရာဏများ

ဤစာတမ်းပထမပိုင်းတွင် ပုဂံကျောက်စာများရှိ မြန်မာစကားများသည် ဘာသာစကားတို့၏ ပြောင်းလဲတတ်သော သဘောသဘာဝကို မလွန်ဆန်နိုင်ဘဲ ယခုခေတ်သုံးမြန်မာစကား (မြန်မာစာ အရေးအသား) ဆီသို့ ရွေ့လျောလာပုံ သို့မဟုတ် စကားလုံးအသွင်ပြောင်းလဲခြင်း (Change in the forms of words) နှင့် ထားဝယ်စကားအများစုသည် ပုဂံခေတ်ရှေးဟောင်းမြန်မာစကားအသံကို ထိန်းသိမ်းလျက်ရှိပုံတို့ကို ပုဂံကျောက်စာများ၊ ဘာသာဗေဒပညာရှင်များ သုတေသီများ၏ အဆိုအမိန့်များနှင့် သဒ္ဒဗေဒဆိုင်ရာအချက်အလက်များကို အထောက်အထားပြု၍ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

''ဘာသာစကားတို့သည် အတည်အတံ့မရှိပြောင်းလဲနေ၏''ဟု ဘာသာဗေဒပညာရှင် ဂလီဆင် (Gleason)ကဆိုခဲ့ပါသည်။ ဘာသာစကားတွင် စကားလုံးအသွင် (အသံထွက်) ပြောင်းလဲလာသကဲ့သို့ အနက်အဓိပ္ပာယ်ပြောင်းလဲခြင်း (Change in the meaning of words) လည်း ဖြစ်လာတတ်ပါသည်။ တစ်ချိန်က စကားလုံးတစ်လုံး၏ အနက်အဓိပ္ပာယ်သည် ကျဉ်းမြောင်းနေသော်လည်း အခြားတစ်ချိန်တွင် အဓိပ္ပာယ်ကျယ်ပြန့်လာတတ်သကဲ့သို့ ရှေးက အဓိပ္ပာယ် ကျယ်ပြန့်လေးနက်ခဲ့သော စကားလုံးသည် ယခုအချိန်တွင် အဓိပ္ပာယ် ကျဉ်းမြောင်း

www.mmnetlibrary.com PDF Created by Bobo Zaw

အားနည်းသွားသည်ကိုလည်း တွေ့ရတတ်ပါသည်။

ယနေ့ထားဝယ်စကား၌ ကြားညှပ်၍ အသုံးပြုနေသော မြန်မာဝေါဟာရအချို့ (စကားလုံးအချို့) မှာ အရေးဘာသာစကား (Written language) တွင်သာ ကျန်ခဲ့ပြီး အပြောဘာသာစကား (Spoken language) တွင် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်ပါသည်။ အချို့သော စကားလုံးများမှာ အရေးစကားတွင်ရော၊ အပြောစကားထဲမှာပင်‚ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားသဖြင့် နောင်းလူတို့က ပေါရာဏ (ရှေးစကား) အဖြစ် သတ်မှတ်ခြင်းကို ခံခဲ့ကြရပါသည်။

ထားဝယ်စကားသည် အသံထွက်တွင်သာမက မြန်မာဝေါဟာရအချို့ကို အဓိပ္ပာယ်ဖွင့်ဆို အသုံးပြုရာတွင်လည်း ထူးခြားမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် မြန်မာစာ အရေးအသား၌ အသုံးရှိသော်လည်း အပြောစကားတွင် အသုံးမရှိတော့သော အသုံးတိမ် မြန်မာဝေါဟာရများနှင့် ပေါရာဏ (ရှေးစကား) အချို့ကိုလည်း တွေ့ရပါသည်။ သို့ဖြစ်ရာ ဤစာတမ်း ဒုတိယပိုင်းတွင်

(၁) ထားဝယ်စကား၌ အဓိပ္ပာယ်ဖွင့်ဆိုအသုံးပြုပုံ ထူးခြားသော မြန်မာဝေါဟာရများ

(၂) ထားဝယ်စကား၌ တွေ့ရသော အသုံးတိမ် မြန်မာဝေါဟာရနှင့် ပေါရာဏများ

ဟူ၍ နှစ်ပိုင်းခွဲခြား တင်ပြပါမည်။

**(၁)ထားဝယ်စကား၌ အဓိပ္ပာယ်ဖွင့်ဆိုအသုံးပြုပုံ ထူးခြားသော မြန်မာဝေါဟာရများ**

မြန်မာနိုင်ငံရှိ ကချင်၊ ကရင်၊ မွန်၊ ရှမ်းစသော တိုင်းရင်းသားဘာသာစကားများ နည်းတူပင် ထားဝယ်စကား၌လည်း မြန်မာဝေါဟာရများကို အသုံးပြုခြင်းများ ရှိပါသည်။ သို့ရာတွင် အချို့သော ဝေါဟာရများ



ကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ထူးခြားမှုရှိသကဲ့သို့ အသုံးပြုရာ၌လည်း ထူးခြားမှုရှိသည်ကို တွေ့ရပါသည်။ အောက်ဖော်ပြပါ မြန်မာဝေါဟာရများကို ကြည့်ပါ။

<u>'ကိုက်'နှင့်'ခဲ'</u>၊ ယနေ့ မြန်မာစကားအသုံး၌ 'ကိုက်ခဲ'ဟု နှစ်လုံးတွဲပြီး ဝေဒနာခံစားရသည့် အဓိပ္ပာယ်ဖြင့် ဖွင့်ဆိုသုံးစွဲနေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ 'ကိုက်'တစ်လုံးတည်းခွဲ၍ 'အနာကိုက်၊ သွားကိုက်၊ အကြောကိုက် စသည်ဖြင့် အသုံးများရှိသကဲ့သို့ 'ပါးကိုက်'၊ 'ခွေးကိုက်' စသည်ဖြင့် တစ်စုံ တစ်ခုကို သွားဖြင့် ဖိညှပ်၊ ကျိုးပဲ့၊ ပေါက်ပြဲစေသော အဓိပ္ပာယ်ဖြင့်လည်း သုံးပါသည်။

တက္ကသိုလ်မြန်မာအဘိဓာန်တွင် 'ကိုက်' ၏ အဓိပ္ပာယ်ကို "(၁) သွားဖြင့် ပေါက်ပြဲ၊ ကျိုးပဲ့၊ ပွန်းပြတ်ကြေမွအောင် ဖိညှပ်သည်။ (၂) ခြင်ကဲ့သို့ နှုတ်သီးချွန်ဖြင့် ထိုးသည်။ (၃) အခံခက်သော ဝေဒနာတစ်မျိုးကို ခံစားရသည်" ဟု ဖော်ပြထားပါသည်။ 'ခဲ'၏အဓိပ္ပာယ်ကို "(၁) သွား၊ နှုတ်သီးတို့ဖြင့် ဖိညှပ်သည်။ ကိုက်သည်။ (၂) စားမျိုသည်။ (၃) အသုံးပြုသည်။ ပွတ်တိုက်သည်။ (၄) အခံရခက်သော ဝေဒနာတစ်မျိုးကို ခံစားရသည်" ဟု ဖော်ပြပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင်လည်း 'ကိုက်နှင့်ခဲ' တစ်လုံးစီ၏ အဓိပ္ပာယ်ကို တက္ကသိုလ် မြန်မာအဘိဓာန်၏ ဖွင့်ဆိုချက်အတိုင်းပင် ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်။ ယင်းဖွင့်ဆိုချက်များကို ကြည့်လျှင် ကိုက်နှင့်ခဲသည် တစ်လုံးနှင့်တစ်လုံး အစားထိုးလဲလှယ်သုံးနိုင်သော ကြောင်းတူ သံကွဲဝေါဟာရများဟု ဆိုနိုင်ပါသည်။

သို့ရာတွင် ယနေ့မြန်မာစကား၌ 'ကိုက်' တစ်လုံးတည်းကို အဓိပ္ပာယ်သုံးမျိုးဖွင့်၍ အသုံးပြုလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဥပမာ– ဆေးတံကိုကိုက်၊ ခွေးကိုက်၊ အနာကိုက် စသည်ဖြစ်ပါသည်။ 'ခဲ'တစ်လုံးအသုံးကိုမူ တွေ့ရခဲလှပါသည်။ 'ဆေးတံခဲ'၊ 'ဒန်ပူခဲ' ဟူသော

www.mmnetlibrary.com PDF Created by Bobo Zaw

အသုံးတို့ကို ရံဖန်ရံခါ တွေ့ရတတ်သော်လည်း 'ခွေးခဲသည်'၊ 'အနာခဲသည်' ဟူသော အသုံးမျိုးကိုကား မတွေ့ရသလောက်ပင် ဖြစ်ပါသည်။

ထားဝယ်စကား၌ 'ကိုက်' နှင့် 'ခဲ' ကိုအခံရခက်သော ဝေဒနာကို ခံစားရသည့်အဓိပ္ပာယ်ဖြင့် နှစ်လုံးတွဲ (ကိုက်ခဲ) အသုံးရှိသကဲ့သို့ တစ်လုံးစီခွဲ၍လည်း သုံးပါသည်။ 'ခွေးကိုက်သည်' ဟူသော အသုံးရှိသကဲ့သို့ 'ခွေးခဲသည်' ဟူသော အသုံးလည်း တွင်ကျယ်လှပါသည်။ 'သွားကိုက်သည်' ဟူသော စကားထက် 'သွားခဲသည်' ဟူသော စကားကို အသုံးများပါသည်။ 'ဝမ်းကိုက်သည်'အစား 'ဝမ်းခဲသည်' ဟုလည်းကောင်း၊ 'ခေါင်းကိုက်သည်' အစား 'ခေါင်းခဲသည်' ဟုလည်းကောင်း ပြောတတ်ကြပါသည်။

ရှေးမြန်မာစာအသုံးများကို ကြည့်လျှင်လည်း 'ကိုက်'နှင့်'ခဲ'ကို နှစ်လုံးတွဲ၍ တစ်မျိုး၊ တစ်လုံးစီ ခွဲ၍တစ်ဖုံ သုံးခဲ့ကြသည်ကို တွေ့ရပါသည်။ ''.... ကျင်နာပေါက်ကွဲ၊ လွန်ကိုက်ခဲသည်၊ ကိုယ်ထဲ အောင်းငုပ်၊ သွေးပြည်ပုပ်တို့၊ အောင့်ချုပ်မသာ....'' (မဃဒေဝလင်္ကာသစ် အပိုဒ်၁၁၄) ဟု 'ကိုက်ခဲ' နှစ်လုံးတွဲအသုံးကို တွေ့ရမည်ဖြစ်ပြီး 'ကိုက်မှုမစဲ၊ ခဲမှုမငြိမ်း၊ ကိုယ်လုံး ရှိမ်းအောင်၊ ရှောင်တိမ်းမသာ....'' (မဃဒေဝလင်္ကာသစ် ပိုဒ်ရေ ၁၇၁) ဟုလည်း ကိုက်နှင့်ခဲကို တစ်နေရာတည်း၌ တစ်လုံးစီခွဲ၍ သုံးသည်ကို တွေ့ရပါသည်။ ထို့အပြင် ''သွေးများ၍နေလျှင် ထိုအနာရင်း၏ ကိုက်၏။''(ပဏ္ဍိတဝေဒနိယဒီပနီ စာ-၇၈) 'ခေါင်းတော်ခဲသည်' (မဏိရတနာပုံကျမ်း စာ-၂၅၅)။ 'သည်းစွစွမ်းရဲ၊ သံကိုခဲသော်၊ ပြတ်ကွဲအံ့သို့' (ရွှေဟင်္သာမင်းပျို့ အပိုဒ် ၆၂) စသည်ဖြင့် တစ်လုံးချင်းခွဲ၍ သုံးသည်ကိုလည်း တွေ့ရပါသည်။

ယုဒသန် မြန်မာ-အင်္ဂလိပ် အဘိဓာန်တွင်လည်း 'ကိုက်နှင့်ခဲ' ကို ကြောင်းတူသံကွဲအဖြစ် ဖော်ပြထားပါသည်။ ပေါရာဏစကားအဘိဓာန်တွင်မူ 'ကိုက်'၏အဓိပ္ပာယ်ကို 'သွားဖြင့်ဖဲ့သည်၊ ဟပ်သည်၊



ဆွဲသည်၊ ကိုက်ဖဲ့သည်၊ ခဲသည်'ဟု ဖော်ပြထားပါသည်။

ရှေးမြန်မာစကားအသုံးတွင် ရှိခဲ့သော ယနေ့ပေါရာဏ စာရင်းဝင်နေပြီဖြစ်သော 'ခဲ' တစ်လုံးတည်းခွဲ၍သုံးသော အသုံးသည် မြန်မာစကား၌ ငုပ်နေသော်လည်း ထားဝယ်စကား၌မူ ယနေ့ထက်တိုင် အသုံးတွင်လျက်ရှိသည်ကို တွေ့ရပါသည်။

ကန်နှင့်ကျောက် (ထားဝယ် = ကျွော့-က်) ထိုစကားနှစ်လုံးကို ယနေ့မြန်မာစာ စကားအသုံး တို့တွင် အများအားဖြင့် အဓိပ္ပာယ်တူပမာ အသုံးပြုလျက်ရှိပါသည်။ 'ကန်'တစ်လုံးတည်း အသုံးကို နေရာတိုင်း၌ တွေ့ရမည်ဖြစ်ပြီး 'ကန်ကျောက်'နှစ်လုံးတွဲ အသုံးကိုမူ ရံဖန်ရံခါမှသာ တွေ့ရလေ့ရှိပါသည်။ 'ကျောက်' တစ်လုံးတည်းအသုံးကိုကား မတွေ့ရသလောက်ပင် ဖြစ်ပါသည်။

တက္ကသိုလ်မြန်မာအဘိဓာန်တွင် 'ကန်'၏ အဓိပ္ပာယ်ကို ''ခြေနှင့် ခတ်သည်၊ ကျောက်သည်၊ ခြေနှင့်ထောက်သည်''ဟု ဖွင့်ဆိုထားပြီး 'ကျောက်'၏ အဓိပ္ပာယ်ကို 'ခြေဖြင့်ကန်သည်၊ တွေ့ဆုံထိခိုက်သည်' ဟု ဖွင့်ဆိုထားပါသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင်လည်း အလားတူပင် အနက်ပေးထားသည်ကို တွေ့ရပါသည်။ 'ကျောက်ကန်'၏ အဓိပ္ပာယ်ကိုမူ အဘိဓာန်နှစ်အုပ်စလုံးက 'ခြေဖြင့်ပုတ်ခတ် ထိခိုက်တွန်းဖယ်သည်'ဟု အနက်ပေးထားပါသည်။ မြန်မာစာ၊ မြန်မာစကားအသုံးတွင် 'ကျောက်' တစ်လုံးတည်းကို ကြိယာအဖြစ် သုံးသည်ကို တွေ့ရခဲလှပါသည်။

ထားဝယ်စကား၌ 'ကန်'နှင့် 'ကျောက်'ကို အဓိပ္ပာယ်တူအဖြစ် အသုံးပြုလေ့မရှိပါ။ အဓိပ္ပာယ် တစ်မျိုးစီခွဲ၍ ဖွင့်ဆိုအသုံးပြုပါသည်။ 'ကန်' ဟူသောစကားကို 'ခြေထောက်ကိုအရှိန်နှင့် လွှဲ၍ ခြေဖဝါးစောင်းသို့မဟုတ် ခြေဖမိုးတို့ဖြင့် တစ်စုံတစ်ခုအား ထိခိုက်စေသော လှုပ်ရှားမှုတွင် သုံးပါသည်။ 'ကျောက်'ကိုမူ ခြေထောက်ကို အရှိန်နှင့်မလွှဲရဘဲ

www.mmnetlibrary.com PDF Created by Bobo Zaw

ဒူးကောက်ကွေးအားမှုနှင့် တစ်စုံတစ်ခုကို ခြေဖဝါးဖြင့် ဆောင့်၍ တွန်းထိုးလိုက်သည့် လှုပ်ရှားမှုတွင်သုံးပါသည်။ ထားဝယ်စကားအသုံး၌ 'ကျောက်' ၏ အဓိပ္ပာယ်သည် 'ကန်'ထက် ပေါ့သည့်သဘော လျော့သည့် သဘော အဓိပ္ပာယ်ဆောင်ပါသည်။ သို့ဖြစ်ရာ ထားဝယ်စကား၌ 'ကန်'နှင့် 'ကျောက်' ကို အဓိပ္ပာယ်ဖွင့်ဆိုအသုံးပြုပုံ ကွဲပြားနေသည်မှာ ထင်ရှားလှပါသည်။ ကန်နှင့်ကျောက်သည် အဓိပ္ပာယ်တူသို့မဟုတ် ကြောင်းတူသံကွဲမဟုတ်သည်မှာ သေချာလှပါသည်။ 'ဘောလုံးကန်သည်' အစား 'ဘောလုံးကျောက်သည်' ဟု သုံး၍မရခြင်းက သက်သေခံလျက်ရှိပါသည်။

ယုဒသန်မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင်လည်း 'ကန်'၏ အဓိပ္ပာယ်နှင့် 'ကျောက်'၏ အဓိပ္ပာယ် နှစ်ခုစလုံးကို 'to kick - ကန်သည်' ဟုပင်ပြထားသော်လည်း 'ကျောက်' ၏ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် "to push off (a boat) ကန်သည် less than ကန်၊ လှေကို ကျောက်ထုတ်လိုက်ပါ" ဟု ထပ်၍ ရှင်းထားပါသည်။ ယင်းဖွင့်ဆိုချက်အရ 'ကျောက်'၏ အဓိပ္ပာယ်သည် 'ကန်'ထက်ပေါ့သည့်သဘော လျော့သည့်သဘောရှိသည်ဟု ယူသော် ရနိုင်ကောင်းပါသည်။ 'လှေကို ကျောက်ထုတ်လိုက်ပါ'ဟူသော ဝါကျမှာလည်း ထားဝယ်စကား၌ အများဆုံး ပြောလေ့ရှိသော စကားတစ်ခွန်းနှင့် တိုက်ရိုက်တူနေသည်ကို တွေ့ရပါသည်။

ယနေ့မြန်မာစကား၊ စာအရေးအသားတို့၌ 'ကျောက်' တစ်လုံးတည်း အသုံးသည် ကွယ်ပျောက်လု ဖြစ်နေသော်လည်း ရှေးသုံးများတွင်မူ ဤသို့တွေ့ရပါသည်။

"မညာမထောက်၊ ခြေဖြင့်ကျောက်သို့၊ မကြောက်မရှက်၊ မငဲ့ကွက်တည့်" (မဃဒေဝ လင်္ကာသစ် အပိုဒ် ၃၁၀) ဟုလည်းကောင်း၊ 'ရင်ကိုခြေဖြင့်ကျောက်၍' (မဏိကုဏ္ဍလဝတ္ထု၊ စာ ၁၀၈) ဟု လည်းကောင်း တွေ့ရပြီး "နေရောင်ကျောက်က၊ ပျောက်လေကုန်အောင်၊ ကြယ်လရောင်သို့" (ဘူရိဒတ်လင်္ကာကြီး အပိုဒ်–၁၃၅) "ဝိသဇ္ဇနီကျောက်သော အသံဖြင့် စပ်ဟပ်ဆိုမိန့်ခြင်း" (ဝေါဟာရတ္ထပကာသနီကျမ်း၊ စာ ၂၇၄) စသည်ဖြင့် တွေ့ရပါသည်။



မြန်မာ 'ကျောက်' သည် ထားဝယ်စကားအသံထွက် 'ကြှောက်' ဖြစ်သည်ကို ဤစာတမ်း ပထမပိုင်း၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

'ခူးနှင့်ဆွတ်' ယနေ့မြန်မာအပြောစကား၌ အဓိပ္ပာယ် တူယောင်ယောင်ရှိပါသည်။ 'ခူး' တစ်လုံးတည်း အသုံးတွင်သလောက် 'ဆွတ်'တစ်လုံးတည်း အသုံးနည်းလှပါသည်။ ထမင်းခူး၊ ပန်းခူး၊ ဟင်းရွက်ခူး၊ စသည်ဖြင့် ပြောကြရေးကြပါသည်။ ပန်းဆွတ်၊ ဟင်းရွက် ဆွတ်၊ သစ်သီးဆွတ် ဟူ၍ သုံးလေ့မရှိပါ။ "မိုးစွန်တမွတ်၊ ကြယ်ကိုဆွတ်"၊ 'အောင်ပန်းဆွတ်' စသည်ဖြင့် ဥပမာတင်စားသော စကား၊ အဓိပ္ပာယ်လေးနက်ခံ့ညားစေလိုသော စကား၊ ကဗျာအလင်္ကာအရေးအသားများတွင်သာ တွေ့ရလေ့ရှိပါသည်။ 'ဆွတ်'ကို အပြောစကား၌ လုံးဝ မတွေ့ရသလောက်ပင်ဖြစ်ပါသည်။ 'ခူးဆွတ်' သို့မဟုတ် 'ဆွတ်ခူး' ဟူသော နှစ်လုံးတွဲအသုံးကိုမူ ခပ်များများ တွေ့ရမည်ဖြစ်ပါသည်။

တက္ကသိုလ်မြန်မာအဘိဓာန်နှင့် မြန်မာအဘိဓာန် အကျဉ်းချုပ်တို့တွင် 'ခူး'ကို "(၁) သစ်ညွန့်သစ်ရွက် အပွင့်အသီးစသည်တို့ကို ဆိတ်၊ ဖြတ်ဆွတ်ယူသည်။ (၂) ထမင်းကို အိုးမှ ကော်ယူသည်" ဟု အနက်ဖော်ထားပါသည်။ ရှေးစာများ၌ 'ခူး'အသုံးကို ဤသို့ တွေ့ရပါသည်။

"အရာရာကို၊ မင်္ဂလာညွန့်ဖူး၊ ပန်းသို့ခူးမှ" (သံဝေဂခန်းပျို့ အပိုဒ် ၁၃) "ထမင်းဖြစ်ရာ၊ ရွှေခွက်သာဟု၊ .... ခူးသည်ကိုမျှ၊ ဆဝမသိ ...." (ကိုးခန်းပျို့ ပိုဒ် ၂၉၄)

"ဆွတ်" ၏အဓိပ္ပာယ်ကို တက္ကသိုလ်မြန်မာအဘိဓာန်နှင့် မြန်မာအဘိဓာန်အကျဉ်းချုပ်တို့တွင် (အငုံအပွင့်အသီးအရွက်စသည်တို့ကို) ခူးသည်။ ခြွေသည်။ (ဥပစာ) ရယူသည် ဟု ဖော်ပြထားပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

ရှေးသုံးများ၌ 'ဆွတ်' တစ်လုံးတည်းအသုံးကို ဤသို့တွေ့ရပါသည်။

'ကသစ်ပန်းကို၊ လန်းလန်းလတ်လတ်၊ ယူချေဆွတ်၍၊ ပွင့်ဝတ်မကြွေ၊ လူပိုလ်ခြေကို၊ ပန်စေအင၊ ပွဲလုံးငှပိမ့်' (ပြာဋိဟာခန်းပျို့ အပိုဒ် ၃၈)၊ ''သိန်းနိုမင်းကား၊ ယာခင်းကိုဝင်၍ သခွားသီးကို ဆွတ်၍ စားသောကြောင့် တောင်သူကြီး ရိုက်၍ အနိစ္စရောက်ချေသည်'' (မဃဒေဝ လင်္ကာ ...) (မဏိရတနာပုံကျမ်းစာ–၁၃)၊ ''မဥ္ဇူပွင့်ဝတ်၊ လေပြည်ဆွတ်က၊ နံ့မြတ်ကြိုင်၏'' (ပေါရာဏကထာဋ္ဌိကာ (ပ) စာ–၃၂၈)၊ ''ဘုန်းတော်ရိပ်ဖြင့်၊ ဆွတ်သော်မိုးကြယ်၊ လှမ်းမိဖွယ်တည့်'' (ရှင်မဟာရဋ္ဌသာရ၊ တံတားဦးမင်္ဂလာစေတီမော်ကွန်းအပိုဒ် ၂)။

ထားဝယ်စကား၌ ''ခူး''ကို ''ထမင်းခူး''မှအပ အခြားနေရာများ၌ လုံးဝမသုံးပါ။ သစ်ရွက်ဆွတ်၊ သစ်သီးဆွတ်၊ ပန်းဆွတ်ဟုသာ သုံးလေ့ရှိပါသည်။ ထားဝယ်စကားမှ 'ဆွတ်' အသုံးသည် ရှေးဆန်သည်ဟု ယူသော် ရမည်ထင်ပါသည်။

ခြောက်နှင့်သွေ့ (ခြော့–က်နသွိ) ယနေ့မြန်မာစကားနှင့် စာအရေးအသားတို့တွင် 'ခြောက်' တစ်လုံးတည်း သို့မဟုတ် ခြောက်နှင့် သွေ့နှစ်လုံးတွဲ၍ ''ခြောက်သွေ့''ဟု သုံးလေ့ရှိပါသည်။ 'သွေ့' တစ်လုံးတည်းခွဲ၍ သုံးသည်ကို မတွေ့ရသလောက်ပင်ဖြစ်ပါသည်။

'ခြောက်'၏အဓိပ္ပာယ်ကို တက္ကသိုလ်မြန်မာအဘိဓာန် နှင့် မြန်မာအဘိဓာန်တို့တွင်ဤသို့ဖွင့်ဆိုပြထားပါသည်။ '(၁) စွတ်စိုခြင်း ကင်းသည်။ စွတ်စိုခြင်းကုန်ပျောက်သည်။' '(၂) စိုပြည်သာယာခြင်း ကင်းသည်။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည်။' ဟုဖြစ်ပါသည်။ 'ခြောက်သွေ့'၏ အဓိပ္ပာယ်ကို လတ်ဆတ်စိမ်းလန်းခြင်း၊ စိုပြည်ခြင်းကင်းသည်။ ဟု ကြိယာအဖြစ် တက္ကသိုလ်မြန်မာအဘိဓာန်တွင် တွေ့ရပါသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင်မူ '(၁) လတ်ဆတ်စိမ်းလန်းခြင်း ကင်းသော' '(၂) စိုပြည်သာယာခြင်းကင်းသော'ဟု နာမဝိသေသနအဖြစ် အဓိပ္ပာယ်



ဖွင့်ဆိုဖော်ပြထားသည်ကို တွေ့ရပါသည်။ ခြောက်နှင့်သွေ့သည် ဒြပ်ရှိဒြပ်မဲ့၊ ဝိညာဉ်ရှိ ဝိညာဉ်မဲ့နှစ်မျိုးစလုံးတွင် သုံးနိုင်သည့် အဓိပ္ပာယ် ဟု ဆိုနိုင်ပါသည်။

ယုဒသန်မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင် 'ခြောက်'နှင့်'သွေ့' တို့၏ အဓိပ္ပာယ်ကို ဤသို့ ခွဲ၍ ဖွင့်ဆိုထားပါသည်။ ''ခြောက်'' to be dry သွေ့သည်; to be dried up ခန်းသည်။ သည်အရပ်၌ မိုးခေါင်သောကြောင့် သစ်ပင်ဝါးပင်တို့ခြောက်ကုန်ကြပြီဟု ဖော်ပြထားပြီး ''သွေ့'' ကို ''to become dry, free from moisture, ခြောက် (not ခန်း, dried up, as water); အဝတ်အစားသွေ့၊ မြေသွေ့''ဟု ဖော်ပြထားပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'သွေ့'ကို နာမဝိသေသနအဖြစ် ဤသို့အနက်ဖွင့်ပြပါသည်။ ''ခြောက်ခါစဖြစ်သော'' ''ရေချိုးပြီးလျှင် ဆံကို သွေ့စေလျက်'' (မှန်နန်းရာဇဝင်၊ ပတွဲ၊ စာ ၄၇) ''ခြောက်သွေ့'' ကို နာမဝိသေသနအဖြစ်ပြပြီး (၁)စိမ်းလန်းလတ်ဆတ်ခြင်း ကင်းသော၊ (၂) စိုပြည် သာယာခြင်းကင်းသော''ဟု အဓိပ္ပာယ်ဖွင့်ဆိုပြထားပါသည်။

ရှေးသုံးများတွင် 'ခြောက်' တစ်လုံးတည်းအသုံးနှင့် 'ခြောက်သွေ့' နှစ်လုံးတွဲအသုံးများ ရှိသကဲ့သို့ 'သွေ့' တစ်လုံးတည်း အသုံးများလည်း ရှိသည်ကို တွေ့ရပါသည်။

ငွေတောင်ရကန်တွင် ''ရတနာရောင်သွေ့၊ နန်းငွေ့မသင့်၊ မင်းစွင့်စိုးရာ၊ လေ့လာမပြေ''ဟု လည်းကောင်း၊ ဘလ္လာတိယပျို့တွင် ''ကေသာနက်ကြော်၊ ဆံတော်ရောင်သွေ့၊ ဆီမတွေ့လျှက်''ဟု လည်းကောင်း တွေ့ရပြီး ပေါရာဏစကား အဘိဓာန်တွင်မူ ''ခြောက်ခမန်း၊ ခြောက်တော့မလောက်'' ဟု ယခုခေတ်သုံး အဓိပ္ပာယ်ဖြင့် ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

ထားဝယ်စကား၌ 'ခြောက်' နှင့် 'သွေ့' ကို တစ်လုံးစီခွဲ၍ တစ်နေရာစီသုံးပါသည်။ 'ခြောက်' ကို မြန်မာစကားအတိုင်းပင် အဓိပ္ပာယ် ဖွင့်ဆိုအသုံးပြုသော်လည်း 'သွေ့' ကိုမူ 'ရေ၊ အရည်တို့ဖြင့် စွတ်စိုနေသော အရာဝတ္ထုတို့ကို 'ခြောက်' စေရန် လုပ်ဆောင်ရာ၌သာ သုံးပါသည်။ ဥပမာ- ''အဝတ်လျှော်ပြီး နေလှန်းထားတာသွေ့ပြီ၊'' ''အိမ်ကို ဆေးသုတ်ထားတာသွေ့ပြီ'' ''ခေါင်းလျှော်ထားတာသွေ့ပြီ'' စသည်ဖြစ်ပါသည်။

ယနေ့ထားဝယ်စကား၌ 'သွေ့' (သွိ) တစ်လုံးတည်းအသုံးသည် ရှေးက မြန်မာစကား အရေး အသားတွင်ရှိခဲ့ဖူးသည်မှာ မှန်သော်လည်း ယခုခေတ်သုံး မြန်မာစကားနှင့် အရေးအသားတို့တွင် ပျောက်ကွယ်လုပြီ ဖြစ်၍ ပေါရာဏစာရင်းသို့ ဝင်လာရသည်ဟု ဆိုနိုင်ပါသည်။

မြန်မာ'ခြောက်'သည် ထားဝယ်စကားအသံထွက် 'ခြော့-က်' ဖြစ်၍ မြန်မာ 'သွေ့'သည် ထားဝယ်စကားအသံထွက် 'သွိ' ဖြစ်သည်ကို ဤစာတမ်း ပထမပိုင်း၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ခြစ်နှင့်ခြုတ် (ထားဝယ်=ခြု) ''ခြစ်''၏ အဓိပ္ပာယ်ကို တက္ကသိုလ် မြန်မာအဘိဓာန်နှင့် မြန်မာ အဘိဓာန်အကျဉ်းချုပ်တို့တွင် ဤသို့ ဖွင့်ဆို ထားပါသည်။ 'ခြစ်'ထက်မြက်သောအသွားအစွန်းမျိုးဖြင့် ဖြစ်စေ၊ ခက်မာ သော အသွားအစွန်းမျိုးဖြစ်စေ၊ သာမန်အားဖြင့်သော်လည်းကောင်း၊ အရေးအသား ထင်အောင်သော်လည်းကောင်း၊ အစအနများ ပဲ့ကာ လာအောင်သော်လည်းကောင်း၊ မီးပွင့်အောင်သော် လည်းကောင်း ဖိနှိပ် ဆွဲတွန်းသည်''

'ခြုတ်'၏ အဓိပ္ပာယ်ကိုတက္ကသိုလ်မြန်မာအဘိဓာန်တွင် ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ (၁) တစ်ဖက်သားကို ထိခိုက်၍ ပြောဆို ပြုမူသည်။ (၂) ထိသည်။ ခိုက်သည်။ ပွတ်သည်။ တိုက်သည်။

ထားဝယ်စကားအသုံးတွင် 'ခြုတ်'(ခြု) ကို ယနေ့အထိ သုံးနေ ဆဲပင်ဖြစ်ပါသည်။ တက္ကသိုလ် မြန်မာအဘိဓာန်မှ အဓိပ္ပာယ်ဖွင့်ဆိုချက်



(၂) ပါအတိုင်းပင်သုံးပါသည်။ မထိတထိပွတ်မိခြစ်မိသည်ကို 'ခြုတ်'(ခြု) သည်ဟု သုံးပါသည်။ ထားဝယ်စကား၌ ဟာသအဖြစ်ပြောလေ့ရှိသော စကားအသုံးတစ်ခု ရှိပါသည်။ 'ယာသစ်ငုကွဲခြု' ဖြစ်၍ မြန်မာပြန်လျှင် 'ယာခင်းထဲရှိ သစ်ငုတ်တိုကို ကွဲက ခြုတ်(ခြု)ထားသလို' ဟုရပါသည်။ မိန်းခလေး၏မျက်နှာတွင် သနပ်ခါးဘဲကျားလိမ်းထားသည်မှာ လက် ငါးချောင်းရာ အစင်းကြောင်းများ ထင်နေသည်ကိုဆိုလိုပါသည်။ 'ယာခင်းထဲရှိ သစ်ငုတ်တိုကို ကွဲက အယားဖျောက်ရန်ပွတ်ရာမှ ကွဲ ကိုယ်ပေါ်တွင် ထင်လာသည့် အစင်းကြောင်းကြီးများနှင့် ပမာ ခိုင်းနှိုင်း ထားခြင်းဖြစ်ပါသည်။ မော်တော်ကားနှစ်စီး ဘေးချင်းကပ်၍ ပွတ်မိသဖြင့် အစင်းကြောင်း ထင်သွားသည်ကိုလည်း ထားဝယ်စကား၌ 'ခြုမိဟယ်' ဟုပင် ပြောပါသည်။

''ခြစ်''ကိုလည်း မြန်မာအဘိဓာန်များက ဖွင့်ဆိုပြထားသည့် အတိုင်း ''ထက်မြက်သော သို့မဟုတ် ခက်မာသော အသွားအစွန်းပစ္စည်း ဖြင့် အရေးအစင်းများ ထင်အောင် သို့မဟုတ် အစအနများ ပဲ့ကွာလာ အောင် သို့မဟုတ် မီးပွင့်အောင် ပွတ်တိုက်၊ ဖိနှိပ်၊ တွန်းဆွဲသည့် အဓိပ္ပာယ်ဖြင့် ပြောပါသည်။ သို့ရာတွင် ''ခြစ်''၏ အဓိပ္ပာယ်မှာ 'ခြု'ထက် အနည်းငယ်ပိုပါသည်။ ထိထိမိမိ သဘောပါလျှင် 'ခြစ်'ကိုသုံး၍ မထိ တထိသဘော မတော်တဆသဘော ရှောင်တခင်သဘော ပါလျှင် ''ခြု''(ခြုတ်) ကိုသုံးပါသည်။ ''ခြစ်''နှင့်''ခြုတ်''ကား အနက်ရိပ် အနည်း ငယ် ကွဲပြားမှုရှိသည်ဟု ဆိုနိုင်ပါသည်။

'ခြုတ်'အသုံးကို ရှေးစာများ၌ ဤသို့ တွေ့ရပါသည်။

''သဘော်မလျှင်၊ လွင့်စဆဲဆဲ၊ ပင်လယ်ဝဲ၌၊ အထဲနံကိုင်၊ ဝန်းချက်တိုင်အား၊ အနိုင်ခြုတ်ထိ၊ ပေါက်လတ်ဘိမူ'' (ပါရမီတော်ခန်းပျို့၊ အပိုဒ် ၁၀၁) ''ဘူမိယံ- မြေနှိုက်၊ အပရိယံသဋ္ဌေန- မထိစေသဖြင့် (မခြုတ်မိစေသဖြင့်လည်းဟူ) နိက္ခိပိတဗ္ဗော- ထားအပ်၏'' (မဟာဝါ

www.mmnetlibrary.com PDF Created by Bobo Zaw

အင္ဒကထာနိသျှ-စာ-၈၀)

ယနေ့မြန်မာစကား၊ စာအရေးအသားတို့တွင် ပျောက်ကွယ်သွားပြီ ဖြစ်သော "ချုံ" (ချွတ်)ကား ယနေ့အထိ ထားဝယ်စကား၌ အသုံးတွင် လျက်ပင် ရှိပါသေးသည်။ မြန်မာ"ချွတ်"သည် ထားဝယ် စကား အသံထွက် 'ချုံ'ဖြစ်သည်ကို ဤစာတမ်းပထမပိုင်းတွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

<u>စိုနှင့်စွတ်</u> - ယနေ့မြန်မာစကား၊ စာအသုံးတို့တွင် 'စို'တစ်လုံးတည်း အသုံးနှင့် 'စိုစွတ်' သို့မဟုတ် 'စွတ်စို'နှစ်လုံးတွဲအသုံးတို့သာ တွင်ပါသည်။ 'စွတ်'တစ်လုံးတည်းကို 'စို'အဓိပ္ပာယ်ဖြင့် သုံးသည်ကို မတွေ့ရသလောက်ပင် ဖြစ်ပါသည်။

တက္ကသိုလ်မြန်မာအဘိဓာန်တွင် 'စို'ကို ကြိယာအဖြစ်ပြထားပြီး (၁) ရေ သို့မဟုတ် အရည်တစ်ခုခုနှင့်တွေ့ထိသဖြင့် ရေ၏သတ္တိ၊ အရည်၏ သတ္တိကူးစက်နေသည်။ စွတ်သည်။ (၂) လန်းဆန်းသစ်လွင်သော အရောင် ရှိသည်ဟု အနက်ဖော်ထားပါသည်။ မြန်မာအဘိဓာန် အကျဉ်းချုပ်တွင်မူ "စို" ကို နာမဝိသေသနအဖြစ်ဖော်ပြထားပြီး "(၁) ရေ သို့မဟုတ် အရည် စွဲဝင်တည်ရှိသော၊ စိုစွတ်သော၊ (၂) လန်းဆန်းသစ်လွင်သည့် အရောင်ရှိသော"ဟု အနက်ပေးထားပါသည်။

ထားဝယ်စကား၌ "စို"ကို ရေ၊ အရည်တို့နှင့် တွဲ၍ အသုံးနည်းပါသည်။ ဆေးရောင်စို၊ အခမ်းအနားစို၊ မြို့ရွာစိုစသည်ဖြင့် အရောင်အဆင်း အဆင်အပြင် လန်းဆတ်သည့် အဓိပ္ပာယ်နှင့် စည်ကားသည့် အဓိပ္ပာယ်တို့တွင်သာ သုံးလေ့ရှိပါသည်။ အရာဝတ္ထုတစ်ခုခုကို 'ရေစိုသည်' ဟု သုံးလေ့မရှိပါ။ "ရေစွက်ဟယ်" သို့မဟုတ် 'ရေရွဲဟယ်' ဟုသာ ပြောလေ့ရှိပါသည်။ ဥပမာ- "အင်္ကျီရေစို"အစား 'အန်းဂီရေစွတ်' (အင်္ကျီရေစွတ်)ဟု ပြောပါသည်။ ယခုအခါ လူငယ်များက ထားဝယ်စကားထဲတွင် မြန်မာစကားသံများ၊ စကားအသုံးများ ညှပ်၍ ပြောလာကြသဖြင့် တစ်ခါတစ်ရံတွင် အင်္ကျီရေစိုသံကို ကြားနေကြရပါပြီ။



ယုဒသန်မြန်မာ-အင်္ဂလိပ် အဘိဓာန်တွင် "စို"၏ အဓိပ္ပာယ်ကို to be wet, comp. စွတ်; sometimes has the same meaning as စည်၊ e.g., မြို့စိုသည်။ ရွာစိုသည်။ ပွဲသဘင်စိုသည်။ opposed to ခြောက်ကပ်၊ မိုးစိုသောကြောင့် အဝတ်များ စေးနေသည်ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။

'စွတ်'၏ အဓိပ္ပာယ်ကို တက္ကသိုလ်မြန်မာအဘိဓာန်တွင် ကြိယာအဖြစ် ပြပြီး 'ရေသို့မဟုတ် အရည်ဖြင့် စိုသည်'ဟု ဖော်ပြထားပြီး မြန်မာအဘိဓာန်အကျဉ်းချုပ်တွင်မူ 'နာမဝိသေသန'အဖြစ် ပြထားပြီး 'ရေသို့မဟုတ်အရည်ဖြင့်စိုသော'ဟု အနက်ဖွင့်ပြထားသည်ကို တွေ့ရပါသည်။

ယုဒသန်မြန်မာ-အင်္ဂလိပ်အဘိဓာန်တွင်လည်း "စွတ်"၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်များပါ ဖွင့်ဆိုချက်အတိုင်းပင် တွေ့ရသဖြင့် စိုနှင့်စွတ်သည် တစ်ခုနှင့်တစ်ခု အစားထိုးလဲလှယ်သုံး၍ မဖြစ်သော ဝေါဟာရများဖြစ်သည်ကို တွေ့ရပါသည်။

ရှေးသုံးများ၌ 'စို'အသုံးကို ဤသို့တွေ့ရပါသည်။ "ရွှေဖျင်းမင်းပျို၊ သိုးသင်္ဂီနှင့်၊ ညီအစ်ကိုကို၊ ဆီစိုဂွမ်းလိုလွမ်းရစ်တော့လေ။" (မဟာဂီတအသစ်-စာ-၁၈၀) "ဖုန်းရည်တောင်စာ၊ ရုပ်ဆင်းဝါသို့ နီလာမှည့်စို၊ မြကျောက်ညိုလျှင်" (သုဝဏ္ဏသျှံသစ္စာခန်းပျို့၊ အပိုဒ်-၅၂)

ရှေးသုံးများ၌ 'စွတ်'ကို ဤသို့တွေ့ရပါသည်။ "ဗိုလ်ပါပရိသတ်၊ မစွတ်မိုးလေ၊ နေလည်းမပူ၊ မြူလည်းမကပ်" (ပြာဋိဟာခန်းပျို့အပိုဒ် ၇၆) "အဝတ်စွတ်ကိုလဲ၍၊ အဝတ်ခြောက်ကို ဝတ်ရသည်။ "မှန်နန်းရာဇဝင်တော်ကြီး၊ ဒုတွဲ၊ စာ-၃၁၅) "ရွှမ်းရွှမ်းစွတ်အောင် ရေပတ်ရဖိ" (မှန်နန်းရာဇဝင်တော်ကြီး၊ ပတွဲ၊ စာ-၃၈၁) "ဆင်းရဲပူသည်၊ နေပူမိုးစွတ်၊ ရှင်းရှင်းလွတ်လျှက်။" (ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့ အပိုဒ် ၆၇)

ယနေ့မြန်မာစကား၊ စာအသုံးများတွင် 'စို'ကို ရေ၊ အရည်တို့

www.mmnetlibrary.com PDF Created by Bobo Zaw

နှင့် တွဲ၍ အသုံးများလှသော်လည်း အခမ်းအနားစို၊ မြို့ရွာစို၊ ဆေးရောင်စို စသည့်အသုံးများမရှိသလောက်ပင် ဖြစ်ပါသည်။ ထို့အတူ 'စွတ်'ကိုလည်း ရေ၊ အရည်တို့နှင့်တွဲ၍ သုံးသည်ကို တွေ့ရခဲလှပါသည်။

ထားဝယ်စကား၌ 'စွတ်နှင့်ရွှဲ'ကို ရေ၊ အရည်တို့နှင့် တွဲ၍ 'စို'နေရာတွင်သုံး၍၊ 'စို'ကိုမူ ဆေးရောင်၊ အခမ်းအနား၊ မြို့ရွာတို့နှင့်တွဲ၍ စိုပြည်လန်းဆတ်သည့် အဓိပ္ပာယ်ဖြင့် သုံးသည်ကို တွေ့ရပါသည်။ ထားဝယ်စကား၏ ထူးခြားချက်တစ်ရပ်ပင် ဖြစ်ပါသည်။

<u>တင်းနှင့်တောင်း</u>။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'တင်း'၏ အဓိပ္ပာယ်ကို (၁) တစ်ဆယ့်ခြောက်ပြည်ဝင်သော တောင်း (၂) တစ်ဆယ့်ခြောက်ပြည်ရှိသောပမာဏ ဟုလည်းကောင်း 'တောင်း' ၏ အဓိပ္ပာယ်ကို (၁) ဝါးနှီးစသည်ဖြင့် ယက်လုပ်သော ထည့်စရာ (၂) တစ်ဆယ့်ခြောက်ပြည်ဝင်သော အခြင်အတွယ်ပမာဏဟုလည်းကောင်း ဖော်ပြထားပါသည်။ သို့ဖြစ်ရာ 'တင်း'နှင့်'တောင်း'သည် အနက်ရိပ် စဉ်းငယ် ကွဲပြားမှု ရှိသည်ဟုဆိုနိုင်ပါသည်။

ထားဝယ်စကား၌ 'တင်း' အသုံး လုံးဝမရှိပါ။ မလျှော့သည့် အဓိပ္ပာယ်ဖြင့်သုံးလျှင်လည်း ထားဝယ်အသံဖြင့် 'တန်း'ဟုသာ ပြောပါသည်။ 'ဆန်တစ်တင်းဟုမပြော၊ ဆန်တဒေါ်န်း (ဆန်တစ်တောင်း)ဟုသာ ပြောပါသည်။ တင်းနှင့်တောင်းတို့၏ ဗျုပ္ပတ်ရင်းမြစ်ကို လေ့လာကြည့်သော အခါတွင်လည်း 'တောင်း'သည် 'တင်း'ထက်စော၍ ပေါ်သောဝေါဟာရ ဖြစ်သည်ကို တွေ့ရပါသည်။ မြန်မာ 'တောင်း'သည် ထားဝယ်အသံထွက် 'တောန်း' ဖြစ်သည်ကို ဤစာတမ်းပထမပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

''တောင်း'' (တောန်း) ရေးအသုံးကို ''ထားဝယ်စကား၌ တွေ့ရသော အသုံးတိမ်ဝေါဟာရနှင့် ပေါရာဏများ''အခန်းတွင် ရှုပါ။

<u>နက်နှင့်မည်း (မဲ)</u> မြန်မာစကား၊ စာအသုံးအနှုန်းတို့တွင် 'နက်' နှင့်'မည်း'ကို အရောင်အသွေးသဘော အဓိပ္ပာယ်ဖြင့် လက်ခုပ်လက်ဝါး



အလဲအလှယ်သုံးသည်ကို တွေ့ရပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ''နက်''နှင့် ''မည်း''တို့ကို နာမဝိသေသနများအဖြစ် ပြပြီး 'နက်'၏ အဓိပ္ပာယ်ကို '(၁) မီးသွေး အရောင်ဖြစ်သော၊ မည်းသော (၂) မျက်နှာပြင်အောက်သို့ နိမ့်ဆင်းသော' ဟု နှစ်မျိုးခွဲပြပါသည်။ 'မည်း'၏ အဓိပ္ပာယ်ကို '(၁) ကျီးကန်း အဆင်းကဲ့သို့ရှိသော၊ ယင်းအရောင်ဘက်သို့သန်းသော (၂) မှောင်ရိပ်ထိုးသော'ဟု ပြထားပါသည်။ 'အနက်'ကို နာမ်အဖြစ် အနက်ဖော်ရာ၌ 'တွင်းခေါင်း'၊ လိုဏ်ခေါင်းစသည်တို့၏ နက်ရှိုင်းခြင်း။ ယင်းသို့ နက်ရှိုင်းသည့်ပမာဏ ဟုလည်းကောင်း ဖော်ပြထားပါသည်။ 'အမည်း'ကို နာမ် အဖြစ် အဓိပ္ပာယ်ဖွင့်ပြရာ၌လည်း 'ကျီးကန်း၊ မီးသွေးတို့၏ အဆင်းကဲ့သို့သော အရောင်၊ အနက်၊'ဟု ဖော်ပြထားပါသည်။

ယုဒသန် မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင်လည်း 'နက်' နှင့် 'မည်း'(အနက်နှင့်အမည်း)ကို အထက်က အလားတူပင် အဓိပ္ပာယ် ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

သို့ဖြစ်ရာ 'နက်'နှင့်'မည်း'သည် အရောင်အသွေးသဘော အဓိပ္ပာယ်အားဖြင့် ကြောင်းတူသံကွဲဟု ယူသော် ရမည်ဖြစ်ပါသည်။ သို့ရာတွင် 'နက်'သည် 'ရေနက်၊ တွင်းနက်၊ အစူးနက်၊ အဝင်နက်၊ အတွေးနက်၊ အဓိပ္ပာယ်နက်ဆိုသည်တို့၌ 'နက်'ပုဒ်သည် စူးဝင်၊ စောက်၊ ရှိုင်း၊ အတွင်းသို့သော်လည်းကောင်း၊ အောက်သို့သော် လည်းကောင်း ပေါက်ရောက်၊ ဟောဖြစ်သည်'[၁] ဟု ဆိုထားသည်ကို သတိပြုမိပါသည်။

ထားဝယ်စကား၌ မည်း (မဲ) တစ်လုံးတည်းကိုသာ အရောင် အသွေး သဘော အဓိပ္ပာယ်ဖြင့် သုံးပါသည်။ 'နက်'ကို စောက်နက်သည် အဓိပ္ပာယ်ဖြင့်သာ သုံးပါသည်။ အဓိပ္ပာယ်နှစ်မျိုးနှစ်စား ကွဲပြားသည့် 'နက်'အစား အဓိပ္ပာယ်မပြားသည့် 'မည်း'ကိုသာ ခွဲခြားသုံးသည်ဟု

၁။ မြန်မာစကား၊ အဖွင့်ကျမ်း၊ ဖြည့်စွက်တွဲ၊ စာ – ၂၃၆၊

www.mmnetlibrary.com PDF Created by Bobo Zaw

ယူနိုင်ပါသည်။ ဥပမာ– 'ခွေးနက်'အစား 'ခွီးမဲ'၊ 'မှင်နက်'အစား 'မှန်ရယ်မဲ'ဟု ပြောပါသည်။ 'နက်'ကိုမူ အရောင်အသွေး အဓိပ္ပာယ်ဖြင့် လုံးဝ အသုံးမရှိသော်လည်း စောက်နက်၊ နက်ရှိုင်း၊ နက်နဲအဓိပ္ပာယ်ဖြင့် သုံးသည်များ ရှိပါသည်။ ဥပမာ– 'ပင်လယ်ရေနက်ပိုင်း'ကို ထားဝယ်စကားဖြင့် 'ပန်လယ်ရေနတ်ပိုင်း' ဟု ပြောပါသည်၊ 'လေးနက်'ကို 'လေးနတ်'ဟု ပြောပါသည်။ မြန်မာစကား 'ခွေး'ကို ထားဝယ်က 'ခွီး' ထွက်၍ 'နက်'ကို 'နတ်'ဟု အသံထွက်ကြောင်း စာတမ်းပထမပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်၊

ပူနှင့်အိုက် မြန်မာစကား စာအရေးအသားတို့၌ 'ပူ'နှင့် 'အိုက်'ကို တစ်လုံးစီခွဲ၍လည်းကောင်း 'ပူအိုက်'ဟု နှစ်လုံးတွဲ၍လည်းကောင်း သုံးပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'ပူ'၏ အဓိပ္ပာယ်ကို (၁) လောင်ရှိန်ရှိသော (၂) စပ်၍ အခိုးပြင်းသောဟု ပြထားသည့်အပြင် စိတ်တွင် ဆင်းရဲစွာခံစားရသော'ဟုလည်းကောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ 'ပူ'သည် ကိုယ်ခန္ဓာရုပ်ဝတ္ထုတို့နှင့်သာမက စိတ်ခံစားမှုနှင့်ပါ အကျုံးဝင်သော အဓိပ္ပာယ်ရှိသည်ဟု ဆိုရပါမည်။ 'အိုက်'၏ အဓိပ္ပာယ်ကိုမူ 'အပူငွေ့ကို ခံစားရသော' 'အပူငွေ့လှောင်ပိတ်သဖြင့် နွမ်းနယ်သော'ဟု ပြပါသည်။

ယုဒသန်မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင် 'ပူ'၏အဓိပ္ပာယ်ကို to be hot; more than နွေး; to be troubled in body or mind, distressed or harassed; same as ပူပန်စသည်ဖြင့်ပြပါသည်၊ 'အိုက်'၏ အဓိပ္ပာယ်ကို to feel warm; to feel close, as the atmosphere within a house or building, or confined space စသည်ဖြင့်ပြပြီး စာစကားမဟုတ်သော အရပ်စကားအသုံးဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။



ထားဝယ်စကား၌ 'ပူ'တစ်လုံးတည်းသာ အသုံးတွင်ပါသည်။ 'အိုက်'အသုံးမရှိပါ။ ယခုအခါ လူငယ်တချို့၏ 'ပူလိုက်အိုက်လိုက်တာ' ဟူသော စကားကို တစ်ခါတစ်ရံကြားနေရပါပြီ။ ရှေးသုံးများ၌မူ 'ပူ'ကို ဖော်ပြ၍ မကုန်နိုင်လောက်အောင် တွေ့ရသော်လည်း 'အိုက်'ကိုမူ မတွေ့ရသလောက်ပင် ဖြစ်ပါသည်။ သက်တမ်းရှည်လှပြီဖြစ်သော 'ပူ'ကိုသာ သုံး၍ နောက်ပေါ် 'အိုက်'ကို မသုံးသော ထားဝယ်စကားသည် ရှေးထုံးကို မပယ်သေးသည့် သဘောဟု ယူနိုင်မည်ထင်ပါသည်။

ပိုက်နှင့်ပွေ့၊ မြန်မာစကား၊ စာအရေးအသားတို့တွင် တစ်လုံးစီခွဲ၍ သုံးခြင်းရှိသကဲ့သို့ နှစ်လုံးတွဲအသုံး (ပိုက်ပွေ့၊ ပွေ့ပိုက်)တို့လည်း တွင်လှပါသည်၊ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'ပိုက်'ကို ကြိယာအဖြစ်ဤသို့အဓိပ္ပာယ်ဖွင့်ဆိုပြထားပါသည်။ (၁) ရင်နှင့်မေးကပ်၍ ထိန်းပွေ့ကိုင်ထားသည်။ (၂) (ခါးပိုက်တွင်) ထုပ်ပိုးသည်။ (၃) မွေ့လျော်သည်။ (ကိန်းပိုက်၊ ပျော်ပိုက်၊ နေပိုက်၊ ရွှင်ပိုက် စသည် အသုံးရှိသည်)။ (၄) သိမ်းသွင်းမှတ်ယူသည်။ ရမိသည် (နှလုံးပိုက်၊ သဘောပိုက်ဟူ၍ အသုံးရှိသည်)။ ''ပွေ့''၏ အဓိပ္ပာယ်ကို သိမ်းကျုံးထွေးပိုက်သည်ဟု ပြပါသည်။

ယုဒသန်မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင် 'ပိုက်'၏ အဓိပ္ပာယ်ကို to hold in the arms, to hug, implying that the person or thing is taken up in the arms; comp, ဘက်(ဖက်), and ပွေ့; to put into fold of the waist cloth ခါးပိုက်မှာပိုက်သည်။ 'အကလေးကို ပိုက်ထားလိုက်ပါ'ဟု ပြထားပြီး 'ပွေ့'၏အဓိပ္ပာယ်ကို to support on one or both arms ကောက်လှိုင်းတစ်ပွေ့, an armful of paddy sheaves; ထင်းတစ်ပွေ့ an armful of fagots ဟု ဖော်ပြထားပါသည်၊ အဘိဓာန်များ၏ ဖွင့်ဆိုချက်များကို ကြည့်လျှင် ပိုက်နှင့်ပွေ့သည် ကြောင်းတူ သံကွဲမဟုတ်သည်မှာ သေချာလှပါသည်။

ရှေးသုံးများကို လက်လှမ်းမီသမျှ ခြေရာခံကြည့်သောအခါ

www.mmnetlibrary.com PDF Created by Bobo Zaw

မြန်မာသက္ကရာဇ် ၈၄၂ ခု မတိုင်မီကာလတွင် 'ပွေ့'ကိုမတွေ့ရဘဲ 'ပိုက်' ကိုသာ တွေ့ရပါသည်။ 'ပွေ့'အသုံးကိုမူ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်မှ နောက်ပိုင်းကာလအရေးအသားများတွင် တွေ့ရသော်လည်း အချို့မှာ 'ပိုက်၊ ဖက်'တို့နှင့် တွဲ၍ သုံးသည်ကိုတွေ့ရပါသည်။ ဥပမာ– ''လေမွှေ့ရာ ကြာခြည်ထက်မှာလ၊ ဖေပွေ့ကာသာ မှီရက်ကယ်နှင့်၊ ဘုန်းစက်မပျော်'' (အချုပ်တန်း ဆရာဖေ၏ ပုလဲသီချင်းမှ) ''အထိန်းတော် ပဘာဝတီ မင်းသမီးလည်း သားတော်ကိုပွေ့၍ မြပုခက်ထဲသို့ထည့်စေ'' (လှိုင်ထိပ် ခေါင်တင်၏ ကုဿာဝံသပြဇာတ်မှ) ''သားကို ပိုက်လျက်၊ ပွေ့ကာရယ် ဖက်လို့ စက်တော်ခေါ်သည်အတွက်ကယ်ကြောင့် ပိုက်ဖက်ပွေ့ချီ၊ သား ဖော့ပန်းကို၊ မနမ်းပြီဘူး'' (ဆတိုင်မှူးတ်ဦးကူး၏ ဗုဒ္ဓဝင် ပြဇာတ်မှ)

ထားဝယ်စကား၌ ယနေ့အထိ 'ပွေ့'အသုံး လုံးဝမရှိဘဲ 'ပိုက်'ကို သာ သုံးလေ့ရှိပါသည်။ ရှေးကျသော 'ပိုက်'ကိုသာ ဖက်တွယ်ထားဆဲ ဖြစ်သည်ဟု ဆိုရမည်လားမသိပါ။

ပန်းနှင့်မော မြန်မာအပြောစကားနှင့် အရေးအသား နှစ်ခုလုံး တွင် 'မော'တစ်လုံးတည်းအသုံးနှင့် 'မောပန်း'နှစ်လုံးတွဲ အသုံးများ လှပါသည်။ 'ပန်း'တစ်လုံးတည်းကို 'မော'အဓိပ္ပာယ်ဖြင့် သုံးသည်ကို တွေ့ရခဲလှပါသည်။ 'ပင်ပန်း' ကိုကား မကြာခဏ ကြားရမြင်ရတတ် ပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'ပန်း'၏အဓိပ္ပာယ်ကို ဖော်ပြ ထားရာ၌ ''နွမ်းနယ်သည်။ အလုပ်ကို အားသွန်လုပ်ကိုင်ပြီးနောက် အား ကုန်ခမ်းသည်''ဟု ဆိုထားပြီး ''မော''၏ အဓိပ္ပာယ်ကို ''ကိုယ်စိတ် ပင်ပန်း၍ အားအင်ကုန်ခန်းမှု''ဟု ဖော်ပြထားပါသည်။ ''မောပန်း''၏ အဓိပ္ပာယ်ကိုမူ ''ကိုယ်စိတ်လှုပ်ရှားမှု၊ အားထုတ်မှုကြောင့် နွမ်းနယ်ခြင်း ဖြစ်သည်''ဟု ဖွင့်ဆိုထားပါသည်။

ယုဒသန်မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင် 'ပန်း'၏ အဓိပ္ပာယ်



ဖွင့်ဆိုချက်သည် မြန်မာအဘိဓာန် အကျဉ်းချုပ်မှ ဖွင့်ဆိုချက်နှင့် တူသော် လည်း 'ပန်း'သည်'မော'ထက်ပိုသည် (more than မော) ဟု ထပ်ဆင့် ဖော်ပြထားသည်ကို တွေ့ရပါသည်။ 'မော'ကိုလည်း 'ပန်း'နှင့် အတူတူပင် အနက်ဖော်ထားပြီး ''သည်တောင်တက်ရသည်မှာ တယ်မောသည်။ လူနာတယ်မောတယ် တာရှည်ခံနိုင်မည်မထင်ပါ''ဟု ဥပမာပေးထားပါ သည်။ 'ပန်းမော'သည်'ပန်း'နှင့်လည်းကောင်း၊ 'မောပန်း'သည် 'မော'နှင့် လည်းကောင်း အဓိပ္ပာယ်တူသည်ဟု ဖော်ပြထားသည်။

ရှေးစာများတွင်လည်း 'ပန်း'ကိုသာ တွေ့ရများပါသည်။ ရှေး ကျလာလေလေ 'မော'အသုံးကို တွေ့ရနည်းလာလေလေ ဖြစ်ပါသည်။

ထားဝယ်စကား၌ 'အယစ်မော' ဟုဆိုလျှင် မြန်မာစကား 'အရက်မူး'ဖြစ်ပါသည်။ ယင်း 'မော' မှ အပ အခြားနေရာများတွင် 'မော'ကို လုံးဝသုံးလေ့မရှိပါ။ 'ပန်း'ကိုသာသုံးပါသည်။

ကျောက်စာဝန်ဟောင်း ဆရာကြီး ဦးဖိုးလတ်ကလည်း 'မော၊ မော်'တို့၏ အနက်သည် 'မူးခြင်း'ပင် ဖြစ်၍ 'မော၊ မော်'မှ 'မူး'သို့ ပြောင်းလဲနိုင်ကြောင်း ဆိုခဲ့ပါသည်။[၁] ဤတွင်လည်း 'အရက်မူး'အစား 'အယစ်မော'ဟု ပြောသော ထားဝယ်စကားအသုံးက ပို၍ ရင်းမြစ်ကျ သည်ဟု ယူသော်ရနိုင်ကောင်းပါသည်။

ပြောင်နှင့်လှောင် (ထားဝယ်=ပျောန်–နှ–လှောန်) မြန်မာစကား၊ စာအရေးအသားတို့တွင် ပြောင်နှင့်လှောင်ကို တစ်လုံးစီခွဲ၍လည်းကောင်း၊ နှစ်လုံးတွဲ၍လည်းကောင်း သုံးလေ့ရှိပါသည်။ မြန်မာအဘိဓာန် အကျဉ်းချုပ် တွင် ''ပြောင်''၏ အဓိပ္ပာယ်ကို ''လှောင်သရော်သည်''ဟု ပြပါသည်။ ''လှောင်''ကို ''ပြက်ရယ်နောက်ပြောင်ပြောဆိုသည်။ အရှက်ရအောင် သရော်သည်''ဟု ဖော်ပြပြီး ''ပြောင်လှောင်''၏အဓိပ္ပာယ်ကိုမူ ''သူတစ်ပါး

---

၁။ မြန်မာစကားအဖွင့်ကျမ်း ပထမတွဲ၊ စာ–၁၀၄

www.mmnetlibrary.com PDF Created by Bobo Zaw

မခံချိစေရန် သရော်ကျီစယ်သည်''ဟု ပြပါသည်။ မြန်မာစကားနှင့် စာအရေးသားတို့၌ ''ပြောင်နှင့်လျောင်''ကို အဘိဓာန်ပါ အဓိပ္ပာယ် ဖွင့်ဆိုချက်များအတိုင်း လက်ခုပ်လက်ဝါးသုံးကြပါသည်။

ယုဒသန်မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင်မူ 'ပြောင်'၏ အဓိပ္ပာယ်ကို ဖော်ပြရာ၌ မြန်မာ အဘိဓာန်အကျဉ်းချုပ်ပါ ဖွင့်ဆိုချက်များနှင့် တူညီသော ဖွင့်ဆိုချက်များအပြင် "to speak and act without regard to the feelings of another; to be shame less, bragen faced, မျက်နှာပြောင်တိုက်; to joke, to be droll, comical in behavior; သည်လူ အလွန်မျက်နှာပြောင်သည်။ အရှက်အကြောက်အလွန်နည်းသည်။ လူပြောင် စသည်ဖြင့် အသေးစိတ် အနက်ဖွင့်ပြထားသည်ကို တွေ့ရပါသည်။ ''လျောင်''၏ အဓိပ္ပာယ်ကိုလည်း to be rude, saucy, impertinent, to banter, ဆော့၊ တယ် လျောင်တတ်ပြောင်တတ်သည့်လူ၊ လူထဲမှာ မလျောင်ပါနှင့်'' ဟု ဖော်ပြထားပါသည်။

ထားဝယ်စကား၌ ''ပြောင်''(တိရစ္ဆာန်) ''ပြောင်လက်'' (အရောင်) ''ပြောင်ပြောင်'' (ဖြောင်ပြော) ''မျက်နှာပြောင်တိုက်'' (မျက်နှာဖြောင်တိုက်) ''လူပြောင်လူနောက်'' (လူဖြောင် လူနောက်) စသည်တို့တွင်မှအပ အခြားနေရာများ၌ သုံးလေ့မရှိပါ။ ထားဝယ်စကားအသုံး၌ 'နောက်ပြောင်' 'ပြောင်လျောင်' 'လျောင်ပြောင်' တို့ကိုလည်း သုံးလေ့မရှိပါ။ 'လျောင်'ကိုမူ သူတစ်ပါး မခံချိစေရန် သရော်ကျီစယ်သည့် အဓိပ္ပာယ်ဖြင့်သာ သုံးပါသည်။

မြန်မာ'ပြောင်'သည် ထားဝယ်အသံထွက် 'ပျောန်' ဖြစ်၍ မြန်မာ 'ဖြောင်'သည် 'ဗျောန်' ဖြစ်ပြီး 'လျောင်'သည် 'လျောန်' ဖြစ်သည်ကို ဤစာတမ်းပထမပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

မူးနှင့်ဝေ မြန်မာစကားနှင့် အရေးအသားနှစ်ခုစလုံးတွင် မူးနှင့်ဝေကို တစ်လုံးစီခွဲ၍ လည်းကောင်း 'မူးဝေ'ဟု နှစ်လုံးတွဲ၍လည်းကောင်း



သုံးကြသည်ကို တွေ့ရပါသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'မူး'၏ အဓိပ္ပာယ်ကို (၁) ''အာရုံမပြတ်မသားဖြစ်ကာ သိဝေမှုကို ခံစားရသည်။ (၂) အရက်သေစာ စသည်သောက်စားမှုကြောင့် ရီဝေယိုင်နဲ့သည်''ဟု ဖော်ပြပါသည်။ 'ဝေ'၏ အဓိပ္ပာယ်ကို ''အာရုံသတိ ကြည်လင် ပြတ်သားမှုမရှိ၊ မှုန်မှိုင်းသည်''ဟု ဖော်ပြထားပါသည်။

ယုဒသန်မြန်မာ–အင်္ဂလိပ် အဘိဓာန်ကလည်း အလားတူပင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ အဘိဓာန်များ၏ အနက်ဖွင့်ဆိုချက်အရဆိုလျှင် 'မူး'နှင့်'ဝေ'တို့သည် အနက်အားဖြင့် တစ်ခုနှင့်တစ်ခု သိုးဂဲသီကာမျှ ကွဲပြားမှုရှိသည်ဟု ဆိုနိုင်ပါသည်။

ရှေးသုံးများတွင် ခြေရာခံကြည့်သောအခါ 'မူး'ကို တွေ့ရခဲပြီး 'ဝေ'ကိုသာ အများဆုံးတွေ့ခဲ့ရပါသည်။ စာတမ်းရှင်အနေဖြင့် လေ့လာမှုနှံ့စပ်မှု မရှိသေး၍လည်း ဖြစ်နိုင်သည်ဟု ဝန်ခံလိုပါသည်။

ထားဝယ်စကား၌ ''မူး'' အစား ''ဝေ''ကိုသာ သုံးလေ့ရှိပါသည်။ ''ခေါင်းမူး''အစား ''ခေါင်းဝေ'' (ခေါန်းဝေ) သို့မဟုတ် ''ခေါင်းအုံ'' (ခေါန်းအောင်)ဟုသာ ပြောလေ့ရှိပါသည်။ မြန်မာစကား၌ အရက်သေစာသောက်စားမှုကြောင့် ရီဝေသည်ကို ''မူး''ဟု သုံးသကဲ့သို့ မသောက်မစားရဘဲနှင့် အာရုံမပြတ်မသားခံစားမှုကိုလည်း ''မူး''ပင်သုံးသည်ကို သတိပြုမိပါသည်။ ထားဝယ်စကား၌မူ ''မော''နှင့်''ဝေ''ဟု အဓိပ္ပာယ်တစ်မျိုးစီခွဲ၍ သုံးသည်ကို တွေ့ရမည်ဖြစ်ပါသည်။

မှောင်နှင့်မိုက် မြန်မာစကားအပြောနှင့် အရေးအသား အားလုံးတွင် 'မှောင်'နှင့်'မိုက်'ကို တစ်လုံးစီခွဲ၍တစ်မျိုး နှစ်လုံးတွဲ၍တစ်ဖုံ အသုံးတွင်လှပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'မှောင်'၏ အဓိပ္ပာယ်ကို 'အလင်းရောင်ကင်းသော'ဟု ပေးထားပြီး ''မိုက်''၏အဓိပ္ပာယ်ကိုလည်း ''အလင်းရောင်ကင်းမဲ့သော''ဟုပင် အနက်ပေးထားပါသည်။ ကြောင်းတူ

www.mmnetlibrary.com PDF Created by Bobo Zaw

သံကွဲအဖြစ် လက်ခုပ်လက်ဝါးအလဲအလှယ်သုံးနိုင်မည်ဟု ယူဆရပါသည်။ ''မှောင်မိုက်'' ကိုမူ ''နေရောင်၊ လရောင်၊ ကြယ်ရောင်၊ အလင်းရောင် စသည်ကင်းမဲ့သော''ဟု နာမဝိသေသနအဖြစ် ဖော်ပြပါသည်။

ယုဒသန်အဘိဓာန်တွင် 'မှောင်'ကို to be very dark; more than မိုက်; and မဲ; darkness မှောင်မိုက်ဟုလည်းကောင်း၊ 'မိုက်'၏ အဓိပ္ပာယ်ကို to be dark မလင်း, မှောင်ဟုလည်းကောင်း အနက် ဖော်ထားသည်ကို တွေ့ရပါသည်။ သို့ဖြင့် 'မှောင်'သည်'မိုက်'ထက် ပို လွန်သည်ဟု နားလည်ရပါသည်။ 'မှောင်မိုက်'၏ အဓိပ္ပာယ်တွင်လည်း same as 'မှောင်'ဟု ဆိုထားသဖြင့် 'မှောင်'နှင့် အဓိပ္ပာယ်တူဟုပင် မှတ်ယူရန်ရှိပါသည်။

ထားဝယ်စကား၌ 'မှောင်'ကို သုံးလေ့သုံးထမရှိပါ။ 'မိုက်'ကိုသာ သုံးလေ့ရှိပါသည်။ ညနေပိုင်း 'မိုးချုပ်ပြီ' 'မှောင်လာပြီ'ကို ထားဝယ်စကား၌ 'မိုက်ကွလာဘီ' ဟုပြောပါသည်။ နေဝင်ရီတရော မှောင်စပျိုးချိန်ကို ထားဝယ်စကားအသုံးအရ 'မိုက်မိုက်မိုက်'ဟု 'မိုက်'သုံးလုံးဆက်၍ ပြောပါသည်။ စကား တစ်လုံးချင်းအလိုက် အနီးစပ်ဆုံးအဓိပ္ပာယ်မှာ 'မမိုက်တမိုက်' သို့မဟုတ် 'မမှောင့်တမှောင်' ဖြစ်ပါသည်။ ထားဝယ်စကား၏ ထူးခြားချက်တစ်ရပ်ဟု သတ်မှတ်ရမည်သာ ဖြစ်ပါသည်။

လူးနှင့်လိမ့် မြန်မာစကားအသုံး၊ စာအသုံးတို့၌ အလျဉ်းသင့်သလို အလဲအလှယ်သုံးလေ့ ရှိပါသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ''လူး''၏ အဓိပ္ပာယ်ကို ကိုယ်ခန္ဓာကို အခင်းပြင် တစ်စုံတစ်ရာပေါ်၌ ''ဟိုမှသည်မှ လိမ့်ကာလိမ့်ကာ လှုပ်ရှားသည်။ ဟိုဘက်သည်ဘက်သို့ ပြောင်းလဲတိမ်းယိမ်းလှုပ်ရှားသည်'' စသည်ဖြင့် ဖော်ပြပါသည်။ ''လိမ့်''၏ အဓိပ္ပာယ်ကိုမူ ''ဘောလုံး၊ သစ်သီး၊ ကျောက်တုံးစသည် လုံးပတ်ရှိသော အရာဝတ္ထုတို့ မျက်နှာပြင်ပေါ်၌လူးလည်ရွေ့လျားသည်'' ဟု ဖော်ပြထားပါသည်။



ထားဝယ်စကား၌ 'လိမ့်'အသုံးမရှိဘဲ'လူး'အသုံးသာရှိပါသည်။ ဤနေရာ၌'လိမ့်'သည် မြန်မာ စကား၊ စာအသုံး၌ အဖြစ်ကြိယာ ဖြစ်သကဲ့သို့ 'လူး'သည်လည်း ထားဝယ်စကား၌ အဖြစ်ကြိယာပင် ဖြစ်ပါသည်။ မြန်မာစကား ''မော်တော်ကားဘီး လိမ့်နေပြီ''ကို ထားဝယ်စကား၌ ''မော်တော်ကားဘီး လူးနေဘီ''ဟု ပြောပါသည်။ အပေါ်မှအောက်သို့ ''လိမ့်ကျမယ်''ကို ''လူးကွမယ်''ဟု ပြောပါသည်။

ရှေးသုံးများ၌ ''လူး''အသုံးတွင်ကျယ်လှပါသည်။ ဥပမာ– ''သဲသင်ဖြူး၌၊ လူး၍တစောင်း၊ လက်ျာလျောင်းသည်'' (သုဝဏ္ဏသျှံမြားပစ်ခန်းပျို့–အပိုဒ်၊ ၈၃) ''ရုတ်တရက်လူး၍ထစေ'' (ကုန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီး၊ ဒုတိယတွဲ၊ စာ–၂၄၃)

လူးနှင့်လိမ်း ယခုတင်ပြသည့် ''လူး''မှာ ရှေ့က ဖော်ပြခဲ့သည့် ''လူး''နှင့် အဓိပ္ပာယ်လုံးဝမတူသော ''လူး''ဖြစ်ပါသည်။ သံတူကြောင်းကွဲ ဖြစ်ပါသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ''တစ်စုံတစ်ခုသော ဝတ္ထုကို အမှုန့်သို့မဟုတ် အရည်ပျစ်စသည် အပျံ့အနှံ့ပေကျန်အောင် လိမ့်လှည့်လှုပ်ရှား၍ ဖြစ်စေ ပွတ်သပ်၍ဖြစ်စေ သုတ်လိမ်းသည်။'' (သနပ်ခါးလူး၊ ပေါင်ဒါလူး၊ ဆေးလူး၊ ဆားလူး၊ ဖုတ်လူး၊ ရွှေရည်လူး၊ အဆိပ်လူး၊ ရွှံ့လူး စသည်ဖြင့် အသုံးရှိသည်။)ဟု အနက်ဖွင့် ဖော်ပြထားပါသည်။ ရှေ့တွင်ဖော်ပြခဲ့သည့် ''လူးနှင့်လိမ့်''မှာ အဖြစ်ကြိယာများ ဖြစ်သော်လည်း ယခုတင်ပြသည့် ''လူးနှင့်လိမ်း''မှာ အပြုကြိယာများ ဖြစ်ကြသည်ကို သတိထားမိပါသည်။

ဆရာကြီး ဦးဖိုးလတ်ကလည်း ''လိမ်း''၏ အနက်သည် လူးခြင်း၊ လိမ့်ခြင်း အဟောပင် ဖြစ်သည်ဟု အဆိုအမိန့်ပြုခဲ့ပါသည်။[၁]

ထားဝယ်စကား၌ ''လူး''သည်''လိမ်း''အစား နေရာယူလျက်

---

၁။ မြန်မာစကားအဖွင့်ကျမ်း ဒုတိယတွဲ၊ စာ–၃၁၄

www.mmnetlibrary.com PDF Created by Bobo Zaw

ရှိပါသည်။ အဘိဓာန်များမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်းပင် ''ဆေးလူး'' ''သနပ်ခါးလူး''စသည်ဖြင့် သုံးနှုန်းပြောဆိုလျက်ရှိပါသည်။ ''လိမ်း''အသုံး လုံးဝမရှိဟု ဆိုရပါမည်။ ရှေးသုံးများတွင်လည်း ယခု ''လူး''သည်''လိမ်း'' ထက် အသုံးတွင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

လျှုးနှင့်လိမ့် မြန်မာစကားနှင့်အရေးအသားတို့တွင် ''လိမ့်''ကိုသာ တွေ့ရပါသည်။ ''လျှုး''ကို မတွေ့ရဖူးပါ။ အဘိဓာန်များတွင်လည်း ''လျှုး''ကို မတွေ့ရပါ။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'လိမ့်' ၏ အဓိပ္ပာယ်ကို ''အပြင်တစ်ခုခုပေါ်၌ လိမ့်အောင်ပြုသည်၊ လိမ့်စေသည်''ဟု အနက်ပေးထားပါသည်။

ထားဝယ်စကားအသုံး၌ ''လိမ့်''အသုံးမရှိသကဲ့သို့ ''လိမ့်''အသုံးလည်း လုံးဝမရှိပါ။ ''လိမ့်'' အစား ''လူး''ကိုသာ သုံးပါသည်။ ''လိမ့်'' အစား ''လျှုး''ကိုသာ သုံးပါသည်။ လျှုး၏ အဓိပ္ပာယ်မှာ ''လူးအောင်ပြုသည်၊ လူးစေသည်''ဟု ဖြစ်၍ ''လိမ့်''ကဲ့သို့ပင် အပြုကြိယာဖြစ်ပါသည်။ (လူးနှင့် လိမ့်ကို ပြန်ကြည့်နိုင်ပါသည်)။ မြန်မာက ''ခွေလိမ့်ကစားနေတယ်'' ကို ထားဝယ်စကားဖြင့် ''ဂွမ်းလျှုး ကာစားနေဟှယ်'' ဖြစ်ပါသည် (ဂွမ်းကိုဂွန်းဟု မဖတ်ရပါ။ 'ခွေ'ကို'ဂွမ်း'၊ 'ကစား'ကို'ကာစား' ဖြစ်နေသည်ကိုလည်း သတိပြုဖွယ်ဖြစ်ပါသည်)။ 'လျှုး'သည် ရှေးသုံးရော ယနေ့ခေတ်သုံး မြန်မာစကား၊ စာအရေးအသားတို့တွင် မတွေ့ရသေးသော ဝေါဟာရဖြစ်၍ ဆက်လက်လေ့လာရှာဖွေကြရဦးမည်ဖြစ်ပါသည်။

အထက်နှင့်အပေါ်(ထက်နှင့်ပေါ်) မြန်မာစကား၊ စာအသုံးများ၌ 'အထက်'နှင့်'အပေါ်'ကို လက်ခုပ်လက်ဝါး အလဲအလှယ်သုံးကြပါသည်။ ''တိုက်အပေါ်ထပ်''သည် မြင့်သောနေရာကို ညွှန်းသကဲ့သို့ ''အထက်မိုးကောင်းကင်'သည်လည်း မြင့်သောနေရာ၊ အရပ်ကိုပင် ညွှန်းဆိုပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ''အထက်''၏ အဓိပ္ပာယ်ကို



(၁) နာမ်၊ မြင့်သောနေရာ၊ အရပ်။ ကြီးမြင့်သောအဆင့် (၂) အရာဝတ္ထုတစ်ခုခုကို အုပ်မိုးနေသော နေရာ၊ အရပ်၊ အပေါ်''ဟု လည်းကောင်း ''အပေါ်''၏ အဓိပ္ပာယ်ကို ''နာမ်၊ ၁၊ 'အထက်'–နှ၊ ၂၊ နှင့် အတူတူဟု လည်းကောင်း၊ ဖော်ပြထားသည်ကို တွေ့ရခြင်းဖြင့် 'အထက်'နှင့်'အပေါ်' ကြားတွင် အနက်ရိပ်ကွာမှုမများလှဟု ယူဆရပါသည်။

ထားဝယ်စကား၌ 'အပေါ်' အသုံးမရှိဘဲ 'အထက်' အသုံးသာ ရှိပါသည်။ ''စားပွဲပေါ်မှာ''အစား ''စားပွဲထက်(ထတ်)မှာ'' ''အပေါ်ထပ်'' အစား ''အထက်(အထတ်)ထပ်''၊ ''အပေါ်စီး''အစား ''အထက် (ထတ်) စီး'' စသည်ဖြင့် ပြောပါသည်။ 'ဆက်စပ်ပတ်သက်နေသော အကြောင်းအရာ' ဟု အဓိပ္ပာယ် ရှိသော 'ငါတို့အပေါ်' စသည့်အသုံးအနှုန်းတို့တွင် ''အပေါ်''ကိုမသုံးဘဲ ''ငါတို့ကို''ဟုသာ ရိုးရိုး စင်းစင်း ပြောလေ့ရှိပါသည်။ မြန်မာ ထက်(အထက်)သည် ထားဝယ်စကား အသံထွက် 'ထတ်' (အထတ်) ဖြစ်သည်ကို ဤစာတမ်းပထမပိုင်း၌ တင်ပြခဲ့ပြီးဖြစ်ပါသည်။

အငယ်နှင့်အသေး (ငယ်နှင့်သေး) မြန်မာအသုံးအနှုန်းများ၌ ''သေးငယ်''ဟူသော နှစ်လုံးတွဲ အသုံးရှိသကဲ့သို့ 'အငယ်'နှင့်'အသေး' တစ်လုံးစီခွဲ၍ သုံးခြင်းများလည်းရှိပါသည်။ မြန်မာ အဘိဓာန် အကျဉ်းချုပ်တွင် 'ငယ်'၏ အဓိပ္ပာယ်ကို ''အရွယ်ပမာဏမကြီးသော၊ သေးသော''ဟု လည်းကောင်း၊ 'အငယ်'၏အဓိပ္ပာယ်ကို နာမ် ''(၁)ယှဉ်ဘက် တစ်စုံတစ်ရာထက် အရွယ်ပမာဏ သေးသော၊ မကြီးသောအရာ။ (၂) နုသော၊ နိမ့်သော အရွယ်၊ အသက်၊ ဝါ၊ ဂုဏ်စသည်''ဟု လည်းကောင်း ဖော်ပြပါသည်။ 'သေး'ကိုမူ နာမဝိသေသန ''(၁)အရွယ်ပမာဏအားဖြင့် ငယ်သော၊ နုပ်သော။ (၂) သဘောနုသော၊ မရင့်ကျက်သော''ဟု ဖော်ပြထားပြီး 'အသေး'၏ အဓိပ္ပာယ်တွင် နာမ်၊ ''ယှဉ်ဘက်တစ်စုံတစ်ရာထက် အရွယ်ပမာဏ မကြီးသောအရာ။ အငယ်–နှ၊ ၁၊ လည်းရှု''ဟု ဖွင့်ဆိုထားသည်ကို ထောက်၍ 'အငယ်'နှင့်'အသေး'ကို အဓိပ္ပာယ်တူ

www.mmnetlibrary.com PDF Created by Bobo Zaw

အဖြစ် မှတ်ယူနိုင်မည် ထင်ပါသည်။

ထားဝယ်စကားဖြင့် အရာဝတ္ထု၊ ပမာဏ၊ အရွယ်အစားကို ဖော်ပြရာ၌ 'ငယ်'သို့မဟုတ်'အငယ်' ကိုသာ သုံးလေ့ရှိပါသည်။ သို့ရာတွင် အသေးစိတ်၊ အသေးအဖွဲ၊ အသေးအမွှား၊ အထင်သေး စသည် တို့တွင်မူ မြန်မာတို့ကဲ့သို့ပင် ပြောဆိုရေးသားကြပါသည်။

အရပ်နှင့်အရှိုး မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'အရပ်'ကို အဓိပ္ပာယ်နှစ်မျိုးဖွင့်ဆိုပြထားပါသည်။ ပထမဖွင့်ဆိုချက်မှာ 'သက်ရှိသတ္တဝါ၏ မတ်မတ်ရပ်တည်သည့်အမြင့်၊ အိမ်ကျောင်း၊ စသည်တို့၏အမြင့်' ဖြစ်ပါသည်။ ဒုတိယဖွင့်ဆိုချက်မှာ (၁) နေရာဒေသ၊ အပိုင်းအခြား။ (၂) လူတို့စုဝေးနေထိုင်ရာရပ်ကွက်ဟူ၍ ဖြစ်ပါသည်။

ထားဝယ်စကား၌ လူတစ်ယောက်၏ 'အရပ်'အစား'အရှိုး'ကို သုံးပါသည်။ ဥပမာအားဖြင့် 'အရပ်မြင့်'ကို'အရှိုးရှယ်'ဟုပြောပါသည်။ 'အရပ်'အစား 'အရှိုး'၊ 'မြင့်'အစား 'ရှယ်' (ရှည်)သုံးသည်ကို သတိပြုဖွယ် ဖြစ်ပါသည်။ 'အရပ်မြင့်'ကို ထားဝယ်စကား ဖြင့် နောက်တစ်မျိုးပြောပါ သေးသည်။ 'အရှိုးကွန်'ဟု ဖြစ်ပါသည်။ ကွန်ကို ပုဂံခေတ်ဦးကျောက်စာ များ၌ တွေ့ရသော်လည်း ဆက်စပ်အဓိပ္ပာယ်ကောက်ယူရန် ခက်ပါသည်။ အိမ်၊ ကျောင်း အဆောက် အအုံစသည်တို့တွင်မူ 'အရပ်'ကိုလည်းမသုံး၊ 'အရှိုး'ကိုလည်းမသုံးဘဲ 'အမြင့်'(အဖြင့်)ကိုသုံးပါသည်။ 'အရပ်'ကိုမူ နေရာ ဒေသ၊ အပိုင်းအခြားအဓိပ္ပာယ်ဖြင့်သာ သုံးပါသည်။

'အရှိုး'ကိုလည်း အဓိပ္ပာယ်နှစ်မျိုးဖွင့်ပြထားပါသည်။ (၁) သတ္တဝါတို့၏ ခန္ဓာကိုယ်ရှိ အရေ၊ အသား၊ အကြောတို့၏ တည်ရာမှီရာ ဖြစ်သော မာကျောသည့် အင်္ဂါအစိတ်အပိုင်း (၂) သစ်ပင်တို့၏ အကိုင်းငယ်၊ အခက်ငယ်။ ရိုးတံ (မြန်မာအဘိဓာန်အကျဉ်းချုပ်)။

ထားဝယ်စကား၌ အသုံးပြုလျက်ရှိသော မြန်မာဝေါဟာရများမှာ ရေး၍မကုန်နိုင်အောင် များပြားလှပါသည်။ ထားဝယ်စကား၌ အသုံးပြုပုံ



ထူးခြားသော မြန်မာဝေါဟာရများကို ဖော်ပြရာ၌ ထားဝယ်တွင် နေ့စဉ် အများဆုံး ပြောဆိုလျက်ရှိသည့် စကားလုံး သို့မဟုတ် အသုံးတွင်သော စကားလုံးအချို့ကိုသာလျှင် အလျဉ်းသင့်သလို ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ ရှေ့ဆက်၍ လေ့လာ ရှာဖွေဖော်ထုတ်ရန် များစွာကျန်ရှိနေပါသေးသည်။

## (၂) ထားဝယ်စကား၌ တွေ့ရသော အသုံးတိမ်မြန်မာဝေါဟာရနှင့် ပေါရာဏများ

ဤစာတမ်း ဒုတိယပိုင်း (၁)တွင် ထားဝယ်စကား၌ အဓိပ္ပာယ် ဖွင့်ဆို အသုံးပြုပုံ ထူးခြားသော မြန်မာဝေါဟာရများကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုတင်ပြမည့် အကြောင်းအချက်များသည်လည်း ထားဝယ် စကား၏ ထူးခြားချက်တစ်ရပ်ဟုပင်ဆိုနိုင်ပါသည်။ မြန်မာစာ အရေး အသား၌သာ ကျန်ရှိ၍ အပြောစကား၌ အသုံးမတွင်တော့သော ဝေါဟာရ များ၊ အရေးအသားရော အပြောစကားတွင်ပါ လုံးဝ အသုံးမရှိတော့သော ပေါရာဏများကို ထားဝယ်စကား၌ တွေ့ရှိနေရခြင်းကလည်း ထားဝယ် စကား၏ ရှေးဆန်မှုကို သက်သေခံလျက်ရှိပါသည်။ ထားဝယ်စကား၌ အသုံးတွင်လျက်ရှိသော အသုံးတိမ် ဝေါဟာရနှင့် ပေါရာဏအချို့ကို တင်ပြပါမည်။

ကက် (ထားဝယ် = ကတ်/ဂတ်) မြန်မာအဘိဓာန် အကျဉ်းချုပ် တွင် 'ကက်'ကို 'စပါး ၆၄ တင်း ဝင်သော တောင်းကြီး'ဟု အနက်ပေး ပါသည်။ မြန်မာစကား 'စပါးကျီ'ကို ထားဝယ်က 'စပါးကတ်' (ဗားဂတ်)ဟု ခေါ်ပါသည်။

ဆရာကြီး မင်းသုဝဏ်က သူ၏ 'မဝါလွမ်းစမား'ဆောင်းပါးတွင် ကာလရှည်လျားလာသည်နှင့်အမျှ အနက်ပြန့်ကားလာသဖြင့် 'ကျီ'ကိုပင် ထားဝယ်စကား၌ 'ကတ်' (ကက်) ခေါ်ခြင်းဖြစ်တန်ရာသည်ဟု မှတ်ချက် ချခဲ့ပါသည်။ ဆရာကြီးက ဓမ္မပါလပျို့အပိုဒ် ၃၅ ပါ ''မျိုးစေ့ရိက္ခာ၊

www.mmnetlibrary.com PDF Created by Bobo Zaw

တတ်တိုင်းရှာသော်၊ အိမ်ရာပြည့်လှ၊ ခန့်တွက်ဆ၍၊ ကျီ ကြ ပုတ် ကက်၊ ချင့်တွက်တောင် တင်း၊ ရေ၍ သွင်းသော်၊ ခပင်းလူပုံ့''ကို ထုတ်နုတ်၍ အထောက်အထားပြခဲ့ပါသည်။ [၁]

ရှေးကမြန်မာစကားအသုံး၌ ကျီ၊ ကြ၊ ပုတ်၊ ကက်ဟူ၍ စပါးသိုလှောင်ရာ ၄ မျိုးရှိခဲ့ပါသည်။ ယနေ့မြန်မာစကားအသုံး၌ ကျီနှင့် ပုတ်နှစ်မျိုးသာ အသုံးတွင်သည်ကို တွေ့ရပါသည်။ ထားဝယ်စကား၌မူ ကက် (ကတ်) ကို 'ကျီ'အစား အသုံးပြုလျက်ရှိပြီး ပုတ် (ထားဝယ်စကား = ပု)ကို ထားဝယ် ကျေးလက်များ၌ အသုံးတွင်ဆဲ ဖြစ်သည်ကို တွေ့ရပါသည်။ မြန်မာစကား 'ကက်'ကို ထားဝယ် အသံထွက် ''ကတ်''၊ မြန်မာ 'ပုတ်'ကို ထားဝယ် 'ပု'ထွက်သည်ကို ဤစာတမ်းပထမပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ''ကက်''သည် ပေါရာဏစာရင်းဝင် ဖြစ်နေပါပြီ။

''ကောင်းတေ'' (ထားဝယ် = ကောန်းတေ) ယနေ့မြန်မာစကားတွင်ရော အရေးအသားတွင်ပါ လုံးဝမရှိတော့သော ဝေါဟာရဖြစ်ပါသည်။ ဆရာကြီးမင်းသုဝဏ်က ဤသို့အဆိုအမိန့်ပြုခဲ့ပါသည်။ 'ကောင်းတေ'ကို ပေါရာဏကထာတို့တွင် တွေ့ရပေသည်။ ဤဝေါဟာရကား ပုဂံ ကျောက်စာတို့တွင် စ၍ တွေ့ရသော စကားဟောင်းကြီးဖြစ်ပေသည်။ ကိုးခန်းပျို့အပိုဒ် ၁၈ တွင်လည်း ဤသို့တွေ့ရပေသေးသည်။ ''စောင့်သည့်ဣန္ဒြေ၊ ဆွမ်းရပ်ထွေသည်၊ 'ကောင်းတေ'ငြိမ့်လေးကုန်၏တည်း'' [၂]

တက္ကသိုလ်မြန်မာအဘိဓာန်၌ 'ကောင်းတေ'ကို 'ကောင်းစွာ'ဟု အနက်ပေးထားပါသည်။ ပါရမီတော်ခန်းပျို့အပိုဒ် ၃၂ မှ ''လူဗိုလ်ခြေအား၊ ကောင်းတေစုံမက်၊ လွန်နှစ်သက်၏''ကိုလည်းကောင်း၊ ပါရာယန

---

၁။ မြန်မာစာ မြန်မာမှု စာ-၃၇

၂။ - ထို - စာ-၃၈



ဝတ္ထု၊ စာ-၁၆၁ မှ 'ကောင်းတေ မြဲမြဲစွာစောင့်စည်းသော''ကို လည်းကောင်း အထောက်အထား ပြထားပါသည်။

ထားဝယ်စကား၌ 'ကောင်းတေ' (ကောန်းတေ) သည် 'ကောင်းမွန်စွာ'ဟူပင် အဓိပ္ပာယ် ရပါသည်။ ''ကောန်းဂေါန်းတေးတေနေ''ဟူသော ထားဝယ်စကားသည် ''ကောင်းကောင်းမွန်မွန်နေ'' ပင် ဖြစ်ပါသည်။ ပုဂံခေတ်သုံး 'ကောန်းတေ'သည် ထားဝယ်စကား၌ ယခုခေတ်သုံး ဝေါဟာရအဖြစ် ကျန်ရှိဆဲဖြစ်ပါသည်။ ယခုခေတ်သုံး မြန်မာ 'ကောင်း' သည် ထားဝယ်အသံ 'ကောန်း' ဖြစ်သည်ကို ဤစာတမ်းပထမပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

''ကပ်'' ပုဂံခေတ်သုံး ဝေါဟာရပင် ဖြစ်ပါသည်။ ပုဂံခေတ်ကျောက်စာအချို့၌ 'က္လပ်'ဟု လဆွဲဖြင့် ရေးထိုးခဲ့ပါသည်။ ယခုခေတ် 'ကျပ်'ဖြစ်ပါမည်။ ထားဝယ်စကားအသုံး၌ ပိုက်ဆံသို့မဟုတ် ငွေကြေးကို 'ကပ်'ဟု ဆိုပါသည်။ ဥပမာ- 'ပိုက်ဆံမရှိဘူး'ကို 'ကပ်မှေ့ဟှု(ရ)'ဟု ဆိုပါသည်။ မြန်မာစကား 'ငွေရှင်ကြေးရှင်'ကို ထားဝယ်စကားဖြင့် 'ကပ်ရှင် မတ်ရှင်'ဟု ပြောပါသည်။ ပိုက်ဆံအကြွေကို 'ကပ်ကွီ'ဟု ဆိုပါသည်။ 'ပိုက်ဆံအကြွေး'ကိုမူ 'ကပ်ကွီး'ဟု ဆိုပါသည်။ 'ကပ်'ကား မြန်မာအပြောစကား အရေးအသားတို့တွင် လုံးဝတိမ်မြုပ်သွားခဲ့ပြီ ဖြစ်ပါသည်။

ဆရာကြီးမင်းသုဝဏ်က ထားဝယ်စကား 'ကပ်'သည် ပုဂံခေတ်သုံးဝေါဟာရ 'ပိုက်ဆံ' ပင် ဖြစ်သည်ဟု ကောက်ချက်ချခဲ့ပါသည်။ [၁] မှန်ပါသည်။ ''ကပ်''သည် ထားဝယ်တွင် နေ့စဉ်သုံး ဝေါဟာရအဖြစ် တွင်ကျယ်ဆဲ ဖြစ်ပါသည်။

''ကျည်း'' ယနေ့မြန်မာအပြောစကားနှင့် အရေးအသားတို့တွင် တွေ့ရခဲသော စကားတစ်လုံး ဖြစ်ပါသည်။ ရှေးစာများ၌ကား တွေ့ရများ

---

၁။ မြန်မာစာ မြန်မာမှု စာ-၆၂

www.mmnetlibrary.com PDF Created by Bobo Zaw

လုပြီး ပညာရှင်များက ပေါရာဏစာရင်းသို့ သွင်းထားသည်ကို တွေ့ရပါသည်။

''ကျည်း''ကို တက္ကသိုလ်မြန်မာအဘိဓာန်နှင့် မြန်မာအဘိဓာန် အကျဉ်းချုပ်တို့တွင် ''တစ်ခုခုတွင် လျှိုတပ်ရသော အချောင်း၊ အတံ၊ တံကျင်''ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ''သတိကျည်းနှက်၊ တံခါးရွက်ကို၊ လက်ဝီရိယ၊ မင်းတုပ်ချသို့'' (သုဝဏ္ဏသျှံသစ္စာခန်းပျို့၊ အပိုဒ် ၁၁၃) နှင့် ''ကျောက်သား အုတ်ကျိုး၊ ကျည်တိုထိုးလျှက်'' (ပါရမီတော်ခန်းပျို့၊ အပိုဒ် ၈၂) တို့ကို ကိုးကားဖော်ပြထားသည်ကို တွေ့ရပါသည်။

နောက်ပိုင်း၌ ဘာသာစကားတို့၏ သဘာဝအတိုင်း အနက်ရွေ့လျားလာပြီး ''ကျည်း''ကို ''တံခါး''အဓိပ္ပာယ်ဖြင့်သုံးလာသည်ကို တွေ့ရပါသည်။ ''ကျည်းရွက်ဖွင့်မြဲ၊ ခုတဲရုံသန်း၊ ရွှေဘုံနန်းသို့'' (အင်းဝဘုရင်မင်းခေါင်၊ နန္ဒဝန်လျှင်ချီ ကျေးစေရတု)မှ 'ကျည်းရွက်'သည် ပေါရာဏဖြစ်၍ 'တံခါးရွက်'ကို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ [၁]

''ရိပ်ဖြူဖြန့်ဝန်း၊ ရွှေဝနန်း၌၊ လုစ်တွန်းကျည်းပိတ်၊ အောင်နိမိတ်ဖြင့်'' (မြန်မာသက္ကရာဇ် ၁၀၉၆ ၌ မင်းရာဇာအမည်ရှိ အမတ်ပညာရှိ ရေးသော ဟံသာဝတီပါမင်းတရားကြီး၏ နန်းတော်ဘွဲ့မော်ကွန်း)မှ ''ကျည်း''သည်လည်း ပေါရာဏဖြစ်၍ 'တံခါး'ကို ဆိုလိုကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ [၂]

ယနေ့ မြန်မာအသုံးအနှုန်းများ၌ အသုံးတိမ်ဝေါဟာရလည်း ဖြစ်၍ ပေါရာဏစာရင်းဝင်လည်း ဖြစ်နေသော 'ကျည်း'သည် ယနေ့ ထားဝယ်စကား၌ နေ့စဉ်သုံးဝေါဟာရပင် ဖြစ်နေပါသေးသည်။ တံခါးရွက်တပ်ဆင်ရန် သုံးဖက်သို့မဟုတ် လေးဖက်ပတ်လည် အနားခတ်ထား

၁။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ၊ စာ-၁၅၊
၂။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဒုတိယတွဲ၊ စာ-၆၁၊



သော သစ်သားခွေကို ထားဝယ်စကား၌ 'ကျည်းဘောန်' (မြန်မာ = ကျည်းဘောင်) ဟု ခေါ်ပြောဆဲဖြစ်ပါသည်။ တစ်ခါတစ်ရံ ''ကျည်းခွေ''ဟုလည်း ပြောပါသည်။ ''ကျည်း''ကို ''တံခါး''ဟု အဓိပ္ပာယ်ယူသုံးခြင်း ဖြစ်ပါသည်။

'ကျည်း' ကို 'တံခါး' အဓိပ္ပာယ်ဖြင့် သုံးနှုန်းရေးသားသော ရေးစာများစွာ ရှိသော်လည်း ဥပမာအဖြစ် အချို့ကိုသာ ဖော်ပြနိုင်ပါသည်။ ကြောင့်ကြောင့် (ထားဝယ် = ကျှောန့်ကျှောန့်) တက္ကသိုလ်မြန်မာအဘိဓာန်တွင် 'ကြောင့်ကြောင့်'၏ အဓိပ္ပာယ်ကို (ကြိယာဝိသေသန) ''မတ်ရပ်၊ မတ်တတ်၊ မတ်မတ်ထောင်၍'' စသည်ဖြင့် အနက်ဖော်ထားပါသည်။ ''ငါလည်းမင်းလှ၊ ကြောင့်ကြောင့်ထ၍၊ ခြင်းတသိစေ၊ မေးတို့ချေမှု'' (သုဝဏ္ဏသျှံမြားပစ်ခန်းပျို့၊ အပိုဒ် ၆၁) ဟူသော ရေးသုံးကို အကိုးအထောက်အဖြစ် ဖော်ပြထားပါသည်။

မြန်မာစကားအပြောအဆိုအရေးအသားတို့တွင် လုံးဝမတွေ့ရတော့သော စကားတစ်လုံးဟု ဆိုနိုင်သော်လည်း ပေါရာဏစာရင်းတွင်ကား မတွေ့ရသေးပါ။ ထားဝယ်စကား၌မူ အဘိဓာန်မှ အဓိပ္ပာယ်ဖွင့်ဆိုချက် အတိုင်းပင် ယနေ့အထိ အသုံးတွင်ဆဲ ဖြစ်ပါသည်။

နေထိုင်သွားလာလှုပ်ရှားမှုများတွင် ဦးခေါင်း၊ ခြေလက်စသည်တို့ကို အလိုက်သင့်အနေအထားဖြင့် နေထိုင်သွားလာလှုပ်ရှားခြင်းမပြုဘဲ မာတောင့်တောင့်သို့မဟုတ် မတ်မတ်အနေအထားဖြင့် သွားလာ လှုပ်ရှားသည်ကို ဆိုလိုပါသည်။ ဥပမာ-ထားဝယ်စကား 'ကျှောန့်ကျှောန့်ကီးနထိုင်' သည် ကိုယ်ကိုမတ်မတ်ကြီး သို့မဟုတ် မာတောင့်တောင့်အနေအထားဖြင့် ထိုင်သည်ဟုအဓိပ္ပာယ်ရပါသည်။ 'ကျှောန့်ကျှောန့်ကီးနသွား'သည် ကိုယ်ခန္ဓာကို မာတောင့်တောင့်ကြီးလုပ်ပြီး သွားလာသည်ဟု အဓိပ္ပာယ် ရပါသည်။

မြန်မာ'ကြောင့်ကြောင့်'သည် ထားဝယ် 'ကျှောန့်ကျှောန့်' ဖြစ်သည်ကို ဤစာတမ်းပထမပိုင်း 'လဆွဲသံ'အခန်း၌ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

“ခုပ်” (ထားဝယ် = ခေါက်) တက္ကသိုလ်မြန်မာအဘိဓာန်တွင် ‘ခုပ်’၏ အဓိပ္ပာယ်ကို ‘လျင်မြန်သည်’ ဟုပေးထားပါသည်။ အကိုး အထောက်အဖြစ် စတုဓမ္မသာရကိုးခန်းပျို့အပိုဒ် ၉၅ မှ “လမ်းထောက်လ္ဘ၊ ဝလဉ္စဖြင့်၊ မိုးထလျင် ခုပ်၊ ကျွန်ုပ်လိုက်လိမ့်မှန်ပြီတည်း”နှင့် ဝေါဟာရတ္တ ပကာသနီကျမ်း၊ အပိုဒ် ၇၂၁ မှ“အစားခုပ်သည်။ အလုပ်ကြာသည်” တို့ကို ကောက်နုတ် ဖော်ပြထားပါသည်။

ထားဝယ်စကား၌ “အစားခေါက်၊ အလောက်ကြာ” (အစား ဆိုရင် မြန်တယ်၊ အလုပ်ကျတော့ ကြာတယ်)သည် ဆိုရိုးစကားတစ်ခု ကဲ့သို့ ဖြစ်နေပါသည်။ ယနေ့မြန်မာအပြောစကားရော အရေး အသား တွင်ပါ အသုံးပြုသည်ကို မတွေ့ရတော့ပါ။ ထားဝယ်စကား ‘ခပ်ခေါက် ခေါက်သွား’သည် မြန်မာစကား ‘ခပ်မြန်မြန်သွား’ ဖြစ်၍ ‘ခပ်ခေါက်ခေါက် လောက်’ သည် မြန်မာ ‘ခပ်မြန်မြန်လုပ်’ ဖြစ်ပါသည်။

မြန်မာ ‘ခုပ်’သည် ထားဝယ် ‘ခေါက်’ ဖြစ်သည်ကို ဤစာတမ်း ပထမပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

‘ချီး’ တက္ကသိုလ်မြန်မာအဘိဓာန်နှင့် မြန်မာအဘိဓာန် အကျဉ်း ချုပ်တို့တွင် ‘ချီး’၏ အဓိပ္ပာယ်ကို (၁) မြှောက်စားပြောဆိုသည်။ (၂) မြင့်မြတ်သောနေရာတွင်ထားသည်။ မြှောက်စားသည် စသည်ဖြင့် အနက် ပေးပါသည်။ ရွှေဟင်္သာမင်းပျို့အပိုဒ် ၁ မှ “ပွဲတင်ထပ်မျှ၊ နှံ့စပ်ကြားချီး၊ အောင်စည်တီး၍” ကိုလည်းကောင်း၊ ကုန်းဘောင်မင်္ဂလာလူးတား အပိုဒ် ၃ မှ “အိမ်ရှေ့မြှောက်ချီး၊ သားတော်ကြီး”နှင့် အာသံနိုင်မော်ကွန်း၊ အပိုဒ် ၃၂ မှ “ဖြိုးစည်လျှံညီး၊ အောင်သံချီးက”တို့ကိုလည်းကောင်း ကောက်နုတ်၍ “ချီး” တစ်လုံးတည်း အသုံးကို ကိုးကားပြပါသည်။

ကျောက်စာဝန်ဟောင်း ဆရာကြီးဦးဖိုးလတ်ကလည်း ဤသို့ အဆိုအမိန့်ပြုခဲ့ပါသည်။ “ချီးပင့်၊ ချီးမြှောက်၊ ချီးမြှင့် ဆိုရာ၌ ‘ချီး’၏ အနက်သည် ၄င်း၏ ပုဒ်တွဲ ပင့်၊ မြှင့်၊ မြှောက်တို့က ဖော်ပြလျက်



ရှိသည့်အတိုင်း ‘ပင့်၊ မ၊ မြှင့်၊ မြှောက်’ ဟု ပေါ်ထွက်ချေ၏။ ချီးမွမ်း၊ ချီးသောင်း၊ ချီးဝှဲ၊ ချီးရန်း၊ ချီးရိုက် စသည်တို့၌ ‘ချီး’၏ အနက်မြှင့်၊ မြှောက်ဟူသည် ကာယကံဖြင့်ပြုလုပ်ခြင်း သဘောဝယ် ဝစီကံဖြင့် ပြုခြင်း သဘော သက်ဝင်၍လာချေ၏။ ထို့ကြောင့် ထိုစကားတို့တွင် ‘မြှင့်မြှောက်၍ ပြောခြင်း’ အနက်သဘောသက်ဝင်၍ လာချေ၏” [1]

ယနေ့မြန်မာအသုံးအနှုန်းတို့တွင် ‘ချီး’တစ်လုံးတည်း အသုံးကို မတွေ့ရတော့ပါ။ ချီးကျူး၊ ချီးမြှောက်၊ ချီးမွမ်းစသည့် နှစ်လုံးတွဲ အသုံး များကိုသာ အများဆုံးတွေ့ရပါသည်။ ထားဝယ်စကား၌ ‘ချီး’ကို ‘မြှောက် စားပြောဆိုခြင်း’ အဓိပ္ပာယ်ဖြင့်ပင် ယနေ့အထိ အသုံးပြုဆဲ ဖြစ်ပါသည်။ ‘ငါ့ပစ္စည်းက ဘယ်လိုကောင်းတာ’ ‘ငါ့သားက ဘယ်လို တော်တာ’ စ သည့် အဓိပ္ပာယ်ဖြင့် ပြောသူအား ထားဝယ်စကားဖြင့် ‘သယ်ကောန်း ချီးဇ’ (ဒီကောင်သူ့ပစ္စည်း၊ သူ့သားကို သိပ်မြှောက်ပြောတယ်)ဟု ပြော လေ့ရှိပါသည်။ ယင်း ‘ချီး’တွင် ဝါကြွားပြောဆိုသည့် အဓိပ္ပာယ်လည်း ပါဝင်ပါသည်။

ချဉ်း (ထားဝယ် = ရှင်း) တက္ကသိုလ်မြန်မာအဘိဓာန်နှင့် မြန်မာအဘိဓာန်အကျဉ်းချုပ်တို့တွင် ‘အနီးသို့ရွေ့သည်’ ‘အနီးသို့ကပ် သည်’ ဟု အနက်ပေးထားပါသည်။ ‘ချဉ်း’တစ်လုံးတည်း အသုံးကို ရေးစာများမှ ကောက်နုတ်၍ ဤသို့ဖော်ပြထားပါသည်။ ရွှေဟင်္သာမင်း ပျို့အပိုဒ် ၁၀၃ မှ “ထိုက သွေးကြဉ်း၊ ချဉ်းလှာင့်ါတွင်၊ ဆည်းကပ်ကျင် သော်” ရာဇဓိရာဇ်အရေးတော်ပုံကျမ်းစာ ၂၃၀ မှ “ရန်သူတပ်ကိုသာ တိုက်၊ တပ်တပါးကို မချဉ်းနှင့်” ကိုးခန်းပျို့အပိုဒ် ၈၉ မှ “သေမင်း ကပ်ချဉ်း၊ နှိပ်စက်ညှဉ်း၏” ယနေ့မြန်မာအသုံးအနှုန်းများတွင် ‘ချဉ်း’ တစ်လုံးတည်း အသုံးကို လုံးဝမတွေ့ရတော့ဘဲ ‘ချဉ်းကပ်’ နှစ်လုံးတွဲ ကို အရေးအသားအချို့တွင်သာ တွေ့ရပါတော့သည်။

၁။ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ-၁၅၅

www.mmnetlibrary.com PDF Created by Bobo Zaw

ထားဝယ်စကား၌ 'ရှင်းပါဦးလော' (ချဉ်းပါဦးလား) ဟူသော စကားသည် ယနေ့အထိ အသုံးတွင်ဆဲ ဖြစ်ပါသည်။ အိမ်ပေါ်သို့မဟုတ် အိမ်ခြံဝင်းထဲမှအိမ်အပြင် သို့မဟုတ် လမ်းမပေါ်ရှိ အသိ၊ မိတ်ဆွေ၊ သူငယ်ချင်းများအား လမ်းကြုံသဖြင့် "အိမ်ထဲသို့ဝင်နားသွားပါဦးလား" ဟု လှမ်းခေါ်သော စကားပင် ဖြစ်ပါသည်။ "ရှင်းလိုဘီလော်" သည် "မဝင်တော့ဘူးလား"ဟူသော အဓိပ္ပာယ်ဖြစ်ပါသည်။ မြန်မာ 'ချဉ်း'သည် ထားဝယ်အသံ 'ရှင်း' ဖြစ်သည်ကို ဤစာတမ်းပထမပိုင်း၌ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ချိမ်း (ထားဝယ် = ခီး) တက္ကသိုလ်မြန်မာအဘိဓာန်တွင် "ဖြတ်တောက်သည်"ဟု အနက်ဖော်ထားပြီး ကဝိလက္ခဏာသတ်ပုံကျမ်းမှ "ပုဆိုးနားချိမ်း၊ ချုပ်ကာသိမ်း၊ ချည်စိမ်းကျစ်ပါလေ"ဟူသော အပိုဒ်ကို ထုတ်နုတ်ကိုးကား ပြထားပါသည်။ ယနေ့မြန်မာစကား အသုံးအနှုန်းမှန်သမျှတွင် လုံးဝ မတွေ့ရတော့ပါ။ ချိမ်း အစား 'သိမ်း' ကို တွေ့နေရပါသည်။ ဥပမာ– 'အနားသိမ်း' ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ အစွန်းအစ မထွက်စေရန် သပ်ရပ်စွာ ပြုလုပ်ခြင်းပင် ဖြစ်ပါသည်။

ထားဝယ်စကား၌ 'အနားခီး' ဟူသောစကားသည် မြန်မာစကား (လုံချည်) 'အနားသိမ်း' အဓိပ္ပာယ်ပင် ဖြစ်ပါသည်။ သို့ရာတွင် လုံချည်ပိတ်စ၊ ပုဆိုးတို့ကို ဖြတ်တောက်ရုံမက ဘေးအနားကို ခေါက်ပြီး ချုပ်မှသာလျှင် 'အနားခီး' (အနားချိမ်း)ဟု အဓိပ္ပာယ်ဖွင့်ဆို အသုံးပြုပါသည်။ ရှေးစာများကို အထောက်အထားပြုရလျှင် အဘိဓာန်မှ အဓိပ္ပာယ်ဖွင့်ဆိုချက်ထက် ထားဝယ်စကားအသုံးက ပို၍ တိကျသည်ဟု ဆိုနိုင်ပါသည်။ ယနေ့ထားဝယ် စကားတွင် 'ခီး' (ချိမ်း) အသုံးပျောက်လု ဖြစ်နေပါပြီ။ 'အနားခီး' အစား 'အနားလောင်း' (အနားလုံး) ဟု ပြောနေကြသည်ကို တွေ့ရပါသည်။

ဆုန်း (ထားဝယ် = ဆူး)တက္ကသိုလ်မြန်မာအဘိဓာန်နှင့် မြန်



မာအဘိဓာန်အကျဉ်းချုပ်တို့တွင် 'ဆုန်း'၏အဓိပ္ပာယ်ကို "(၁) ရက်ထည်ကို အင်္ကျီ၊ သင်္ကန်းစသည် ချုပ်ရန်တိုင်းတာဖြတ်တောက်သည်။ (၂) ဖြတ်သည်၊ ပိုင်းသည်။ (၃) ချင့်ချိန်သည်၊ ခန့်မှန်းသည်"ဟုဖော်ပြထားပါသည်။

"ထိုပစ္စေက ဗုဒ္ဓါဘုရားသည် သင်္ကန်းဆုန်းခြင်းအမှုကိုပြုရာ" (မဟာပေတဝတ္ထုတော်ကြီး၊ စာ–၁၁၄) "လွှနှင့်သာဆုန်း၊ စာသင်ပုန်း သင်ဒုန်းနှင့်မခွဲ" (ကဝိလက္ခဏာသတ်ပုံကျမ်း အပိုဒ် ၉၁၉) ချိန်ဆုန်း ခန့်တွက်၊ အသက်နှစ်ဆယ်၊ ရောက်ကြိုက်ဝယ်လျှင် (ကိုးခန်းပျို့၊ အပိုဒ် ၂၉၃) စသည်တို့က 'ဆုန်း'သည် ရှေးသုံးဖြစ်ကြောင်း သက်သေခံလျက် ရှိပါသည်။

ဆရာကြီးဦးဖိုးလတ်ကလည်း "သင်္ကန်းဆုန်း၊ ပိတ်ဆုန်း၊ အဖိုးဆုန်းတို့၌ ပေါ်ထွက်သည့်အတိုင်း ပိုင်းဖြတ်ဟောဖြစ်လေသည်"ဟု အဆိုအမိန့်ပြုခဲ့ပါသည်။ [၁]

ယုဒသန်မြန်မာအင်္ဂလိပ်အဘိဓာန်တွင်လည်း 'ဆုန်း'ကို to divide (cloth), in order to make clothes to cut out clothes, as a tailor, အင်္ကျီဆုန်းသည်; အဝတ်ဆုန်းသမား; ပေါင်းဘီဆုန်းသည်; cutter ဟု အဓိပ္ပာယ်ဖော်ထားပါသည်။

'ဆုန်း' ကို ထားဝယ်စကား၌ ရှေးက 'ဆူးန်' ဟု အဆုံးသတ်နသက်သံ (နှာသံ)ဖြင့် ပြောပါသည်။ နောက်ပိုင်းတွင်မှ နှာသံမပါတော့ဘဲ 'ဆူး' ဖြစ်လာသည်ဟု သိရပါသည်။ အဘိဓာန်များမှ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့်အညီ ထားဝယ်စကား၌ 'ဆူး' ကိုသုံးပါသည်။ ဥပမာ– မြန်မာစကား (အင်္ကျီချုပ်ရန်) "ပိတ်စကိုတိုင်းပြီးညှပ်တယ်" ကို ထားဝယ်စကားဖြင့် "အန်းဂီရှာဆူးဟှယ်" ဟု ပြောပါသည်၊ ထားဝယ်စကား 'အန်းဂီရှာ' သည် မြန်မာ 'အင်္ကျီလျာ' ဖြစ်ပါသည်။ သို့ရာတွင် ယနေ့ ထားဝယ်စကား၌ 'ဆူး' (ဆုန်း) အသုံးတိမ်ကောနေပါပြီ။ "အန်းဂီရှာကိုက်ဟှယ်၊ ညှပ်

၁။ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ–၂၁၅

www.mmnetlibrary.com PDF Created by Bobo Zaw

ဟှယ်'' ဖြစ်နေပါပြီ။ မြန်မာ 'ဆုန်း' သည် ထားဝယ်စကားအသံထွက် 'ဆူး' ဖြစ်သည်ကို ဤစာတမ်း ပထမပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ဈေး (ထားဝယ် = ဆေး) မျက်မှောက်ခေတ်မြန်မာစကားအပြောအဆို၊ အရေးအသားတို့တွင် 'ဈေး' ကို 'ရောင်းဝယ်ရာဌာန' အဖြစ် နားလည် အသုံးပြုကြပါသည်။ ထားဝယ်စကားအသံထွက်မှာ 'ဆေး' ဖြစ်ပါသည်။ ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ် ခေတ်ဦးပိုင်းကာလအထိ ယခုခေတ် အခေါ် 'ဈေး' ကို 'ဆေး' ဟု ခေါ်ဝေါ်ခဲ့ကြောင်း ကျောက်စာများက သက်သေခံလျက်ရှိပါသည်။

(၁) စကုအိုဝ်ဆေးသစ်နှိုက်လယ် ၃၉ (စကုအိုးဆေးသစ်၌၊ လယ် ၃၉) သက္ကရာဇ် ၆၃၃ ခုစ္ပဲ၊ ပုဂံမြို့၊ အာမနာကျောင်း ကျောက်စာ ကြောင်းရေ ၁၅။

(၂) ဣမ်ဆေးသစ်အနောက် ၁ ပဲ သုမ်စိတ် (အိမ်ဆေးသစ် အနောက်၁ပယ်သုံးစိတ်) ၇၁၂ ခုစ္ပဲ၊ ပင်းယမြို့၊ ကျော်စွာမင်းကျောင်း ကျောက်စာ၊ ကြောင်းရေ ၃၃။

(၃) အဝမည်မှန်၊ နန်ဓေါလက်ယာ၊ တက္ခိဏာမှ၊ လဟာ လယ်ပြင်၊ ငွေစင်ဆေနှိုက် (အဝ မည်မှန်း၊ နန်း၏လက်ယာ၊ ဒက္ခိဏာမှ၊ လဟာလယ်ပြင်၊ ငွေစင်ဆေးနှိုက်) ၈၀၄ ခုစ္ပဲ၊ ပုဂံမြို့၊ တက်နွယ်ကျောင်း ကျောက်စာ၊ ကြောင်းရေ ၁၃။

(၄) ပန်မ်မြို့ကျေး၊ ဆေးသစ်ဆိပ် (ဗန်းမော်မြို့ကျေး၊ ဆေးသစ် ဆိပ် သို့) ၁၁၃၀ ခုစ္ပဲ၊ ပုဂံမြို့ ရွှေစည်းခုံကျောက်စာ၊ ကြောင်းရေ ၄၅။

"ကျောက်စာ အရေးများကို ကောက်သဖြင့် ခေတ်အရေးအခေါ် 'ဈေး' သည် ရှေးအရေးအခေါ် 'ဆေး'မှ ဆင်းသက်လာကြောင်း မှတ်သားရာသည်။ [၁]

'တဲအပ်' မြန်မာစကား 'တွယ်အပ်' ကို ထားဝယ်က 'တဲအပ်'

၁။ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ-၂၂၅



ဟု ခေါ်ပါသည်။ ဦးပုည၏ ရေသည်ပြဇာတ်မှ "ခါးစီးဝတ်လဲ ချုပ်စပြဲကို တဲအပ်နှင့်တွယ် လူမြင်သမျှ စိတ်ပျက်အောင် လုပါတဲ့ မရေသည်" ကို အမှတ်ရဖွယ်ဖြစ်ပါသည်။

တောင်း (ထားဝယ် = တောန်း) မြန်မာအဘိဓာန် အကျဉ်း ချုပ်တွင် 'တောင်း' ကို ပေါရာဏအဖြစ် ပြထားပါသည်။ အဓိပ္ပာယ်ကို "တိုသော" ဟု ပြပါသည်။

ယနေ့မြန်မာအသုံးအနှုန်းများ၌ 'တောင်း' ကို ထည့်စရာ ပစ္စည်းအဓိပ္ပာယ်ဖြင့်သာ သုံးသည်ကို တွေ့ရပါသည်။ 'တိုသော' အဓိပ္ပာယ်ဖြင့် သုံးသည်ကို မတွေ့ရတော့ပါ။ 'တိုတောင်း' နှစ်လုံးတွဲကိုကား တွေ့ရများပါသည်။ ယနေ့မြန်မာစကားအသုံး၌ "ထဘီတိုတိုဝတ်" သို့ မဟုတ် "ထဘီတိုတောင်းစွာ ဝတ်" စသည်တို့ကိုသာ တွေ့ရမည် ဖြစ်ပါသည်။

ထားဝယ်စကား၌မူ 'တောင်း' (တောန်း) တစ်လုံးတည်း အသုံး တွင်လှပါသည်။ 'ထဘီတိုတိုဝတ်' အစား 'ဖီတောန်းတောန်းဝတ်' ဟု ပြောပါသည်။ ရှေးစာများ၌လည်း ဤသို့တွေ့ရပါသည်။

"လုံထားအဲမောင်း၊ ကာတောင်းအရေး၊ မရွေးလိုရာ" (ကိုးခန်းပျို့၊ အပိုဒ်-၁၂၁) "သိပ်နယ်လိုတိုင်း၊ တဲကြံလှိုင်းလျှက်၊ ဖြတ်ပိုင်း ငုတ်တောင်း၊ လက်နက်ချောင်းလည်း" (နေမိငရဲခန်းပျို့၊ အပိုဒ်-၆၅)

'ထား' ယနေ့မြန်မာစကား 'ဓား' ကို ထားဝယ်စကား 'ထား' ဟု အသံထွက်ပြောသည်။ ရှေးမြန်မာစကားတွင်လည်း 'ထား' ဟုပင် ပြောဆိုအသုံးပြုခဲ့သည်ကို ရှေးကဗျာ လင်္ကာများ၌ ဤသို့ တွေ့ရပါသည်။

"ထားနှောင့်ထားသွား၊ အပွားစည်သည်၊ မည်သူမဟူ" (ဆုတောင်းခန်းပျို့)

"ဆင်ထက်မြင်းစီး၊ လေးကြီးပစ်ငင်၊ ခွင်နှင့်ကာလွှား၊ လုံထား အဲမောင်း" (ကိုးခန်းပျို့)

www.mmnetlibrary.com PDF Created by Bobo Zaw

'ပွဲ' မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'ပွဲ' ၏ အဓိပ္ပာယ်ကို 'ကုန်စဲသည်၊ ပြီးပြတ်သည်။' ဟု ပြပါသည်။ ယုဒသန် မြန်မာ–အင်္ဂလိပ် အဘိဓာန်တွင် 'တုံးသည်၊ နှင်းပွဲသည်၊ သီးသစ်ပွဲသည်' ဟု ပြထားပါသည်။ ယင်းအဘိဓာန်အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်းပင် ထားဝယ်စကား၌ အသုံးပြုနေဆဲ ဖြစ်ပါသည်။ မြန်မာစကား ''သရက်သီးတုံးပြီ'' ဆိုသည်ကို ထားဝယ်စကား ''ရှစ်သီးပွဲဘီ'' ဟု လည်းကောင်း၊ မြန်မာစကား ''ဈေးကွဲပြီ'' ကို ထားဝယ်စကား ''ဆေးပွဲတီ'' ဟုလည်းကောင်း၊ 'သေဆုံးသည်' ကိုလည်း ထားဝယ်ဘန်းစကားဖြင့် 'ပွဲ' ကို သုံးလေ့ရှိပါသည်။ ဥပမာအားဖြင့် 'ဒီလူသေပြီ' ကို ထားဝယ်ဘန်းစကားဖြင့် 'သယ်လူပွဲဘီ' ဟု ပြောလေ့ရှိပါသည်။ ရှေးသုံးများ၌လည်း 'ပွဲ' အသုံး တွင်လှသည်ကို တွေ့ရပါသည်။

''ဝသန်စဲလို့၊ နှင်းပွဲစရာသီ'' (မြဝတီမင်းကြီးဦးစရေးသည့် အီနောင်နန်းတွင်းဇာတ်တော်ကြီး) ''ပြည်ဖြိုးအားအန်၊ ဖြုန်းဖြုန်းမြန်၍၊ ရွာဝှန်ညံစဲ၊ မိုးလပွဲသော်၊'' (ကိုးခန်းပျို့ဋီကာ) ''မိုးချမ်းလည်းပွဲ၊ ရေလည်းစဲ၍၊ သမ်းမဲတိမ်ညို၊ ထိုသည်ကုန်မြောက်'' (ဘူရိဒတ်ပျို့) ''သံတူလဟု၊ ကျွတ်လုဆဲဆဲ၊ မိုးလည်းပွဲခဲ့''(ပဲခူးမိဖုရားရေး ဝက်ပါချီရတု) ယနေ့မြန်မာအပြောစကားနှင့် အရေးအသား အသုံးအနှုန်းတို့တွင် လုံးဝ ပျောက်ကွယ်ခဲ့ပြီ ဖြစ်သော 'ပွဲ' သည် ထားဝယ်စကား၌ နေ့စဉ်သုံး ဝေါဟာရ ဖြစ်လျက် ရှိပါသည်။ 'ပွဲ' ကို တွင်းသင်း မင်းကြီး၏ ပေါရာဏ ကထာတွင် အထောက်အထားများဖြင့် ဖော်ပြထားသည်ကို တွေ့ရပါသည်။ [၁]

'ဖ' ကား ပွဲကဲ့သို့ပင် ပေါရာဏစာရင်းဝင် ဖြစ်သော်လည်း 'ပွဲ' ထက်ပင် ကြားရခဲမြင်ရခဲသော အလွန်ရှေးကျသည့် ဝေါဟာရ တစ်လုံးဖြစ်ပါသည်။

---
၁။ မြန်မာစာမြန်မာမှု၊ စာ–၃၄



'ဖ' ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ''(မြိတ်၊ ထားဝယ်) ဖလှယ်သည်၊ လဲလှယ်သည်'' ''ငွေတစ်ဆယ်တန် တစ်ချပ် သွားဖလိုက်ပါ'' ဟု ဖော်ပြထားပါသည်။ မှန်ပါသည်။ ထားဝယ်စကား၌ ငွေစက္ကူ၊ ငွေဒင်္ဂါးတို့ကို ပိုက်ဆံအကြွေနှင့် လဲလှယ်ရာတွင် 'ဖ' တစ်လုံး တည်းကို သုံးပါသည်။ လဲလှယ်သော အဓိပ္ပာယ်၊ ဖလှယ်သော အဓိပ္ပာယ် ပင် ဖြစ်ပါသည်။

ကျောက်စာဝန်ဟောင်း ဆရာကြီးဦးဖိုးလတ်က ဤသို့ဆိုခဲ့ပါသည်။ ''ယခုခေတ်တွင် 'ဖလှယ်' ဆိုသော စကား၏ အနက်ကို သိကြသော်လည်း 'ဖ' တစ်လုံးတည်း၏ အနက်ကိုသော် သိကြပုံ မပေါ်တော့ချေ။ သို့ရာတွင် ပုဂံခေတ်၌ 'ဖ' တစ်လုံးတည်းကိုပင် 'ဖလှယ်'၊ 'လဲလှယ်' ဟူသော အနက်ဖြင့် သုံးခဲ့သည်ကို တွေ့ရသည်။

(၁) ကျောက်ဆည်စင်ကြယ်မွိယ်ဖ ၁၀၀ (၆၂၆ ခု၊ ပုဂံမြို့၊ စောလှဝန်းဘုရားကျောက်စာ၊ ကြောင်းရေ ၃၇)

(၂) ''စင်ကြယ်မွိယ် ဖခင်၏ဟု နာတ်ပ္လွန်ပိယ်ရကာ'' (အထက်ပါကျောက်စာ၊ ကျောဘက် ကြောင်းရေ–၄)

(၃) ''ပုရှာ သ္ခိင်နှင့်ကဿပတုကိုဝ်ဖကြ‌ေ'' (ပုဂံမြို့၊ ဝိနည်းမိုရ်ဘုရားမင်စာ၊ အရှေ့နံရံ၊ အရှေ့မြောက်ထောင့်)

(၁) တွင် 'မွိယ်ဖ' (မြေဖ) ဆိုသည်မှာ 'လဲလှယ်ရသောမြေ' ဟူ၏။ (၃) တွင် ဘုရားသခင်နှင့် ကဿပရဟန်းကြီးတို့ ဒုကုဋ်သင်္ကန်းချင်း လဲလှယ်ကြသည်ကို 'တုကိုဝ်ဖကြ‌ေ (ဒုကုဋ်ဖကြ၏) ဟု ရေးထိုးခဲ့ကြပါသည်။ [၁]

''ဖ'' အသုံးကား ယနေ့မြန်မာစကားတွင် လုံးဝပျောက်ကွယ်ခဲ့ပါပြီ။ ထားဝယ်စကား အသုံး၌လည်း တဖြည်းဖြည်းနှင့် အသုံးတိမ်ကော လာသည်ကို တွေ့ရပါသည်။ မျက်မှောက်ခေတ် ထားဝယ် ဒေသမှ လူငယ်

---
၁။ မြန်မာစကားအဖွင့်ကျမ်း၊ ဒုတိယတွဲ၊ စာ–၁၀၈

www.mmnetlibrary.com PDF Created by Bobo Zaw

လူရွယ်များကြားတွင် ပြောသံဆိုသံ မကြားရတော့ပါ။

ဖျား (ဖြား) မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ''ဖျား(ဖြား)''၏ အဓိပ္ပာယ်ကို ''လဈ၏ဆွဲအားကြောင့် ကြွချည်နိမ့်ချည်ပြောင်းလဲသော ပင်လယ်စပ်ရေတက်ရေကျ ဒီရေ''ဟု အနက်ပေးပါသည်။ တွင်းသင်း မင်းကြီးက သူ၏ ပေါရာဏကထာတွင် ဖျာ၊ ရေမှာ ဒီရေဖြစ်ကြောင်း ပါရမီတော်ခန်းပျို့ အပိုဒ် ၁၅ ကို ဤသို့ထုတ်ဆောင်ကိုးကားပြခဲ့ပါသည်။

''မြစ်သို့လဘော၊ အာသဝေါကား၊ ကျလျှောဖျားရေ၊ မှုန်ဆန်ဖြေ၍၊ မမွှေစေရ၊ မင်ဖြင့်ချလျက်'' ဖျား သို့မဟုတ် ဖျားရေသည် ရှေးစာပေများ၌ အသုံးတွင်ခဲ့ဖူးသည်ကို ဤသို့တွေ့ရဖူးပါသည်။

''ဂင်္ဂပနဒီ၊ ဤသည်ညာမွန်၊ ယုဉ်ထန်တဖက်၊ ပင်လယ်ထွက်မှ နှစ်ဖက်ကမ်းပြို၊ ဖျားရေမိဝယ်၊ ရှေ့ဆီပြုဗ္ဗာ'' (ရခိုင်မင်းသမီးချေင်း အပိုဒ် ၁)

''ရှိင်းလှသည့်မြေ၊ ရောက်တုံလေဆော်၊ ဖျားရေချောင်းပြင် ရှက်ကြို့ဝင်သည်။ လောင်လင် မျက်ခြည်၊ နောက်တော့သည်'' (နဝဒေး ကြီး၏ ဒွါရဝတီ၊ အံတော်ဘုရားတိုင်ရတု)

''အရပ်ထွေပြား၊ ယိုးဒယား၌၊ ဒီဖြားပြေးတက်၊ ရိုက်သက် လူးလာ၊ ရေသာဖျင်ဖျင်၊ ပတ်ဝန်းကျင်တည့်'' (လျော်ကားသုံးထောင်မှူး၏ မင်းရဲကျော်စွာစုန်ချေင်း နိဂုံးအပိုဒ် ၆) [၁]

ရှေးပျို့ကဗျာ စာဟောင်းပေဟောင်းများ၌ တွေ့ရသော 'ဖျား' (ဖြား) သို့မဟုတ် 'ဖျားရေ' (ဖြားရေ) အသုံးများမှာ ဖော်ပြ၍ မကုန်နိုင် အောင် များပြားလှပါသည်။ ယနေ့ခေတ်သုံးမြန်မာစကား၊ စာအရေး အသားတို့တွင် မကြားရ မမြင်ရတော့ပါ။ ပေါရာဏစာရင်းဝင် 'ဖျား (ဖြား)' သည် ထားဝယ် စကား၌ ယနေ့အထိ အသုံးတွင်ဆဲ ဖြစ်ပါသည်။

၁။ မြန်မာစာမြန်မာမှု၊ စာ ၃၆၊ ၃၇



ဗိသုကာ (ထားဝယ် = ပိတကာ) မြန်မာအဘိဓာန် အကျဉ်းချုပ် တွင် 'ဗိတ်သုဂါ' ဟု အသံထွက် ဖတ်ရန် ညွှန်းထားပြီး အဓိပ္ပာယ်ကို 'ဆောက် လုပ်မှု ဆိုင်ရာပညာကျွမ်းကျင်သူ''ဟု ဖော်ပြထားပါသည်။ ယုဒသန် မြန်မာ–အင်္ဂလိပ် အဘိဓာန်တွင်မူ 'ပိတ္တကာ'ဟု အသံထွက်ရန် ညွှန်းပြီး ပါဠိသက် ဝေါဟာရဟု ပြပါသည်။

ယနေ့မြန်မာစာ အရေးအသားတွင် 'ဗိသုကာ'ကို တွေ့ရသော် လည်း အပြောစကားတွင် ကြားရခဲလှပါသည်။ စက်မှုတက္ကသိုလ်များမှ ပေးသော 'ဗိသုကာဘွဲ့' အသုံးကိုသာ တွေ့ရပါသည်။ 'ဗိသုကာ' အသုံး ပျောက်ကာ 'လက်သမား' ကိုသာ အများဆုံး ကြားနေကြရပါသည်။ ထားဝယ်စကား၌ 'လက်သမား' အသုံး လုံးဝမရှိပါ။ 'လက်သမား' အစား 'ပိတဂါ' ကို သုံးပါသည်။ သို့ရာတွင် ယနေ့ခေတ်လူငယ်များက 'ပိတဂါ' ကို မသုံးတော့ဘဲ 'လက်သမား' ကို ထားဝယ်အသံထွက်ဖြင့် 'လတ်သမား' ဟု ပြောနေကြသည်ကို တွေ့ရပါသည်။ မြန်မာ 'ပိတ်' ကို ထားဝယ်သံ 'ပိ'၊ မြန်မာ 'လက်' ကို ထားဝယ်သံ 'လတ်' ဖြစ်သည်ကို ဤစာတမ်း ပထမပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

'မဟော့' (ထားဝယ် = မှေ့) 'မဟော့ သည် ပုဂံခေတ်မှ စတင် ခဲ့သော ဝေါဟာရဖြစ်ပါသည်။ အဓိပ္ပာယ်မှာ 'မရှိ' ဖြစ်ပါသည်။ ယခုအခါ 'မဟော့'သည် ပေါရာဏစာရင်းဝင် ဖြစ်နေပါပြီ။ ပုဂံခေတ်မှ စ၍ အင်းဝ ခေတ်ဆုံးပြီးနောက်ပိုင်းအထိ အသုံးရှိခဲ့သော 'မဟော့' ကား ထူးခြားသည် ဟုပင် ဆိုရပါမည်။ ရှေးသုံးအချို့ကို တင်ပြပါမည်။

''ဆယ်နှစ်နှင်နှင်၊ ရာသီတွင်၌၊ မုန်သွင်ပြောင်ငွေ့၊ တရာစေ့၏။ မဟော့ဖက်ရန်၊ မိုးသို့ဝှန်မျှ''။ (ဇေယျရန္တမိတ်ဆို၊ မင်းရဲနရာချေင်း)[၁]

''ရာဇရာဇာ၊ မင်းတကာထက်၊ အာဏာတန်ခိုး၊ မိုးနှယ်ကြိုး သား၊ ရန်မျိုးဟူက၊ ကြိမ်ကြိမ်ထလည်း၊ ဆံမျှမဟော့၊ ဖျောက်လွှင့်လေ့က''

၁။ မြန်မာစာညွန့်ပေါင်းကျမ်း၊ ပထမတွဲ၊ စာ–၁၂၆

www.mmnetlibrary.com PDF Created by Bobo Zaw

(မုံရွေးဆရာတော်စီရင်သော ရာဇာလင်္ကာရကျမ်းလာ ပညာရှိတစ်ဦး ဖွဲ့ဆိုသော 'လောက၌ ရယ်ဖွယ်ဆယ်ပါး') [၁]

ထားဝယ်စကား၌ 'မှေ့' သည် နေ့စဉ်သုံးစကားဖြစ်ရုံမက မပါမပြီး စကားလည်း ဖြစ်ပါသည်။ 'မရှိ' အဓိပ္ပာယ်ဆောင်သောကြောင့် ဖြစ်ပါသည်။ ရှေးရှေးက 'မဟော့' ဟု အသံထွက်ပြောခဲ့ရာမှ အချိန်ကာလကြာညောင်းခဲ့သည်ကတစ်ကြောင်း၊ ထားဝယ်ဒေသသားများ စကားပြောမြန်လွန်းသည်က တစ်ကြောင်းတို့ကြောင့် 'မ' နှင့် 'ဟော့' ကို တစ်ပြိုင်တည်း ထွက်အောင် အသံထုတ်လိုက်သဖြင့် 'မဟော့' မှ 'မှေ့' ဖြစ်လာရသည်ဟု ဆိုနိုင်ပါသည်။

ပုဂံခေတ်ထိုးကျောက်စာများရှိ ''ဟောတ်''သည် ယခုအခါ 'ရှစ်' (ဂဏန်းရှစ်) ဖြစ်နေသည်ကို သတိရဖွယ်ဖြစ်ပါသည်။ မြန်မာစကား 'သင်္ဘောသီး' ကို ယခုခေတ်သုံး ထားဝယ်စကား၌ 'ရှိုးယိုသီး' ဖြစ်ပါသည်။ ရှေးရှေးက 'ဟီးယိုသီး' ခေါ်ခဲ့ပါသည်။

'မက်' ကား ပေါရာဏစာရင်းဝင်ဖြစ်နေပါပြီ။ မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် 'မက်' ၏ အဓိပ္ပာယ်ကို 'လှေကိုဘေးတစ်ဖက်ဖက်သို့ တိမ်းလည်စေသည်။ ပဲ့သည်။ (ခိုင်းမက်သည်ဟုလည်း သုံးသည်) ဟု ဖော်ပြထားပြီး သုဝဏ္ဏသျှံသူဌေးခန်းပျို့ အပိုဒ် ၁၅ မှ ''ဝိပဿနာ၊ ပညာ ရွှေတက်၊ ခိုင်းကာမက်၍'' စသည်တို့ကိုလည်း ထုတ်နုတ် ကိုးကား ဖော်ပြထားပါသည်။

စတုဓမ္မသာရကိုးခန်းပျို့တွင်လည်း 'တက်မတစ်စင်း၊ ခိုင်းမက်ခြင်းဖြင့်၊ လျှင်ပြင်းရေရှိုး၊ တံပိုး လှိုင်းထပ်၊ ဝဲစပ်စည်းသိ၊ ဘေးမထိအောင်' စသည်ဖြင့် စပ်ဆိုထားသည်ကို တွေ့ရပါသည်။

ဆရာကြီး ဦးဖိုးလတ်က 'မက်' နှင့်ပတ်သက်၍ ဤသို့ဖွင့်ဆိုပြခဲ့ပါသည်။ ''တိမ်းမက်၊ ပဲ့ကိုမက်၊ မက်ကွန်ဆိုသည်တို့၌ တိမ်း၊ ယိမ်း၊ စောင်း၊ ယွဲ့ ဟော 'မက်' ပုဒ်ဖြစ်သည်။ မွန်ဘာသာ 'လှေကို မက်' ဟူသော အနက်ဟော 'မက်' ပုဒ်တစ်ခုရှိရာ ယင်းနှင့်မိတ်တူဖြစ်ရာသည်။ [၁]

ယုဒသန်မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင် 'မက်', to put, the helm to port; ပဲ့ကိုမက်လိုက်လျှင် လက်ယာဖက်သို့လှေသွားသည်။' ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။

ယနေ့မြန်မာစကား၊ အရေးအသားတို့တွင် 'မက်' ကို မတွေ့ရတော့ပါ။ ထားဝယ်စကား၌မူ အဘိဓာန်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ အတိုင်း ယနေ့ထက်တိုင် အသုံးပြုပြောဆိုလျက်ရှိပါသည်။ ထားဝယ်စကားဖြင့် 'လှေကိုညာဘက်ကမက်လိုက်' ဟုဆိုလျှင် လှေဦး ညာဘက်သို့ လှည့်အောင် ပဲ့ပေးရပါသည်။ ထားဝယ်နယ်သည် ပင်လယ်ကမ်းရိုးတန်း ဒေသဖြစ်၍ လှေ၊ ရေစသည့် ရေကြောင်းခရီးနှင့် ပတ်သက်သည့် ဝေါဟာရ 'မက်' သည် ယနေ့ထက်တိုင် ထားဝယ်စကား၌ အသုံးတွင်နေပုံရပါသည်။

ထားဝယ်စကားတွင် ပင်လယ်ရေကြောင်းနှင့်ပတ်သက်သော ဝေါဟာရအတော်များများ ရှိပါသည်။ မြန်မာဝေါဟာရများနှင့် နှိုင်းယှဉ်လေ့လာပြီး အဓိပ္ပာယ်ဖော်ဆောင်နိုင်ရန် ဆက်လက် ကြိုးစားရပါဦးမည်။

မယ်န မြန်မာစကားနှင့်အရေးအသားတို့တွင် မတွေ့ရတော့တော ဝေါဟာရပင်ဖြစ်ပါသည်။ ယုဒသန်မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင်တွင် a large iron nail, a spike, သံချွန်ကြီး, သင်္ဘော တည်ဆောက်မည်ကြံလျှင် 'မယ်န' ကြောက်လို့ဖြစ်ရိုးလား (သင်္ဘောတည်ဆောက်မည်ဆိုမှတော့ မယ်နဖိုး ကုန်မှာကြောက်၍မဖြစ်) ဟု အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပာယ် ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

---

၁။ မြန်မာစာညွန့်ပေါင်းကျမ်း၊ ဒုတိယတွဲ၊ စာ–၂၆၇

၁။ မြန်မာစကားအဖွင့်ကျမ်း၊ ဒုတိယတွဲ၊ စာ–၁၈၂



www.mmnetlibrary.com PDF Created by Bobo Zaw

မြန်မာ အဘိဓာန်အကျဉ်းချုပ်တွင် 'မယ်န' ကို မတွေ့ရသော်လည်း 'မယ်န' နှင့် အဓိပ္ပာယ် ဆင်တူသော 'မျှော့' ကိုတွေ့ရပါသည်။ ရှေးသုံးများ၌ 'မယ်န' ကို 'မျှော့' နှင့်တွဲ၍ သုံးခဲ့သည်ကို တွေ့ရပါသည်။ စတုဓမ္မသာရကိုးခန်းပျို့ အပိုဒ် ၆၅ တွင် ''လက်ထောက်တံကူ၊ ဟူသည် အပြား၊ ရိုးကန့်များနှင့်၊ အလျားအကွေး၊ ကြောသေးကြောမ၊ မယ်န မျှော့ကိုင်၊ မြဲနိုင်စွာမူ၊ ပစ္စည်းပြုသည်'' ဟု လည်းကောင်း၊ သာဓိန ပျို့ ပုဒ်ရေ ၄၈ တွင် ''ထွင်းဖောက်ရှက်သွယ်၊ အမြစ်တွယ်သို့၊ မျှော့ မယ်နရုပ်၊ သံညှပ်ကုပ်၍'' ဟု လည်းကောင်း တွေ့ရပါသည်။

ထားဝယ်စကား၌ လှေသင်္ဘောတို့တွင် ထပ်ပိုးတွယ်ကပ်သော ထန်းစသည်တို့ မြဲမြံအောင် ကုပ်တွယ်ထားသည့် သံချွန်ကြီးကို 'မယ်န' ဟုသုံးပါသည်။ ရှေးက ထားဝယ်စကား၌ 'မယ်န' နှင့် 'မျှော့'ကို ခွဲခြားသုံးသည်ဟု ဆိုပါသည်။ 'မယ်န' ကို လှေသင်္ဘောတို့တွင် သုံး၍ 'မျှော့' ကို အဆောက်အအုံများ၌ သုံးသည်ဟု သိရပါသည်။ ယခုအခါ 'မယ်န' ကိုကြားရခဲပြီး 'မျှော့' ကိုသာ လှေသင်္ဘောတွင်ရော အဆောက်အအုံတွင်ပါ အသုံးတွင်နေသည်ကို တွေ့ရပါသည်။

'မယ်န' သည် ပေါရာဏစာရင်းဝင်ဖြစ်နေပါပြီ။ 'သံမှို၊ သံချွန်' ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ [1]

<u>မျက် (ထားဝယ် = မျစ်)</u> ရှေးက မြန်မာအရေးအသားတွင် သာမက အပြောစကားတွင်လည်း အသုံးတွင်ခဲ့သည့် အထောက် အထားများကို တွေ့ရပါသည်။ 'တစ်စုံတစ်ဦးအပေါ်တွင် စိတ်ခုသည်၊ စိတ်ဆိုးသည်၊ စိတ်ကောက်ဒေါသထွက်သည်' ဟူသော အဓိပ္ပာယ်ဖြင့် သုံးခဲ့သည်ကို တွေ့ရပါသည်။ ဥပမာ– အမျက်ထွက်၊ အမျက်ပွား၊ အမျက်သို စသည့်အသုံးများကို ရှေးစာပေများ၌ အများဆုံးတွေ့ရပါသည်။ ယနေ့ မြန်မာစကားအပြောအဆိုတွင် 'မျက်' သို့မဟုတ် 'အမျက်' ကို တွေ့ရခဲ

၁။ မြန်မာစာညွန့်ပေါင်းကျမ်း၊ တတိယတွဲ၊ စာ–၄၄၄



ပါသည်။ စာအရေးအသားတွင်လည်း ကဗျာလင်္ကာအဖွဲ့အစပ်တို့တွင်သာ ရံဖန်ရံခါ တွေ့ရပါတော့သည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'မျက်' ကို ကြိယာအဖြစ် 'တစ်စုံတစ်ဦးပေါ်တွင် စိတ်ခုသည်၊ ဒေါသစိတ်ဖြင့် အငြိုးသိုထားသည်' ဟု အဓိပ္ပာယ် ဖွင့်ပြထားပြီး 'အမျက်'ကို နာမ်အဖြစ် 'စိတ်ဆိုးခြင်း၊ ဒေါသ' ဟု အနက်ဖွင့်ထားပါသည်။

ယုဒသန်မြန်မာ–အင်္ဂလိပ်အဘိဓာန်တွင် ''မျက်'' ၏ အဓိပ္ပာယ် ကို ''to be angry, စိတ်ဆိုး; hance အမျက်, ဒေါသမျက်; လူချင်း မျက်နေကြသည်''ဟု ပြထားပြီး၊'အမျက်' ကို '(from မျက်, to be angry), n - anger, ဒေါသ, အမျက်ရန်ငြိုး''ဟု အဓိပ္ပာယ် ဖော်ထား ပါသည်။

'မျက်' သို့မဟုတ် 'အမျက်' ကို အဘိဓာန်များ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်အတိုင်း ပုဂံခေတ်ကပင် စတင်အသုံးပြုလာခဲ့သည်ကို တွေ့ ရပါသည်။ ဥပမာ– ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက် သက္ကရာဇ် ၏ ၆၂၈ ခုထိုး အာမနာကျောင်းကျောက်စာ (သင်္ဃသူ့သမီး ကျောက်စာ) တွင် ''အချင်းချင်း အမျက်အအီ တစိမရှိ ချစ်သောမျက်စိဖြင့် ရှုကြစေ ၏''ဟု ရေးထိုးထားပါသည်။ [1]

'မျက်' 'အမျက်' အသုံးကား ခေတ်အဆက်ဆက် အသုံးတွင် ခဲ့ရာ ကုန်းဘောင်ခေတ်သို့တိုင်ခဲ့ပါသည်။ ''ထမင်းပုဆိုး၊ လျှမျိုးစွန့်ရက်၊ မျက်သက်ချုပ်တည်း၊ စောင့်စည်းသီလ၊ ဥပုသ်စသား''(ရှင်မဟာရဋ္ဌသာရ၊ သံဝရပျို့) ''အမျက်ဒေါသ၊ မိုက်မောဟကို၊ လှဲချခုတ်ထွင်၊ မဂ်သံရှင်ဖြင့်၊ အောင်မြင်ဗုဟော၊ ဗောဓိမြေဝယ်'' (ရှင်အဂ္ဂသမာဓိ၊ သုဝဏ္ဏသျှံပျို့) ''စားရသော်ကား ဝမ်းသာ၊ စေပါ သော်ကားမျက်လို၊ ကိုယ်ကားကျွန်းတုံး၊

၁။ မြန်မာစာညွန့်ပေါင်းကျမ်း၊ ပဌမတွဲ၊ စာ–၉၇

www.mmnetlibrary.com PDF Created by Bobo Zaw

နှလုံးထဲကား၊ ခွေးမြီးလားသို့'' (ကန်တော်မင်း ဆရာတော်က ရွှေဂူဒါယကာ မင်းမြတ်ထံသို့ပေးသော မေတ္တာစာ)။

ရှေးသုံးများ၌ တွင်ကျယ်လှသော 'မျက်' သို့မဟုတ် 'အမျက်' ကို ဖော်ပြရလျှင် ဆုံးအံ့ မထင်ပါ။ ဥပမာအချို့ကိုသာ တင်ပြပါသည်။ ထားဝယ်စကား၌မူ ''မျက်'' (မျစ်) သည် နေ့စဉ်သုံး စကားပင် ဖြစ်နေပါသေးသည်။ မြန်မာစကား ''တစ်ယောက်နဲ့တစ်ယောက် စိတ် ကောက်နေကြတယ်''ကို ထားဝယ်စကားဖြင့် ''တယော့-က် န တယော့-က် မျစ်နေဂေ့ဟှယ်'' ဟု ပြောပါသည်။ မြန်မာစကား ''အချင်းချင်း စိတ်ကောက်မနေကြနဲ့'' ကို ထားဝယ်စကားဖြင့် ''အရှင်းရှင်း အမြစ်အအီ ဖြစ်မနေဂေ့န'' ဟု ပြောပါသည်။ မြန်မာစကား ''ချင်း'' (အချင်းချင်း) ကို ထားဝယ်အသံ ''ရှင်း'' ''မျက်'' ကို 'မျစ်' ထွက်သည်ကို စာတမ်း ပထမပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

'မြ' ဟုဆိုလိုက်လျှင် လူအများက 'ဖန်ကဲ့သို့ကြည်လင်သော အစိမ်းရောင် တွင်းထွက်ကျောက်' ဟု နားလည်လိုက်ပါသည်။ သို့ရာတွင် 'မြ'၌ အခြားသောအဓိပ္ပာယ်များလည်း ရှိသေးသည် ကို သတိပြုမိပါသည်။ နာမဝိသေသန အဖြစ် (အသွားစသည်) ထက်သော၊ မြည့်သော၊ ရှုပြတ်နိုင်အောင် အသွားပါးလှပ်သော'' စသည့် အဓိပ္ပာယ်များရှိ၍ အေး၊ ချမ်း၊ ချို၊ ချွန် စသည့် နာမဝိသေသနပုဒ်များ၏နောက်၌ ဆက် စပ်သုံးနှုန်းလေ့ရှိသော စကားလုံး(တစ်ခါတစ်ရံ လွန်ကဲသော အနက်သဘောကို ဖော်ပြသည်)ဟု မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် အနက်ဖွင့် ဖော်ပြထားသည်ကို တွေ့ရပါသည်။

မဃဒေဝလင်္ကာသစ်မှ ''ထိုဓားသံလျက်၊ မြမြထက်ဖြင့်၊ ချိန်လျက်မိုးကာ၊ ချီ၍သာလျှင်'' ကို လည်းကောင်း၊ မျိုးချစ်စာဆိုဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဒေါင်းဋီကာသစ်ပါ လေးချိုးကြီးမှ ''ကောင်းကျိုးအထွေထွေရယ်နှင့် ချွန်စေမြစေစော။ (ကျောင်းအမရယ်) ဒေါင်းအိုးဝေ



ရယ်လို့ တွန်စေ ကစေသော'' ကိုလည်းကောင်း ပြန်လည်အမှတ်ရစေပါသည်။

ယုဒသန်မြန်မာ-အင်္ဂလိပ်အဘိဓာန်တွင်လည်း 'မြ' ''to be very sharp, keen, အလွန်ထက်, သည်ထား (ဓား) ထက်လိုက်သည်မှာ မြနေရော, အလွန်ထက်မြက်လှစွာသောထား (ဓား), သည်ထား (ဓား)ကို မြမြထက်အောင် သွေးပါ။ သည်တုတ်ကို မြမြထက်အောင်ချွန်ပါ'' ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။

သို့ရာတွင် ယနေ့မြန်မာအပြောစကားတွင်ရော အရေးအသားတွင်ပါ ''အလွန်ထက်'' ''အလွန်မြည့်'' အဓိပ္ပာယ်ဖြင့် သုံးသော ''မြ''ကို တွေ့ရခဲလှပါသည်။ ထားဝယ်စကား၌ ရှေးမူများအတိုင်း အဘိဓာန်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ယနေ့အထိ သုံးနေဆဲဖြစ်ပါသည်။ မြန်မာစကား ''ဒီဓားသိပ်ထက်တယ်၊ မြည့်နေတာဘဲ'' ကို ထားဝယ်စကား ''သယ်ထားရရာထတ်ဟှယ်မြှုဂ္ဂနေဘဲ့'' ဖြစ်ပါသည်။ မြန်မာ ''လုံ့ကို မြည့်နေအောင်သွေးပါ'' သည် ထားဝယ် ''လုံ့ကိုမြနေအောန်သွီးပါ'' ဖြစ်ပါသည်။ မြန်မာ 'အောင်' နှင့် 'သွေး' သည် ထားဝယ် 'အောန်' နှင့် 'သွီး' ဖြစ်သည်ကို ဤစာတမ်း ပထမပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

မြော် (ထားဝယ် = မြှော်) မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ''(၁) ဉာဏ်ဖြင့်တိုင်းထွာ ဆင်ခြင်သည် (၂) ရှုမြင်သည်၊''ဟု အဓိပ္ပာယ်ဖွင့်ဆိုပြပါသည်။ ယနေ့မြန်မာစကား၊ စာအရေးအသား တို့တွင် 'မြော်' တစ်လုံးတည်းအသုံးကိုမတွေ့ရတော့ပါ။ 'မြော်မြင်' သို့မဟုတ် 'မြင်မြော်' သို့မဟုတ် 'အမြော် အမြင်' စသည်တို့ကိုသာ တွေ့ရပါတော့သည်။ ရှေးစာများတွင်ကား 'မြော်' တစ်လုံးတည်းကို 'ရှုမြင်သည်' ဟူသည့် အဓိပ္ပာယ်ဖြင့် သုံးသည်ကို မကြာခဏတွေ့ရပါသည်။

''ဆူပွက်မည်၊ မြစ်ယံကမ်းခိုင်၊ အတိုင်နန္ဒ၊ ဆုံးစမမြော်၊ မူးမော်ဖနန်း၊ ခက်ခဲလွန်း၏''(၈၀၄ ခုထိုး၊ ပုဂံမြို့ တက်နွယ်ကျောင်းကျောက်စာ)

www.mmnetlibrary.com PDF Created by Bobo Zaw

''...... ပမည်းပမာ၊ စာနာဉ်တွင်၊ ခိုင်းနှိုင်းသင်အံ့၊ အကြင်စုံရာ၊ လူပိုလ်ပါတို့ ရံခါလတ်သော်၊ ဆင်းရဲမြော်၏'' (ရှင်မဟာသီလဝံသ၊ ဆုတောင်းခန်းပျို့) ''..... ဆိုလည်းနှစ်သက်၊ စက်လည်း မွေ့လျော်၊ မြော်လည်းမရဲ၊ နွဲလည်းပျော်ပါး'' (ရှင်မဟာရဋ္ဌသာရ၊ ကိုးခန်းပျို့) ''ဖူးပါလှချင်၊ ငဲ့သခင်ကို၊ သို့ပင်ဆိုတမ်း၊ နိစ္စလွမ်း၍၊ မျက်ရမ်းတိတိ၊ မြော်ချင်ဘိဟု၊ ကြားသိတုံလို'' (ရှင်အုန်းညို၊ ဂါထာ ၆၀ ပျို့) 'မြော်'သည် ပေါရာဏဖြစ်၍ 'မြင်သည်' ဟုပင် အဓိပ္ပာယ်ရှိပါသည်။[၁] ထားဝယ်စကား၌ 'မြော်' (မြော်) ကို ရှေးသုံးအတိုင်းပင် အသုံးပြုဆဲ ဖြစ်ပါသည်။

''သူရှေ့ရေးကို မြင်တတ်တယ်''ကို ထားဝယ်စကားဖြင့် ''သူ့ရှေ့ရေးကို မြော်တတ်တယ်'' ဟု ပြောပါသည်။ မြန်မာ ''မြော်''ကို ထားဝယ်က ''မြော်'' ဟု အသံထွက်ကြောင်း စာတမ်းပထမပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

မြစ်အောက် (ထားဝယ် = မြစ်အော့–က်) ထားဝယ်မြို့တွင် မြောက်ဘက်ကျသောရပ်ကွက်တစ်ခုရှိပါသည်။ ယင်းရပ်ကွက်ကို ထားဝယ်နယ်သားများက ''မြစ်အော့–က်ဟု အသံထွက်ပြောသော်လည်း စာရေးလျှင် ''မြောက်ရွာ''ဟု ရေးကြပါသည်။ တရားဝင်အခါ်အဝေါ် အရေးအသားမှာလည်း ''မြောက်ရွာ''ပင်ဖြစ်ပါသည်။ ရှေးက 'မြစ်အော့–က်' ဟု လဆွဲသံဖြင့် ပြောခဲ့ပါသည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် မြစ်အောက်ဟု ရေးထိုးခဲ့သည့် သာဓကများအပြင် မြစ်အောက်ဘက် အရပ်ကို 'မြောက်အရပ်' အဖြစ်သတ်မှတ်ခဲ့သည့် အထောက်အထားများကိုလည်း တွေ့ရပါသည်။

၁။ ''မြေစ်သြက္ကာတကောင်'' (၅၅၈ ခုထိုး ဓမ္မရာဇိက ကျောက်စာ)

၂။ ''မြစ်သြက်'' (၄၅၉ ခုထိုး၊ ဖုန်းသည်ဇေယျာသိန်ကျောက်စာ)

၁။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ၊ စာ–၅၈



၃။ ''သင်ဘောင်ရွာခွင်၊ ပေါင်လောင်အရှိယ် မြစ်ထောင်'' (၅၆၀ ခုထိုး၊ ဓမ္မရာဇိက ကျောက်စာ၊ ကျော)

၄။ ''မြေစ်အောက်'' – ၄င်း–

၅။ ''အနောက်မြောက်တောင်သို့လာသကာ'' (၅၆၉ ခုထိုး၊ ခေမာဝရဘုရားကျောက်စာ)

ပုဂံခေတ်တွင် 'မြောက်အရပ်' ကို 'မြေစ်အောက်' 'မြစ်အောက်' 'မြစ်သြက်' 'မြှောက်' 'မြစ်' စသည် ဖြင့် အမျိုးမျိုးရေးထိုးခဲ့ရာ 'မြေစ်သြက်' မှာ ရင်းမြစ်ဖြစ်၍ 'မြစ်အောက်' သည် အတွင်ကျယ်ဆုံး အရေးအသား ဖြစ်သည်ဟု ဆိုရပါမည်။[၁]

''မြစ်အောက်''ကိုလုံး၍ တစ်ပုဒ်တည်းကဲ့သို့ ရွတ်ဆိုခြင်းဖြင့် 'မြှောက်' ပွ်ကိုရအပ်သည်။ မြစ်အောက်တွင် နောက်ပုဒ်ကိုပယ်၍ ရှေ့ပုဒ်ကိုသာ ယူသော် 'မြစ်' ပုဒ်ကိုရ၏။ ထို့ကြောင့် 'မြစ်သြက်' ၏အနက် 'မြစ်ဘက်' 'အောက်ဘက်' ဟူ၍ ခွဲခြားယူသော်လည်း သင့်ရာသည်။ 'မြှောက်' 'မြစ်' တို့သည်လည်း မူလပုဒ်ရင်း 'မြစ်သြက်'ကဲ့သို့ပင် 'မြောက်အရပ်' ဟောချည်းဖြစ်သည်။[၂]

'မြစ်' (မြှစ်) သည်ပင် 'မြောက်အရပ်'ကိုညွှန်းဆိုသည်ကို ကိုးခန်းပျို့အပိုဒ် ၁၇၉ တွင် ဤသို့ တွေ့ရပါသည်။ ''ပျော်ပျော်ပါးပါး၊ တောင်မြစ်သွားက၊ ခုလျားပေါ်တင်၊ နီလွင်ကိုယ်ဝတ်'' ဤတွင် ''တောင်မြစ်''မှ ''မြစ်''ကို ပညာရှင်များက 'မြောက်အရပ်'ဟုဖွင့်ဆိုပြီး ပေါရာဏ အဖြစ်သတ်မှတ်ထားခဲ့သည်ကို တွေ့ရပါသည်။[၃]

မြန်မာ 'မြစ်'ကို ထားဝယ် 'မြှစ်' အသံထွက်ပုံ မြန်မာ 'အောက်' ကို ထားဝယ် 'အော့–က်' အသံထွက်ပုံတို့ကို ဤစာတမ်းပထမပိုင်း၌

၁။ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ–၂၇၃

၂။ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ–၂၇၄

၃။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ၊ စာ–၁၇၈

www.mmnetlibrary.com PDF Created by Bobo Zaw

ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

<u>ယောက် (ထားဝယ် = ယော့-က်)</u> "ယောက်"၏ အနက်ကို မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ဤသို့ဖွင့်ဆိုထားသည်ကိုတွေ့ရပါသည်။ "အဝတ်စသည်ကို လည်ပင်း၊ ပခုံးစသည်၌ ရစ်သိုင်းသည်"

ယုဒသန်မြန်မာ-အင်္ဂလိပ်အဘိဓာန်တွင်လည်း အလားတူ အဓိပ္ပာယ်ဖွင့်ဆိုထားပြီး "ပုဆိုး လည်ပင်းယောက်လို့ ကျေးတောသား လိုပဲ တယ်ရိုင်းသည်။ ပဝါလည်ပင်းယောက်သည်" စသည်ဖြင့် ဥပမာ ပေးထားသည်ကို တွေ့ရပါသည်။

ယနေ့မြန်မာအပြောစကားတွင်ရော အရေးအသားတွင်ပါ မတွေ့ရသလောက် ဖြစ်နေပါပြီ။ ပေါရာဏစာရင်းဝင်မဝင်မသိရသော်လည်း ရှေးသုံးစကားဟောင်း ဖြစ်သည်မှာ သေချာပါသည်။ ယနေ့ ထားဝယ်စကားအသုံးတွင်လည်း မှေးမှိန်လျက်ရှိနေပါပြီ။ 'ယောက်' နှင့် 'ယော့-က်' ကား အသံခြင်း မတိမ်းမယိမ်း ကွဲပြားမှု ရှိသော်လည်း အဓိပ္ပာယ်ကား အတူတူပင် ဖြစ်ပါသည်။

<u>ယောင်း (ထားဝယ် = ယောန်း)</u> 'ယောင်း' ကို မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် နာမဝိသေသနအဖြစ် ပြထားပြီး "အနည်းငယ် သွေ့ ခြောက်သော" ဟု အနက်ဖွင့်ထားပါသည်။ ထို့ပြင် မဟာဇနကပျို့အပိုဒ် ၂၄၄ မှ "ပိုးထိုးရောင်ကောင်း၊ သစ်ဆွေးယောင်းသို့၊ မပေါင်းဖြစ်သာ၊ မယ့်ခန္ဓာကား" ကို ထုတ်နုတ်ကိုးကားဖော်ပြထားသည်ကို တွေ့ရပါသည်၊ "ယောင်း" ကား ရှေးစာပေများ၌ အသုံးတွင်ခဲ့သည်။

"ဟူးဟူးပြောင်ပြောင်လောင်တတ်သော မီး၏ သဘောကား သစ်စိမ်းဝါးစိမ်းတို့ကို ရှောင်၏။ သစ်ယောင်းဝါးယောင်း မြက်ယောင်း တို့ကိုလောင်၏" (ကန်တော်မင်းကျောင်းဆရာတော်က ရွှေဂူ ဒါယကာ ဘုရင်မင်းမြတ်သို့ ပေးသောမေတ္တာစာ)။

သစ်ယောင်း၊ ဝါးယောင်း၊ မြက်ယောင်း ဟူသည် သစ်ခြောက်၊ ဝါးခြောက်၊ မြက်ခြောက် ဖြစ်သည်။ 'ယောင်း' ကား ပေါရာဏစကား တည်း။ သွေ့ခြောက်ခြင်းအနက်ကို ဟောသည်။

"အိမ်ရှင်တယောက်၊ သွေ့ခြောက်အယောင်း၊ မီးစာဟောင်းတွင်၊ နှောင်းပြီးတသီး၊ သမီးသားမြင်၊ လောင်လင်ကဲချစ်၊ မီးစာသစ်ကြောင့်" (ကိုးခန်းပျို့အပိုဒ် ၂၆)

"ရွက်ကျင်သာယောင်းတော့၊ တပေါင်းချိန်ခွေမှာ၊ မိန်သရေ သိန်လိုက်ပါဘိ" (စာဆိုတော် ဦးမင်း၊ မိန်ရာသီတပေါင်းလဘွဲ့)

ထားဝယ်ရှေးဟောင်း ဒိန်းသီချင်းတစ်ပုဒ်တွင် ဤသို့တွေ့ရ ပါသည်။ "ဝဲဒီကထောန်း၊ သစ်ပန်ယောန်း(ယောင်း)မှာ၊ ဥဒေါန်း (ဥဒေါင်း) ရစ်ရှယ်၊ ဖျာကိုလိုဒိ၊ ငေါဗန်ရယ်" ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ထားဝယ် ဒေသ ရှေးဟောင်းမြို့တစ်မြို့အဖြစ် စွဲမှတ်ထားကြသော ဝဲဒီမြို့ (ယခု ထားဝယ်မြို့တောင်ဖက် ၆ မိုင်ခန့်အကွာ ထားဝယ်မြစ် အနောက် ဘက်ကမ်းဘေး၊ လောင်းလုံးမြို့နယ်အတွင်းရှိ ဝေဒီကျေးရွာ) ကမ်းပါး စောက်ရှိ သစ်ပင်ခြောက်ကြီးပေါ်တွင် အမြီးအရစ် ရှည်လှသော ဥဒေါင်း ငှက်က ဘာကိုလိုလို့ တွန်နေပါလိမ့်" ဟူ၍ ဖြစ်ပါသည်။

"ဝဲဒီ" သည် ထားဝယ်အသံထွက်ဖြစ်၍ မြန်မာ "ဝဲတိမ်" ဖြစ်ပါသည်။ ထားဝယ်မြစ်အတွင်း ရေဝဲများရှိရာ ဝဲတိမ်ရှိသောနေရာ ကမ်းဘေးတွင် တည်ထားသော မြို့ဖြစ်၍ "ဝဲဒီ"ဟု ခေါ်တွင်ရာမှ ကာလ ရွေ့လျောလာသည်နှင့်အမျှ "ဝဲဒီ"မှ ယခု "ဝေဒီ"ဖြစ်လာသည်ဟု ဆို ပါသည်။

'ဝဲဒီ'ဒိန်းချင်းကို နောက်ဆက်တွဲ(ဃ)တွင် ဖော်ပြထားပါသည်။

ထားဝယ်စကား၌ 'ယောန်း' (ယောင်း) သည် လွန်ခဲ့သည့် နှစ်ပေါင်း လေးဆယ်ကျော်ခန့်အထိ တောရောမြို့ပါ ထားဝယ်တစ်နယ်လုံး အသုံးရှိခဲ့သော်လည်း နောက်ပိုင်း၌ တဖြည်းဖြည်း အသုံးနည်းလာသည် ကို တွေ့ရပြီး ယခုအခါ မြို့နှင့်အလှမ်းဝေးသော ဒေသများ၌သာ ပြောဆို



www.mmnetlibrary.com PDF Created by Bobo Zaw

ကြတော့သည်ဟု သိရပါသည်။ ဘာသာစကားတို့၏ သဘောသဘာဝပင် ဖြစ်သည်ဟု ဆိုရပါမည်။

ယင်းဒိန်းချင်းတွင် 'ယောန်း' နှင့်အတူ နဘောကာရန်အဖြစ် ပါလာသော 'ကထောန်း' မှာ ထားဝယ်ဝေါဟာရ ဖြစ်၍ အဓိပ္ပာယ်မှာ ''ကမ်းပါးစောက်'' ဖြစ်ပါသည်။ နောက် 'ငေါ်' ဟူသော ရှေးစကားကို တွေ့ရပြန်သဖြင့် ခြေရာခံကြည့်သောအခါ 'ငေါ်' ဟူသောစကားကို ကာရန်ငဲ့ရေးဖွဲ့ရာမှ 'ငေါ်' ဖြစ်လာရသည်ကို တွေ့ရပါသည်။ 'ငေါ်' ၏ အဓိပ္ပာယ်မှာ ''ထင်ရှားသော အသံကိုပြုသည်။ အော်သည်၊ ဟစ်သည်၊ ပြောဆိုသည်'' ဟု တက္ကသိုလ်မြန်မာအဘိဓာန်တွင် ဖော်ပြထားပါသည်။ သို့ရာတွင် 'ဝဲဒီ' ဒိန်းချင်းတစ်ပုဒ်လုံးနှင့် ဆက်စပ်ယူလျှင် ယုတ္တိတန်ပြီး အသံသာသည်ကို တွေ့ရပါသည်။

'ရဲစား' မြန်မာစကား 'ရည်းစား' ကို ထားဝယ်က 'ရဲဇား'ဟု ပြောပါသည်။ 'ရဲစား' ကို ရှေးမြန်မာစာပေတွင် ဤသို့တွေ့ရပါသည်။ ''တစ်ရွာသားက၊ တစ်မယားနှင့် ရဲစားတွေ့လို့၊ မေ့သဖြင့်လျှင်'' (လေးထောင် မောင်လု၊ ကျေးစေအိုင်ချင်း)[၁] ''မကြိုက်သာလို့နေပါသေးတယ်၊ နှစ်မလေးကိုယ်မအားတယ်၊ ရဲစားနှင့်လေး'' (ရွှေဘိုပုံကြီးသံ)[၂]

လက်ကတီး (ထားဝယ် = လတ်ကဒီး) ခေတ်မြန်မာစကား 'ချိုင်းကြား' ဖြစ်ပါသည်။ ချိုင်းကြားကို ထားဝယ်က 'လတ်ကဒီး' ဟု ပြောပါသည်။ 'လက်ကတီး' ကို ရှေးမြန်မာစာပေတွင် ဤသို့တွေ့ရပါသည်။

''ခေါင်းထက်သို့ကျော်၊ ကျောပေါ်သို့တက်၊ လက်ကတီးရောက်၊ မေးအောက် လည်ပင်း၊ ဟင်းအလူးလူး၊ ကိုယ်စီရှူး၍'' (ဥမ္မာဒန္တီ

၁။ မြန်မာစာညွန့်ပေါင်းကျမ်း၊ ပဌမတွဲ၊ ၁၉၉၂၊ စာ-၁၈၀
၂။ မြန်မာစာညွန့်ပေါင်းကျမ်း၊ ဒုတိယတွဲ၊ ၁၉၅၂၊ စာ-၁၇၉



ပျို့၊ အပိုဒ် ၁၂)။

''ဆွဲငင်တုံပြီး၊ လက်ကတီးကြား၊ လက်ဝါးဖြင့်အုပ်'' (ပဋ္ဌဝုဓပျို့၊ အပိုဒ် ၁၁၄)။

လျှောက် (ထားဝယ် = လျှော့-က်) ယနေ့ခေတ်မြန်မာစကား အပြောအဆိုရေးအသားတို့တွင် ပျောက်ကွယ်ခဲ့ပြီဖြစ်သော 'လျှောက်' သည် ရှေးစကားသို့မဟုတ် ပေါရာဏစာရင်းဝင် ဖြစ်နေသည်ကို တွေ့ရပါသည်။ မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် 'လျှောက်' ၏ အဓိပ္ပာယ်ကို ဤသို့ ဖွင့်ဆို ဖော်ပြထားပါသည်။ 'လျှောက်'၊ ကြိ၊ ဖြည့်စွက်သည်။ ထပ်ဆင့်ထည့်သွင်းသည်။ ''ငါးပါးဘောဇဉ်၊ ချိုချဉ်စိုခြောက်၊ ပဲဆားလျှောက်၍'' (နာရဒပျို့၊ အပိုဒ် ၄၆)

ယုဒသန်မြန်မာ-အင်္ဂလိပ် အဘိဓာန်တွင် 'လျှောက်' 'to put a small quantity into a larger, စွက်သည်၊ ရေအိုးမှာ ရေနည်းသေးသည်။ ပြည့်အောင်လျှောက်လိုက်ပါ။ ဟင်းရည်နည်းလို့ ရေလျှောက်စားသည်'' စသည်ဖြင့် အနက်ဖွင့် ဖော်ပြထားပါသည်။

'လျှောက်'ကား ရှေးစာများ၌ အသုံးတွင်ခဲ့သည်ကို ဤသို့ လေ့လာ တွေ့ရှိရပါသည်။

''မှောက်တော်ရှင်မွန်၊ အရောက်မုန်အုံ့၊ ကြွင်းကျန်သဖြင့်၊ ဘုရားကျင့်ကို၊ လျှောက်ဆင့်မကဲ၊ နေ့မြည်းနွဲမူ၊'' (ရှင်မဟာသီလဝံသ၊ ပါရမီခန်းပျို့၊ အပိုဒ် ၄၉) ''ဘယ်ရာသီချန်၊ မဆန်ရွံကြောက်၊ အလုံ လျှောက်၍၊ ငုံပေါက်လဲလှိုင်၊ လေဆိုင်ညှာညွန့်။'' (ရှင်ဥတ္တမကျော်၊ တောလားအပိုဒ် ၁) ''ပေးကမ်းဆုလာဘ်၊ ကျေးဇူးဆပ်လျှက်၊ လျှောက်ထပ်ပစ္စည်း၊ သည်နှင့်ချည်းလျှင်'' (ရှင်အဂ္ဂသမာဓိ၊ သုဝဏ္ဏသျှံသစ္စာခန်းပျို့၊ အပိုဒ် ၂၁၅) ''ရွှင်အားထပ်လျှောက်၊ ဝမ်းတော်မြော်လော့၊ ခြောက်ယောက်နောက်မွေး၊ ရှင်ထွေးနက်တု၊ မုဒုလက္ခဏာ၊ မယ်လျှကိုထား။'' (တွင်းသင်းတိုက်ဝန်၊ မုဒုလက္ခဏာပျို့၊ အပိုဒ် ၄) ''ပန်းရွှေဖီ ကြိုင်လျှောက်လို့၊

www.mmnetlibrary.com PDF Created by Bobo Zaw

ပိတောက်ကယ်တဲ့သင်းချို'' (ဖိုးသူတော်ဦးမင်း၊ တပေါင်းလဘွဲ့) ''လွမ်းဟုန်တပ်လှောက်၊ ဗျာပွားသာမောက်ပေလိမ့်'' (ဖိုးသူတော်ဦးမင်း၊ ဆောင်းရာသီဘွဲ့လေးချိုးကြီး) ''နှင်းအလှောက်မှာလ၊ သွင်းမြောက်လေ ညာသွန်နှင့်'' (စာဆိုတော်ဦးမင်း ဆောင်းဘွဲ့လေးချိုးကြီး)

ထားဝယ်စကား၌ 'လှောက်' အသုံးဝင်နေဆဲဖြစ်ပါသည်။ ဈေးဝယ်ရာ၌ 'လှော့–က်ပါဦး' 'လှောက်ပါအုံး' ကို နေ့စဉ်ကြားနေရပါသည်။ ဈေးဝယ်သူက ဈေးသည်ထံမှ မိမိဝယ်သည့် ပစ္စည်းကို ''နည်းနည်းထပ်ဖြည့်ပေးပါဦး'' ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မြန်မာ 'လှောက်' (ထားဝယ် = 'လှော့–က်) ကို စာတမ်းပထမပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

'သိုး' ဟုဆိုလိုက်လျှင် တိရစ္ဆာန် ''သိုး''နှင့်''ပုပ်သိုး'' အဓိပ္ပာယ်ကို သိသူများ၏။ အမှန်မှာ ယင်းအဓိပ္ပာယ်များအပြင် အခြားအဓိပ္ပာယ်လည်း ရှိပေသေး၏။ 'သိုး' ကို မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် ''ဦးထုပ်တစ်မျိုး'' ဟုလည်းကောင်း၊ မြန်မာအဘိဓာန်ကြီးတွင် 'သိုးမွေးဦးထုပ်' ဟု လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုဖော်ပြထားပါသည်။ 'သိုးနှင့်ဦးထုပ်' ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်များကိုမူ မြန်မာဂန္ထဝင်စာပေနှင့်အကျွမ်းတဝင်ရှိသူ လူနည်းစုကသာ သိကြပါသည်။

'သိုး' ကိုလွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က ဆရာကြီးမင်းသုဝဏ်ထားဝယ်သို့ရောက်သည့် ၁၉၅၄ ခုနှစ်အထိ ထားဝယ်တောနယ်များတွင် ''ဦးထုပ်'' အဓိပ္ပာယ်ဖြင့် ခေါ်ဝေါ်အသုံးပြုနေဆဲ ဖြစ်သည်ကို တွေ့ရပါသည်။ ''ဦးထုပ်ကိုတောပိုင်းမှာ 'သိုး' လို့ယခုတိုင် ခေါ်တုန်းပါပဲဆရာ၊ တစ်လောက တောက ကျွန်တော့်လုပ်သားတွေလာပြီး 'သိုး'သုံးခု လိုချင်တယ်လို့ပြောပါတယ်။ စကားစပ်ကို ထောက်ကြည့်တော့ 'သိုး' ဆိုတာဦးထုပ် ဖြစ်မှာပဲဆိုပီး၊ ဦးထုပ်သုံးလုံးဝယ်ပေးပါတယ်။ သူတို့ အလိုပြည့်ပြီးပြန်သွားကြတာပါပဲ'' (ဆရာကြီးမင်းသုဝဏ်အား ထားဝယ်မှ မိတ်ဆွေ



ဦးထွန်းမြတ်၏ ပြောကြားချက်များမှ)။ [၁]

'သိုး'၏သက်တမ်းကား ရှည်လှပါပြီ၊ ပုဂံခေတ် မြန်မာသက္ကရာဇ် ၄၀၆ မှ ၆၆၀ (ခရစ်နှစ် ၁၀၄၄–၁၂၉၈) တွင် ပထမဆုံးတွေ့ရသောကဗျာမျိုးစေ့ဟု ပညာရှင်များက သတ်မှတ်ထားသည့် ''ပုပ္ပားနတ်တောင်ဘွဲ့လင်္ကာ'' တွင် 'သိုး' ကိုစ၍တွေ့ရသည်။ [၂]

(၁) သိုးကလေ၊ ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြား၌၊ နံ့ရှားကြိုင်လွင့်၊ ခါတန် ပွင့်သည်၊ ရွှေနှင့် ယိုးမှား၊ ပန်းစံကား။

(၂) သိုးကလေ၊ စံကားပွင့်နှင့်၊ နှိုင်းတင့်နိုးသည်၊ မယ့်သည် ပင်သည် ခရီးသား။

(၃) သိုးကလေ၊ မြိတ်လွတ်စုလည်း၊ အငယ်တည်းက.... နှလုံးမခြား စောင့်တရား။

သိုး (ဦးထုပ်)ကား ပေါရာဏစာရင်းဝင်ဖြစ်ခဲ့သည်မှာ ကြာလှပါပြီ။ ယခုအခါ လုံးဝအသုံးမရှိတော့သော်လည်း ကုန်းဘောင်ခေတ် မြန်မာစာပေအရေးအသားများတွင် ဥရောပတိုက်သားများကို 'သိုးဆောင်း' ဟု ခေါ်ဝေါ်ရေးသားခဲ့သည်ကိုကား အမှတ်ရနေကြမည်သာ ဖြစ်ပါသည်။

'သွန်' မြန်မာအပြောစကားနှင့် အရေးအသားတို့တွင် ''သွန်'' တစ်လုံးတည်းကို ကြိယာအဖြစ်သုံးသည်ကို တွေ့ခဲလှပါသည်။ ''အားသွန်'' (ခွန်အားကို အထူးစိုက်ထုတ်သည်) ''အားသွန်ခွန်စိုက်'' (ခွန်အားကို အထူး အသုံးပြုလျက်) သွန်သင် (တတ်သိနားလည်အောင် ဆုံးမပြသသည်။ လိမ္မာရေးခြား ရှိအောင်ပဲ့ပြင်သည်။) စသည်ဖြင့် နှစ်လုံးတွဲအသုံးကို အများဆုံးတွေ့ရပါသည်။

---

၁။ မြန်မာစာ၊ မြန်မာမှု၊ စာ–၃၅

၂။ မြန်မာစာညွန့်ပေါင်းကျမ်း (ပ) ၁၉၉၁၊ စာ–၁၅

www.mmnetlibrary.com PDF Created by Bobo Zaw

'မြန်မာအဘိဓာန်အကျဉ်းချုပ်' တွင် 'သွန်' တစ်လုံးတည်းကို အဓိပ္ပာယ်ဖွင့်ပြရာ၌ (၁) အတွင်း ရှိ အရာတို့ကို ပြင်ပသို့ ငှဲ့ထုတ်သည်။ လောင်းထုတ်သည်။ (၂) ရှိသမျှ စွမ်းအားတို့ကို အကုန်အစင် အသုံးချသည်။ အားစိုက်ကြိုးပမ်းလုပ်ဆောင်သည်'' ဟု တွေ့ရပါသည်။

ထားဝယ်စကား၌ 'သွန်' ၏ အဓိပ္ပာယ်သည် အဘိဓာန်မှ ဒုတိယဖွင့်ဆိုချက်နှင့် ကိုက်ညီရုံမက ပို၍တိကျပြည့်စုံသည်ဟု ဆိုချင်ပါသည်။ ထားဝယ်စကား၌ 'သွန်' ကို ''ရှိသမျှစွမ်းအားအရှိန်ကို သုံး၍ ထိတိုက်စေသော'' အဓိပ္ပာယ်ဖြင့် သုံးပါသည်။ တစ်နည်းအားဖြင့် 'အရှိန်ပြင်းပြင်းဖြင့် ဝင်တိုက်(ဆောင့်) သည့်အဓိပ္ပာယ်ရှိပါသည်။ ဥပမာ– မြန်မာစကား ''အုတ်နံရံကိုခေါင်းနဲ့ဝင်တိုက်(ဆောင့်)ရင် ကိုယ်ပဲ ခံရမယ်'' ကို ထားဝယ်စကားဖြင့် ''အုကဒိုင်းကို ခေါန်းနဝမ်သွန်ဟာ ကိုယ်ပဲ ခံရမယ်'' ဖြစ်ပါသည်။

'သွန်' ၏ အဓိပ္ပာယ်ကို ဖော်ထားသော ထားဝယ်စကား၊ အချိုးကလေးတစ်ခုရှိပါသည်။ ''ကြွော့–က် ကို ကြွားသွန် ကြွားအားလွန်၊ ကြွားသွန်ကြွားလဲ ကြွားခေါန်းကွဲ'' (ကျောက်ကို ကျားသွန်၊ ကျားအားလွန်၊ ကျားသွန်ကျားလဲ၊ ကျားခေါင်းကွဲ) ဖြစ်ပါသည်။

ရှေးသုံးများ၌လည်း ''ဖဲခဲ့ခုန်ကျော်၊ ကြောင်းတော်ဖိုင်ဖိုင်၊ တောင်ကိုင်ပြေးကန်၊ လွတ်နိုင်တန်လျှက်၊ မသွန်လေဘဲ၊ ကွဲလွဲကိုယ်ဟူး၊ မှိုင်ချေဦးအံ့'' (ရှင်မဟာသီလဝံသ၊ ဆုတောင်းခန်းပျို့၊ အပိုဒ် ၄၇) ''သားမျိုးတိရစ္ဆာန်၊ အားကုန်သွန်လျှက်၊ လည်လန်မူးမော်၊ ရှန်းချေသော်လည်း'' (ရှင်မဟာသီလဝံသ၊ ပါရမီခန်းပျို့၊ အပိုဒ် ၇၀) စသည်ဖြင့် တွေ့ရပါသည်။

ရှေးစာအထောက်အထားများနှင့် ထားဝယ်စကားအသုံးတို့ကို ကြည့်လျှင် ဘာသာစကားတို့၏ သဘောသဘာဝအတိုင်း ရှေးကအဓိပ္ပာယ် ကျယ်ပြန့်တိကျခဲ့သော 'သွန်' သည် ယခုအခါ အဓိပ္ပာယ် အနည်းငယ်



ကျဉ်းမြောင်းလာသည်ဟု ဆိုချင်ပါသည်။

<u>အမုံ (ထားဝယ် = အမောင်/အမှောင်)</u> ''အမုံ'' သည် ''မုံအာ'' ''အမုံအာ'' တို့နှင့် အဓိပ္ပာယ်တူ ဖြစ်၍ ပေါရာဏဖြစ်သည်။ အဓိပ္ပာယ်မှာ 'ပန်းငုံ' ဟု ဆိုလိုသည်။ [၁]

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် 'အပွင့်မဖြစ်သေးသော ပန်းဖူး၊ ပန်းငုံ' ဟု အနက်ဖွင့်ထားပြီး ''နတ်သမီးတစ်ယောက်သည် ကြာပွင့်၌ ပဋိသန္ဓေနေ၍ ကြီးစွာသော အမုံရှိသည်ကို'' (မဃဒေ ကုဏ္ဍလဝတ္ထု၊ စာ–၃၅၈) ကို အကိုးအထောက်အဖြစ် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ပေါရာဏဖြစ်၍လည်း ရှေးသုံးများ၌ 'အမုံ' ကို မကြာခဏ တွေ့ရခြင်းဖြစ်ပါမည်။ 'ပန်းဝေဆာ၊ ပန်းမျိုးများစွာ၊ ဖူးညွှာက်မုံအာ၊ မျှလောက်ပုံရာ'' (မဟာဂီတ မေဒနီကျမ်းမှ ထုတ်နုတ်သော စစ်ကိုင်းမြို့ ကောင်းစားစဉ်အခါ ရေးသည့် ကြိုးသီချင်းအဟောင်း) ''စိမ့်မြိုင်ရဂုံ၊ ကြိုင်လှိုင်ထုံသည်၊ အမုံချပ်ရပ်၊ ဖူးငုံကပ်၍၊ လှည့်ပတ်လတ်တံ'' (ရှင်ဥတ္တမကျော်၊ မြတ်စွာဘုရား ကပိလဝတ်ပြည် ကြွခန်းတောလား)။

ထားဝယ်စကား၌ 'ပန်းငုံ' အစား 'ပန်းမောင်' သို့မဟုတ် 'ပန်းမှောင်'ဟုပြောပြီး 'အမုံ'ကို 'အမောင်'သို့မဟုတ် 'အမှောင်'ဟု ပြောပါသည်။ သို့ရာတွင် ယင်း 'ပန်းမောင်' 'ပန်းမှောင်' 'အမှောင်' တို့ကို အနီးစပ်ဆုံး အသံရအောင် ဖော်ပြခြင်းသာ ဖြစ်ပါသည်။ အသံထွက် အမှန်မှာ 'မောင်' နှင့် 'မှောင်' တို့တွင် နှာသံမပါစေရပါ။ ဤစာတမ်း ပထမပိုင်း၊ မြန်မာ 'အုံ' နှင့် ထားဝယ် 'အောင်' အခန်းတွင် ရှင်းလင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် တစ်ခါတစ်ရံ 'မှောင်' ဟု ဟထိုးသံ ပါလာခြင်းမှာ မြန်မာစကားပြောဆိုရာ၌ 'လုပ်နိုင်' 'သွားနိုင်' တို့တွင် 'လုပ်နှိုင်' 'သွားနှိုင်' ဟု အသံထွက်ပြောခြင်းမျိုးသာ ဖြစ်ပါသည်။

---

၁။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ၊ စာ–၂

www.mmnetlibrary.com PDF Created by Bobo Zaw

# တတိယပိုင်း

# သီးခြားထားဝယ်စကားအသုံးအနှုန်းနှင့်ဝေါဟာရများ

မည်သည့်ဘာသာစကားတွင်မဆို အသုံးအနှုန်း (စကားလုံးသုံးနှုန်းပုံ)သည် အလွန်အရေးကြီးပါသည်။ စကားလုံး (ဝေါဟာရ) တစ်လုံးချင်းစီ၏ အဓိပ္ပာယ်ကိုသိရုံနှင့် မလုံလောက်ဘဲ ဆက်စပ်သုံးနှုန်းပုံကိုပါ သိထားမှသာ မိမိပြောလိုရေးလိုသည့် ဆိုလိုရင်းအဓိပ္ပာယ်ကို မှန်မှန်ကန်ကန်၊ တိတိကျကျ ထုတ်ဖော်ပြောဆိုရေးသားနိုင်မည်ဖြစ်ပါသည်။

ထားဝယ်စကားအသုံးအနှုန်းနှင့် ဝေါဟာရများကို အကြမ်းအားဖြင့် သုံးမျိုးသုံးစား ခွဲခြား ကြည့်နိုင်ပါသည်။

(၁) မြန်မာစကားအသုံးအနှုန်းဝေါဟာရများကို ထားဝယ် အသံထွက်ဖြင့် ပြောဆိုသော စကားများ၊ (၂) မြန်မာစကားအသုံးအနှုန်းနှင့် ဝေါဟာရများကို မြန်မာတို့သုံးနှုန်းသည့်အတိုင်း မြန်မာအသံထွက်အတိုင်း သုံးနှုန်းပြောဆိုသောစကားများ၊ (၃) သီးခြားထားဝယ်စကားအသုံးအနှုန်းနှင့်ဝေါဟာရများဟူ၍ ဖြစ်ပါသည်။

အထက်ဖော်ပြပါစကားသုံးမျိုးတွင် မြန်မာစကား အသုံးအနှုန်းနှင့် ဝေါဟာရများကိုပင် ထားဝယ်အသံထွက်ဖြင့် ပြောဆိုသော စကားများမှာ ထားဝယ်စကား၌ ရာခိုင်နှုန်းအများဆုံး ဖြစ်မည်ဟုခန့်မှန်းရပါသည်။ မြန်မာစကားအသုံးအနှုန်းဝေါဟာရများကို ထားဝယ်စကား၌ တစ်မူခြား၍ အသံထွက်ပုံကို ဤစာတမ်းပထမပိုင်းတွင် ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်ပါ



သည်။ မြန်မာစကားအသုံးအနှုန်းဝေါဟာရများကို မြန်မာတို့အတိုင်း သုံးနှုန်းအသံထွက်သည့်စကားများ (ဥပမာ– ကျဉ်းကျပ်၊ ကြင်နာ၊ ခင်မင်၊ စဉ်းစား၊ ဆွေးနွေး၊ ဆင်းရဲ၊ တက္ကသိုလ်၊ ဖက်စပ်၊ လိမ္မော်သီး၊ အုံ့ဩစသည်)မှာလည်း အများက သိရှိနားလည်နိုင်သည့် စကားများဖြစ်၍ ဖော်ပြခြင်းမပြုတော့ဘဲ ထားဝယ်စကား၏ ဝိသေသလက္ခဏာတစ်ရပ်ဟု ဆိုနိုင်သည့် သီးခြား ထားဝယ်စကားအသုံးအနှုန်းနှင့် ဝေါဟာရများထဲမှ နေ့စဉ်သုံး (အများသုံး) စကားအချို့ကိုသာ ရွေးနုတ်ဖော်ပြထားပါသည်။

ယင်းသို့တင်ပြရာတွင် သီးခြားထားဝယ်စကားအသုံးအနှုန်းနှင့် ဝေါဟာရများမှာ ထားဝယ်မြို့ပေါ်မှ နေ့စဉ်သုံးစကားများထဲမှ လက်လှမ်းမီသမျှကိုသာ ကောက်ကာငင်ကာ ရယူတင်ပြထားခြင်း ဖြစ်၍ အရေးပါသော ထားဝယ်စကားအသုံးအနှုန်းဝေါဟာရများ ထောင်နှင့် သောင်းနှင့်ချီ၍ ကျန်ရှိနေဦးမည် အမှန်ပင်ဖြစ်ပါသည်။

## ထားဝယ်စကားအသုံးအနှုန်းများ

### ၁။ အညွှန်းစကားများ

မြန်မာစကားအသုံး၌ 'ဒီ၊ သည်၊ ဤ'တို့သည် နီးကပ်သည့် အချိန်ကာလနှင့် အနီး၌ရှိသည့် သက်ရှိ၊ သက်မဲ့တို့ကို ညွှန်ပြသော စကားလုံးများဖြစ်ကြပါသည်။ ထားဝယ်စကား၌မူ 'ဒီ၊ သည်၊ ဤ' အစား 'သယ်'ကို သုံးပါသည်။ မြန်မာ 'သည်'မှ 'သယ်'ဖြစ်လာလေသလား စဉ်းစားစရာရှိပါသည်။

မြန်မာစကားအသုံးရှိ 'ထို'နှင့် 'ဟို'သည် ကာလအားဖြင့် လည်းကောင်း၊ ဒေသအားဖြင့် လည်းကောင်း၊ ကွာလှမ်းသည့် (မလှမ်းမကမ်းတွင်ရှိသည့်) သက်ရှိ၊ သက်မဲ့တို့ကိုညွှန်ပြသော စကားလုံး ဖြစ်ပါသည်။ ထားဝယ်စကား၌ 'ထို'နှင့် 'ဟို'အစား 'ဟောက်'ကို သုံးပါသည်။ တစ်ဖက်ပါဥပမာများကိုလေ့လာကြည့်စေလိုပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

| | | |
|---|---|---|
| မြန်မာ | = ဒီမှာ | ဟိုမှာ |
| ထားဝယ် | = သယ်မာ | ဟောက်မာ |
| | | |
| မြန်မာ | = ဒီကိစ္စ | ဒီလူ |
| ထားဝယ် | = သယ်ကိစ | သယ်လူ |
| | | |
| မြန်မာ | = ဒီနေ့ | ဟိုကိစ္စ |
| ထားဝယ် | = သယ်နေ့ | ဟောက်ကိစ |
| | | |
| မြန်မာ | = ဒီဟာ | ဟိုဒင်း |
| ထားဝယ် | = သယ်မာဇာ | ဟောက်မာဇာ |
| | | |
| မြန်မာ | = ဒီလို | ဟိုနေ့က |
| ထားဝယ် | = သယ်မျိုး | ဟောက်နေ့က |
| | | |
| မြန်မာ | = ဟိုလူ | ဟိုလို |
| ထားဝယ် | = ဟောက်လူ | ဟောက်မျိုး |

**၂။ အမေးစကားများ**

မြန်မာစကားအသုံး၌ 'နည်း' (သနည်း)၊ 'လား' (သလား)၊ 'လဲ' (သလဲ)၊ 'လော' (သလော)တို့သည် မြန်မာအမေးစကားများ (မေးခွန်းပြုလုပ်သောစကားများ) ဖြစ်ပါသည်။ 'နည်း'ကို 'အဘယ်'၊ အတိ၊ 'မည်သည့်'စသောစကားလုံးတို့ဖြင့် မေးသော မေးခွန်းများတွင် သုံး၍ 'သနည်း'ကို 'အဘယ်၊ မည်မျှ၊ မည်သို့'စသည် ပါရှိသော ဝါကျ အဆုံး (မေးခွန်း)များတွင် သုံးပါသည်။ 'လား'နှင့် 'လဲ'သည် အမေး



သဘော ထင်ရှားစေရန် ကြိယာ၏အဆုံးတွင် ဆက်၍သုံးသော ပစ္စည်း စကား ဖြစ်ပါသည်။ 'သလား'သည် 'ဘာ၊ ဘယ်၊ မည်မျှ၊ မည်သူ' စကားလုံးရှေ့ကမပါသော ကြိယာနှင့် တွဲစပ်သုံးရသော အမေးပြု စကားလုံး ဖြစ်၍ 'သလဲ'သည် 'ဘာ၊ ဘယ်၊ မည်မျှ၊ မည်သူ'စသည့် စကားလုံးတို့ ရှေ့ကပါသော ကြိယာနှင့်တွဲစပ်သုံးရသော အမေးပြုစကားလုံးဖြစ်ပါသည်။

ထားဝယ်စကား၌ 'နည်း(သနည်း)'၊ 'လဲ (သလဲ)'တို့ကို မသုံးဘဲ ယင်းတို့အစား 'နူး'ကို သုံးပါသည်။ 'လား (သလား)'အစား 'လော၊ လော်'ကို သုံးပါသည်။ ဥပမာပြပါမည်။

| | |
|---|---|
| မြန်မာ | = ဘာလဲ၊ ဘာဖြစ်တာလဲ၊ ဘယ်သွားသလဲ၊ |
| ထားဝယ် | = ဖြာနူး၊ ဖြာဖြစ်နူး၊ ဖယ်သွားနူး၊ |
| | |
| မြန်မာ | = ဘယ်လောက်ပေးရသလဲ၊ ဘာလုပ်နေသလဲ၊ ဘယ်သူလဲ၊ |
| ထားဝယ် | = ဖယ်မျှပေးရနူး၊ ဖြာလောက်နေနူး၊ ဖယ်သူနူး၊ |

မြန်မာစကား 'ဘာလဲ'မှ 'ဘာ'သည် ထားဝယ်စကား၌ 'ဖြာ' ဖြစ်ပါသည်။ ယင်း'ဖြာ'သည် 'ဖယ်ရာ'ကို မြန်မြန်ရွတ်ဆိုမှုမှရသော အသံထွက်ဖြစ်၍ မြန်မာစကား 'ဘယ်အရာ'နှင့် တူသည်ဟု ယူချင်ပါသည်။ မြန်မာ 'ဘယ်'အစား ထားဝယ်က 'ဖယ်'ကိုသုံးသည်မှာ (ဘ မှ ဖ သို့ အသံပြောင်းသည်မှာ) မဆန်းပါ။ ဘ နှင့် ဖ ပြောင်း၍ ရွတ်သည်မှာ ယနေ့ထက်တိုင်ရှိနေဆဲဖြစ်ပါသည်။

| | |
|---|---|
| မြန်မာ | = နင့်အမေမရှိဘူးလား၊ ဈေးသွားနေသလား၊ |
| ထားဝယ် | = နန့်မိမ့ေရ (ဟ့)လော်၊ ဆေးသွားနေလော်၊ |

www.mmnetlibrary.com PDF Created by Bobo Zaw

မြန်မာ = ထမင်းစားပြီးပြီလား
ထားဝယ် = မုန်းစားပီးလ္ဗော်

မြန်မာ = ဈေးကပြန်လာပြီလား
ထားဝယ် = ဆေးက (ဟှ)ပ္လန်လ္ဗော

မြန်မာ = မဝင်တော့ဘူးလား (လမ်းပေါ်က မိတ်ဆွေကို အိမ်ထဲမှ လှမ်းခေါ်)
ထားဝယ် = မဝမ်လိုဘီလော် (လော)

မြန်မာ = ဝင်နားပါဦးလား (လမ်းကြုံ၍ အိမ်ထဲဝင်ရန်ခေါ်)
ထားဝယ် = ရှင်းပါဦးလော် (လော)

မှတ်ချက် 'လ္ဗော်'သည် 'ဘီလော်'ဖြစ်၍၊ လ္ဗော'သည် 'ဘီလော' ဖြစ်ပါသည်။ 'ဘီလော်'နှင့် 'ဘီလော'သည် မြန်မာစကား 'ဘီလား' (ပြီလား)ဖြစ်ပါသည်။ မလှမ်းမကမ်းမှမေးလျှင် 'လော်'သို့မဟုတ် 'ဘီလော်' ကိုသုံး၍ ခပ်လှမ်းလှမ်းမှမေးလျှင် 'လော' သို့မဟုတ် 'ဘီလော'ကို သုံးပါသည်။ မြန်မာ 'ချဉ်း' (ချဉ်းကပ်)သည် ထားဝယ်အသံထွက် 'ရှင်း' ဖြစ်သည်ကို စာတမ်းပထမပိုင်း၌ ဖော်ပြခဲ့ပြီးပါပြီ။

ပုဂံကျောက်စာများ၌ 'လဲ'နှင့် 'လား'ကို မတွေ့ရသော်လည်း 'နေ့း၊ သနေ့း၊ အံ့နေ့း'စသည်တို့ကိုမူ တွေ့ရပါသည်။ နေ့း၊ သနေ့း၊ အံ့နေ့း' တို့သည် ယခုခေတ်မြန်မာစကား၌ 'နည်း၊ သနည်း'ဖြစ်လာ၍ ထားဝယ်စကား၌ 'နူး'ဖြစ်လာဖွယ်ရှိသည်ဟု ဘာသာဗေဒပညာရှင် ဆရာကြီးဦးဖေမောင်တင်က မှတ်ချက်ချခဲ့ပါသည်။ ယခုခေတ်မြန်မာ စကား၌ 'လော' အသုံးမရှိတော့သော်လည်း ရှေးဟောင်းစာပေများ၌မူ



အသုံးတွင်ခဲ့သည်ကို တွေ့ရပါသည်။

### ၃။ တစ်ထက်အများ (ဗဟုဝုစ်)အသုံး

မြန်မာဘာသာစကားအသုံးရှိ ဗဟုဝုစ်ကြိယာပစ္စည်းဖြစ်သော 'ကြ'ကို ထားဝယ်စကား၌ မသုံးပါ။ 'ကြ'အစား 'ကော့'(ဂေ့)ကို သုံးပါသည်။ အရေအတွက် တစ်ထက်ပိုသည့်သဘော၊ တစ်စုတစ်ပေါင်းတည်း ဖြစ်သည့်သဘောတို့ကို ပြသောမြန်မာစကား 'တို့'ကိုလည်း ထားဝယ် စကား၌ 'နို့' သို့မဟုတ် 'လို့'ဖြင့် အစားထိုး၍ ပြောပါသည်။ ဥပမာပြပါမည်။

မြန်မာ = တို့သွားကြစို့ ဒီကိုလာကြ၊ နင်တို့လုပ်ကြည့်ကြစမ်း။
ထားဝယ် = နို့သွားဂေ့စို့၊ သယ်ကိုလာဂေ့၊ နန်းလို့လောက် ကော့ဂေ့။

မြန်မာ = သူတို့ဘာသာသူတို့လုပ်ပါစေ၊ နင်တို့လာကြည့်ကြ။
ထားဝယ် = သူးလို့ဇာသူးလို့လောက်စေ၊ နန်းလို့လာကော့ဂေ့။

မြန်မာ = သူတို့သွားချင်လည်းသွားကြပါစေ၊ တို့သွားချင်မှ သွားမယ်။
ထားဝယ် = သူးလို့သွားရှင်လည်းသွားဂေ့စေ၊ နို့သွားရှင်မှ သွား မယ်။

**ခြွင်းချက်**။ ထားဝယ်စကားကို ခပ်ဖြည်းဖြည်းလေးလေး ပြောသည့်အခါ တစ်ခါတစ်ရံ မြန်မာတို့ကဲ့သို့ပင် 'တို့' (ဒို့)ဟု ထွက်တတ်ပါသည်။ 'နို့' 'လို့'မထွက်တော့ပါ။ သို့ရာတွင် ထားဝယ်စကားအသံထွက်များ၌ 'သူ'အစား 'သူး'ဟုလည်းကောင်း၊ 'နန်'အစား 'နန်း'ဟုလည်းကောင်း

www.mmnetlibrary.com PDF Created by Bobo Zaw

ဝစ္စပေါက်သံထွက်၍ ပြောလေ့ရှိသည်ကို သတိပြုဖွယ်ဖြစ်ပါသည်။

အသံတူနှစ်လုံးထပ် ထားဝယ်စကားအချို့၌ ဝစ္စပေါက်သံထည့်၍ ပြောပုံကို ဤစာတမ်း ပထမပိုင်းတွင်ဖော်ပြခဲ့ပါသည်။ အသံတူနှစ်လုံးထပ် မဟုတ်သော်လည်း ဝစ္စပေါက်သံထည့်၍ပြောသော ထားဝယ်စကားအချို့ကို နောက်ပိုင်း၌ တွေ့ရဦးမည်ဖြစ်ပါသည်။

### ၄။ စကားတစ်လုံးအသုံးနှစ်မျိုး

မြန်မာစကားအသုံး၌ မနှင့်တွဲဖက်၍ တားမြစ်ထားခြင်းအနက်ကို ပြသော စကားလုံး 'နဲ့ (နှင့်)'ကိုလည်းကောင်း၊ နာမ်ပုဒ်အချင်းချင်းကို ဖြစ်စေ၊ နာမ်ပုဒ်နှင့်ကြိယာပုဒ်တို့ကိုဖြစ်စေ ဆက်စပ်ပေးသောစကား 'နဲ့ (နှင့်)'ကိုလည်းကောင်း၊ အသုံးခံနာမ်ပုဒ်အဖြစ်ကို ညွှန်ပြသော စကားလုံး 'နဲ့ (နှင့်)'ကိုလည်းကောင်း ထားဝယ်စကား၌ 'န'တစ်လုံးတည်းဖြင့် ပြီးပါသည်။ ဥပမာပြပါမည်။

မြန်မာ = ရန်မဖြစ်ကြနဲ့ (နှင့်)။
ထားဝယ် = ရန်မဖြစ်ကေ့န။

မြန်မာ = နင်နဲ့ဟိုကောင်နဲ့မခေါ်ဘူးလား။
ထားဝယ် = နန့်နဟောက်ကောန်နမတဲ့ဟှလော်။

မြန်မာ = ကိုမြက ကိုလှကို လှံနဲ့ထိုးတယ်။
ထားဝယ် = ကိုမြဟှ ကိုလှဟို့လှံနထိုးဟှယ်။

### ၅။ တူညီချက်ကိုနှိုင်းယှဉ်ပြသောစကားလုံး

မြန်မာစကားအသုံး 'ကဲ့သို့ နှယ်၊ လို သဖွယ်'စသည့် တူညီချက်ကို နှိုင်းယှဉ်ပြသော စကားလုံးများအစား ထားဝယ်စကား၌ 'မျိုး'တစ်လုံးတည်းကိုသာ သုံးလေ့ရှိပါသည်။ ဥပမာပြပါမည်။



မြန်မာ = ဒီလို၊ သူလုပ်သလိုမလုပ်နဲ့။
ထားဝယ် = သယ်မျိုး၊ သူလောက်(ဟှု)မျိုးမလောက်န။

မြန်မာ = ဘယ်လိုလုပ်နေတာလဲ၊ နင့်လိုလူစားအများကြီး။
ထားဝယ် = ဖယ်မျိုးလောက်နေနူး၊ နန့်မျိုးလူစားဖွဲ့ရှား။

### ၆။ သဘောတူကြောင်းဟုတ်မှန်ကြောင်းဝန်ခံခြင်း

မြန်မာစကားအသုံး၌ 'ဟုတ်ကဲ့'သည် သဘောတူကြောင်း၊ ဟုတ်မှန်ကြောင်း ဝန်ခံသည့် စကားလုံးဖြစ်ပါသည်။ ထားဝယ်စကား ပြောရာ၌ 'ဟုတ်ကဲ့'ကို လုံးဝမသုံးပါ။ 'ခန်ဗျား' (ခင်ဗျား)ဟုသာ ခေါင်း ညိတ်၊ အင်းလိုက်လေ့ရှိပါသည်။ တစ်ခါတစ်ရံတွင် ခန်ဗျား(ခင်ဗျား)မှ 'ဗျား' ကိုပင် မထည့်တော့ဘဲ 'ခန်၊ ခန်'ဟု အတိုချုံး၍ ပြောလေ့ရှိပါသည်။ မြန်မာစကားပြောရာ၌ တစ်ခါတစ်ရံ 'ဟုတ်ကဲ့'ဟုပြောရမည့်အစား အတို ချုံး ၍ 'ဟုတ်၊ ဟုတ်'ဟု ပြောလေ့ရှိသကဲ့သို့ဖြစ်ပါသည်။

ထားဝယ်သူအမျိုးသမီးများကမူ 'ဟုတ်ကဲ့ရှင်'ဟု ဆိုရမည့် နေရာတွင် 'ဟာဂရှင်'ဟု ပြောပါသည်။ တစ်ခါတစ်ရံ 'ရှင်'တစ်လုံးတည်း လည်း ပြောလေ့ရှိပါသည်။ ထူးခြားချက်မှာ မြန်မာစကားပြောရာ၌ အမျိုး သမီးများသည် စကားတစ်ခွန်းအဆုံးသတ်တိုင်း 'ရှင်' ထည့်ပြောလေ့ မရှိသော်လည်း ထားဝယ်သူအမျိုးသမီးများ ထားဝယ်စကားပြောရာ၌ တစ်ခွန်းမကျန် 'ရှင်'နှင့် အဆုံးသတ်လေ့ရှိခြင်းပင်ဖြစ်ပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

### ၇။ ငြင်းပယ်ကြောင်းအနက်ရှိစကား

မြန်မာစကားရှိ တားမြစ်ငြင်းပယ်ကြောင်းအနက်ရှိသည့် 'ဘူး' ကို ထားဝယ်စကား၌ လုံးဝမသုံးပါ။ 'ဘူး'အစား 'ဟ့(ရ)' သို့မဟုတ် 'ဟန်း'ဖြင့် ပြောပါသည်။ ဥပမာအားဖြင့်

မြန်မာ = မင်းလုပ်တယ်မဟုတ်လား။ ငါမလုပ်ဘူး။
ထားဝယ် = နန်လောက်မှုလော်။ ငါမလောက်ဟ့ (ရ)။

မြန်မာ = မဟုတ်ဘူး။ မသွားဘူး။ မသွားတော့ဘူး။
ထားဝယ် = မှုဟ့ (ရ)။ မသွားဟ့ (ရ)။ မသွားဟန်း။

မြန်မာ = ဒီလိုလုပ်လို့မရဘူး။
ထားဝယ် = သယ်မျိုးလောက်ဟိုမရဟ့ (ရ)။

'မှု'သည် 'မဟု'ကို ခပ်မြန်မြန်ရွတ်၍ ထွက်လာသောအသံ ဖြစ်ပါသည်။ ထို့အပြင် မြန်မာ 'မဟုတ်'၏ ထားဝယ်အသံထွက် ဖြစ်ပါသည်။

'ဟန်း'၏ အဓိပ္ပာယ်မှာ ရည်ရွယ်စီစဉ်ထားပြီးဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် မသွားဖြစ်တော့'ဟုလည်းကောင်း၊ အရင်က သွားခဲ့ဖူးသော်လည်း ယခုမသွားတော့ (မသွားဖြစ်တော့) ဟု လည်းကောင်း အဓိပ္ပာယ်နှစ်မျိုးရပါသည်။ ရှေ့စကား၊ နောက်စကား အဆက်အစပ်အသွားအလာကို လိုက်၍ အဓိပ္ပာယ် ကောက်ယူနိုင်ပါသည်။

မှတ်ချက် ထားဝယ်စကားကို ပုံမှန်ပြောသည့်အခါ ဟဟထိုး အသံများတွင် မပီမသ ဝါးနေတတ်ပြီး တစ်လုံးချင်း နေးနေးပြောသည့် အခါတွင်မှ (ရ)သံထွက်တတ်ပါသည်။



### ၈။ တောင်းပန်စကား

မြန်မာ = ကျွန်တော့်ကို မုန့်နည်းနည်းလောက်ကျွေးပါ။
ထားဝယ် = ကျွန်တော့်ကို မုဒစ်သားပေးစားပါ။

မြန်မာ = ကျွန်တော်လုပ်ပါရစေ။
ထားဝယ် = ကျွန်တော့်ကို လောက်စေပါ။

မြန်မာ = ကျွန်တော် တဆိတ်ဝင်ပါရစေ။ (လူကြားထဲ တိုးဝှေ့ဝင်)
ထားဝယ် = ကျွန်တော့်ကိုဒစ်သားဝမ်စေပါ။ (လူကြားထဲ တိုးဝှေ့ဝင်)

ထားဝယ်စကားဖြင့် တောင်းပန်စကားပြောရာ၌ အလွန်နှိမ့်ချသော အသံ၊ အမူအရာတို့ဖြင့် ပြောလေ့ရှိပါသည်။ ကျွန်တော်၊ ခင်ဗျား၊ ရှင်၊ ကျွန်မချင်း ထပ်နေအောင်ပြောလေ့ရှိပါသည်။

### ၉။ အာမေဍိတ်

ကြောက်ရွံ့ခြင်း၊ အံ့သြခြင်းစသော စိတ်လှုပ်ရှားမှု တစ်ခုခု နှင့်ကြုံသည့်အခါ ရုတ်တရက် နှုတ်မှ ရွတ်ဆိုလိုက်မိသည့်နေရာတွင်၊ တစ်ခါခါတွင် မြန်မာတို့ကဲ့သို့ပင် 'ဟာ၊ ဟင်၊ ဟယ်'စသည်ဖြင့် အသံထွက်လာလေ့ရှိပါသည်။ အချို့နေရာများ၌မူ အထိတ်တလန့်ဖြစ်ပြီး ထားဝယ် အသုံးအနှုန်းများ အတုံးလိုက်အတစ်လိုက် ထွက်လာလေ့ရှိပါသည်။ နေရာအချိန်ကိုလိုက်၍ အသုံးအနှုန်း အပြောင်းအလဲများလည်း ရှိပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

မြန်မာ = ဟော၊ အမယ်လေး၊ ကြီးလှချည်လား။
ထားဝယ် = ဝါး၊ မီး–ဝေး၊ ကီးဇမား။

မြန်မာ = ဟောဟော သစ်ကိုင်းကြီးကျိုးကျလာပြီ။
ထားဝယ် = ဝါး ဝါး သစ်ကိုင်းကီးကျိုးကျလာဘီ။

မြန်မာ = အမယ်လေး၊ ကြောက်စရာလန့်စရာကြီးပါလား။
ထားဝယ် = မီး–ဝေး ကြော့ဖွယ်လန့်ဖွယ်ကီးဗန်မား။

## ၁၀။ ပြုလိုဖြစ်လိုသည့်သဘောဆန္ဒ

မြန်မာစကားအသုံး၌ 'ချင်'သည် ပြုလိုဖြစ်လိုသည့် အဓိပ္ပာယ်ကို ပြသော စကားလုံးဖြစ်၍ 'လို' သည်လည်း ဆန္ဒရှိသည့်အဓိပ္ပာယ်၊ ရချင်ဖြစ်ချင်သည့်အဓိပ္ပာယ်ကို ဖော်ပြနိုင်သောစကားလုံးပင် ဖြစ်ပါသည်။ သို့ရာတွင် 'ထမင်းစားချင်သည်'ဟူသော အသုံးသာတွင်၍ 'ထမင်းစားလိုသည်'ဟူသော အသုံးကိုတွေ့ရခဲပါသည်။ ထို့အတူ အငြင်းစကားများ၌ 'ရုပ်ရှင်မသွားချင်ဘူး'ဟုသာ ကြားရလေ့ရှိပြီး 'ရုပ်ရှင်မသွားလိုဘူး'ကို ကြားရခဲပါသည်။ မြန်မာစကားအသုံး၌ 'ချင်'သည် 'လို'ထက် အသုံးတွင်သည်ဟုဆိုနိုင်ပါသည်။ ထားဝယ်စကားအသုံး၌ 'ချင်'နှင့် 'လို'ကို အသုံးပြုရာ၌ ကွဲလွဲချက်အချို့ရှိသည်ကို ဤသို့တွေ့ရပါသည်။

မြန်မာ = ထမင်းစားသွားပါဦးလား။ (ဧည့်သည်အား ဖိတ်ခေါ်)
ထားဝယ် = မုန်းစားသွားပါဦးလော့ (သို့မဟုတ်) မုန်းစားဇေ့စို့။



မြန်မာ = ဟင့်အင်း မစားတော့ဘူး။(စားပြီးဖြစ်နေ၍၊ မစားချင်၍)
ထားဝယ် = ဟင်းအင်း (မ)စားလိုဘီ။ ('မ'ကိုချန်၍ ပြောလေ့ရှိသည်)

မြန်မာ = မင်း ငါနဲ့ရန်ကုန်မလိုက်ချင်ဘူးလား။
ထားဝယ် = နန်ငါ့နရန်ဂေါင် (မ)လိုက်ရှင်ဟှာလော် ('မ'ကိုချန်ပြော)

မြန်မာ = ဟင့်အင်း မလိုက်ချင်ဘူး၊ ပိုက်ဆံမရှိဘူး။
ထားဝယ် = ဟင့်အင်း (မ)လိုက်လိုဟှာ၊ ကပ်မှေ့ဟှာ။

မြန်မာစကားအသုံးတွင် ပြုချင်၊ ဖြစ်ချင်သော ဆန္ဒသဘောကို ဖော်ပြသည့်နေရာတွင် လည်းကောင်း၊ ငြင်းပယ်သည့်နေရာတွင် လည်းကောင်း 'ချင်'ကို နေရာတိုင်းလိုလိုအသုံးပြုသည်ကို တွေ့ရသော်လည်း ထားဝယ်စကား၌မူ ပြုချင်၊ ဖြစ်ချင်သည့် သဘောဆန္ဒကို ဖော်ပြရာတွင်သာ 'ချင်(ရှင်)'ကို အသုံးပြုပြီး မပြုချင်၊ မဖြစ်ချင်သည့်သဘောသို့မဟုတ်ငြင်းပယ်သည့်သဘောကို ဖော်ပြရာ၌မူ 'လို'ကိုသာ အသုံးများသည်ကို သတိပြုမိပါသည်။ ဥပမာအားဖြင့် ထားဝယ်စကား 'မုန်းစားရှင်ဟှာ' (ထမင်းမစားချင်ဘူး)သည် ထမင်းမှအပ အခြားစားသောက်ဖွယ်တစ်ခုခုကို စားသောက်ချင်သည့် အဓိပ္ပာယ်ရှိသကဲ့သို့ နေထိုင်မကောင်းသဖြင့် မစားချင်၊ မသောက်ချင် ဖြစ်နေသည်ဟူသော အဓိပ္ပာယ်လည်း ရှိနေပါသည်။ သို့ရာတွင် ထားဝယ်စကား 'ရိကပွဲသွားလိုဟှာလော်' သည် မြန်မာစကား 'ရုပ်ရှင်သွားမလား'ဟု ရုပ်ရှင်သွားချင်၊ မသွားချင်ဆန္ဒမေးမြန်းသည့် အဓိပ္ပာယ်ရပါသည်။ ထားဝယ်စကား၌ ချင်(ရှင်)သည်

www.mmnetlibrary.com PDF Created by Bobo Zaw

လေးနက်သောအဓိပ္ပာယ်ကိုဆောင်၍ 'လို'သည် ပေါ့လွှင်သော အဓိပ္ပာယ်ကိုဆောင်သည်ဟု ယူသော်ရပါမည်။

### ၁၁။ ချည်း၊ သက်သက်

မြန်မာစကားအသုံးတွင် 'ချည်း'ကို တစ်ခုတည်း၊ တစ်မျိုးတည်း၊ တစ်ကိစ္စတည်းသက်သက်၊ အရောအနှောမရှိသောအဖြစ်ကိုပြသည့် စကားလုံးဖြစ်ပါသည်။ ထားဝယ်စကား၌ 'ခဲ'သို့မဟုတ် 'ခဲဘဲ့'ကို သုံးပါသည်။ ဥပမာအားဖြင့်

မြန်မာ = ရုပ်ရှင်ရုံထဲမှာ မိန်းမချည်းပဲ။
ထားဝယ် = ရိကပွဲရောင်ထဲမှာမီးမခဲဘဲ့။

မြန်မာ = ပုစွန်လေးတွေအရှင်ချည်းရှိသေးတယ်။
ထားဝယ် = ဖွန်သားဒေအရှင်ခဲဘဲ့သေး။

မြန်မာ = ထမင်းချည်းစားရမလား။ (လက်ဖက်ရည် မပါဘူးလား)
ထားဝယ် = မုန်းခဲစားရဟှို့(ဖို့)လော် (လော)

မြန်မာ = ပေါင်မုန့်ချည်းစားလို့ဖြစ်မလား။ ယိုပါပါမှပေါ့။
ထားဝယ် = ပေါန်မုခဲခဲစားဟှိုဖြစ်မလော်၊ ဂျိုပါမှဘဲ့နှ။

### ၁၂။ ဆီ (နားနှင့်ရင်း)

မြန်မာစကားအသုံး၌ 'ဆီ'သည် ရှေ့ရှုရာ၊ ဖဲခွာရာ၊ တည်ရှိရာ အချိန်ဒေသကာလကို ပြသည့်စကားလုံးဖြစ်ပါသည်။ ထားဝယ်စကား၌ 'ဆီ'ကို လုံးဝမသုံးဘဲ 'နား'သို့မဟုတ် 'ရင်း'ကို သုံးပါသည်။ အောက်ပါဥပမာများကိုကြည့်ပါ။



မြန်မာ = အမေ့ဆီသွားမလို့။
ထားဝယ် = မိမိနားသွားဟှို့ (ဖို့)။

မြန်မာ = သူက သူ့အဘွားဆီမှာနေတာ။
ထားဝယ် = သူက သူ့အဖွားရင်းမှာနေဇာ။

မြန်မာ = ဘယ်ကလာလို့ဘယ်ဆီများသွားဦးမှာလဲ။
ထားဝယ် = ဖယ်နားကလာဟှို ဖယ်နားသွားဟှို့ (ဖို့) ဘဲ့သေးနူး။

မြန်မာ = ကျွန်တော့်ဦးလေးဆီမှာအလုပ်သွားလုပ်နေတယ်။
ထားဝယ် = ကျွန်တော့ရီးနားမှာ အလောက်သွားလောက်နေဟှာယ်။

မြန်မာအဘိဓာန်အကျဉ်းချုပ်၏ အနက်ဖွင့်ဆိုချက်အရ 'ရင်း'သည် 'ဘစ်စုံတစ်ခု၏ အနီးကျဆုံးသောနေရာ' ဖြစ်သည်ဟုသိရပါသည်။

### ၁၃။ တော်တော် (အတော်)၊ သိပ်၊ အလွန်၊ အလွန့်အလွန်

မြန်မာစကားအသုံးတွင် 'တော်တော်'သည် ကြိယာဝိသေသနအဖြစ် လွန်ကဲသည် အဓိပ္ပာယ် ရှိပါသည်။ 'အတော်'သည်လည်း အချိန်ကာလ အကွာအဝေးပမာဏစသည် ပိုလွန်များပြားသည့် အဓိပ္ပာယ်ရှိပါသည်။ အလားတူပင် 'အလွန်'သည် တစ်စုံတစ်ခုသော အတိုင်းအတာ

www.mmnetlibrary.com PDF Created by Bobo Zaw

ပမာဏထက် ပိုခြင်း၊ သာခြင်း အဓိပ္ပာယ်ရှိ၍ 'အလွန့်အလွန်'သည်လည်း 'အထူးပိုမိုလွန်ကဲစွာ'ဟု အဓိပ္ပာယ် ရပါသည်။

ထားဝယ်စကား၌ 'တော်တော်'ဟူသောအသုံးတစ်ခုကိုသာယင်းအဓိပ္ပာယ်ဖြင့်သုံးပါသည်။ အတော်၊ သိပ်၊ အလွန်၊ အလွန့်အလွန်စသည်တို့အစား ရရာ၊ ရမိရရာ၊ ပြင်း တို့ကိုသုံးပါသည်။ ဥပမာ–

မြန်မာ = ဒီဝတ္ထုတော်တော်ကောင်းတယ်။
ထားဝယ် = သယ်ဝတ္ထုတော်တော်ကောင်းဟှယ်။

မြန်မာ = ဒီ(ရုပ်ရှင်)ကားအတော့်ကိုကောင်းတယ်။
ထားဝယ် = သယ်ကားရရာကောင်းဟှယ်။

မြန်မာ = ဒီကောင်မလေးကလှလွန်းတယ်။
ထားဝယ် = သယ်ဝယ်သားကလှပြင်းဟှယ်။

မြန်မာ = လက်ဖက်ရည်ကချိုလွန်းတယ်။
ထားဝယ် = လတ်ဖတ်ရယ်ကရှိုပြင်းဟှယ်။

## သီးခြားထားဝယ်ဝေါဟာရများ လူမှုရေးနှင့်အသုံးအဆောင်အထွေထွေ

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကညင်ဆီတိုင် | မီးတဲဗောန်း | |
| ကဒူး (ပက္ကလာ) | အဲယောန်း | |
| ကပြင် | ပြင်းဖွန် | |



| | | |
|---|---|---|
| ကလေးအမေ | သားရှင်မိ | |
| ကိုကို | နောန်းနောန် | |
| ကိုယ်စားလှယ် | မျစ်နှာလွှဲ | |
| ကိုယ်တုံးလုံး | ရွှေးပ္လွန်းပ္လွန်း | |
| ကိုယ်ဝန်ဆောင် | ဝန်းရှင် | |
| ကောက်လှိုင်း | ဗားလှိုင်း | |
| ကောင်လေး | ကောန်သား | |
| ကောင်မလေး | ဝယ်သား | |
| ကန်သင်း | ကျေးသန်း | |
| ကန့်လန့်ကျင် | ခွဂလဲ | |
| ကုပ်ကမြင်း | ကောက်ကောက်ဆိုး | |
| ကမ်းပါးစောက် | ကထောန်း | |
| ကျင်ကြီး | ရွှေး | |
| ကျည်ပွေ့ | ကျင်မှူ | |
| ကျည်းသား (ရိုက်) | ဇင်းလန်း (ရိုက်) | |
| ကြီးတော် | မိဂီး | |
| ကြိတ်ဆုံ | ပွတ်ဆောင် | |
| ခရာ | ချူ | |
| စပါးကျီ | ဗားဟန်း | |
| စောင်ခြမ်း | အိုးခြမ်းကွဲ | |
| စဥ့်အိုး (အသေး) | တွတ် | |
| စဥ့်အိုး (အကြီး) | ဟဲလော | |
| ဆေးတံ | ဆေးပ္လောန်း | |
| ဆောင်းမေးခါးနာ | ဆောန်းပြင်းသတ် | |
| ဇလုံ | ဇယွန် | |

www.mmnetlibrary.com PDF Created by Bobo Zaw

| | |
|---|---|
| ညခင်း | ညဥ့်ခန်း |
| ညစာ(ထမင်း) | ညဥ့်ခန်းစာ |
| ညနေ | နေဒန် |
| တစ္ဆေ | ကသေ |
| တဲအပ် | တွယ်အပ် |
| တံခါး | ခွပေ့ါ-က် |
| တံချူ | ရှူးတံ |
| တံမြက်စည်း | ဖြစ်စဲခါ |
| တွယ်ချိတ် | ကြေးခိ |
| ထုတ်ဆီး | ပောက်ဆီး |
| နားဖာကလော် | နားဗားခွေးထွတ်တံ |
| နားသံသီး | တွဲလဲနားပန် |
| နေဝင်ရီတရော | မိုက်မိုက်မိုက် |
| နွေဝက် | တနပ်စာ |
| နတ်ကတော် | နတ်ရှင်မ |
| နတ်ကွန်း | ရှင်ဂီးအိ (အရှင်ကြီးအိမ်) |
| ပုစုခရု | ပုက္လုပတ်က္လွတ် |
| ပုလင်း | ဖူး |
| ပေါက်ဆိန် | ကပ်ပ |
| ပိုက်ဆံ | ကပ် |
| ပိုင်ရှင် | ဇရှင် |
| ပန်းကန်ခွက်ယောက် | စန်ဟန်းဇား |
| ပန်းကန်ပြား | စန် |
| ပန်းကန်လုံး | ဟန်းဇား |
| ပြတင်းပေါက် | လတ်တံဗော့-က် |



| | |
|---|---|
| ပထွေး | ဖငယ် |
| ဖေဖေ (အဖေ) | ဖဖ (အဖ) |
| ဖိန်းနွဲခါ | နတ်ကီးဖတ်နွဲ |
| ဖွက် | ဇီးပွစ် |
| ဗျောက်အိုး | မီးဗန်း |
| ဘီးစိပ် | ခေါန်းဖီးသိ |
| မမ (အစ်မ) | မယ်းမယ် (အမယ်) |
| မနေ့က | နတ်ကီးဒူးက |
| မနက်ဖြန် | နတ်ကီးတိုင် |
| မိထွေး | မိငယ် |
| မီးပန်း | မီးပေ့ါ-က်ပေ့ါ-က် |
| မေမေ (အမေ) | မိမိ (အမိ) |
| မိုးကြိုးသွား | မိုးကြိုးပေ့ါ-က်ဆိ |
| မိန်းမလျှာ | ထေးလောန်း |
| မယ်သီလ | ဖွားရှင်မ |
| မွေးကင်းစ | ပေ့ါ-က်စဦး |
| မြင်းလှည်း | ရထား (ယာဥ်ထား) |
| ရေအိုး (မြေအိုး) | ရေအန် |
| ရုပ်ရှင် | ရိကပွဲ |
| ရှာပန်းထည် | ရှာကဒန်နီ |
| ရွှံ့ | ကဗယ် |
| လက်သည်(ဝမ်းဆွဲ) | ဒိသယ် |
| လိုက်တန်းပြေးတန်း | လိုက်တို့ပူးတန်း |
| လင်းကွင်း | ဂျမ်းဂျမ်း |
| လယ်ကူလီ | ရင်ခသား |

www.mmnetlibrary.com PDF Created by Bobo Zaw

| | |
|---|---|
| လယ်ကွင်း | လှဲ့ဗွန် |
| လယ်တဲ | လှဲ့ဗွန်တဲ |
| သန်ဘက်ခါ | နတ်ကီးဖတ် |
| ဟိုဒင်း | ဟောက်မာ |
| ဟိုဟာ | ဟောက်မာဇာ |
| အကြွေ (ပိုက်ဆံ) | ကပ်ကွိ |
| အကြွေး (ငွေ) | ကပ်ကွိး |
| အထက်ဆင် | ဖီကဒန် |
| အပျိုတော်က | ပွဲဦးက |
| အဘိုးကြီး | ဖိုးသံကီး(ဂီး) |
| အဘွားကြီး | ဖွားသံမ |
| အရပ်အမောင်း | အရိုးအရပ် |
| အရွတ်အနောက် | ရယ်ခန်း |
| အင်တုံ | ဖြူးအန် |
| အစ်ကို | အနောန် |
| အစ်မ | အမယ် |
| ဦးလေး | အရီး |
| ဥစ္စာစောင့် (မ) | မီးမလှ |
| အုန်းမှုတ်ခွက် | နှာအောင်း |

### သီးခြားထားဝယ်ဝေါဟာရများ
### မုန့်နှင့်စားသောက်ဖွယ်

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကောက်ညှင်းထုပ် | ကဒွန် | |



| | |
|---|---|
| ကြာညို့ | ပဲဗိယယ် |
| ခဲလံကျည်တောက် | ကွယ်မောန်း |
| ငါးစည်ဖောင်း | ငါးဖောန်းဆန် |
| ငါးထုပ် | ဗောန်းထောက် |
| ငါးပိသုပ် | ပိဖျော် |
| ငါးသေတ္တာ | ငါးဗောင်းသား |
| ဆေးပေါ့လိပ်(ကွမ်းသီးဖက်) | ဗောက်ဖတ်ဆေးလိ |
| ဆေးပေါ့လိပ်(သနပ်ဖက်) | နပ်ဝပ်ဆေးလိ |
| ဆေးပြင်းလိပ် | ကလားဆေးလိပ် |
| ဆေးရွက်ကြီး | ဆေးချပ်ကီး |
| ဆန်ကွဲ | ဆန်ဖျား |
| ဆန်ပြုတ် | မှန်းလွှု |
| တို့စရာ (ငါးပိ) | ပိရှာ |
| ပသျှူးမုန့် | မုဖန်ဖော့–က် |
| ပသျှူးသာကူ | ပန်ပွားဂျို |
| ပေါင်မုန့်အုန်းနို့ဆန်း | တော့–က်ခရာ |
| မရွေးမုန့် | မုပျားသား |
| မုန့်ကြာစေ့(ပိန္နဲစေ့) | မုယေးဖော် |
| မုန့်ဆန်း | မုသန်း |
| မုန့်တီ | မုဗန် |
| မုန့်ပစ်သလက် | မုဗွား |
| မုန့်ဗိုင်းတောင့် | မုကျေးသား |
| မုန့်ဖက်ထုပ် | မုဂေါ်ထောက် |
| မုန့်လေပွေ | မုချွတ် |
| မုန့်လုံးကြီး | မုပုဇွန် |

www.mmnetlibrary.com PDF Created by Bobo Zaw

| | |
|---|---|
| မုန့်လုံးရေပေါ် | မုအောင်းသား |
| မုန့်လက်ဆောင်း | မုဖလောန်း |
| မုန့်အုပ်ကလေး | မုခွပ်သား |
| မြေပဲယို | ပဲဒေါ့–က်မု |
| မှိုခြောက် | မှိုဂွိ |
| သာကူ | ပန်ဗွား |
| ဟင်းခတ် | ဟန်းဗျိုး |

## သီးခြားထားဝယ်ဝေါဟာရများ
## အပင်၊ အရွက်၊ အသီး၊ အပွင့်

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကနစိုးသီး | ဇောသီး | |
| ကဇွန်းဥ | မွှော့–က်ဥ | |
| ကသစ်ဖု | ပလောန်းဗိနို့ | |
| ကင်ပလင်း | ရှင်ဗလတ်သီး | |
| ကမ္ဗလာသီး | စောင်စင်သီး | |
| ကြက်ပေါင်သီး | ရှင်ဇောသီး | |
| ကြက်ဟင်းခါးသီး | ဂျပ်ခါးသီး | |
| ကြောင်လျှာသီး | ကွှောန်းရှာသီး | |
| ကျွဲကောသီး | ချော့–က်တိုအိုးသီး | |
| ခရေပန်း | ရှားပန်း | |
| ခရမ်းသီး | ချမ်းပေါမဲသီး | |
| ခေါင်ရမ်း | ဆွဲလဲပန်း | |



| | |
|---|---|
| ခွေးတောက် | ဗွီဇီးဝပ် |
| ဂုန်လျှော် | ပန်ဗန် |
| စကားစိမ်း | ဒတ်ဂါးပန်း |
| စပါးလင် | ဗျစ်ကသွန် |
| စောင်းလျားသီး | ဆောန်းဝါးသီး |
| ဆီးဖြူသီး | ရှားသီး |
| ဆူးပုတ်ရွက် | ဟန်းဗောင်ဝပ် |
| ဆင်နင်းသရက်(ကင်း) | ဒွန်းဂန်း |
| ဆိတ်ဖလူး | ရိုးနီပန်း |
| ဆိတ်ဖူး | ဖူးခေါန်း |
| တောင်သလဲသီး | ဂျယ်ရှင်သီး |
| ဒန့်သလွန်သီး | ဒတ်ရွှန်သီး |
| နရွဲသီး | စစ်ခရဲသီး |
| ပဲလင်းမြွေသီး | ဗွီသီး |
| ပုဇွန်စာရွက် | မို့ရွှတ်ဝပ် |
| ပုလောပီနံ့ဥ | တန်းဥ |
| ပျဉ်းမပင် | ခမောန်းပင် |
| ဖရဲသီး | စီခွားသီး |
| ဖီးကြမ်းသီး | ဗိလားသီး |
| ဖုံးမသိန် | လတ်ကျွောင်းငွေါင်း |
| မရမ်းသီး | ဇင်းသီး |
| မာလကာသီး | မှောန်းသီး |
| မဲဇလီ | မုဆီဝပ် |
| မိုးမျှော်ငရုတ် | ဂျူမတ်တပ်သီး |
| မြရာပင် | ဗြင်းဖန်ဗန် |

www.mmnetlibrary.com PDF Created by Bobo Zaw

| | |
|---|---|
| မြင်းခွာရွက် | ယော့မယင်ဂျော့–က် |
| သဇင်ပန်း | ဗူပန်း |
| သပြေချဉ် | ဗေပေါ့–က်ပေါ့–က် |
| သပြေပင် | ဗေပန် |
| သရက်သီး | ရှစ်သီး |
| သီဟိုသရက်သီး | ရှစ်ကလစ်သီး |
| သကြန်ထမင်း | ရေးဇီမုန်း |
| သဘော်သီး | ရှီးဂိုသီး |
| သဘော်မဲဇလီ | မုဆိဂီးဝပ် |
| အာဒါလွတ်ဥ | အာလုအု |
| အုန်းသီးဆန်ခြည်ထွေး | အောင်းဖောန်းဆံ |

## သီးခြားထားဝယ်ဝေါဟာရများ
## တိရစ္ဆာန်များ

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကကူယံ | ကွဲယင် | |
| ကသပေါင်း | ဖေါန်းဂျမ်း | |
| ကင်းလိပ်ချော | ဟန်းခလာ | |
| ကျားသစ် | သစ်ခတ်ကွား | |
| ကြွေပုပ် | ခရုဇာရိုင်း | |
| ကြက်တူရွေး | မခဲသား | |
| ခရုစေတီ | ရှုအိုးလီ | |
| ခုကောင် | တောန်ဒဲ | |



| | | |
|---|---|---|
| ငါးကဘီလူး | ပန်းဒလဲ | |
| ငါးပုတ်သင် | ဖြစ်သား | |
| ငါးပြေမ | ဗေသား | |
| ငါးဖောင်ရိုး | ဒေါ်န်းချင်း | |
| ငါးဖန်ခွက် | ပန်လယ်ခူ | |
| စပါးကြီးမြွေ | ဗွိတကီး | |
| စာကလေး | အီးဇာသား | |
| စာဘူးတောင်း | စာဖလောန်းဒေါ်န်း | |
| စစ်စလီ | ပဆစ် | |
| ဆက်ရက် | ထန်းရှစ်သား | |
| ဆင်ပစ်မြွေ | ဗွိဇင်းလန်း | |
| ဆိတ် | ဘဲ့ | |
| ဖိုးကွက် | ကူ | |
| တောက်တဲ့ | အော့–က်အဲ့ | |
| တိမ်ညင်းငှက် | ဇင်း | |
| နကျယ်ကောင် | ဂျယ်သားခိုး | |
| ပုရွက်ဆိတ် | ပိုးနီသား | |
| ပလူကောင် | ချတ်ချောင်း | ချောင်းတွင်နှာသံမပါရပါ။ |
| ပိုးလောက်လန်း | လော့–က်လဲ့သား | |
| ပိုးဟပ် | ဗာဟာတ် | |
| ပက်ကျိ | ပအဲ | |
| ပင်လယ်ငါးရူ | ကမ္ဗောင်း | |
| ပင့်ကူ | ပန်းခွူ | |
| မျိုင်းအောက် | ဗျွန်း | |
| မျောက်လွှဲကျော် | လန်းဇေး | |

www.mmnetlibrary.com PDF Created by Bobo Zaw

| | |
|---|---|
| လင်းနို့ | ကွပ်လန်းလွတ် |
| ဝင်ကစွပ် | ပန်လီပန်ဖွတ် |
| သင်းခွေချပ် | သန်းဖူးချပ် |
| အောက်ချင်း | ယွန်းယာ |
| အိမ်မြှောင် | အီးချောန်သား |
| ဥသြ | တူဝူး |

## သီးခြားထားဝယ်ဝေါဟာရများ
## ကြိယာနှင့်ဝိသေသနများ

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| တရှောင်ရှောင် | တောင်တေးတောင်တေး | |
| တရွတ်တိုက် | ဒွတ်လွတ်ဆွဲ | |
| တစ်ရှူးထိုး | အုဖုမက်ခ | |
| တောထုတ် | ပြင်ထွီးလိုက် | |
| တင်ပျဉ်ခွေ(ထိုင်) | မန်းထိုင် | |
| တစ်တစ်ခွခွ(ပြော) | ဇပ်ပဲ့ | |
| တိမ်တောက်(ညနေ) | သင်းဆာပ | |
| တွဲလောင်း | ဘောင်းလန်း | |
| ထဘီရင်လျား | ဖီရင်ခေါ်န်းဆို့ | |
| ထမင်းချက် | မှန်းတယ် | |
| ထမင်းပွဲရှေ့ရောက်(စား) | ဗျတ်စာ | (စား) |
| ထုံးသင်္ကန်းကပ် (စေတီ) | ကော်ဖွတ် | |
| ထပ်ခါထပ်ခါ | ဒေဒေ | |



| | |
|---|---|
| ထွေခင်း | မှာ့ခတ် |
| နူတ်တက်ရ | ဇတ်ကျင့်ရ |
| နူတ်သီးကောင်းလျှာပါး | ဇတ်ကောန်း |
| ပစ်ပစပ်များ | ဖောက်ဆိဖောက်ဆာ |
| ပုဆစ်တုပ် (ထိုင်) | ပေါ်န်ယံထိုင် |
| ပိစိကွေး | စစ်ကလစ်သား |
| ပိုသီပတ်သီ | ရွဲရွဲခဲခဲ |
| ပိုးလိုးပက်လက် | ပေါင်းစင်းပေါင်းစင်း |
| ပတ်ချာလှည့် | ပတ်စစ်မွှိ |
| ပျက်ရယ်ပြု | ရယ်ဇား |
| ဖားဥစွဲ | မိုးနှမ်းတတ် |
| မင်္ဂလာကြေး | အပ်စကြေး (ဂျေး) |
| မင်္ဂလာဆောင် | အီတက် |
| မျက်ကလဲဆန်ပျာ | အောလီအောလတ် |
| မြွေပေါက် (ကိုက်) | ဗွီခွတ် |
| ရဟန်းခံ | ရဟန်းတန် |
| ရေပက် (သင်္ကြန်) | ရေမွှန်း |
| ရှင်ပြု | မောန်ရင်တန် |
| ရှင်လောင်းလှည့် | မောန်ရင်စံပွဲ |
| လိုချင်မျက်စိရှိ | မျစ်နှာပျိုး |
| လက်စသပ်တော့ | စစ်ကစစ်က |
| လတ်လျားလတ်လျား | စင်းလွှေါ်န်းစင်းလွှေါ်န်း |
| လျှပ်စီးလက် | လတ်ဆစ်လွှတ် |
| သို့သော်လည်း | သယ်ဘဲ့ဖြစ်လဲ |
| အတင်းပြော | ချင်းပြော |

www.mmnetlibrary.com PDF Created by Bobo Zaw

အနည်းငယ် (နဲနဲလေး) ဒစ်သား
အပမို ဖမ်းစားဖွဲ့စား
အားသွန်ခွန်စိုက် အားဂီးခွန်ခတ်
အီလေးအာလေး (ဟိုလိုလိုသည်လိုလို) ဂျီလေးဂျာလေး

## သီးခြားထားဝယ်ဝေါဟာရများ အထူးပြုစကားများ

| မြန်မာ | ထားဝယ် | မှတ်ချက် |
|---|---|---|
| ကတိုက်ကရိုက် | ရွှတ်မိရွှတ်တန် | |
| ကမြင်း | လွှန်း | |
| ကလီထိုး | စစ်ကလစ်ထိုး | |
| ကသောင်းကနင်း | ကနောန်းကနန်း | |
| ကိုးရိုးကားရား | ကွိုးထိုးကွန်းထန်း | |
| ကုန်းပိုးစီး | လယ်ဗိုးစီး | |
| ကျီစား (တယ်) | လော် (ဟှယ်) | |
| ကြိတ် (စပါး) | ပွတ် (စပါး) | |
| ကြိုးကြားကြိုးကြား | ချစ်ခတ်ချစ်ခတ် | |
| ခဏခဏ | ခုခါခုခါ | |
| ခဏတစ်ဖြုတ် | ရစ်သား | |
| ခရာတုတ် | ချူမှူ | |
| ခါးတောင်းကျိုက် | ဆီးလောင်းလောင်း | |
| ခါးထစ်ခွချီ | ထစ်ကွိုက်ခီ | |
| ခံတွင်းချဉ် | ပါးစပ်ရှင် (ဇပ်ရှင်) | |



| | | |
|---|---|---|
| ခံတွင်းပျက် | ပါးစပ်ပျက် (ဇပ်ပျစ်) | |
| ဂုံညင်းထိုး | မတ်တပ်လှူး | |
| စွန်လွှတ် (ကစား) | ငှတ်လွှတ် | |
| ဆန်ပိုင်း | ဆန်ဝပ် | |
| ညကျရင် | ညဥ့်ခန်းတိုင် | |
| ညာဝါး | လွှတ် (ဟှယ်) | |
| ညက်ညက်ကြေ | ရွှတ်ရွှတ်ကြေ | |
| ညည်း (တွား) | ကျဲ | |
| ညှီစော်နံ | ဟီနံ | |
| တမင်တကာ | မိမန် | |
| အပုံကြီး၊ | အများကြီး | ဖွဲ့ရား |

## ထားဝယ်စကားအပြောအဆို

ထားဝယ်စကားပြောပုံအချို့ကို နမူနာအဖြစ်ဖော်ပြအပ်ပါသည်။

မြန်မာ = နေကောင်းတယ်နော်။
ထားဝယ် = မားမားဘဲ့မှူလော်။

မြန်မာ = နေကောင်းပါတယ်ရှင်။
ထားဝယ် = နေကောန်းဂေါန်းဂီးရှင်။

မြန်မာ = နင့်အမေရှိလား။
ထားဝယ် = နန့်မိရှိလော်။

www.mmnetlibrary.com PDF Created by Bobo Zaw

မြန်မာ = အမေမရှိဘူးရှင့်၊ ဈေးသွားတယ်။
ထားဝယ် = မိမိမ္မေ့ယရှင်၊ ဆေးသွားဟှယ်ရှင်။

မြန်မာ = ဒီနေ့ဈေးမှာငါးတော်တော်ပေါလား။
ထားဝယ် = သယ်နေ့ဆေးထဲမာငါးပေါဇလော်။

မြန်မာ = ငါးသိပ်ရှားတယ်၊ ဝက်သားပဲဝယ်ခဲ့ရတယ်။
ထားဝယ် = ငါးရရာရှားဟှယ်၊ ဝပ်သားဘဲ့ဝယ်လာရဟှယ်။

မြန်မာ = ထမင်းဟင်းချက်ပြီးပြီလား။
ထားဝယ် = မှန်းတယ်ဇားပီးဠှော်။

မြန်မာ = ချက်တုန်းပြုတ်တုန်းပဲ။
ထားဝယ် = တယ်ဒူးရှစ်တူးဘဲ့။

မြန်မာ = ဒီနေ့တန်ဆောင်မုန်းလပြည့်နေ့မို့ မဲဇလီရွက်ဟင်းချက်မယ်။
ထားဝယ် = သယ်နေ့ဇော်(န်)မူးလဘွဲ့နေ့ဟို မုဆီဝပ်ဟာန်း ရှစ်မယ်။

မြန်မာ = ထမင်းစားကြစို့။
ထားဝယ် = မှန်းစားငေ့စို့။

မြန်မာ = ထမင်းမြိန်ရဲ့လား။
ထားဝယ် = မှန်းမ္မီဘဲ့လော်။



မြန်မာ = ဟင်းချိုဘယ်လိုလဲ၊ ကောင်းရဲ့လား။
ထားဝယ် = ဟာန်းရှိုဖယ်မျိုးနေဟှယ်၊ ကောန်းဘဲ့လော်။

မြန်မာ = ဟင်းချိုကောင်းသားပဲ၊ ဒါပေမယ့် သိပ်ချိုလွန်းတယ်။
ထားဝယ် = ဟာန်းရှိုကကောန်းဂေါန်းဂီး၊ သယ်ထိရှိုပြင်းဟှယ်။

မြန်မာ = ကြက်သားဟင်းကအရင်ကုန်တယ်။
ထားဝယ် = ကြစ်သားဟာန်းကအရင်ကူဟှယ်။

မြန်မာ = ဆန်ပြုတ်သောက်ဦးမလား။
ထားဝယ် = မှန်းဗ္ဗုစားဦးမလော်။

မြန်မာ = ကောင်လေးကျောင်းမှန်မှန်တက်ရဲ့လား။
ထားဝယ် = ကောန်သား ကျွောန်းမှန်းမှန်သွားဘဲ့လော်။

မြန်မာ = သူစာမေးပွဲအောင်တယ်မဟုတ်လား။
ထားဝယ် = သူစာမေးပွဲအောန်မူလော်။

မြန်မာ = အောင်ရုံပဲရှင့်၊ ဒီမပါဘူး။
ထားဝယ် = အောန်ရောင်မျှဘဲရှင်၊ ဒီမပါဟှရှင်။

မြန်မာ = မင်္ဂလာဆောင်ကိုမသွားဘူးလား။
ထားဝယ် = အီတက်ရာ (မ)သွားဟှလော်။ ('မ'ကို ချန်၍ ပြောလေ့ရှိ)

www.mmnetlibrary.com PDF Created by Bobo Zaw

| | |
|---|---|
| မြန်မာ | = မသွားဖြစ်ဘူး။ |
| ထားဝယ် | = (မ)သွားဖြစ်ဟန်း။ |
| မြန်မာ | = ဘယ်တော့လာမှာလဲ။ |
| ထားဝယ် | = ဖယ်မျှတိုင်မှလာဟှို့ (ဖို့)နှူး။ |
| မြန်မာ | = ပြန်မလာသေးဘူးလား။ |
| ထားဝယ် | = ပွှန်(မ)လာသေးဟှလော်။('မ' ကိုချန်၍ပြောလေ့ရှိ) |
| မြန်မာ | = ခဏကြာရင်လာမယ်။ |
| ထားဝယ် | = ရှစ်သားကြာဟှာလာမယ်။ |
| မြန်မာ | = နင့်အဖေဘယ်သွားလဲ။ |
| ထားဝယ် | = နန့်ဖ ဖယ်သွားနူး။ |
| မြန်မာ | = အပြင်ထွက်သွားတယ်။ |
| ထားဝယ် | = အပွှန်ထွပ်သွားဟှယ်။ |
| မြန်မာ | = လက်ဖက်ရည်ဆိုင်သွားတယ်။ |
| ထားဝယ် | = လတ်ဖတ်ရယ်ဆိုင်သွားဟှယ်။ |
| မြန်မာ | = ရုံးမသွားသေးဘူးလား။ |
| ထားဝယ် | = ရောင်း (မ)သွားသေးဟှလော်။('မ' ကိုချန်၍ပြောလေ့ရှိ) |



| | |
|---|---|
| မြန်မာ | = ဒီနေ့ တနင်္ဂနွေနေ့၊ ရုံးမသွားဘူး။ |
| ထားဝယ် | = သယ်နေ့ နန်းနွေနေ့ ရောင်းမသွားဟှ (ရှ)။ |
| မြန်မာ | = ရုံးမှာအလုပ်တော်တော်များသလား။ |
| ထားဝယ် | = ရောင်းမှာအလောက်များဇလော်။ |
| မြန်မာ | = များလှတယ်တော့မဟုတ်ဘူး၊ ပုံမှန်ပါပဲ။ |
| ထားဝယ် | = များဇမှုဟှ၊ ပေါင်မှန်ဘဲ့။ |
| မြန်မာ | = အခုဘယ်မှာနေလဲ။ |
| ထားဝယ် | = အခုဖယ်မှာနေဟှယ်။ (အခုဖယ်မှာနေနူး) |
| မြန်မာ | = ရန်ကုန်မှာနေတယ်။ |
| ထားဝယ် | = ရန်ဂေါင်မာနေဟှယ်။ |
| မြန်မာ | = နင့်အစ်ကိုနဲ့အတူတူလား။ |
| ထားဝယ် | = နန့်နောင်နတူးဒူလော်။ |
| မြန်မာ | = မဟုတ်ဘူးရှင့်၊ ကျွန်မအစ်မအိမ်မှာနေပါတယ်။ |
| ထားဝယ် | = မူဟှရှင်၊ ကျွန်မမယ်အှိမှာနေဟှယ်ရှင်။ |
| မြန်မာ | = နင့်အတွက်ပိတ်စ (အင်္ကျီချုပ်ရန်)ဝယ်လာမယ်တဲ့။ |
| ထားဝယ် | = နန့်ဖို့အန်းဂီရှာဝယ်လာမယ်လှဲ့။ |

www.mmnetlibrary.com PDF Created by Bobo Zaw

မြန်မာ = နာမည်ဘယ်လိုခေါ်သလဲ၊ ဒီလိုခေါ်တယ်။
ထားဝယ် = နာမယ်ဖယ်မျိုးခေါ်နျူး၊ သယ်မျိုးခေါ်ဟှယ်။

မြန်မာ = ဘယ်မှာမွေးသလဲ။
ထားဝယ် = ဖယ်မာပေ့ါ–က်နူး။

မြန်မာ = နွေရာသီမို့သစ်ရွက်တွေကြွေကျနေတယ်။
ထားဝယ် = နွီကာလဟှိသစ်ဝပ်တေကွီ့လ္ဂနေဟှယ်။

မြန်မာ = ရေတွင်းထဲမှာရေမရှိတော့ဘူး။
ထားဝယ် = ရေဒွမ်းထဲမှာရေမှေ့ဘီ။

မြန်မာ = သကြံန်ကျတော့မယ်။
ထားဝယ် = ဂျန်ကလ္ဂဟှော့မယ်။

မြန်မာ = ဘုန်းကြီးကျောင်းသွားကြစို့။
ထားဝယ် = ဖောင်းဂီးကျွောန်းသွားဂေ့စို့။

မြန်မာ = မနက်ဖြန်မနက်ရှင်လောင်းလှည့်မယ်။
ထားဝယ် = နတ်ကီးစောစောမောန်ရှင်စံပွဲလှည့်မယ်။

မြန်မာ = ဒီဟာပဲပေါ့။
ထားဝယ် = သယ်မှာဘဲ့နှ။



မြန်မာ = တို့ရွာမှာမိုးရွာတော့မယ်။
ထားဝယ် = နို့ဝါမာမိုးဝါဝေ့ါမယ်။

မြန်မာ = သုံးနှစ်တစ်ကြိမ်မိုးကြီးရေကြီးမယ်။
ထားဝယ် = သောင်းနှစ်တခါမိုးကီးရေကီးမယ်။

မြန်မာ = ညကအိပ်ပျော်ရဲ့လား။
ထားဝယ် = ညဥ့်ခန်းဒူးကအိမ္ဘိဘဲ့လော်။

မြန်မာ = သွေးဆေးသောက်ပြီး မွေ့ရာပေါ်မှာအိပ်။
ထားဝယ် = သွီးဆေးသော့–က်ပီးမွိရာထတ်မှာအိ။

မြန်မာ = လယ်ကွင်းထဲမှာရေပြည့်နေပြီ။
ထားဝယ် = လွဲလ္ဗွန်ထဲမှာရေ့လွှဲ့နေဘီ။

မြန်မာ = ချောင်းရေကိုမသောက်နဲ့။
ထားဝယ် = ခွျောန်းရေကိုမသော့–က်နှ။

မြန်မာ = ချောင်းမကြည့်နဲ့။
ထားဝယ် = ရှောန်းမကေ့နှ။

မြန်မာ = ချောင်းဆိုးနေသလား။
ထားဝယ် = ခေါန်းဆိုးနေလော်။

www.mmnetlibrary.com PDF Created by Bobo Zaw

မြန်မာ = လက်ဆယ်ချောင်း၊ ခြေဆယ်ချောင်း။
ထားဝယ် = လတ်ဆယ်ချောန်း၊ ခေဆယ်ချောန်း။

မြန်မာ = မြင်းမြက်စားနေတယ်။
ထားဝယ် = ဗြင်းဗြစ်စားနေဟှယ်။

မြန်မာ = ကွဲနဲ့ကြွက် မလဲပါနဲ့။
ထားဝယ် = ကွဲနကွပ်မလဲပါန။

မြန်မာ = ဒီဦးထုပ်ဘယ်လောက်လဲ။
ထားဝယ် = သယ်အောက်ထောက်ဖယ်မျှနူး။

မြန်မာ = ဒီမျက်မှန်ကကော။
ထားဝယ် = သယ်မျစ်မှန်ဟှမား။

မြန်မာ = ဒီဟာကခြောက်ရာ၊ ဟိုဟာကတစ်ထောင်။
ထားဝယ် = သယ်မာကခြော့–က်ရာ၊ ဟောက်မာကတထောန်။

မြန်မာ = အမယ်လေး၊ ဈေးကြီးလှချည်လား။
ထားဝယ် = မီး ဝေး၊ ဆေးကီးဇမား။

မြန်မာ = ကိုယ်တိုက်ဆပ်ပြာတစ်ခဲပေးပါ။
ထားဝယ် = ဆပ်ပွာမွှီးတဒေါင်းပေးပါ။



မြန်မာ = ဟိုဘောင်းဘီပြာနဲ့လုံချည်စိမ်း (တဆိတ်)ပြပါ။
ထားဝယ် = ဟောက်–ဘောင်းဘီပြာနလောင်ချည်စီး (ရှစ်) ပြပါ။

မြန်မာ =အားလုံးဘယ်လောက်ကျသလဲ၊ (ကျသင့်ငွေကိုမေး)
ထားဝယ် = အားလောင်းဖယ်မျှကွှဟှယ်။ (အားလောင်း ဖယ်မျှ ကွှနူး)

မြန်မာ = ပြောင်းဖူးမီးဖုတ်စားမယ်။
ထားဝယ် = ပွှောန်းဖူးမီးဖုစားမယ်။

မြန်မာ = အကျီုးနဲ့အကြောင်းနဲ့ပြောစေချင်တယ်။
ထားဝယ် = အကျိုးနအကြောန်းနပြောစေရှင်ဟှယ်။

မြန်မာ = အကျိုးအပဲ့တွေမသုံးပါနဲ့။
ထားဝယ် = အကွှိုးအပဲ့တေမသောင်းပါန။

မြန်မာ = ဝါးကျည်တောက်ထဲမှာကျည်ဆန်ထည့်ပါ။
ထားဝယ် = ဝါးကွှယ်ဒေါ့–က်ထဲမာကျယ်ဆန်ထဲ့ပါ။

မြန်မာ = အမြင်ကျယ်ဖို့လိုပါမယ်။
ထားဝယ် = အဗြင်ကွှယ်ဖို့လိုပါမယ်။

မြန်မာ = ရေကြည်လာအောင်စောင့်ပြီးခွက်နဲ့ခပ်သောက်ပါ။
ထားဝယ် = ရေကြယ်လာအောန်စောန့်ပီးခွပ်နခပ်သော့–က်ပါ။

www.mmnetlibrary.com PDF Created by Bobo Zaw

မြန်မာ = ချည်လုံချည်ပြောင်းပြန်မဝတ်ပါနဲ့။
ထားဝယ် = ခယ်လောင်ချည်ပွှောန်းပွှန်မဝတ်ပါန။

မြန်မာ = အပြောင်းအလဲလုပ်ပေးပါ။
ထားဝယ် = အပွှေါန်းအလဲလုပ်ပေးပါ။

မြန်မာ = အုတ်အရောရောကျောက်အရောရော။
ထားဝယ် = အုအရောရောကျွှော့–က်အရောရော။

မြန်မာ = ညကျရင်ရုပ်ရှင်ကြည့်မယ်။
ထားဝယ် = ညဦ့ခန်းတိုင်ဟာရိကပွဲကေ့ဇားမယ်။

မြန်မာ = ဒီနေ့လေယာဉ်နောက်ကျမယ်။
ထားဝယ် = သယ်နေ့လေယာဉ်ပျံနော့–က်ကွှမယ်။

မြန်မာ = မိုးချုပ်မှရန်ကုန်ရောက်မယ်။
ထားဝယ် = မိုက်မှရန်ဂေါင်ရော့–က်မယ်။

လွန်ခဲ့သောနှစ်ပေါင်း ၈၀ ကျော်က ''ထားဝယ်စကား အပြောအဆို''အချို့ကို ဆရာကြီး ဦးဖေမောင်တင်၏ Dialect of Tavoy စာတမ်းမှ ကောက်နုတ်၍ နောက်ဆက်တွဲ (င)ဖြင့် ဖော်ပြအပ်ပါသည်။

# နိဂုံး

ဘာသာစကားသည် ဘိုးစဉ်ဘောင်ဆက် ဆင်းသက်လာသည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ် ဖြစ်ပါသည်။ ကျွန်တော်တို့တွင် ယင်းယဉ်ကျေးမှုအမွေအနှစ်ကို မတိမ်ကောမပျောက်ကွယ်အောင် မှတ်တမ်းတင် ထိန်းသိမ်းရမည့် တာဝန်ရှိပါသည်။ မှတ်တမ်းတင်ထိန်းသိမ်းရန်၊ ကာကွယ်စောင့်ရှောက်ရန်အတွက် သုတေသနလုပ်ငန်းသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ကို ကောင်းစွာသဘောပေါက် နားလည်ထားခဲ့ပါသည်။

ဆရာကြီး ဦးဖေမောင်တင်သည် လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်ကပင် ထားဝယ်စကားကို လက်ဦးမဆွ ဘာသာဗေဒ၊ သဒ္ဒဗေဒဆိုင်ရာ နည်းစနစ်များဖြင့် စနစ်တကျလေ့လာပြီး ''ထားဝယ် ဒေသန္တရစကား'' အဖြစ် မှတ်တမ်းတင်ပေးခဲ့ရုံမက ဆက်လက်၍ စနစ်တကျလေ့လာ မှတ်တမ်းတင်သင့်ပြီဖြစ်ကြောင်း နှိုးဆော်ထားခဲ့ပါသည်။ သို့ရာတွင် ဆယ်စုနှစ်ပေါင်းများစွာ ကြာသည့်တိုင် ထားဝယ်စကားကို သီးသီးသန့်သန့် သုတေသနပြုတင်ပြထားသော စာအုပ်စာတမ်းမျိုးကို တစ်အုပ် တစ်လေမျှပင် မဖတ်ခဲ့ရပါ။ သာမန်စာပေဝါသနာရှင် တစ်ဦးအဖို့ ဘာသာစကား သုတေသနလုပ်ငန်းသည် အလှမ်းဝေးလွန်းသဖြင့် မှတ်တမ်းတင်ရန် လက်တွန့်ခဲ့ပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

ယခုအခါ ဘာသာစကားတို့၏ သဘောသဘာဝအတိုင်း နှစ်ကာလ ကြာရှည်လာသည်နှင့်အမျှ အပြောင်းအလဲများ ဖြစ်ပေါ်လာပြီဖြစ်၍ (ထားဝယ်စကားတွင် မြန်မာစကားအသံ၊ ဝေါဟာရ၊ အသုံးအနှုန်း အချို့ အစားထိုး ဝင်ရောက်လာပြီဖြစ်၍) အပြောင်းအလဲများ ကြီးကြီးမားမား ဖြစ်မလာမီ လက်လှမ်းမီသမျှ ဖြစ်သည့်နည်းနှင့် ကောက်ကာငင်ကာ မှတ်တမ်းတင်ထားလိုက်ခြင်း ဖြစ်ပါသည်။ ဤစာတမ်းသည် စနစ်တကျ ကွင်းဆင်းလေ့လာ၍ သုတေသနပြုပြီး တင်ပြထားသော ''သုတေသန စာတမ်း'' မဟုတ်ဘဲ စာပေဝါသနာရှင်တစ်ဦးက သူနှင့် သူ့ပတ်ဝန်းကျင်တွင် အချိန်ရှိသရွေ့ ပြောဆို ကြားနာနေရသောစကား (ထားဝယ်လေးမြို့နယ်တွင် လူအများဆုံး ပြောဆိုနားလည်နိုင်သောစကား သို့မဟုတ် ထားဝယ်မြို့ပေါ်သုံးစကား) ကို အခြေခံ၍ တင်ပြထားသော ''ရှေ့ပြေးလေ့လာချက်'' မှတ်တမ်းတစ်ခုသာ ဖြစ်ပါကြောင်း ဝန်ခံဖော်ပြလိုပါသည်။

နိဂုံးမချုပ်မီ တင်ပြလိုသည့်အချက်တစ်ခု ရှိပါသည်။ ထားဝယ်စကားသည် လူအချို့ တွေးထင် ထားသကဲ့သို့ မြန်မာစကားကို ပီသအောင် မပြောနိုင်၊ မပြောတတ်သဖြင့် အသံကွဲပြား၍ (အသံဝဲ၍) ထွက်လာသော စကားတစ်မျိုး မဟုတ်ဘဲ ပုဂံခေတ် သို့မဟုတ် ပုဂံခေတ်ထက်စောသော ခေတ်ကာလမှ ရှေးဟောင်းမြန်မာစကား၏ မူလရင်းမြစ်သံကို ယနေ့အထိ ထိန်းသိမ်းပြောဆိုသောစကား၊ ပုဂံခေတ် ကျောက်စာအရေးအသားနှင့် အနီးစပ်ဆုံးစကားတစ်မျိုးသာ ဖြစ်သည်ဟူသော အချက်ဖြစ်ပါသည်။ နှစ်ပေါင်းတစ်ထောင်ဝန်းကျင်က ပုဂံခေတ်ကျောက်စာနှင့် ထားဝယ်စကား အပ်ကျမပ်ကျ မတူရကောင်းလားဟု စောဒကတက်လိုသူများ ရှိနိုင်ပါသည်။ ယနေ့မြန်မာစာအရေးအသားနှင့် ယနေ့ မြန်မာအပြောစကားတို့ တူမတူကို ဆင်ခြင်ကြည့်ကြရန် ဖြစ်ပါသည်။

ဆရာကြီးဦးဖေမောင်တင်က ဘာသာဗေဒအမြင်အရ ထားဝယ်



စကားနှင့် ပုဂံခေတ် ဝေါဟာရတို့ ဆက်သွယ်မှုရှိပုံကို သူ၏စာတမ်း၌ အသေးစိတ်သာဓကများဖြင့် တင်ပြခဲ့ပြီး ''တင်ပြခဲ့သော သာဓကများအရ ထားဝယ်စကားနှင့် ပုဂံခေတ်ဝေါဟာရစကားတို့သည် အဆက်အသွယ် ရှိကြောင်း ထင်ရှားလှသည်။ ထားဝယ်၌ (လ) ဆွဲသံနှင့် သရအချို့၏ မူလအသံတို့ ယနေ့ထက်တိုင် ရှိနေသေးခြင်းသည် အထူးမှတ်သားဖွယ် ကောင်းသည်'' ဟု မှတ်ချက်ချခဲ့ပါသည်။ ထို့အပြင် ထားဝယ်စကားနှင့် ပုဂံခေတ်ဝေါဟာရတို့ ဆက်သွယ်မှုရှိရုံမက သမိုင်းကြောင်းအရလည်း ဆက်သွယ်မှုရှိပုံကို ဤသို့ မှတ်ချက်ချဖော်ပြခဲ့ပါသေးသည်။

''ပုဂံခေတ် မူလထိုးကျောက်စာအချို့တွင် တနင်္သာရီနှင့် ထားဝယ်အကြောင်း ဖော်ပြထားသည်ကို တွေ့ရ၏။ ထားဝယ်အကြောင်းကို ကျောက်စာလေးငါးချပ်လောက်၌ ဖော်ပြထားရာ အစောဆုံး ကျောက်စာသည် အေဒီ ၁၂၆၅ ထိုးကျောက်စာဖြစ်သည်။ ဤကျောက်စာ၌ (ထားဝယ်သကူသူ တရာလေးကျိပ်) ထားဝယ်က ကူးလာသူ ၁၄၀ ကို ကျွန်အဖြစ် ဘုရား၌လှူကြောင်း မှတ်တမ်းတင် ထားသည်။ ထို့အပြင် မွန်အက္ခရာဖြင့် ရေးထိုးထားသည့် စဥ့်ကွင်းအချို့ကို ထားဝယ်၌ တွေ့ရ၏။[၁]

ယင်းစဥ့်ကွင်းများသည် ထားဝယ်မြို့တောင်ဘက် ၆ မိုင်အကွာရှိ ရှင်မုတ္ထီးဘုရားကြီးအနီးမှ လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ကျော်ခန့်က တူးဖော်ရရှိခဲ့သော အုတ်ခွက်ရုပ်ပွားတော်များ ဖြစ်ပါသည်။ ယင်းအုတ်ခွက်ရုပ်ပွားတော်များတွင် ပုဂံခေတ်ကျန်စစ်သားမင်း၏ ဘွဲ့တော် (တြိဘုဝနဒိတျဓမ္မရာဇ်) နှင့် အလှူရှင်ထားဝယ်မြို့စားများဖြစ်သည့် သံပျင်အနန္တဇေယျဗိကြာန်၊ သံပျင်ယံခိ၊ သံပျင်ပျောမ်၊ ကလန်ပွင့်နှင့် သမီးဖုန်းဖြည့်တို့၏ ဆုတောင်းစာများ ရေးထိုးထားသည်ကို တွေ့ရရာ ထိုအချိန်ကပင် ''ထားဝယ်'' ဟူသောဒေသရှိနေပြီး ပုဂံနှင့် ဆက်သွယ်မှုရှိခဲ့သည်ကို

၁။ ထားဝယ်ဒေသန္တရစကား၊ မြန်မာဝတ္ထုသမိုင်းအစနှင့် (စာ ၁၁၉-၁၂၀)

www.mmnetlibrary.com PDF Created by Bobo Zaw

သက်သေခံလျက် ရှိပါသည်။ အုတ်ခွက်ရုပ်ပွားတော်တစ်ဆူ၏ပုံကို နောက်ဆက်တွဲ (စ)ဖြင့် ဖော်ပြပါသည်။

အာရပ်ကုန်သည်သင်္ဘောများသည် ခရစ်နှစ် ခုနစ်ရာစုမှစ၍ ဟင်းခတ်အမွှေးအကြိုင်နှင့် ဘယဆေးများ ရှာဖွေရန် အရှေ့တောင်အာရှသို့ စတင်ဝင်ရောက်လာခဲ့ရာ အရှေ့တောင်အာရှနှင့် ပတ်သက်သော အာရပ်တို့၏ မှတ်တမ်းများမှာ တစ်ဆင့်စကားများ ဖြစ်သည်ဟု ဆိုကြသော်လည်း အားထားရသည်များလည်း ရှိခဲ့သည်ဟု သိရပါသည်။ အာရပ်ပထဝီဝင်ဆရာများ၏ မှတ်တမ်း၌ အနော်ရထာ မတိုင်မီ လောက်ကပင် ''ထားဝယ်'' ကို ''Tawahi'' (တဝဟိ)ဟု မြန်မာ့ကမ်းရိုးတန်းရှိ သင်္ဘောဆိပ် မြို့တစ်မြို့အဖြစ် ဖော်ပြထားသည်ကို တွေ့ရပါသည်။[၁]

သို့မျှမက နောက်တွေ့အထောက်အထားများအရ ထားဝယ်စကားသည် ပုဂံခေတ်ဝေါဟာရများနှင့်လည်းကောင်း၊ ထားဝယ်ဒေသသည် ပုဂံခေတ်သမိုင်းကြောင်းများနှင့်လည်းကောင်း ဆက်နွှယ်မှုရှိရုံမက ပုဂံခေတ်မတိုင်မီ (ပုဂံမတည်မီ) ပျူခေတ်နှင့်ပင် ဆက်နွှယ်မှုရှိခဲ့သည်ဟု ယူဆနိုင်သော သဲလွန်စအချို့ကိုလည်း ရရှိခဲ့ပါသည်။ ဥပမာ– ထားဝယ်မြို့ဟောင်း (သာဂရ)၏ မြို့ရိုးပုံစံသည် သရေခေတ္တရာပျူမြို့ရိုးနှင့် ဆင်တူနေခြင်း၊ ထားဝယ်မြို့ဟောင်းရှိ ရှင်ဇလွန်စေတီတော် ခေါင်းလောင်းပုံတွင် သီရိဝစ္ဆပုံရှိနေခြင်း၊ ထားဝယ်ရှေးရိုးရာခလေ့တွင် သေသူ၏အလောင်းကို မီးသင်္ဂြိုလ်၍ အရိုးကို အိုးတွင်ထည့်ကာ ဘုရားကျောင်းကန်အနီးတွင် တည်ထားလေ့ရှိခြင်း စသည် စသည်။ အကျယ်ကို ''ထားဝယ်ဒေသနှင့် ထားဝယ်စကားပြောသူများ'' (နောက်ဆက်တွဲ–ဆ) တွင် ဖော်ပြထားပါသည်။ သို့ဖြစ်ရာ –

**''ပုဂံကျောက်စာများ၌ ရှာမတွေ့နိုင်သည့် ထားဝယ်စကား**

၁။ သုဝဏ္ဏဘူမိတည်နေရာ၊ ဦးဏောက်လင်း။ ဓမ္မစာပဒေသာ၊ (ဧပြီ၊ ၁၉၉၈) (စာ-၆၃)



ထူးခြားမှုအချို့သည် ရှေးကျလွန်းသောကြောင့်လည်း ဖြစ်တန်ရာ၏။ သို့မဟုတ် ထားဝယ်စကား၏ တစ်မူထူးခြားမှုကြောင့်လည်း ဖြစ်နိုင်သည်[၁] ဟူသော ဆရာကြီး ဦးဖေမောင်တင်၏ အဆိုအမိန့်ကိုလည်း ပြန်လည် ထည့်သွင်း စဉ်းစားရန် လိုအပ်လာပါသည်။

ထားဝယ်စကားသည် ပုဂံခေတ်ထက်စောသော ပျူခေတ်ကိုပင် ညွှန်းဆိုဆက်နွှယ်နေသည့် သဘောလက္ခဏာအချို့ကို တွေ့ရှိထားသဖြင့်လည်း ဘာသာဗေဒပညာရှင်များ၊ သုတေသီများက ထားဝယ်စကားကို အထူးအလေးထား၍ ဆက်လက်လေ့လာသုတေသနပြုရန် ဆော်သြခဲ့ခြင်း ဖြစ်ဟန် တူပါသည်။

ဤစာတမ်းသည် ထားဝယ်စကားသုတေသနစာတမ်း မဟုတ်ပါကြောင်းနှင့် ရှေ့ပြေးလေ့လာချက်စာတမ်းမျှသာဖြစ်ပါကြောင်း ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ရှေ့ပြေးလေ့လာချက်မှတ်တမ်း ဖြစ်သည့်အလျောက် ထားဝယ်စကား၊ ထားဝယ်ဝေါဟာရအသုံးအနှုန်း ပင်လယ်ပြင်ကြီးထဲမှ ရေတစ်ခွက်စာမျှကိုသာခပ်၍ ဖော်ပြနိုင်ခဲ့ပါသည်။ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းလေ့လာပြီး ဘာသာဗေဒရှုထောင့် (Linguistic point of view)၊ သဒ္ဒဗေဒရှုထောင့် (Phonetic point of view) တို့မှ စိစစ်လေ့လာသုတေသနပြုကာ မှတ်တမ်းတင်ရန် အမှန်ပင် လိုအပ်နေပါသေးသည်။ ဤစာတမ်းသည် အနိမ့်ဆုံးအားဖြင့် ထားဝယ်စကားကို စနစ်တကျ သုတေသနပြုမှတ်တမ်းတင်သည့်လုပ်ငန်းတွင် လမ်းစဖော်ပေးသကဲ့သို့ အသုံးဝင်လိမ့်မည်ဟုကား မျှော်လင့်မိပါသည်။

**ဘိုးစဉ်ဘောင်ဆက်ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ဘာသာစကားတစ်ခု လုံးလုံးပျောက်ကွယ်မသွားခင် စနစ်တကျ မှတ်တမ်းတင်**

၁။ ထားဝယ်ဒေသန္တရစကား၊ မြန်မာ၀တ္ထု၊ သမိုင်းအစနှင့် သုတေသနစာတမ်းများ။ (စာ-၁၁၉)

www.mmnetlibrary.com PDF Created by Bobo Zaw

ထားနိုင်မှသာလျှင် ဘိုးဘွားအမွေအနှစ်ကို လေးစားတန်ဖိုးထားပြီး ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းကာကွယ်ရာရောက်မည် ဖြစ်ပါသည်။ ဘာသာစကား သုတေသနလုပ်ငန်းဆိုသည်မှာ သုတေသီ ပညာရှင်တို့၏အရာသာ ဖြစ်ပါသည်။ များမကြာမီသော ကာလတွင် ထားဝယ်စကားကို စနစ်တကျ ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ပေးမည့်သုတေသီများ၊ ပညာရှင်များ ပေါ်ပေါက်လာလိမ့်မည်ဟု စွဲစွဲမြဲမြဲယုံကြည်ထားပါသည်။

မောင်လေးတင့်

# နောက်ဆက်တွဲ (က)

46
JOUR. BURMA RESEARCH SOC. XXIII, i, 1933.

7. ပုဂံညောင်ဦး ကျောင်းမှာစုး
စုးသောသပတ်လည် [illegible]
[illegible]
Pə gũ ɲɔ̃ 'u, 'klɔ̃ mɑ 'su,
'su 'θɑ pa' lɛ; pə de ʊ̃ɛ,
sɛ ʊ̃ɑ̃ tə 'phlɑũ 'phlɑũ, sɑ 'ʊ̃ɑ ə 'bwi 'ŋɔ.

'They gather at the monastery at Pagan-Nyaungu,
They circle all round, full of noise and chatterings—
The sparrows with cocked-up tails.'

Can this be a song* of Tavoy Pilgrims, whose reverence for the Great Temples of Pagan fades away before the memory of the insolent sparrows that swarmed in noisy numbers round the food offerings?

PE MAUNG TIN.

ဆရာကြီးဦးဖေမောင်တင်က ယင်းထားဝယ်တေး၏ အဓိပ္ပာယ်ကို ဤသို့ဖွင့်ဆိုပေးခဲ့ပါသည်။

"ပုဂံညောင်ဦးက ဘုန်းကြီးကျောင်းပတ်လည်၌ စာငယ်တို့သည် စုဝေးကြကုန်သည်။ စာငယ်တို့၏အသံသည် တဖျောင်းဖျောင်း ဆူညံလျက်ရှိကြသည်။ ထိုစာငယ်တို့၏ အမြီးတို့သည် ငေါ်လျက်ထောင်လျက်"[၁]

ယင်းဒိန်းချင်းကို ဆရာကြီးဦးဖေမောင်တင်က သူ၏စာတမ်းတွင် ဖော်ပြခဲ့ပြီးနောက် ၁၅ နှစ်ခန့် အကြာတွင် ဆရာဇော်ဂျီက ယခုကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆို ဖော်ပြခဲ့သည်ကို တွေ့ရပါသည်။

"ဤစာကို စပ်စဉ်က ပုဂံညောင်ဦးခေါ်ဘုရားအနီးရှိ ဘုန်းကြီးကျောင်းတွင် စာငယ်များသည် ဘာသာဘာဝ အမြီးငေါ့ငဲ့နှင့်စုဝေး၍

၁။ မြန်မာဝတ္ထုသမိုင်းအစ စာ ၁၂၀။

www.mmnetlibrary.com PDF Created by Bobo Zaw

တဖျောင်းဖျောင်းဆူညံအော်မြည်နေဟန်တူလေသည်။ စာစပ်သူသည် ပုတီးမစိပ်ရ၍ နားငြီးစိတ်ညစ်သည်ပင်ဖြစ်စေ၊ အလုတစ်ခုကိုမူကား သူ၏စိတ်မျက်စိ၌ ဝင်းဝင်းလက်လက်မြင်လိုက်ရသည်။ ထိုအလုကား အခြားမဟုတ်၊ စာငယ်များပဒေသာပင်ကဲ့သို့ အစီအရီပိုင်း၍နားနေသော အလုပင်တည်း။ တေးတွင် ပုဂံညောင်ဦးဟူသော စကားပါရှိနေသဖြင့် အထက်အညာပုဂံဘုရား ညောင်ဦးဘုရားများသို့ ဘုရားဖူးရောက်လာသော ထားဝယ်သားတစ်ဦးဦးက စပ်ဆိုလေသလောဟု မေးမြန်း ယူဆသူများ ရှိခဲ့လေသည်။ သို့ရာတွင် ထားဝယ်မြို့၏ မနီးမဝေးအရပ်၌ ပုဂံညောင်ဦးဘုရားဟူ၍ ဘုရားတစ်ဆူရှိကြောင်း ထိုဘုရားသည် ဟောင်းနွမ်းလှပြီဖြစ်သဖြင့် မထင်မရှားဖြစ်နေကြောင်း အဆိုရှိလေသည်။ ထိုအဆိုအတိုင်း ဟုတ်မှန်ပါက တေးပါပုဂံညောင်ဦးကို ထားဝယ်အနီးက ပုဂံညောင်ဦးဘုရားဟုလည်း ယူဆနိုင်စရာအကြောင်းရှိလေသည်။''[၁]

၁။ ထားဝယ်တေးဟောင်းများ၊ စာပေလောက၊ ဒုန်ပိ၊ ၁၉၄၉၊ စာ ၁၂၄။

# နောက်ဆက်တွဲ (၁)

သီရိပျံချီဦးသာမြတ်၏ ''ပျူဖတ်စာ''မှ ကူးယူဖော်ပြပါသည်။



[illegible]

[illegible]

**Translation**

[illegible] 57 (A.D. 69?), 2nd month 24th [illegible] years, 7 months and 9 days.

# နှောက်ဆက်တွဲ (ဂ)

ရှင်တောန်းမောင်ဒီးချင်း [၁]

တောန်းမောင် တောန်းမောင်၊ရှင်တောန်းမောင်
တောန်းမောင်မတ်စော့–က်၊ တက်မရော့–က်
အော့–က်ကကွမ်းယာ၊ ရွှေဖလားနပူဖော်ပါ၏လေး

ထားဝယ်လူသိများသော ဒိန်းချင်းတစ်ပုဒ်ဖြစ်ပါသည်။ ထားဝယ်သမိုင်းဝင်ဘုရား တည်ရှိသော တောင်အကြောင်း စပ်ဆိုထားသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် မူကွဲများသကဲ့သို့ အဓိပ္ပာယ် ဖွင့်ဆိုပုံလည်း အမျိုးမျိုးရှိပါသည်။ 'တောန်းမောင်' (တောင်းပုံ)အစား 'တော့န်မောင်' (တောင့်ပုံ)၊ 'မတ်စော့–က် (မတ်စောက်)အစား 'နတ်စောန့်' (နတ်စောင့်)၊ 'ကွမ်းယာ' အစား 'ကွန်းမှာ'စသည်ဖြစ်ပါသည်။

တောန်းမောင် (တောင်းပုံ)တောင်သည် မတ်စောက်လွန်းသဖြင့် ဘုရားတည်ရှိရာ တောင်ထိပ်သို့ရောက်အောင် မတက်နိုင်၊ တောင်အောက်ရှိ ကွန်းစခန်းမှပင် ရွှေဖလားတွင် ဆွမ်းရေချမ်းများထည့်၍ ကပ်လှူပူဖော်ပါ၏ဟုဆိုသည်။

'တောင်ပုံတောင်စောင့်နတ်အရှင်ကြီး တောင်မြင့်လွန်းသောကြောင့် မတက်နိုင်ပါ။ ရွှေဖလား၌ ကွမ်းယာထည့်၍ အောက်မှပူဖော်ပါ၏။' ဟူ၍လည်းတွေ့ရပါသည်။

နောက်တစ်မျိုးမှာ တောင်းပုံတောင်သည် နတ်စောင့်သဖြင့် တောင်ထိပ်သို့ရောက်အောင် မတက်နိုင်ပါ။ အောက်ကနတ်ကွန်းတွင်

၁။ ရှင်တောန်းမောင်ဒီးချင်း (ရှင်တောင်းပုံဒိန်းချင်း)



'ရွှေဖလားနပူဖော်ပါ၏' (ရွှေဖလားနှင့်ပူဖော်ပါ၏)အစား 'ရွှေဗွားနပူဖော်ပါ၏' (ရွှေပြားကပ်၍ပူဖော်ပါ၏)ဟုလည်း တွေ့ရပါသည်။

ရှင်တောန်းမောင် (ရှင်တောင်းပုံ)တောင်သည် ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်အတွင်း တည်ရှိပါသည်။ ထားဝယ်ရာဇဝင်ပါ မုဆိုးမောင်ငနွား သတိတရားရပြီး လေးမြားလက်နက် ကိရိယာများထည့်သောတောင်း (မြားတောင့်ဟုဆိုသည်လည်းရှိသည်။)ကို မီးရှို့ပြီး အဓိဋ္ဌာန်ပြုကာ ဘုရားတည်သည်။ သူကိုယ်တိုင်လည်း ရသေ့လုပ်လိုက်သည်။ ယင်းဘုရားကို အစွဲပြု၍ ရှင်တောန်းမောင် (ရှင်တောင်းပုံ)ဟု တွင်ခဲ့သည်။ ရှင်တောန့်မောင် (ရှင်တောင့်ပုံ)ဟု ရေးသည်များကိုလည်း တွေ့ရပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

# နောက်ဆက်တွဲ (ဃ)

ဝဲဒီဒိန်းချင်း

ဝဲဒီဝဲဒီရှင်ဝဲဒီ
ဝဲဒီကထောန်းသစ်ပန်ရောန်း (ယောန်း)မာ
ဥဒေါင်းရစ်ရှယ်၊ ဖျာလိုဒီငေါ်ဖန်ဟှယ် (ရယ်)

အခြားမူတစ်ခုတွင် 'ဖျာလိုဒီငေါ်ဖန်ဟှယ်'အစား 'နန်ဖျာကို လိုဒိဝဲဒယ်ဝဲဒယ်' ဟုတွေ့ရပါသည်။ အဓိပ္ပာယ်မှာ 'နင်ဘာကို လိုလို့ ပျံဝဲနေတာလဲ'ဖြစ်ပါသည်။

အဓိပ္ပာယ်အပြည့်အစုံကို ဤစာတမ်းဒုတိယပိုင်း 'ထားဝယ်စကား၌ တွေ့ရသော အသုံးတိမ်ဝေါဟာရနှင့် ပေါရာဏများ' (ယောန်း) တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

မိုးခေါ်သီချင်း

မိုး မိုး ဝါလိုက်ပါတော့မိုး
မိုးမဝါဘဲကြာလေဘီ
မိုးကီးလေကီးလာလေဘီ
အီးမိုးခေါ်န်မြှောင်းထောန်ရအောန်
မိုးမိုးဝါလိုက်ပါတော့မိုး

မိုးမရွာဘဲကြာပြီးဖြစ်၍ မိုးကြီးလေကြီးလာပါစေ။ အိမ်ခေါင်မိုးပေါ်တွင် မြှူးထောင်ပြီး ငါးဖမ်းရအောင် မိုးကြီးရွာလိုက်စမ်းပါဟု ဆိုလိုပါသည်။

# နောက်ဆက်တွဲ (င)

နှစ်ပေါင်း ၈၀ ကျော်က ထားဝယ်စကားအပြောအဆိုအချို့



Here are some more sentences to help us to understand the nature of Tavoyan speech.

ချိုလွန်းတယ် ʔo 'bjĩ hɛ = ချိုလွန်းသည် ချိုလွန်းသည် 'It is too sweet.'
အလွတ်ကောင်း ခ hlwuʔ 'kɔ̃ = အလွန်ကောင်း 'very good.'
ငါတို့သွားစေပါ ŋa' go 'θwa ze ba = ငါ့သွား ပါရစေ 'let me go'.
နို့သွားကြစို့ no' 'θwa ge' zo' = ငါတို့သွားကြစို့ 'let us go'
သွားပေါ့ 'θwa wɔ' = သွားတော့ 'you may go.'

ငါသွားရဦးမလော ŋa 'θwa ja' wɔ' mə lɔ = ငါသွားရတော့မလား 'Have I got to go?'

သူ့နံကိုသွား θu' 'jĩ go 'θwa = သူ့အနားကိုသွား 'go near him.'
သူ့မှာဝယ် θu' ma wɛ = သူ့ဆီမှာဝယ် 'Buy from him'.

ခဏကြာတာလာမယ် ʔiʔ 'θa tʃa ha la mɛ = ခဏကြာလျှင် လာမည် 'I will come in a moment.'

ခဏနားပါဦးတော့ ʔiʔ 'θa 'ʔĩ ba 'u lɔ = ခဏနားပါဦးလား 'come and rest for a while.'
ခုဗဲ ခုဗဲ khu' 'bɛ khu' 'bɛ = ခဏ ခဏ 'repeatedly.'
သူလာလာဂီနမစားရ θu la la 'gi na' mə 'sa ja' = သူလာသော်လည်းမစားပေ 'although he came, he did not eat' (strees the first la လာ).

သူတောင်းသည်ကိုပေးလိုက် θu 'tɔ̃ za 'pe laiʔ = သူတောင်းသည့်အရာကို ပေးလိုက် 'give him what he asks.'
သူသွားတော့ ငါသွားမယ် θu 'θwa ha ŋa 'θwa mɛ = သူသွားသည့်အခါ ငါသွားမည် 'I will go when he goes.'
သူပြော (သူ) စာမဟုတ်ရ θu 'pjɔ (θu) za mə hmɑ̃ ja' = သူပြောသည့် အရာမဟုတ် 'what he says is not true.'
ဖျား (သူ) စာ မကောင်းရ 'phja (θu) za mə 'kɔ̃ ja' = ဖျားသည့်အရာသည် မကောင်း 'It is not good to be ill.'

Journal of Burma Research Society, Vol. XXXIII, pt. I.
1933 . မှ ကူးယူဖော်ပြပါသည်။

www.mmnetlibrary.com PDF Created by Bobo Zaw

# နောက်ဆက်တွဲ (ဈ)

ပုဂံခေတ်ထားဝယ်မြို့စား သံဗျင်ယံခိလှူဒါန်းပူဇော်သော
အုတ်ခွက်ရုပ်ပွားဆင်းတုတော်





သီရိပျံချီဦးမြ "ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ"
ပထမတွဲ၊ ၁၉၆၁ မှ ကူးယူဖော်ပြပါသည်။

# နောက်ဆက်တွဲ (ဆ)

## ထားဝယ်ဒေသနှင့် ထားဝယ်စကားပြောသူများ

### ထားဝယ်ဒေသ

ထားဝယ်ဒေသဆိုသည်မှာ ယနေ့ ထားဝယ်စကားပြောသူ ရာခိုင်နှုန်းပြည့်နီးပါး နေထိုင်ကြသည့် လေးမြို့နယ် (ထားဝယ်၊ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်း) ပါဝင်သော ထားဝယ်ခရိုင်ကို ဆိုလိုပါသည်။

ထားဝယ်ဒေသသည် ပုဂံခေတ် နရပတိစည်သူမင်းကြီး (အေဒီ၊ ၁၁၇၄–၁၂၁၁) လက်ထက် မြန်မာသက္ကရာဇ် ၅၅၈ ခုနှစ် (အေဒီ ၁၁၉၆)ခု ထိုး ဓမ္မရာဇိကဘုရားကျောက်စာ (မျက်နှာဘက် ကြောင်းရေ ၆–၁၀) တွင် "အရိမဒ္ဒနပူရမည်သော ပြည်ကိုလေ၊ အစိုဝ်ရသော နိုင်ငံကွယ်ခြင် အရာကာ အရှေ့သိုဝ်လာသောနိုင်ငံကာ သလွင်လွှမ်စ်၊ အရှေ့ဘက်အတိုင် တောင်ကာတဝယ်၊ ဝညှတ်၊ သင်တုတ်၊ တနင်သရေ့" စသည်ဖြင့် ပုဂံပြည်၏ပိုင်နက်နယ်နိမိတ်ကို ဖော်ပြထားရာ 'တောင်ကာထဝယ်' ဆိုသည်မှာ 'တောင်ကား ထားဝယ်' ဖြစ်၍ ထားဝယ်ဒေသသည် ပုဂံ ပိုင်နက်အတွင်း တည်ရှိခဲ့သည်ကို သက်သေထူလျက် ရှိပါသည်။

ဓမ္မရာဇိကကျောက်စာသည် အနော်ရထာမင်းကြီးလက်ထက် ထိုး ကျောက်စာမဟုတ်သော် လည်း နရပတိစည်သူမင်းကြီး လက်ထက် တွင် အနော်ရထာမင်းကြီး၏ နိုင်ငံအကျယ်ကို ဆက်၍ ယူသည်ဟု ပညာရှင်တို့က မှတ်ယူကြပါသည်။[၁]

၁။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း (ပထမတွဲ) စာ ၂၅၇ (အောက်ခြေမှတ်စု)

www.mmnetlibrary.com

PDF Created by Bobo Zaw

သာလွန်မင်းတရားကြီး (အေဒီ ၁၆၂၉–၁၆၄၈) လက်ထက်တွင် ထုတ်ပြန်သော အမိန့်တော် အရ ထားဝယ်ဒေသ၏တည်နေရာ ဖော်ပြချက်ကို အောက်ပါအတိုင်း တွေ့ရပါသည်။

'' ထားဝယ်မြို့နယ်ကား အရှေ့သို့လားသော် ထားရိုက်ကကျသည့်မြစ်၊ တောင်ကိုလားသော် တနင်္သာရီမြို့မြေနှင့် ကျောခိုင်း၊ အနောက်ကို လားသော် ရှင်သငယ်မော်၊ မောင်းမကန်၊ အနောက် ပင်လယ်အထိ၊ မြောက်ကိုလားသော် ငှက်ရိုးတော'' [၁]

လက်ရှိထားဝယ်မြို့ နှစ် ၂၀၀ ပြည့် မင်္ဂလာအထိမ်းအမှတ် ထားဝယ်မြို့တည်စာတမ်းတွင်လည်း ထားဝယ်နယ်၏ အကျယ်အဝန်း ပိုင်နက် နယ်နိမိတ်အပိုင်းအခြားကို ယခုကဲ့သို့ တွေ့ရပါသည်။

''တောင်ကိုပြည်ခြား (ခြေကျင်ခရီး ၃ ရက်အကွာ၊ အရှေ့ကို ခမောက်သွယ် (ခမောင်းသွယ်) (ခရီး ၂ ရက်အကွာ)၊ မြောက်ကို ကျုံးထာ ချောင်း(ခရီးတိုင်တစ်သောင်းအကွာ) အနောက်ကို ပင်လယ် အထိ''။

လက်ရှိ ထားဝယ်မြို့၏မြို့တည်နှစ်မှာ သက္ကရာဇ် ၁၁၁၆ ခုနှစ် (အေဒီ ၁၇၅၄) ဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ပါထုတ်ပြန်ချက်များအရ ၁၇ ရာစုနှင့် ၁၈ ရာစုနှစ်များအတွင်းမှစ၍ ထားဝယ်နယ် အကျယ်အဝန်းသည် ယခုလက်ရှိ ထားဝယ်ခရိုင် (လေးမြို့နယ်)၏ အကျယ်အဝန်း ဧရိယာနှင့် တူညီနေသည်ကို တွေ့ရပါသည်။

ထားဝယ်ဒေသသည် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ ၁၈၂၄ ခုနှစ် စက်တင်ဘာလ ၁၈ ရက် နေ့မှစ၍ ဗြိတိသျှတို့လက်အောက်သို့ ကျရောက်ခဲ့ရပြီး ၁၉၀၁ ခုနှစ်တွင် မြို့နယ်လေးခု (ထားဝယ်၊ ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်း)ပါဝင်သော ထားဝယ်ဒိစတြိတ် (ခရိုင်) အဖြစ် ဖွဲ့စည်းအုပ်ချုပ်ခဲ့ပါသည်။

၁။ ဓမ္မာ့ဗိမာန်ဥဆောင်းကျမ်း၊ စာ–၁၃။



လက်ရှိ ထားဝယ်ခရိုင်သည် ပြည်ထောင်စုမြန်မာနိုင်ငံ တောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး(တနင်္သာရီ ကမ်းမြောင်ဒေသ) တွင် တည်ရှိပါသည်။ ထားဝယ်ခရိုင်၏ ပိုင်နက်နယ်နိမိတ်မှာ မြောက်ဘက်တွင် မော်လမြိုင်ခရိုင်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် မြိတ်ခရိုင်နှင့် အနောက်ဘက်တွင် ဘင်္ဂလားအော်တို့ ရှိကြပါသည်။ တောင်နှင့် မြောက် အကျယ်အဝန်း မိုင် ၁၅၀ ခန့်ရှိ၍ အရှေ့နှင့် အနောက် အကျယ်ဆုံးနေရာတွင် မိုင် ၅၀ ရှိပါသည်။ ခရိုင်၏အကျယ်အဝန်းမှာ ၅၃၀၈ စတုရန်းမိုင် ရှိပါသည်။

မြို့နယ်အလိုက် အကျယ်အဝန်းမှာ –

| | | |
|---|---|---|
| ထားဝယ်မြို့နယ် | – | ၂၃၄၀ စတုရန်းမိုင် |
| ရေဖြူမြို့နယ် | – | ၁၈၄၂ စတုရန်းမိုင် |
| လောင်းလုံးမြို့နယ် | – | ၃၃၅ စတုရန်းမိုင် |
| သရက်ချောင်းမြို့နယ် | – | ၇၉၁ စတုရန်းမိုင် |
| စုစုပေါင်း | – | ၅၃၀၈ စတုရန်းမိုင် |

**ထားဝယ်စကားပြောသူများ သို့မဟုတ် ထားဝယ်ဇာတိသားများ**

ထားဝယ်ဒေသသားတိုင်း ပိုင်ဆိုင်သည့် သမိုင်း အထောက်အထားတစ်ခုမှာ ''ထားဝယ်စကား'' ဖြစ်ပါသည်။ ထားဝယ်စကား အများစုသည် ပုဂံခေတ်ကျောက်စာများကို ညွှန်းနေသောကြောင့် ဖြစ်ပါသည်။ နောက်အကျဆုံးကာလကိုယူလျှင်သော်မှ ပုဂံပြည်တည်သည့် အချိန်တွင် ထားဝယ်စကား ပြောသူများ ထားဝယ်ဒေသ၌ရှိနှင့်နေပြီဟု ယူနိုင်သော အထောက်အထားများစွာ ရှိပါသည်။ ထားဝယ်တို့၏ဇာစ်မြစ်ကို နောက်ကြောင်းပြန်ခြေရာခံကြည့်သောအခါ ဤသို့ တွေ့ရပါသည်။

ထားဝယ်ဒေသအတွင်း ရာစုနှစ်ပေါင်းများစွာ နေထိုင်ကြသူအများစုမှာ ''ထားဝယ်'' များ ဖြစ်ကြသည်။ ထားဝယ်တို့မှာ မြန်မာအုပ်စု

www.mmnetlibrary.com PDF Created by Bobo Zaw

ဝင် တိုင်းရင်းသားလူမျိုးများ ဖြစ်ကြသည်။ ပညာရှင်အချို့က ''ထားဝယ် လူမျိုး'' ဟုပင် ရေးသားမှတ်တမ်းတင်ခဲ့ကြသည်။ ထားဝယ်တို့သည် ရှေးမြန်မာအနွယ်ဝင်များ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသော ရှေးဦးမြန်မာအုပ်စုမှ ခွဲကာ ထွက်လာသော မြန်မာကြီးတို့၏ သားမြေးမြစ်များ ဖြစ်ကြသည်။ ယနေ့ ထားဝယ်တို့သည် အစောဆုံး မြန်မာစကား သို့မဟုတ် ရှေးဦးမြန်မာစကားကို မပြောကြတော့ဘဲ ရှေးဟောင်းမြန်မာစကား ကို ပြောဆိုကြသည်။ ပညာရှင်အချို့ကမူ ယင်းကို 'အသံကွဲမြန်မာစကား' ဟု သတ်မှတ်ကြသည် စသည် စသည် ။

ရှေးမြန်မာအနွယ်ဝင်များဖြစ်သော ထားဝယ်တိုင်းရင်းသားတို့အပေါ် ပညာရှင်တို့၏အမြင်ကို လည်းကောင်း၊ ဘာသာဗေဒရှုထောင့်မှ လေ့လာဆန်းစစ်ချက်အချို့ကိုလည်းကောင်း ကောက်နုတ် တင်ပြပါမည်။

## ထားဝယ် နှင့် ရခိုင်

မြန်မာ့စွယ်စုံကျမ်း အတွဲ ၅ ၊ ပထမနှိပ် ၊ ၁၉၆၁၊ စာ ၂၀၂ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်–

**ထားဝယ်လူမျိုး** ထားဝယ်လူမျိုးသည် တိဗက်–မြန်မာအစုမှ မြန်မာလူမျိုးအုပ်စုဝင် ဖြစ်သည်။ သို့သော် အခြားမြန်မာအုပ်စုဝင်များ ဖြစ်ကြသော ဓနု၊ တောင်ရိုး၊ မရူ စသည်တို့ကဲ့သို့ မဟုတ်မူဘဲ မြန်မာတို့နှင့် ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့တွင် တူညီကြ၏။

ထားဝယ်လူမျိုးများ၏ဇာစ်မြစ်သည် မြန်မာအနွယ်ဝင် ရခိုင်လူမျိုးတို့ပင် ဖြစ်သည်။ ရခိုင်ကမ်းခြေဒေသမှ ရခိုင်များသည် တနင်္သာရီပင်လယ်ကမ်းမြောင်ဒေသသို့ သွားရောက်နေထိုင်ကြရာမှ ပေါက်ပွားလာသောအစုကို ထားဝယ်သားများဟု ခေါ်ဟန်ရှိသည်။ ထားဝယ်စကားသည် ရခိုင်စကား ပြောဆိုနည်းနှင့် ယိုးဒယားလေသံတို့ ပေါင်းစပ်ထားသကဲ့သို့



ဖြစ်နေခြင်းကို ထောက်၍ သိနိုင်သည်။

ထားဝယ်လူမျိုးဟူသော ဝေါဟာရပေါ်လာရပုံ၌ အဆိုအမျိုးမျိုး ရှိကြသော်လည်း ခိုင်လုံသော အကြောင်းအရာကိုမူ မတွေ့ရပေ။ အချို့ကမူ မြတ်စွာဘုရား ထက်ဝယ်ဖွဲ့ခွေ ဆွမ်းဘုဉ်းပေးသော အရပ်အား မွန်တို့က '' ဝါယ်'' ဟု ခေါ်ရာမှ ''ထားဝယ်'' ဖြစ်လာသည်ဟုဆို၍ အချို့ပုဂ္ဂိုလ်များကလည်း နရပတိစည်သူမင်းကြီးသည် ယခု ထားဝယ်ခရိုင် လောင်းလုံး မြို့နယ် ကျောက်တွင်းရွာဒေသ အနီး ''ထောင့်ကွယ်မြို့''ကို တည်ထောင်၍ ထိုထောင့်ကွယ်မှ ''ထားဝယ်'' ဟု ရွေ့လျားပြောင်းလဲ လာသည်ဟု ဆိုကြပြန်သည်။

ထားဝယ်အရပ်သည် မြန်မာမင်းတို့ ယိုးဒယားသို့ စစ်ချီရာ၌ စစ်လမ်းကျသဖြင့် ပုဂံခေတ်ကပင်လျှင် အဆက်အဆံ အကူးအလူး ရှိဟန်တူသည်။ ထားဝယ်လူမျိုးတို့သည် မြန်မာအမျိုးသားများအား ဂံသားဟု ပုဂံသားအဖြစ် ရည်ညွှန်းခေါ်ဝေါ်သည်ကို ထောက်ထားနိုင်လေသည်။ မြန်မာမှုကို ထုတ်ဖော်သော ရွှေဘုံနိဒါန်းစာအုပ်တွင် မြန်မာတို့၏ နန်းတွင်းဆောင်၌ ထားဝယ်ဆောင်ဟူ၍ ရှိကြောင်း ဖော်ပြထားသည်။ ယင်းထားဝယ်ဆောင်မှာ ဆင်ဖြူများရှင်မင်းကြီးက ထားဝယ်မှ ခေါ်ဆောင်လာသော ထားဝယ်သားတို့အား ချီးမြှောက်၍ ခစားစေသော အဆောင်ဖြစ်ကြောင်း ဆိုပေသည်။ ရှေးမြန်မာခေတ်အမှုထမ်း၊ အရာထမ်း စာရင်းတွင်လည်း တောင်ထားဝယ်ဗိုလ်၊ မြောက်ထားဝယ်ဗိုလ်ဟု မှုရည်ရွက်ရည်အလိုက် ခန့်ထားသည်ကိုလည်း တွေ့ရသည်။

ယခုအခါ တောင်ပိုင်းရှမ်းပြည်အင်းလေးဒေသတွင် မှီတင်းနေထိုင်ကြသော အင်းသားတို့သည်လည်း ထားဝယ်လူမျိုးဆက် ဖြစ်ကြောင်း ဆိုကြသည်။ အင်းသားစကားနှင့် ထားဝယ်စကားတို့မှာ များစွာတူကြ၏။ သို့ရာတွင် ထားဝယ်သားများ မည်သို့မည်ပုံ အင်းထဲသို့ ရောက်ရှိလာသည်ဆိုသောအချက်၌ကား အယူအဆအမျိုးမျိုး ရှိကြ၏ (စာတမ်း

www.mmnetlibrary.com PDF Created by Bobo Zaw

ဝင် တိုင်းရင်းသားလူမျိုးများ ဖြစ်ကြသည်။ ပညာရှင်အချို့က ''ထားဝယ် လူမျိုး'' ဟုပင် ရေးသားမှတ်တမ်းတင်ခဲ့ကြသည်။ ထားဝယ်တို့သည် ရှေးမြန်မာအနွယ်ဝင်များ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသော ရှေးဦးမြန်မာအုပ်စုမှ ခွဲကာ ထွက်လာသော မြန်မာကြီးတို့၏ သားမြေးမြစ်များ ဖြစ်ကြသည်။ ယနေ့ ထားဝယ်တို့သည် အစောဆုံး မြန်မာစကား သို့မဟုတ် ရှေးဦးမြန်မာစကားကို မပြောကြတော့ဘဲ ရှေးဟောင်းမြန်မာစကား ကို ပြောဆိုကြသည်။ ပညာရှင်အချို့ကမူ ယင်းကို 'အသံကွဲမြန်မာစကား' ဟု သတ်မှတ်ကြသည် စသည် စသည် ။

ရှေးမြန်မာအနွယ်ဝင်များဖြစ်သော ထားဝယ်တိုင်းရင်းသားတို့ အပေါ် ပညာရှင်တို့၏အမြင်ကို လည်းကောင်း၊ ဘာသာဗေဒရှုထောင့်မှ လေ့လာဆန်းစစ်ချက်အချို့ကိုလည်းကောင်း ကောက်နုတ် တင်ပြပါမည်။

## ထားဝယ် နှင့် ရခိုင်

မြန်မာ့စွယ်စုံကျမ်း အတွဲ ၅၊ ပထမနှိပ်၊ ၁၉၆၁၊ စာ ၂၀၂ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်–

**ထားဝယ်လူမျိုး** ထားဝယ်လူမျိုးသည် တိဗက်–မြန်မာအစုမှ မြန်မာလူမျိုးအုပ်စုဝင် ဖြစ်သည်။ သို့သော် အခြားမြန်မာအုပ်စုဝင်များ ဖြစ်ကြသော ဓနု၊ တောင်ရိုး၊ မရူ စသည်တို့ကဲ့သို့ မဟုတ်မူဘဲ မြန်မာတို့နှင့် ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့တွင် တူညီကြ၏။

ထားဝယ်လူမျိုးများ၏ဇာစ်မြစ်သည် မြန်မာအနွယ်ဝင် ရခိုင် လူမျိုးတို့ပင် ဖြစ်သည်။ ရခိုင်ကမ်းခြေဒေသမှ ရခိုင်များသည် တနင်္သာရီ ပင်လယ်ကမ်းမြောင်ဒေသသို့ သွားရောက်နေထိုင်ကြရာမှ ပေါက်ပွားလာသောအစုကို ထားဝယ်သားများဟု ခေါ်ဟန်ရှိသည်။ ထားဝယ်စကားသည် ရခိုင်စကား ပြောဆိုနည်းနှင့် ယိုးဒယားလေသံတို့ ပေါင်းစပ်ထားသကဲ့သို့



ဖြစ်နေခြင်းကို ထောက်၍ သိနိုင်သည်။

ထားဝယ်လူမျိုးဟူသော ဝေါဟာရပေါ်လာရပုံ၌ အဆိုအမျိုးမျိုး ရှိကြသော်လည်း ခိုင်လုံသော အကြောင်းအရာကိုမူ မတွေ့ရပေ။ အချို့ကမူ မြတ်စွာဘုရား ထက်ဝယ်ဖွဲ့ခွေ ဆွမ်းဘုဉ်းပေးသော အရပ်အား မွန်တို့က '' ဂါယ်'' ဟု ခေါ်ရာမှ ''ထားဝယ်'' ဖြစ်လာသည်ဟုဆို၍ အချို့ပုဂ္ဂိုလ်များကလည်း နရပတိစည်သူမင်းကြီးသည် ယခု ထားဝယ်ခရိုင် လောင်းလုံး မြို့နယ် ကျောက်တွင်းရွာဒေသ အနီး ''ထောင့်ကွယ်မြို့''ကို တည်ထောင်၍ ထိုထောင့်ကွယ်မှ ''ထားဝယ်'' ဟု ရွေ့လျားပြောင်းလဲ လာသည်ဟု ဆိုကြပြန်သည်။

ထားဝယ်အရပ်သည် မြန်မာမင်းတို့ ယိုးဒယားသို့ စစ်ချီရာ၌ စစ်လမ်းကျသဖြင့် ပုဂံခေတ်ကပင်လျှင် အဆက်အဆံ အကူးအလူး ရှိဟန်တူသည်။ ထားဝယ်လူမျိုးတို့သည် မြန်မာအမျိုးသားများအား ဂံသားဟု ပုဂံသားအဖြစ် ရည်ညွှန်းခေါ်ဝေါ်သည်ကို ထောက်ထားနိုင်လေသည်။ မြန်မာမှုကို ထုတ်ဖော်သော ရွှေဘုံနိဒါန်းစာအုပ်တွင် မြန်မာတို့၏ နန်းတွင်းဆောင်၌ ထားဝယ်ဆောင်ဟူ၍ ရှိကြောင်း ဖော်ပြထားသည်။ ယင်းထားဝယ်ဆောင်မှာ ဆင်ဖြူများရှင်မင်းကြီးက ထားဝယ်မှ ခေါ်ဆောင်လာသော ထားဝယ်သားတို့အား ချီးမြှောက်၍ ခစားစေသော အဆောင်ဖြစ်ကြောင်း ဆိုပေသည်။ ရှေးမြန်မာခေတ်အမှုထမ်း၊ အရာထမ်း စာရင်းတွင်လည်း တောင်ထားဝယ်ဗိုလ်၊ မြောက်ထားဝယ်ဗိုလ်ဟု မှုရည်ရွက်ရည်အလိုက် ခန့်ထားသည်ကိုလည်း တွေ့ရသည်။

ယခုအခါ တောင်ပိုင်းရှမ်းပြည်အင်းလေးဒေသတွင် မှီတင်းနေထိုင်ကြသော အင်းသားတို့သည်လည်း ထားဝယ်လူမျိုးဆက် ဖြစ်ကြောင်း ဆိုကြသည်။ အင်းသားစကားနှင့် ထားဝယ်စကားတို့မှာ များစွာ တူကြ၏။ သို့ရာတွင် ထားဝယ်သားများ မည်သို့မည်ပုံ အင်းထဲသို့ ရောက်ရှိလာသည်ဆိုသောအချက်၌ကား အယူအဆအမျိုးမျိုး ရှိကြ၏ (စာတမ်း

www.mmnetlibrary.com PDF Created by Bobo Zaw

ရှင် ကိုယ်တိုင် အင်းလေးတွင် အတန်ကြာအောင် လေ့လာခဲ့ဖူးရာ ထားဝယ်စကားနှင့်တူသော အင်းလေးစကားအနည်းအကျဉ်းကိုသာ တွေ့ခဲ့ရပါသည်)။

အထက်ဖော်ပြပါ မြန်မာ့စွယ်စုံကျမ်းအတွဲ ၅ တွင် ဖော်ပြချက်များကို အကိုးအထောက်ပြု၍ ထားဝယ်တို့၏ ဇာစ်မြစ်သည် ရခိုင်လူမျိုးတို့ ပင်ဖြစ်ကြောင်း ဟောပြောရေးသားခဲ့ခြင်းများလည်း ခပ်များများရှိခဲ့ပါသည်။ သို့ရာတွင် "ထားဝယ်လူမျိုးတို့၏ ဇာစ်မြစ်သည် ရခိုင်လူမျိုးတို့ပင် ဖြစ်သည်" ဆိုသည့် မြန်မာ့စွယ်စုံကျမ်း၏ ဖော်ပြချက်မှာ မှားယွင်းနေသဖြင့် ၁၉ရ၁ ခုနှစ်ထုတ် မြန်မာ့စွယ်စုံကျမ်းအတွဲ ၅၊ တတိယနှိပ်ခြင်း၊ နောက်ဆက်တွဲစာအုပ်၊ စာမျက်နှာ ၅၂၅ တွင် ယင်းအမှားကို ပယ်ဖျက်၍ အောက်ပါအတိုင်းပြင်ဆင်ဖော်ပြခဲ့ပါသည်–

"ထားဝယ်လူမျိုးတို့သည် ရှေးကျသောတိုင်းရင်းသား တစ်မျိုးဖြစ်သည်။ ရှေးပဝေသဏီကပင် တိုင်းပြည်မြို့ပြထီးနန်းနှင့်တကွ ထားဝယ်စကားပြောသည့် ထားဝယ်လူမျိုးဟု ရှိခဲ့ပေသည်။ ထားဝယ်မြို့မျိုးရိုးဟု ရှိနေသည့်အဖြစ်ကြောင့် ထားဝယ်စကားဟု တစ်ဘာသာမြန်မာစကားနှင့် လုံးလုံးကွဲ၍ လည်းကောင်း၊ စကားတူအသံဝဲ၍လည်းကောင်း၊ ယနေ့တိုင်အောင် ပြောနေကြသည်။ စာမှာ မြန်မာစာကို ရေးကြသော်လည်း စကားပြောရာ၌ ရှေးပေါရာဏများကို များစွာပြောကြသည်။ ခေတ်ပြောင်းခေတ်လွှဲအလိုက် မြန်မာ၊ ရှမ်း၊ ထားဝယ်တို့ အများရောယှက်မှုကား ရှိသင့်သမျှရှိ၍ လူများစုမှာ ထားဝယ်ဖြစ်ခြင်းကြောင့် မတိမ်ကောဘဲ ယနေ့အထိ ထားဝယ်စကားပြောသူများ တမူထူးခြား ထင်ရှားရှိလေသည်"

ယင်းအမှားပြင်ဆင်ချက်အရ ထားဝယ်လူမျိုးသည် မြန်မာအနွယ်ဝင် ရခိုင်လူမျိုးပင်ဖြစ်သည် ဟူသော အယူအဆမှ ထားဝယ်လူမျိုးသည် ရှေးကျသော တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည် ဟူသော အယူ



အဆသို့ ပြောင်းလဲခဲ့ပါသည်။

ထားဝယ်လူမျိုးသည် မြန်မာအနွယ်ဝင်ရခိုင်လူမျိုးပင်ဖြစ်သည် ဟူသော အယူအဆမှာ 'ဥဒ္ဒေ၀တီ အရေးတော်ပုံကျမ်း' မှ လာသည်ဟု ယူဆဖွယ်ရှိပါသည်။ ကဝိသာရဘိသီရိပဝရ၊ အဂ္ဂမဟာ ဓမ္မရာဇာဓိရာဇ ဂုရုတံဆိပ်နာမ်တော်ရှိသော သာသနာပြုဆရာတော်ဘုရား ရေးသားပြုပြင်စီရင်တော် မူအပ်သော "ဥဒ္ဒေ၀တီအရေးတော်ပုံကျမ်း"[၁] (စာ–၁၁၈–၁၁၉) တို့တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

တစ်ရံရောအခါ ထားဝယ်သားအာလောမှုတတ်ညွှန့်သည် လူပေါင်း ယောက်ျားမိန်းမ ၁၀၀၀ နှင့် ဝင်ရောက်လာသောအခါ အမတ်ကြီး မဟာပညာကျော် လျှောက်သည်မှုကား–

အရှင်မင်းမြတ်တတ်ညွှန့်တို့သည် ရှေးဘေးတော်မင်းများ လက်ထက် မရိပ်မချောင်းနေ မြို့ကိုးခေါင်းသား အမျိုးတို့ ငြိမ်သက်စွာမနေ၊ တစ်မြို့တစ်ရွာကိုသာ တိုက်ဖျက်၍ အစဉ်ပြုကျင့်ဆိုးသွမ်းသောကြောင့် ထိုအရပ်က သင်းတို့ကို သိမ်းခေါ်၍ ဘိတော်ဒသရာဇာမင်းက မာန်အောင်ကျွန်းတွင် ချထားတော်မူရာ တစ်နှစ်ခန့်ရှိသော် ထွက်သွားလေ၍ ယိုးဒယားနှင့် ပဲခိုးတို့ ၂ ပြည်အကြားတွင် နေလေရာ မြို့ကို ထားဝယ်တွင်လေသည်။ ယင်းသို့ ဇာတိရင်းပမာသော်ကား တော၌ကြီးပြင်းသော သတ္တဝါတို့ကို လူယူမွေးထားလေသော် တစ်ပါးသော အကောင်ဖြစ်လျှင် ယဉ်ကျေးပျော်ပိုက်ကြသည်ပင်။ တောကြက်အမျိုးသည် လုံစွာထားတတ်မှ နေပါသည်။ မလုံလွတ်ချေမူမိမိတောသို့သွားလေသည်။ ထို့အတူ မြို၊ ထားဝယ်၊ ပသျှူး၊ လေးတူး၊ ချင်း၊ လင်းကဲ၊ ကချင်၊ အမျိုးသားတို့သည်လည်း တောကြက်နှင့်တူပါသည်။ တိုက်ယူလုယက်စားသောက်မပြုရသော် အရှည်နေမည့်လူမျိုးမဟုတ်ပါ။ သင်းတို့စိတ်ကြိုက် လုယက်

၁။ ဥဒ္ဒေ၀တီအရေးတော်ပုံ၊ မြန်မာသံတော်ဆင့်မီးစက်ကြီးပုံနှိပ်တိုက်၊ ရန်ကုန်မြို့။ ၁၂၄၃ ခု၊ ဝါဆိုလ၊ ၁၈၈၁။

www.mmnetlibrary.com PDF Created by Bobo Zaw

တိုက်ဖျက်နေရမှာသာ ပျော်ပိုက်ရည်ကြာမည့်လူမျိုးဖြစ်ပါသည်။ လူရှိသော မြို့ရွာအနီးအပါးချထားချေမူ သင်းတို့သွေးဆောင်ရာပါသွားလေ၍ လူဆိုးကြောင့် လူကောင်းပျက်တတ်ပါသည်။ သင်းတို့ချည်းတစ်စုတည်း အုန်းကျွန်းမှာချထား၍ အုန်းသီးဘဏ္ဍာကိုသာ နှစ်စဉ်သင်းတို့က ဆက်သွင်းစေရမည်။ လျှောက်လေသော် ပြည့်ရှင်မင်းကြီးလည်း မြို့ထားဝယ်တို့ကို အုန်းကျွန်းမှာ ချထားလေသည်။

အထက်ဖော်ပြပါ ဧည့ဝတီအရေးတော်ပုံကျမ်းကို မြန်မာသက္ကရာဇ် ၁၁၄၉ ခုနှစ်တွင် ရေးသား ခဲ့ခြင်းဖြစ်ရာ ထားဝယ်ရာဇဝင် အချို့ကလည်း ဧည့ဝတီအရေးတော်ပုံကျမ်းကို လိုက်၍ ရေးသားခဲ့ကြသဖြင့် ထားဝယ်သည် ရခိုင်မှဆင်းသက်လာသည်ဟူသော အယူကို လူသိများလာခဲ့သည်။ ထို့အပြင် နောက်ပိုင်း၌ ဧည့ဝတီအရေးတော်ပုံကျမ်းလာ အဆိုအမိန့်များမှ ကောက်နုတ်၍ ''မဟာပညာကျော် လျှောက်ထုံး'' [၁] အဖြစ် စာအုပ်ထုတ်ဝေခဲ့သဖြင့်လည်း ယင်းအဆိုသည် ပို၍ လူသိများထင်ရှားလာခြင်းဖြစ်ပါသည်။

သို့ရာတွင် မာန်အောင်ကျွန်း (ရခိုင်ကမ်းမြောင်ဒေသ)မှ ယိုးဒယားနှင့် ပဲခူး နှစ်ပြည်ထောင်ကြား (တနင်္သာရီ၏ကမ်းမြောင်ဒေသ)သို့ ရောက်သွားကြသူများမှ ပေါက်ဖွားလာသော အစုကို ထားဝယ်သားများဟုခေါ်သည်ဟူသောအဆိုကို ထားဝယ်ကျော်မင်းရေးသားပြုစုသည့် ထားဝယ် ယဉ်ကျေးမှုအမြုတေ (စာ-၃၂၅)တွင် အောက်ပါအတိုင်း ဖော်ပြချေဖျက်ထားသည်ကို တွေ့ရပါသည်-

(၁) မဟာပညာကျော်အမတ်သည် ရခိုင်ဘုရင် မင်းဖလောင်း၌ ခစားသော အမတ်ကြီး ဖြစ်သည်။ မင်းဖလောင်းနှင့်မြန်မာဘုရင် ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ထီးပြိုင်နန်းပြိုင်ခေတ် ကောဇာသက္ကရာဇ် ၉၀၀ ကျော်ဖြစ်၍ ၄င်းအချိန်တွင် အုန်းကျွန်း(ကပ္ပလီကျွန်း)မှ အာလောတတ်ညွန့်တို့ လူစုထားဝယ်ဒေသသို့ လာစေဦး။ ထားဝယ်ဒေသသည် ဘုရင့်နောင်ပိုင်နက်ဖြစ်နေလျက် ထားဝယ် ဒေသ၌ ထားဝယ်သားများရှိနေပြီဖြစ်၍ ယုတ္တိမတန်ချေ။

(၂) ဘီတော်ဒေသရာဇာခေတ်ဆိုလျှင်လည်း ကောဇာ သက္ကရာဇ် ၇၀၀ ကျော်ခန့်တွင်ဖြစ်၍ အင်းဝမြန်မာဘုရင်မင်းကြီး စွာစော်ကဲနှင့်လည်းကောင်း၊ ပဲခူးမွန်ဘုရင်ဗညားဦးတို့နှင့်လည်းကောင်း၊ ထီးပြိုင်နန်းပြိုင်အချိန် ဖြစ်သည်။ ထိုအချိန်က ထားဝယ်ဒေသသည် မွန်တို့လက်အောက်တွင် ရောက်ရှိနေ၍ မာန်အောင်ကျွန်းမှ မြို့ကိုးခေါင်းသားတို့ ယိုးဒယားနှင့် ပဲခူးကြား နေလာရာ မြို့ကို ထားဝယ်တွင်သည်ဟု ဆိုရာ၌လည်း ၄င်းထက် စောပြီး ထားဝယ်ဒေသ၌ ထားဝယ်လူမျိုးများရှိပြီးဖြစ်၍ ယုတ္တိမတန်ချေ။

ဆရာထားဝယ်ကျော်မင်း၏ အထက်ပါချေဖျက်ချက်နှစ်ချက်ဖြင့်ပင် ထားဝယ်လူမျိုးများ၏ ဇာစ်မြစ်သည် မြန်မာအနွယ်ဝင် ရခိုင်လူမျိုးဖြစ်သည်။ ရခိုင်ဒေသမှ ရခိုင်လူမျိုးများလာရောက်နေထိုင်ကြရာမှ ထားဝယ် ဖြစ်လာသည်။ မာန်အောင်ကျွန်းမှ မြို့များယိုးဒယားနှင့် ပဲခူးအကြား လာရောက်နေထိုင်သဖြင့် မြို့ကို ထားဝယ်တွင်လေသည် စသည့် အဆိုများသည် ချေဖျက်ပြီးဖြစ်သည်ကို တွေ့ရပါသည်။

<u>ထားဝယ်နှင့်တောင်ရိုး</u> မြန်မာ့စွယ်စုံကျမ်းအတွဲ ၅၊ စာမျက်နှာ ၁၀၀တွင် တောင်ရိုးလူမျိုးများ နှင့်ပတ်သက်၍ ယခုကဲ့သို့ဖော်ပြထားသည်ကို တွေ့ရပါသည်။ ''တောင်ရိုးလူမျိုးတို့စကားမှာ မြန်မာ ပေါရာဏများနှင့်တူပေသည်။ ပုဂံခေတ်မြန်မာစကားအသုံးအနှုန်းမျိုးကို ပြောဆိုကြခြင်းကြောင့် ယင်းတို့အား ပုဂံအနွယ်မြန်မာလူမျိုးများပင် ဖြစ်သည်ဟု ယူဆရ၏။ အချို့ကမူ တောင်ရိုးလူမျိုးတို့သည် ထားဝယ်တစ်ဖက်မှ ထွက်ပြေးလာသော မြန်မာအချို့မှပေါက်ဖွားလာကြသူများဟု ယူဆကြ

၁။ ဧည့ဝတီမင်းတိုင်ပင်အမတ်ကြီး မဟာပညာကျော်လျှောက်ထုံး၊ ၁၉၆၄၊ စာ - ၆၂



www.mmnetlibrary.com PDF Created by Bobo Zaw

လေသည်''

ထားဝယ်နှင့်အင်းသား။ ထားဝယ်သားနှင့်အင်းသားတို့ ပတ်သက်ဆက်နွှယ်ပုံကိုမူ မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅၊ စာမျက်နှာ ၂၆၀ တွင် ယခုကဲ့သို့ဖော်ပြထားသည်ကို တွေ့ရပါသည်။

'အင်းသားလူမျိုး' ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေနယ် အင်းလေး ဒေသတစ်ဝိုက်၌ အခြေစိုက် နေထိုင်လျက်ရှိသော လူမျိုးစုတစ်စုကို အင်းသားလူမျိုးဟုခေါ်သည်။ အင်းသားတို့၏ စကားလုံးဝေါဟာရများတွင် ရခိုင်လူမျိုး ထားဝယ်လူမျိုးတို့၏ စကားလုံးများနှင့်ဆင်တူသော ဝေါဟာရများလည်းရှိသည်။ ထို့ကြောင့် အင်းသားတို့သည် ရခိုင်အုပ်စုခွဲ၊ ထားဝယ်အုပ်စုခွဲတို့နှင့် နီးစပ်သော လူမျိုးစုတစ်စုဟုလည်း ဆိုကြသည်။ အချို့ကမူ အင်းသားလူမျိုးသည် ထားဝယ်လူမျိုးမှ ဆင်းသက် ဆက်နွှယ်လာသည်ဟု ဆိုကြသေးသည်။ အင်းသားတို့သည် ထားဝယ်လူမျိုးတို့၏အဆက်ဟု ဆိုကြသော်လည်း အင်းလေးဒေသသို့ မည်သို့မည်ပုံ ရောက်ရှိလာသည်ဟူသော အချက်၌မူ အယူအဆ အမျိုးမျိုးရှိနေပေသည်။ အခြေအမြစ်ခိုင်လုံသည်ဟု မဆိုနိုင်သော်လည်း အချို့အယူအဆတစ်ရပ်မှာ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းသည် ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်စဉ် အင်းလေးသို့ရောက်လာသောအခါ ထားဝယ်မှပါလာသော ဖောင်တော်အမှုထမ်းထားဝယ်သားတစ်စု (အချို့က ညီအစ်ကို နှစ်ယောက်ဟုဆိုသည်) အား ထိုဒေသ၌ အခြေစိုက်နေထိုင်ရန် နေရာချထားပေးခဲ့သည်။ ထိုထားဝယ်သားတို့မှ မျိုးဆက်ပြန့်ပွား၍ လူဦးရေတိုးတက်လာသဖြင့် ယခုအခါ ရွာကြီးရွာငယ် ၄၀ ကျော်အထိ ရှိလာခဲ့သည်ဟု ဆိုသည်။ မည်သို့ပင် ဖြစ်စေ အင်းသားလူမျိုးတို့ကား မြန်မာသို့မဟုတ် ထားဝယ်ဆန်နေသော ရှမ်းပြည်နယ်၏ လူမျိုးစုတစ်ခု ဖြစ်လေသည်''

ထားဝယ်သားများ အင်းလေးသို့ရောက်လာပုံနှင့် ပတ်သက်သော မှုကွဲတစ်ခုကို စာရေးဆရာ ဒါရိုက်တာ (ဦး)မြင့်မောင်၏ ''အင်းလေး



အစ ထားဝယ်က''[၁] ဆောင်းပါးတွင် တွေ့ရပါသည်။ စိတ်ပါဝင်စားဖွယ် ဖြစ်၍ အကျဉ်းချုံးတင်ပြလိုက်ပါသည်။

''အင်းလေးရာဇဝင်၌ အင်းလေးအစ ဓဆောင်ငနောင်က''ဟု ဆိုသည်။ အချို့ကမူ 'အင်းလေးအစ မင်းခေါင်မင်းနောင်က'ဟု ဆိုသည်။ ဖြစ်ပေါ်လာပုံမှာ အလောင်းမင်းတရားကြီး ယိုးဒယားသို့ စစ်ချီတက်တိုက်ခိုက်အောင်မြင်ပြီးနောက် တပ်ခေါက်၍အပြန် ထားဝယ်သား ညီအစ်ကို မင်းခေါင်မင်းနောင်အုပ်ချုပ်သော တပ်တစ်တပ်သည် ရှမ်းရိုးမတောင်တန်းကို ဖြတ်ကျော်၍ မြန်မာနိုင်ငံတွင်းသို့ ဝင်ခဲ့ရာ အင်းလေးကန်ကိုတွေ့သည်။ ထားဝယ်ဒေသသို့ မပြန်တော့ဘဲ ထားဝယ်နှင့် ရာသီဥတုအနေအထားတူသော အင်းလေးဒေသတွင် ၄င်းတို့အိုးအိမ် တည်ဆောက်နေရစ်လိုကြောင်း ဘုရင်ထံလျှောက်ထားပြီး နေရစ်ခဲ့ကြသည်။ အင်းလေးကိုအခြေပြုလျက် ရွာကြီးလေးရွာ (ရွာမ၊ နန်းပန်၊ ရွာကြီး၊ နောင်တော)တို့ကို စတင်တည်ထောင်ခဲ့သည်။ ''အင်းလေး'' ဟူသော အမည်သည် အထက်ပါ ရွာကြီးလေးရွာကို အကြောင်းပြု၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ရှေးက ''အင်းလေး'' ဟူသော အမည်မရှိခဲ့။ ရွာများလည်း အင်းထဲ၌ မရှိခဲ့ချေ။ ထိုအချိန်မှစ၍ အင်းထဲတွင် ထားဝယ်သားများ နေထိုင်ခဲ့ကြသဖြင့် ယနေ့ထက်တိုင် ထားဝယ်သားများကို 'အင်းသား'' ဟု ခေါ်ဝေါ်နေကြခြင်း ဖြစ်သည်။

သို့ရာတွင် ဆရာ(ဦး)မြင့်မောင်က ''ဤသည်တို့ကား အင်းလေးဟူ၍ ဖြစ်ပေါ်လာပုံနှင့် အင်းသားလူမျိုးဖြစ်ပေါ်လာပုံ တစ်ဆင့်စကားကြားဖူးနားဝ မှတ်သားချက်များ ဖြစ်ပေသည်။ အထောက်အထားအဖြစ် မှတ်တမ်းတင် သိုမှီးထားသော ရာဇဝင်သမိုင်းစာပေဟူ၍ကား ရှိသည်ဟု မကြားမိခဲ့ မတွေ့မိခဲ့ပေ'' ဟု အဆုံးသတ်ထားပါသည်။

မြန်မာ့သမိုင်းပညာရှင်တစ်ဦးဖြစ်သူ ဗိုလ်မှူးဘရှင်က မြန်မာ

၁။ မြဝတီမဂ္ဂဇင်း၊ ၁၉၆၉ ခု၊ ဩဂုတ်လ၊ စာ-၁၂၅-၁၂၆။

www.mmnetlibrary.com PDF Created by Bobo Zaw

အစုဝင် လူမျိုးများ သို့မဟုတ် တိဗက်–တရုတ် ဘာသာစကား အနွယ်ကြီး၏ အနွယ်တစ်စုဖြစ်သော တိဗက်–မြန်မာ အနွယ်ဝင် လူမျိုးစုများ မြန်မာနိုင်ငံတွင်းသို့ စတင်ဝင်ရောက်လာပုံနှင့် မြန်မာလူမျိုးနှင့် လူမျိုးစုများ ဖြစ်လာပုံ ပျံ့နှံ့နေထိုင်ခဲ့ကြပုံတို့ကို ဘာသာဗေဒရှုထောင့်မှ အောက်ပါအတိုင်း တင်ပြထားသည်ကို တွေ့ရပါသည်–

မြန်မာအစုဝင်လူမျိုးများ မြန်မာဝေါဟာရအခေါ်အဝေါ်ဖြစ်သော လူမျိုးတစ်ရာ့တစ်ပါးတွင် ''သက်နှင့်ရခိုင်၊ နိုင်းပြိုင်တောင်သူ၊ ပျူ၊ ကမ်းယံ၊ ယော၊ ထားဝယ်နှောက၊ မျိုးသတ္တ'' ဟု မြန်မာ ခုနစ်မျိုးပါဝင်ကြောင်း အဆိုရှိခဲ့ပေသည်။ အမျိုးတူသည်ကိုလိုက်၍ လူမျိုးစုတို့ကို သတ်မှတ်ခွဲခြားသည့် ဘာသန္တရသုတေသနနည်းအရဆိုလျှင် မြန်မာလူမျိုး ဆိုရာ၌–

(က) ခေတ်မြန်မာစကားကို ပြောဆိုနေကြသော အများစုဖြစ်သည့် မြန်မာများ။

(ခ) မြန်မာစကားပင်ဖြစ်သော်လည်း ခေတ်ဟောင်းဝေါဟာရများကို ဆက်လက်သုံးစွဲ၍ အသံအချို့တွင် ခေတ်မြန်မာစကားနှင့်မတူဘဲ ကွဲပြားခြားနားသည့် အသံကွဲမြန်မာစကားကို ပြောဆိုကြသော လူမျိုးများနှင့်

(ဂ) ရှေးပဝေသဏီက မြန်မာအစုဝင် အခြားလူမျိုးတို့နှင့် အတူတကွ နေခဲ့ကြ၍ ရွှေ့ပြောင်းလာကြရာ လမ်းခရီးတွင် ဝေးလံစွာ ကျန်နေရစ်ခဲ့သော ရှေးဦးမြန်မာစကားကို ပြောဆိုကြသော လူမျိုးများ ဟူ၍ သုံးမျိုးသုံးစား ရှိပေသည်။

အသံကွဲမြန်မာစကားများကို ပြောဆိုကြသူများတွင် စစ်တွေခရိုင်ရှိ ရခိုင်များ၊ ရမ်းဗြဲခရိုင်ရှိ ရမ်းဗြဲသားများ၊ ကုလားတန်မြစ်ဝှမ်းတွင်



နေကြသည့် ချောင်းသားများ၊ ထားဝယ်ခရိုင်တွင် တွေ့ရသော ထားဝယ်သားများ၊ မြိတ်ခရိုင်တွင် တွေ့ရသော မြိတ်သားများ၊ ပခုက္ကူခရိုင်ယောတွင် နေထိုင်ကြသော ယောသားများ၊ သာယာဝတီခရိုင် ပဲခူးရိုးမတောင်စွယ်တစ်ဖက်တစ်ချက်တွင် နေကြ၍ ယခုအခါ ကွယ်ပျောက်လုပြီဟု ယူဆရသော ဇပိန်းခေါ်ယပိန်းများ၊ မြေပြန့်နှင့် ရှမ်းကုန်းပြင်မြင့်တို့စပ်မိရာတစ်လျှောက် မြောက်ဘက်နောင်ချိုနယ်မှ တောင်ဘက် အင်းလေးကန်အနောက်ဖက်ရှိ မြေလတ်ဒေသ တောင်ဘက်စွန်းအထိ ဖြစ်သော ကုန်းပြင်မြင့် အနောက်ဘက်စွန်းဒေသတွင် တွေ့ရသော ဓနုများ၊ တောင်ကြီးခရိုင် မြေလတ်ဒေသတွင် နေထိုင်သော တောင်ရိုးများနှင့် ယင်းဒေသ အင်းလေးကန်နှင့် ပတ်ဝန်းကျင်ဒေသရှိ အင်းသားများ ပါဝင်ကြသည်။

ရှေးဦးမြန်မာစကားပြောသူတို့မှာ မရူ၊ အဇီး သို့မဟုတ် ဇီး၊ လရှီ၊ အာချန် ခေါ် မိုင်းသာနှင့် ဖွန်းလူမျိုးများဖြစ်ကြသည်။ မရူတို့ကို ကချင်ပြည်နယ် အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်အနောက်မြောက်ပိုင်း၊ ဇီးနှင့် လရှီတို့ကို ကချင်ပြည်နယ်အရှေ့ပိုင်း၊ မိုင်းသာတို့ကို ဗန်းမော်ခရိုင် အရှေ့မြောက်ပိုင်း၊ ဖွန်းတို့ကို မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်တို့ဆုံရှိရာ ကျောက်တွင်းခေါ် ဧရာဝတီမြစ်၏ ပထမမြစ်ကျဉ်းတစ်လျှောက်တွင် အသီးသီးတွေ့ရသည်။[၁]

ထို့ပြင် ဘာသာဗေဒပညာရှင်လည်းဖြစ်သူ ဗိုလ်မှူးဘရှင်က အသံကွဲမြန်မာစကားပြောသူများနှင့် ပတ်သက်၍ ယခုကဲ့သို့ အဆိုအမိန့်ပြုထားသည်ကိုလည်း တွေ့ရပါသည်။

အများစုပြောနေသော မြန်မာစကားကို တစ်နိုင်ငံလုံးတွင် အနှံ့အပြားပြောဆိုကြသည်။ သို့သော် မြန်မာစကားကိုသာ အများဆုံးပြောသော နေရာမှာ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ဆုံရာ တစ်ဝိုက်ဖြစ်သော

၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ဒုနိုပ်၊ စာ–၃၃၈

www.mmnetlibrary.com PDF Created by Bobo Zaw

မန္တလေး၊ ရွှေဘို၊ စစ်ကိုင်း၊ ပခုက္ကူ၊ မြင်းခြံ၊ ကျောက်ဆည်နှင့် မိတ္ထီလာခရိုင်များ ဖြစ်သည်။ ယင်းဒေသမှာ မြန်မာစကား၊ ပြောသူတို့၏ အချက်အချာဒေသဖြစ်သည်။ ယင်းဒေသမှ အပြင်သို့ဝေးဝေးသွားလေလေ မြန်မာစကားပြောသူတို့တဖြည်းဖြည်း လျော့နည်းလာလေလေ ဖြစ်သည်။ သို့သော် ရှေးကတည်းက မြန်မာစကားပြောသူတို့ရောက်၍ အခြေစိုက် နေထိုင်ခဲ့ကြသည့် ဝေးလံသော ဒေသအချို့တွင် အသံကွဲမြန်မာစကားပြော သူတို့က လူများစုဖြစ်သည်ကို တွေ့နိုင်ပေသည်။[၁]

"မြန်မာနိုင်ငံအနောက်စွန်နှင့် တောင်စွန်သို့ရောက်နေကြသော အသံကွဲ မြန်မာစကားပြောသူတို့မှာ မြန်မာနိုင်ငံအလယ်ပိုင်း၊ မြေပြန့်သို့ ရောက်ပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ရှေးအခါကပင် ရွှေ့ပြောင်းခဲ့ကြ သူများ ဖြစ်သည်"[၂]

ယင်းအဆိုအမိန့်များအရဆိုလျှင် အသံကွဲမြန်မာစကား (ထားဝယ်စကား) ပြောသူများသည် မြန်မာလူမျိုးတို့မှ ဆင်းသက် ဆက်နွယ်လာသူများဖြစ်သည်ဟု ယူဆရမည့်ကဲ့သို့ ဖြစ်နေပါသည်။

ဘာသာစကားသုတေသီတစ်ဦးဖြစ်သူ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ကထိက ဦးခင်အေးကမူ အသံကွဲမြန်မာစကားအစား 'အသွင်ကွဲမြန်မာစကား'ဟု အမည်သစ်ပေးပြီး ဤသို့အဆိုပြုထားသည် ကို တွေ့ရပါသည်။

"ပစ္စည်းတစ်ခုတည်းကို အချို့က 'လက်နှိပ်ဓာတ်မီး' ဟုခေါ်၍ အချို့က 'ဒုတ်မီး' ဟု ခေါ်ခြင်းသည် ဘာသာစကားကွဲပြားခြင်းမဟုတ်ပါ။ မြန်မာစကားနယ်ပယ်ထဲ၌ အခေါ်အဝေါ်အသုံးအနှုန်းချင်း ကွဲပြားခြင်း သာဖြစ်သည်။ ထိုစကားမျိုးကို ဘာသာစကား ပညာရှင်များက "ဒေသန္တရစကား" ဟု တစ်ချိန်က ခေါ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ဒေသိယ

၁။ ဗိုလ်မှူးဘရှင်၊ အနော်ရထာအရင်က မြန်မာနိုင်ငံ၊ ၁၉၇၁၊ စာ-၁၀၇။
၂။ ဗိုလ်မှူးဘရှင်၊ အနော်ရထာအရင်က မြန်မာနိုင်ငံ၊ ၁၉၇၁၊ စာ-၁၃၈။



စကား" ဟု ခေါ်ကြပါသည်။

နေရာဒေသကိုလိုက်၍ ကွဲပြားသော အသွင်ကွဲမြန်မာ စကား များတွင် ရခိုင်စကား၊ ထားဝယ်စကား၊ မြိတ်စကား၊ တောင်ရိုးစကား၊ အင်းသားစကား၊ ဓနုစကား၊ ယောစကားတို့မှာ ထင်ရှားပါသည်။ ထို စကားများလောက် မထင်ရှားသော အခြားအသွင်ကွဲမြန်မာစကားများ လည်း ရှိပါသေးသည်။[၁]

မည်သို့ဆိုစေ စကားအသံ ဝေါဟာရအသုံးအနှုန်း ကွဲပြား ခြားနားမှုများကိုလိုက်၍ မြန်မာနိုင်ငံတွင်းရှိ လူမျိုးနွယ်များ၊ လူမျိုးစုများ ကွဲပြားလာပုံ ပညာရှင်များ သုတေသီများ၏ အဆိုအမိန့်များ ဖြစ်၍ လေးစားဖွယ် မှတ်သားဖွယ်ချည်း ဖြစ်ပါသည်။

## ထားဝယ်၊ ပုဂံနှင့် မြန်မာ

ပညာရှင်များ သုတေသီများ၏ ယူဆချက် သုံးသပ်ချက် အဆို အမိန့်များကို တင်ပြခဲ့ပြီးပါပြီ။ သာမန်အရပ်သားတစ်ဦးအနေနှင့် နေ့စဉ် နေ့တိုင်း ပြောရင်းဆိုရင်း ကြားနာရင်းမှ ရှုမြင်ကြံဆမိသည်များကို တင်ပြ လိုပါသေးသည်။ ထားဝယ်သူထားဝယ်သားများသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စသည့် တိုင်းရင်းသားလူမျိုးစုများဟု သိသာသောသူများ မှအပ ကျန်သူများ (မြန်မာစကားပြောသူများ)ကို 'ပုဂံ' သို့မဟုတ် 'ဂံ' ဟု ခေါ်ဝေါ်လေ့ရှိပါသည်။ နှစ်ပေါင်းရာနှင့်ချီ၍ ခေါ်လာခဲ့ခြင်းဖြစ်ပါ သည်။ 'မြန်မာ' သို့မဟုတ် 'ဗမာ' ဟူသော အခေါ်အဝေါ် အသုံးအနှုန်း ရာစုနှစ်များစွာ တွင်ကျယ်ခဲ့ပါလျက်၊ ယနေ့အထိ ထားဝယ်သားများက 'မြန်မာလူမျိုး'ကို 'မြန်မာ'ဟုမခေါ်ဘဲ 'ပုဂံ(ဂံ)'၊ မြန်မာစကားကို 'ပုဂံ လို' သို့မဟုတ် 'ဂံလို' ဟု ခေါ်ဝေါ်အသုံးပြုဆဲ ရှိသည်မှာ စိတ်ဝင်စားဖွယ်

၁။ မောင်ခင်မင်(ဓနုဖြူ)၊ မြန်မာစကားမြန်မာစာရပ်ပုံလွှာ၊ ၁၉၉၀၊ စာ- ၁၃၀-၄

www.mmnetlibrary.com PDF Created by Bobo Zaw

ပင် ဖြစ်ပါသည်။ ထိုမျှမက ထားဝယ်အကြောင်း စဉ်းစားမည်ဆိုလျှင် ယင်းအချက်ကို ချန်ထား၍ မဖြစ်ဟုပင် ဆိုချင်ပါသည်။

ထားဝယ်က 'မြန်မာ' ကို 'ပုဂံ(ဂံ)' ဟု ခေါ်ခြင်းနှင့်ပတ်သက်၍ စဉ်းစားစရာ မေးခွန်းများ ပေါ်လာပါသည်။ 'မြန်မာ'' ဟူသော ဝေါဟာရ (အမည်) မပေါ်ပေါက်မီက ပုဂံဒေသ သို့မဟုတ် မြန်မာနိုင်ငံအနှံ့ နေထိုင်ကြသူများသည် မည်သည့်လူမျိုးများဖြစ်ခဲ့ကြသလဲ။ လူမျိုးအမည်က ဘာလဲ။ စဉ်းစားစရာဖြစ်ပါသည်။ သို့ဖြစ်ရာ ပထမဆုံး 'မြန်မာ' ဟူသော ဝေါဟာရ(အမည်) မည်သည့်အချိန်က စတင်ပေါ်ပေါက်လာသလဲ ဆိုသည်ကို ခြေရာကောက်ရန် လိုအပ်လာပါသည်။

''မြန်မာ'' ဟူသော ဝေါဟာရစတင်ပေါ်ပေါက်လာပုံကို သမိုင်းပညာရှင်ဗိုလ်မှူးဘရှင်က ဤသို့ အဆိုပြုခဲ့ပါသည်။

သက္ကရာဇ် ၅၅၂ ခုနှစ် (အေဒီ ၁၁၉၀) ပါ ရှေးဟောင်းမြန်မာကျောက်စာတစ်ခုတွင် ''မြန်မာ'' ဟူသောအသုံးကို အစောဆုံး တွေ့ရသည်။ ထိုသက္ကရာဇ်ထက် အနှစ် ၉၀ ခန့်စောသော ကျန်စစ်သားမင်းကြီး၏ နန်းတည်ရေးမွန်ကျောက်စာ (အေဒီ ၁၁၀၂)တွင် ''မြန်မာ'' ကို 'မိရမာ' ဟု ရေးထိုးထား၏။ အေဒီ၊ ၁၃၄၂ ထိုးရှေးမြန်မာ ကျောက်စာတွင် 'မြံမာ' ရေးထိုးထားသည်ကို အစောဆုံး တွေ့ရသည်။ ထို့နောက်ကျောက်စာနှင့် မင်စာတို့တွင် ''မြန်မာ၊ မြံမာ'' သို့မဟုတ် ''မြမ္မာ'' ဟု ရေးထိုးလာကြသည်။[၁]

ကျောက်စာဝန်ဟောင်းဆရာကြီး ဦးဖိုးလတ်ကလည်း အလားတူပင် ဤသို့အဆိုပြုခဲ့ပါသည်။

''မြန်မာဟူသော အရေးအခေါ်ကို ကျောက်စာတို့အနက် ၄၅၂ ခုခွဲ ပုဂံမြို့ တောင်ဂူနီ ကျောက်စာတွင်မှ စတင်တွေ့ရသည်။ ထီးလှိုင်ရှင်-ကျန်စစ်သားမင်း (၄၆၆-၄၇၃) ခုနှစ် လက်ထက်၊ နန်းတက်စလောက်တွင်

၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ စာ-၃၃၈



ထိုနန်းတည်အခမ်းအနားမွန်ကျောက်စာ၌သော် 'မြန်မာ' ကို မွန်ဘာသာဖြင့် 'မိရ္မာ' ဟု ရေးခေါ်ခဲ့သည်။ ဤ 'မိရ္မာ' အရေးအခေါ်သည်လည်း မြန်မာပုဒ်သက်ပင်ဖြစ်ရာသည်။ ဤအရေးအခေါ်မှ 'မြန်မာ' ကို ခေတ်မွန်အခေါ် 'ဗမာ' ပုဒ်သက်ခဲ့သည်။ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်ထိုးမြန်မာကျောက်စာအားလုံး၌လောက်ပင်လျှင် 'မြန်မာ' ဟူသော အရေးကိုသာ တွေ့ရသည်။ အနည်းငယ်မျှသော အင်းဝနှင့် ကုန်းဘောင်ခေတ်ထိုးစာတို့၌သာ 'မြံမာ၊ မြမ္မာ' ဟူသော အရေးဖောက်များကို တွေ့ရသည်။ [၁]

ယင်းသို့ဆိုသောအခါ မြန်မာ့သမိုင်းများတွင် လက်ခံထားသော ပုဂံတည်သည့်နှစ်မှာ သက္ကရာဇ် ၂၁၁ (အေဒီ၊ ၈၄၉) ဖြစ်ရာ ''မြန်မာ'' သည် ပုဂံတည်ပြီးနောက် အနည်းဆုံးနှစ်ပေါင်း သုံးရာခန့်ကြာမှ ပေါ်လာသည်ကို တွေ့ရပါမည်။ ကျန်စစ်သားမင်းကြီး၏ နန်းတည်ကျောက်စာ (မွန်ဘာသာဖြင့်)တွင် ''မိရ္မာ'' (မြန်မာမဖြစ်သေး) ပေါ်ချိန်တွင် ထားဝယ်မြို့စားများ လှူဒါန်းပူဇော်သည့် အုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၌ (မွန်ဘာသာဖြင့်) ''ဒဝါယ်'' ပေါ်နှင့်နေပြီးဖြစ်ပါသည်။ [၂] ရှေးစာဟောင်း ပေဟောင်း မှတ်တမ်းဟောင်းများ၏ အဆိုတွင်လည်း ထားဝယ်မြို့ဟောင်း သာဂရ (လက်ရှိ ထားဝယ်မြို့အနောက်မြောက်ဘက်ရှစ်မိုင်ခန့်အကွာ 'မြို့ဟောင်းကျေးရွာ'အဖြစ်တည်ရှိသည်) သည် သက္ကရာဇ် ၁၁၃-၁၂၃ ခု (အေဒီ ၇၅၁-၇၆၁)တွင် တည်သည်ဟု ဆိုထားရာ ပုဂံထက် ၉၈ နှစ်မျှ စောနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ 'မြန်မာ' ဟူသော အမည်မပေါ်မီကပင် ပုဂံဒေသတွင် နေထိုင်ကြသူများအား အခြားဒေသတွင် နေထိုင်ကြသော ပုဂံဇာတိသား မဟုတ်သူ ပုဂံအနွယ်မဟုတ်သူများက 'ပုဂံသား' သို့မဟုတ် 'ပုဂံလူမျိုး'

၁။ မြန်မာစကားအဖွင့်ကျမ်း၊ ဒုတိယတွဲ၊ စာ-၂၅၄-၂၅၅
၂။ ဦးမြ၊ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားတော်များ၊ ပထမတွဲ၊ စာ ၅၇-၅၈

www.mmnetlibrary.com PDF Created by Bobo Zaw

ဟု ခေါ်ခဲ့ကြလေသလား။ 'မြန်မာ' ဟူသော ဝေါဟာရမပေါ်မီကပင် ထားဝယ်လူမျိုးရှိနှင့် နေပြီးဖြစ်၍ ပုဂံဒေသသားများကို ပုဂံ (ဂံ)ဟုပင် နှစ်ပေါင်းရာနှင့်ချီ၍ ခေါ်ဝေါ်ခဲ့ကြသဖြင့် လျှာကျိုးပြီး ''မြန်မာ'' ပေါ်ပြီး နောက်ပိုင်း၌လည်း 'မြန်မာ' (ဗမာ)ဟု မခေါ်တော့ဘဲ မြန်မာစကားပြော သူများအား 'ပုဂံ(ဂံ)' ဟုပင် ဆက်၍ ခေါ်ခဲ့လေသလား အတွေးပွားဖွယ် ဖြစ်ပါသည်။

မည်သို့ဆိုစေ ထားဝယ်သည် မြန်မာမဟုတ်သော၊ ''မြန်မာ'' မပေါ်မီက ရှိနေနှင့်ပြီးသော ရှေးကျသည့်တိုင်းရင်းသားလူမျိုးစုတစ်စု ဖြစ်သည်မှာ ထင်ရှားလှပေသည်။

ထားဝယ်တို့၏ဇာစ်မြစ်ကို ခြေရာခံရာတွင် အဓိကထား ထည့်သွင်း စဉ်းစားရမည့် ခိုင်မာသည့် နောက်တွေ့အထောက်အထားအချို့ ကိုလည်း ယခုကဲ့သို့တွေ့ရပြန်ပါသည်။

(၁) သာဂရ(ထားဝယ်မြို့ဟောင်းဖြစ်၍ ယခုလက်ရှိ ထားဝယ်မြို့နှင့် မြို့ကွက်ပုံစံချင်းတူရုံမက မြို့ပေါ်ရှိ ရပ်ကွက်၊ အမည်အနေအထား အားလုံး တူညီ လျက်ရှိသည်။)ကို တည်သည့်နှစ်သည် အေဒီ (၇၅၁–၇၆၁) ဖြစ်ရာ ဒုတိယပျူနိုင်ငံဖြစ်သော သရေ ခေတ္တရာနှင့်ခေတ်ပြိုင်ဟု ဆိုနိုင်ခြင်း။ (သရေခေတ္တရာ သည် အေဒီ ၅၀၀ မှ အေဒီ ၈၃၂ အထိ တည်ရှိခဲ့ သည်)[၁]

(၂) ပုဂံခေတ်ထိုးကျောက်စာများ၌ ပါရှိခဲ့သော်လည်း ယနေ့မြန်မာစကား (စာအရေးအသား)တို့တွင် လုံးဝ မရှိတော့သော လဆွဲသံများနှင့် အောသရသံနောက် နသတ်သံများ (သက်ဆိုင်ရာ အခန်းများတွင် ဖော်ပြ

၁။ ဗိုလ်မှူးဘရှင်။ အနော်ရထာအရင်က မြန်မာနိုင်ငံ၊ စာ–၈၁



ခဲ့ပြီး)သည် ထားဝယ်စကား၌ ယနေ့အထိ အသုံးတွင် နေဆဲဖြစ်ပြီး ယင်းအသံများ(စာလုံးပေါင်းများ) သည် မြန်မာစာထက် စော၍ပေါ်ခဲ့သည်ဟု သမိုင်းပညာရှင် များ၊ ဘာသာဗေဒပညာရှင်များက ခန့်မှန်း အဆိုပြု ထားခဲ့သည့် ပျူစာတွင်ရှိနေခြင်း (မြစေတီ ကျောက် စာ လေးဘာသာရှု)။ [၁]

(၃) ကောင်းကင်ဓာတ်ပုံမှ ဖတ်ရှုလေ့လာချက်အရ သာ ဂရ (ထားဝယ်မြို့ဟောင်း) ၏ မြို့ရိုးပုံသဏ္ဌာန်သည် ဘဲဥပုံလည်းမက စက်ဝန်းပုံလည်းမကျသော အဝန်း အဝိုင်းပုံ သရေခေတ္တရာပျူမြို့ရိုးနှင့်ဆင်တူသည်ဟု ဆိုခြင်း။ [၂]

ဤစာတမ်းရှင်သည် ဆရာကြီးနိုင်ပန်းလှ(ထိုစဉ်က ကမ္ဘည်း ကျောက်စာဌာနမှူး)၊ ဦးသန်းဆွေ (ထိုစဉ်က ရှေးဟောင်း သုတေသန အရာရှိ)တို့နှင့်အတူ ၁၉၇၉ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် သာဂရ (ထားဝယ်မြို့ဟောင်း)သို့ လေ့လာရေးခရီးထွက်ရာ၌ လိုက်ပါခဲ့ရရာ ကောင်းကင်ဓာတ်ပုံမှဖတ်ရှု လေ့လာချက်များကို ကိုယ်တွေ့မျက်မြင်များနှင့် နှိုင်းယှဉ်တိုက်ဆိုင်လေ့လာခွင့်ရခဲ့ပါသည်။ မပြောပလောက်သော အချက် အလက်အနည်းငယ်မှအပ ကျန်အချက်အလက်များမှာ ထပ်တူနီးပါး ကိုက်ညီလျက်ရှိသည်ကို တွေ့ရပါသည်။ ကောင်းကင်ဓာတ်ပုံတွင် မြို့ရိုး သုံးထပ် ကျုံးသုံးထပ် တွေ့ရသောနေရာအချို့၌ ရေသွင်းနုတ်မြောင်းများ ဖြစ်နေသည်ကိုလည်း တွေ့ရပါသည်။ သရေခေတ္တရာနှင့် အလားတူပင်

၁။ မြစေတီကျောက်စာလေးဘာသာ၊ နိုင်ငံတော်ပြတိုက် ယဉ်ကျေးမှုဝိမာန်၊ ၁၉၅၄။

၂။ ဦးအောင်မြင့်(သစ်တော)၊ မြန်မာ့မြို့ဟောင်းများကို ကောင်းကင်ဓာတ်ပုံမှ ဖတ်ရှုလေ့လာချက်၊ အမှတ် (၂) ၁၉၇၃ (လက်နှိပ်စက်စာမူ)

www.mmnetlibrary.com PDF Created by Bobo Zaw

မြို့၏တောင်ဘက်ပိုင်းတွင် နန်းတော်ရာ လူနေရပ်ကွက်နှင့် သာသနာ့ အဆောက်အအုံများရှိသည်ကို တွေ့ခဲ့ရပါသည်။

(၄) သာဂရရှိ အမိကရ ရှေးဟောင်းဘုရား တစ်ဆူ ဖြစ်သော ရှင်ဇလွန်(ရှင်သလွန်) စေတီတော်၏ ခေါင်းလောင်းပုံပတ်လည်တွင် သီရိဝဍ္ဍပုံအင်္ဂတေပန်း ပုံဖော်ထားခြင်း။

ရှင်ဇလွန်စေတီတော် တည်သည့်နှစ်သည် အေဒီ ၇၈၈ ဖြစ်သည်။[၁] သီရိဝစ္ဆအမှတ်လက္ခဏာသည် အိန္ဒိယနိုင်ငံတွင် ထွန်းကားခဲ့သော ဖြုဟ္မဏဝါဒ၊ ဗုဒ္ဓဝါဒ၊ ဇိနဝါဒတို့တွင် အထွတ်အမြတ်ထားအပ်သော ဘာသာရေးဆိုင်ရာ အမှတ်လက္ခဏာဖြစ်သည်။ ပျူတို့၏ ဒင်္ဂါးများ၊ အိုးများတွင်လည်း တွေ့ရလေ့ရှိပေသည်။ [၂]

(၅) သာဂရမှ အရိုးအိုးများရခဲ့ခြင်း

ထားဝယ်မှ သာဂရသို့အသွား မြို့ဟောင်း၏ တောင်ဘက်မြို့ရိုးအဝင်ပေါက်မှ အရှေ့တောင် စူးစူးအရပ်တွင် ရွာသားများက 'အရိုးကုန်း' ဟု ခေါ်သည့် နေရာရှိပါသည်။ ထိုနေရာမှ အရိုးအိုးများ မကြာခဏ ရလေ့ရှိသည်ဟု ပြောပါသည်။ တစ်နေရာတွင် တူးဖော်ကြည့်ရာ စဥ့်ရည်သုတ်မထားသော အနီနုရောင်မြေအိုးနှစ်လုံးရခဲ့ပါသည်။ တစ်လုံးမှာ ကွဲကြေသွားသဖြင့် ဆက်စပ်ကြည့်ရပါသည်။ မီးကျွမ်းထားသော အရိုးနှင့် အသားစများ မြေစေးများဖြင့်ပြည့်နေပါသည်။ အိုးလည်ပင်း ပတ်လည်တွင် ညောင်ရွက်လိုလိုအရေးအခြစ်ရာများပါရှိ၍ အရွယ်နှင့်မလိုက်အောင် ပါးလှပ်လှသည်။ အိုးအရွယ်မှာ အချင်း ၆ လက်မခန့်ရှိ၍ အမြင့်မှာ

၁။ Amended list of Ancient Monument in Burma 1928, P-4

၂။ ဦးဘရှင်၊ ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းအမြင်၊ တက္ကသိုလ်ပညာပဒေသာ၊ အတွဲ(၁)၊ အပိုင်း(၃)၊ ၁၉၆၆၊ စာ–၁၉၅–၆။



တစ်ပေခန့်ရှိသည်။ အပေါက်မှာ ၄ လက်မခွဲခန့် ရှိသည်။ ယင်း အရိုးအိုးများကို ထားဝယ်ယဥ်ကျေးမှုပြတိုက်တွင် ပြသထားပါသည်။

ပျူတို့သည် လူသေကို မီးသင်္ဂြိုဟ်ပြီးနောက် အရိုးနှင့်ပြာများကို အိုးတွင်ထည့်ကာ ထိန်းသိမ်းသည့်မိရိုးဖလာယုံကြည်မှုဓလေ့များရှိသည်။ ပျူလူမျိုးများ၏ အကြောင်းကို အစဦးလေ့လာခဲ့သော ရှေးဟောင်း သုတေသနပညာရှင် ဒူရွိုင်ဇယ် (E-Duroiselle) က ပျူလူမျိုးတို့ဓလေ့တွင် မိသားစု အဖွဲ့လိုက်လေးထောင့်အုတ်ခုံသီးခြားပြု၍ အရိုးပြာအိုးများကို အစဥ်လိုက်မြှုပ်ကြောင်း ဆိုခဲ့ပါသည်။ [၁]

"ပျူသေရင် အလောင်းကိုမီးသင်္ဂြိုဟ်ပြီး ပြာကိုအိုးနဲ့သိမ်းတယ်။ အရိုးအဆက်အတိုင်း အဘိုးအဘွား အမိအဖသားသမီးနဲ့ မြေးတွေအထိ တစ်နေရာတည်းစုပြီး သုသာန်ဇရပ် (Funeral Home) မှာ ထားခဲ့တယ်။ သာမန်အရပ်သားရဲ့ပြာကို မြေအိုး၊ ချမ်းသာကြွယ်ဝသူရဲ့ပြာကို ကြေးအိုး၊ မင်းရဲ့ပြာကို ကျောက်အိုးကြီးတွေနဲ့ သိမ်းခဲ့ကြတယ်" [၂]

ထားဝယ်မြို့တွင်လည်း လွန်ခဲ့သည့်ဒုတိယကမ္ဘာစစ် မတိုင်မီကာလအထိ ရဟန်းသံဃာတော်များ၊ သက်ကြီးဝါကြီးများ၏ အလောင်းကို မီးသင်္ဂြိုဟ်ပြီး အရိုးသို့မဟုတ် အရိုးပြာများကိုမြေမြှုပ်ခြင်း၊ အရိုးအိုးကို အင်္ဂတေဖြင့်ပြုလုပ်ထားသော ထုပါယ်များတွင်ထည့်၍ လေးထောင့်အုတ်ခုံကလေးများပေါ်တွင် တည်ထားလေ့ရှိပါသည်။ ယင်းအရိုးအိုးထုပါကလေးများကို ဘုရားကျောင်းကန်အနီးအနား၌ တည်ထားလေ့ရှိရာ ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း၌လည်းကောင်း၊ ကြက်သံဒိုင်း သုသာန်ဝင်းအတွင်းရှိ ဘုရားသိမ်များပတ်လည်တွင် လည်းကောင်း၊ သီးခြားအုတ်ခုံကလေးများပေါ်တွင် တင်ထားသည့် အရိုးအိုး

၁။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ စာ–၁၅၀။

၂။ ဒေါက်တာသန်းထွန်း၊ ရှေးဟောင်းမြန်မာ့ကျောက်စာနိဒါန်း၊ ရုပ်ရှင်တေးကဗျာ၊ ၁၉၉၇၊ ဇွန်လ၊ စာ – ၆၉

www.mmnetlibrary.com PDF Created by Bobo Zaw

မြန်မာနိုင်ငံအလယ်ပိုင်းကို ဗဟိုပြု၍ ဆက်ကာဆက်ကာ ပေါ်ပေါက်လာခဲ့ကြပေသည်။ သရေခေတ္တရာ၊ ပုဂံအစရှိသည့်နိုင်ငံများ ပေါ်ထွန်း သောခေတ်များက နေထိုင်ခဲ့ကြသည့် မြန်မာနိုင်ငံသားတို့၏ အကြောင်းနှင့် ယင်းတို့၏ သမိုင်းစဉ်တို့သည် သီးခြားလေ့လာရန် လိုအပ်သော အကြောင်းရပ်များပင်ဖြစ်သည်။[၁]

ထားဝယ်စကားပြောသူများ သို့မဟုတ် ထားဝယ်ခရိုင်၏ လူဦးရေမှာ ၁၉၀၁ ခုနှစ်၊ သန်းခေါင်စာရင်းအရ ထားဝယ်မြို့နယ်တွင် ၃၃,၈၁၈ ယောက်၊ ရေဖြူမြို့နယ်တွင် ၁၂,၅၅၀ ယောက်၊ လောင်းလုံ မြို့နယ်တွင် ၃၃,၁၈၇ ယောက်နှင့် သရက်ချောင်းမြို့နယ်တွင် ၃၀,၄၂၄ ယောက် စုစုပေါင်း ၁၀၉,၉၇၉ ယောက်ဖြစ်သည်။ ၁၉၅၆ ခုနှစ် သန်းခေါင်စာရင်းခန့်မှန်းခြေမှာ ၂၄၇,၀၂၇ ယောက် ဖြစ်၍ ၁၉၆၆ ခုနှစ်သန်းခေါင်စာရင်းအရ ၂၉၅,၂၉၁ (၃ သိန်းခန့်)ရှိပြီး ယခုစာတမ်းပြုစုသည့် အချိန် ၁၉၉၈ တွင် ခန့်မှန်းခြေ လေးသိန်းကျော် ငါးသိန်းခန့် ရှိသည်ဟု သိရပါသည်။ (၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကျင်းပချိန်တွင် လူဦးရေ ၇ သိန်းကျော် ရှိသည်ဟု သိရသည်။)

---

၁။ ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းအမြင်၊ တက္ကသိုလ်ပညာပဒေသာ၊ အတွဲ ၁၊ အပိုင်း ၃။ ၁၉၆၆–စာ ၂၁၅။

## မှီငြမ်းကိုးကားသောစာအုပ်စာတမ်းများ


၁။ ကျော်ထွန်း၊ ဦး၊ (တည်းဖြတ်)၊ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဒုတိယတွဲ၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၂။

၂။ စိုးမြင့်၊ ဦး၊ ဒေသိယစကားလေ့လာမှု၊ တက္ကသိုလ် ပညာပဒေသာ (ဝိဇ္ဇာ)၊ အတွဲ ၉၊ အပိုင်း ၂၊ ၁၉၇၄။

၃။ ဇော်ဂျီ ထားဝယ်တေးဟောင်းများ၊ စာပေလောက၊ ပထမတွဲ၊ ဒုနှိပ်၊ ၁၉၄၉။

၄။ တင်လှ၊ ဦး၊ ဘာသာစကားသည် ပြောင်းလဲတတ်သောသဘောရှိသည်၊ တက္ကသိုလ်ပညာပဒေသာ၊ အတွဲ ၃၊ အပိုင်း ၄၊ ၁၉၆၈။

၅။ တင်အေး၊ ဦး၊ မြန်မာဘာသာစကား၏ဒေသိယစကားလေ့လာမှု၊ မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်၊ အတွဲ ၅၈၊ အပိုင်း ၂၊ ၁၉၇၅။

၆။ ထွန်းဖေ၊ ဦး၊ မြန်မာစာနိဒါန်း၊ ပညာအလင်းပြပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၅။

၇။ မည္စဝတီမင်းတိုင်ပင်အမတ်ကြီး၊ မဟာပညာကျော်လျှောက်ထုံး၊ ဟံသာ ဝတီ၊ ရန်ကုန်မြို့၊ ၁၉၆၄။

၈။ ပို၊ ဒေါ်၊ ပါမောက္ခ၊ (အထွေထွေကြီးကြပ်)၊ မြန်မာစာ ညွှန့်ပေါင်း ကျမ်း၊ ပဥ္စမတွဲ၊ စာပေဗိမာန်၊ ၁၉၉၂။

၉။ ဖာနီဗဲလ်၊ ဂျေ၊ အက်စ်နှင့်ဖေမောင်တင် (တည်းဖြတ်)၊ စမ္ဗူဒီပ ဥဆောင်းကျမ်း၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ ရန်ကုန်မြို့၊ ၁၉၆၀။

၁၀။ ဖေမောင်တင်၊ ဦး၊ မြန်မာဘာသာ၊ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ဒုနှိပ်၊ ၁၉၆၈။


www.mmnetlibrary.com PDF Created by Bobo Zaw

၁၁။ ဖေမောင်တင်၊ ဦး၊ ဘာသာစကားယဉ်ကျေးမှု၊ မြန်မာဝတ္ထုသမိုင်း အစနှင့် သုတေသနစာတမ်းများ၊ စိန်ပန်းမြိုင်၊ ၁၉၆၉။
၁၂။ ဖေမောင်တင်၊ ဦး၊ ထားဝယ်ဒေသန္တရစကား၊ စိန်ပန်းမြိုင်၊ ၁၉၆၉။
၁၃။ ဖိုးလတ်၊ ဦး၊ မြန်မာစကားအဖွင့်ကျမ်း၊ ပတွဲ၊ ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၂။
၁၄။ ဖိုးလတ်၊ ဦး၊ မြန်မာစကားအဖွင့်ကျမ်း၊ ဒုတွဲ၊ ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၃။
၁၅။ ဖိုးလတ်၊ ဦး၊ မြန်မာစကားအဖွင့်ကျမ်း၊(ဖြည့်စွက်တွဲ)၊ ပညာနန္ဒ ပုံနှိပ်တိုက်၊ ၁၉၆၄။
၁၆။ ဘရှင်၊ ဗိုလ်မှူး၊ အနော်ရထာအရင်ကမြန်မာနိုင်ငံ၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၁။
၁၇။ ဘရှင်၊ ဦး၊ ဗိဿနိုးမြို့ဟောင်းနှင့်သမိုင်းအမြင်၊ တက္ကသိုလ် ပညာ ပဒေသာ၊ အတွဲ ၁၊ အပိုင်း ၃၊ ၁၉၆၆။
၁၈။ မင်းသုဝဏ်၊ မြန်မာစာမြန်မာမှု၊ ပုဂံစာအုပ်တိုက်၊ ရန်ကုန်၊ ၁၉၆၅။
၁၉။ မောင်ခင်မင် (ဓနုဖြူ)၊ မြန်မာစကားမြန်မာစာရုပ်ပုံလွှာ၊ စာပေဗိမာန်၊ ၁၉၉၀။
၂၀။ မြ၊ ဦး၊ သိရိပျံ့ချီ၊ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ (ပထမတွဲ)၊ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန၊ ၁၉၆၁။
၂၁။ မြ၊ ဦး၊ သိရိပျံ့ချီ၊ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ (ဒုတိယတွဲ)၊ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန၊ ၁၉၆၁။
၂၂။ မြကေတု၊ ခေတ်ဦးမြန်မာစကားပြေအရေးအသား၊ စာပေနှီးနှော ဖလှယ်ပွဲစာတမ်းများ၊ မိုးဦးပန်းတိုက်၊ မန္တလေးမြို့၊ ၁၉၆၄။
၂၃။ မြစေတီကျောက်စာလေးဘာသာ၊ နိုင်ငံတော်ပြတိုက်၊ ယဉ်ကျေးမှု ဗိမာန်၊ ၁၉၅၄။



၂၄။ မြင့်ကြည်၊ ဦး၊ (တည်းဖြတ်)၊ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ၊ စာပေဗိမာန်၊ ၁၉၉၁။
၂၅။ မြင့်မောင်၊ ဒါရိုက်တာ၊ အင်းလေးအစထားဝယ်က၊ မြဝတီမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၅၆။
၂၆။ မြင့်သန်း၊ ဒေါ်၊ ကထိက (တည်းဖြတ်)၊ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဒုတိယတွဲ၊ စာပေဗိမာန်၊ ၁၉၉၂။
၂၇။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ ၁ မှ အတွဲ ၅၊ မြန်မာစာအဖွဲ့၊ ၁၉၇၈–၁၉၈၀။
၂၈။ ယုဒသန်၊ မြန်မာအင်္ဂလိပ်အဘိဓာန်၊ နှစ်ခြင်းသာသနာ ပုံနှိပ် ထုတ်ဝေရေးအဖွဲ့၊ ရန်ကုန်မြို့၊ ၁၉၅၃။
၂၉။ ရည်စိန်၊ ဦး၊ သုဝဏ္ဏဘူမိတည်နေရာ၊ ညဏ်လင်း မဂ္ဂစာပဒေသာ၊ ဧပြီလ၊ ၁၉၈၅။
၃၀။ ရွှေသွင်၊ ဦး၊ သဒ္ဒဗေဒအခြေခံ၊ တက္ကသိုလ်ပညာပဒေသာ၊ အတွဲ ၁၊ အပိုင်း ၁၊ ၁၉၆၆။
၃၁။ ရွှေသွင်၊ ဦး၊ (မြန်မာပြန်)၊ မြန်မာသဒ္ဒဗေဒဖတ်စာ၊ တက္ကသိုလ်များ စာအုပ်ပြုစုထုတ်ဝေရေး ကော်မတီ၊ ၁၉၆၉။
၃၂။ ဝန်၊ ဦး၊ တက္ကသိုလ်မြန်မာအဘိဓာန်၊ အပိုင်း ၁ မှအပိုင်း ၅၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၂–၁၉၆၄။
၃၃။ သာနိုး၊ မောင်၊ ဗမာစာဗမာစကား၊ မာဃစာပေတိုက်၊ ၁၉၇၂။
၃၄။ သာမြတ်၊ ဦး၊ သီရိပျံ့ချီ၊ ပျူဖတ်စာ၊ အမျိုးသားပုံနှိပ်တိုက်၊ ၁၉၆၃။
၃၅။ သောင်းလွင်၊ ဆရာ၊ မြန်မာအက္ခရာဗေဒကျမ်း၊ နည်းသစ်စာအုပ် တိုက်၊ ၁၉၇၂။
၃၆။ သန်းထွန်း၊ ဒေါက်တာ၊ ရှေးဟောင်းမြန်မာကျောက်စာနိဒါန်း၊ ရုပ်ရှင် တေးကဗျာ၊ ဖွန်လ၊ ၁၉၉၇။
၃၇။ ဟုတ်စိန်၊ ဦး၊ ပါဠိ–မြန်မာအဘိဓာန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၄။

www.mmnetlibrary.com
PDF Created by Bobo Zaw

၃၈။ အခြေပြမြန်မာနိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ လမ်းစဉ်ပါတီ၊ ၁၉၇၀။

၃၉။ အေးမောင်၊ ဦး၊ ပါမောက္ခ၊ (ရွေးချယ်စီစဉ်)၊ ပုဂံကျောက်စာ လက်ရွေးစင်၊ ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၅၈။

၄၀။ အိုနိုတိုးရှ၊ မစ္စတာ၊ ဒေသန္တရသုံးမြန်မာစကား၊ ကဗျာအကြောင်း စာအကြောင်း၊ ကြီးပွားရေးတိုက်၊ မန္တလေး၊ ၁၉၆၉။

၄၁။ အိုနိုတိုးရှ၊ မစ္စတာ၊ ဒေသန္တရသုံးမြန်မာစကား၏ ပထဝီဝင် အနေအထား၊ ငွေတာရီ မဂ္ဂဇင်း၊ မတ်လ၊ ၁၉၆၉။

၄၂။ အောင်မြင့်၊ ဦး၊ (သစ်တောဌာန)၊ မြန်မာမြို့ဟောင်းများကို ကောင်းကင် ဓာတ်ပုံမှဖတ်ရှု လေ့လာချက်(၂)၊ ၁၉၇၃၊ (လက်နှိပ်စက်စာမူ)။

၄၃။ Amended List of Ancient Monuments in Burma, Govt. Press. 1928.

၄၄။ Bansal, R. K. An Outline of General Phonetics. Oxford University Press. 1971.

၄၅။ Lu Pe Win, U. Old Burma Early Pagan (Radieal Review) J. B. R. S., Vol. LIV., pt. I & II, 1970.

၄၆။ Naing Pan Hla, Comparative Study of Old and Modern Burmese. J. B. R. S. Vol. LVIII, pt. I October 1975.

၄၇။ Pe Maung Tin, U. Dialect of Tavoy. JBRS., Vol. XXXIII, pt I, 1933.

၄၈။ Rhys David, T. W and W. Stade. Pali-English Dictionary. London, 1971.

၄၉။ Robin, R. H. General Linguistics: An Introducing Survey. Longman Green & Co., Ltd. London, 1966.


www.mmnetlibrary.com PDF Created by Bobo Zaw

ပုဂံခေတ်နှင့်သာမက
ပုဂံမတိုင်မီ ပျူခေတ်နှင့်ပင် ဆက်နွှယ်မှုရှိခဲ့သည်ဟု ယူဆနိုင်သော၊
ရှေးဟောင်းမြန်မာစကား၏ မူလ ရင်းမြစ်သံကို
ယနေ့အထိ ထိန်းသိမ်းပြောဆိုနေသော ထားဝယ်စကားကို
စာပေဝါသနာရှင်တစ်ဦးက
ရှေ့ပြေး လေ့လာတင်ပြထားသည်။



မောင်လေးတင့်

# ထားဝယ်ဒေသိယစကား
# ရှေ့ပြေးလေ့လာချက်

2012.GRAPHIC DESIGN : KYAW MINN MOUNG

www.mmnetlibrary.com
PDF Created by Bobo Zaw